The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ


**VOL . 15, NO . 17** | တနင်္လာနေ့တိုင်းထုတ်ဝေသည် | **May 11 , 2015**








## သန့်ရှင်းသပ်ရပ်သော
## ကယားပြည်နယ်ဖြစ်အောင်



၁၄

**စစ်ကိုင်းတိုင်းဒေသကြီးတွင်**
**နွေစပါး ၃၅ ရာခိုင်နှုန်းစိုက်ပျိုးပြီးစီး** ၄

**မြန်မာ-ထိုင်း ရင်းနှီးမြှုပ်နှံမှု**
**ရော်ဘာသန့်စင်စက်ရုံ**
**အောက်တိုဘာလကုန်မှာ ဖွင့်နိုင်မည်** ၂၁

**အိမ်ရာဆောက်လုပ်မည့်သူတိုင်း**
**လာရောက်ကြည့်ရှုသင့်သည့် ဒုတိယအကြိမ်မြောက်**
**Build Tech Yangon 2015 ပြပွဲ ပြသမည်** ၂၄

# Future Auto

"သင့်အနာဂတ်လုံခြုံစိတ်ချဖို့ မှာ ကားဝယ်စို့"


- အမြတ်ကို ပဓာနမထား အရည်အသွေးနှင့် ရောင်းအားကိုသာ အဓိကထားသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
- ကားများကို နိုင်ငံတကာအဆင့်မှီ (၆)လ အာမခံပစ္စည်းနှင့် လက်ခဖိုးအခမဲ့ ပြင်ဆင်ပေးသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
- အရည်အသွေးမြင့် ကားအရေအတွက်အများဆုံး ဝန်ဆောင်မှုအကောင်းဆုံး ကားအရောင်းပြခန်း။
- ကမ္ဘာ့နံပါတ်တစ်ကား **Brand** များကိုသာ တင်သွင်းရောင်းချသော မြန်မာ့နံပါတ်တစ် အဆင့်မြင့်ကားအရောင်းပြခန်း။




**Head Office Showroom (1)**




**Showroom (2)**




**Showroom (3)**




**Mandalay Showroom**

**Showroom (1)** - အမှတ်(၁၄၀)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းမီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်။ ဖုန်း - ၀၁ ၄၀၀၇၇၅၊ ၀၉ ၅၁၄၇၁၂၈၊ ၀၉ ၄၅၀၀၁၅၆၄၄။
**Showroom (2)** - သစ္စာလမ်းမ၊ ဗဟိုဈေးမှတ်တိုင်အနီး၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း - ၀၉ ၂၅၄၃၄၂၉၇၉၊ ၀၉ ၂၅၄၃၄၆၄၇၅။
**Showroom (3)** - အမှတ် ၂၂၆(ဘီ)၊ အင်းစိန်လမ်းမကြီး၊ ၁၃ ရပ်ကွက်၊ လှိုင်မြို့နယ်(ဘာတာမှတ်တိုင်နှင့် အုတ်ကျင်းမှတ်တိုင်ကြား)။
ဖုန်း - ၀၉ ၂၆၀၅၅၁၀၇၇၊ ၀၉ ၇၉၉၈၈၂၃၆၆
**MANDALAY** - အမှတ်(၄၁၃)၊ ၆၂ လမ်းမအပေါ်၊ ၃၅ လမ်းနှင့် ၃၆ လမ်းကြား၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၇၉၅၅၉၄၀၀၆၊ ၀၉ ၇၉၅၅၉၄၀၀၈။
**Service Center** - အမှတ်(၈၅၁)၊ ၃၄ ရပ်ကွက်၊ ဦးဝိစာရလမ်း၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း - ၀၉ ၅၀၁၇၄၇၃။

# ငွေတောင်ပြည်က အပြန်



အနှစ် ၃၀ ကျော်ကြာမှ ကယားဌာနီကို ပြန်ရောက်ဖြစ်သည်။ ဧပြီလ ၂၃ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ခရီးစဉ်တွင်လိုက်ပါ ခွင့်ရရှိ ခဲ့ခြင်းဖြစ်သည်။ လမ်းတွေပိုကောင်း၊ အဆောက်အအုံတွေတိုးလာသော်လည်း အေးချမ်းတည်ငြိမ်တဲ့ ရိုးရာအငွေ့အသက်တွေ၊ လှပတဲ့ သဘာဝပတ်ဝန်းကျင်တွေ မပျက်ယွင်းသေးတဲ့ ငွေတောင်ပြည်ကို ပြန်တွေ့လိုက်ရသည်။ ခေါင်ရေက ချိုမြဆဲ။ ကယား ဝက်အူချောင်းက စားလို့ကောင်းဆဲ။ တောင်ကွဲစေတီပေါ်က မျှော်ကြည့်လိုက်ရင် ပြန့်ပြူးတဲ့ လွိုင်ကော်မြို့လေးက ဘုရားကျောင်းကန်တွေနဲ့ အေးချမ်းငြိမ်သက်ဆဲ။ တသွင်သွင် ရစ်ခွေ စီးဆင်းနေတဲ့ ဘီလူးချောင်းက ချမ်းမြေ့ကြည်နူးမှုကို ပေးစွမ်းနိုင်ဆဲပါ။

လူဦးရေ ၇ သိန်းကျော်သာရှိပြီး၊ ယခင်က ယမ်းငွေ့ဝေခဲ့တဲ့ ဒီဒေသမှာ ငြိမ်းချမ်းရေးရဲ့အကျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှုတွေ နေရာတိုင်းမှာတွေ့နေရပါပြီ။ လောပိတလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီး တည်ရှိရာပြည်နယ်မှာ ယခင်က လျှစ်စစ်ဓာတ်အား အရနည်းခဲ့သည်။ အခုတော့ မြို့တိုင်းလျှပ်စစ်မီးလင်းရုံသာမက ရွာများသို့ တိုးချဲ့နေပြီ။ အခုဆို သံလွင်မြစ်ကူး ဖားဆောင်းတံတားကြီး ပြီးသွားလို့ မကြာမီဖွင့်တော့မည်။ မယ်ခွဲစဲ နယ်စပ်ကုန်သွယ်ရေးစခန်းလည်း တည်ဆောက်ပြီးပြီမို့ မကြာမီ နယ်စပ်ကုန်သွယ်မှုတွေ တရားဝင်စတင်နိုင်တော့မည်။ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ပြည်နယ်နဲ့ထိစပ်နေတဲ့ နယ်စပ်ပေါက်က ကုန်စည်သာမကခရီးသွားလုပ်ငန်းလည်း ဖွံ့ဖြိုးလာတော့မည်။ ဖားဆောင်းတံတားသစ်ကြီးသည် ကယားပြည်နယ်အတွက် အခွင့်အလမ်းသစ်တွေ ဖော်ဆောင်ပေးနေပြီ။ ထိထိရောက်ရောက် အသုံးချနိုင်ဖို့ ပြင်ဆင်ကြရတော့မည်။

ဒီအတွက် ကယားပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို အမျိုးသား ပို့ကုန်မဟာဗျူဟာမှာ ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်နေပြီ။ သဘာဝအလှတွေပေါများလှတဲ့ ကယားပြည်နယ်သည် ခရီးသွားလုပ်ငန်း အလားအလာကောင်းတွေ ပြည့်လျှမ်းလို့နေသည်။ ဒွေးမယ်နော်တို့ နတ်သမီး ခုနစ်ဖော် ရေချိုးဆင်းသည်ဆိုသော ဒဏ္ဍာရီထဲက ရေကန်ခုနစ်ဆင့်၏ အလှကနိုင်ငံခြား ခရီးသွားဧည့်သည်တွေကို အဓိက ဆွဲဆောင်ပါလိမ့်မည်။ လည်ပင်းမှာကြေးကွင်းဝတ်ကြသည့် ကယန်းတိုင်းရင်းသားတွေရဲ့ ပန်ပက်ကျေးရွာကလည်း အထူးစည်ကားသောကြည့်ရှုစရာတစ်နေရာဖြစ်လာမည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် နယ်စပ်ကုန်သွယ်မှုဆောင်ရွက်မည့် လွိုင်ကော်၊ ဖားဆောင်းလမ်းကြောင်းအတိုင်း နယ်စပ်မှတ်တိုင် BP 13 အထိသွားရောက်စစ်ဆေးခဲ့သည်။ သံလွင်မြစ်ကူး (ဖားဆောင်း) တံတားတွင် ဆောက်လုပ်ရေးမှ အင်ဂျင်နီယာများကို တွေ့ဆုံအားပေးသည်။ တံတားပေါ်မှဖြတ်လျှောက်ကြရင်း သံလွင်မြစ်ကို အောင်နိုင်မှုတစ်ရပ်အပေါ်ကြည်နူးမိရသည်။ နယ်စပ်ဂိတ်အထိ လမ်းများကို ဆောက်လုပ်ရေးက အချောသတ် ပြင်ဆင်နေတာတွေ့ရသည်။ ဒေသခံတွေကလည်း တိုးတက်လာတော့မည့် ကုန်သွယ်မှုနှင့် စီးပွားရေးအခွင့်အလမ်းတွေအတွက် အားတက်ရွှင်လန်းနေကြသည်။ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ ကလည်းပြည်နယ်ဖွံ့ဖြိုးရေး သိသိသာသာ တိုးတက်လာမည်မို့ဝမ်းသာကြည်နူးနေကြသည်။

မပြန်ခင်မှာ အမျိုးသားပို့ကုန် မဟာဗျူဟာတွင်ပါဝင်သည့် ကယားပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်နေသော လွိုင်ကော်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဗဟိုဌာန (International Trade Center - ITC) ၏ ရုံးခွဲလေးကို ပြည်ထောင်စုဝန်ကြီး သွားရောက်လေ့လာအားပေးခဲ့သည်။ ပြည်ပကျွမ်းကျင်သူနှင့် ပြည်တွင်းဝန်ထမ်းများက ကယားပြည်နယ်ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ကြည့်စရာနေရာ၊ ယဉ်ကျေးမှုဓလေ့၊ အစားအစာ၊ ဟိုတယ်နှင့် နေရာထိုင်ခင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမှိုက်စွန့်ပစ်မှုထိန်းသိမ်းရေး၊ စကားပြန်များ လေ့ကျင့်ရေး၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး စသည်တို့အတွက် စနစ်တကျလေ့လာသုတေသနပြုထားပုံများကို ရှင်းလင်းတင်ပြကြသည်။ ပြည်ထောင်စုဝန်ကြီးက ရိုးရာဝတ်စုံချည်ထည်များ၊ အသုံးအဆောင်လက်မှုထည်များ ဖွံ့ဖြိုးရေးကိုလည်း အားပေးမြှင့်တင်ရန်အကြံပြု လမ်းညွှန်ခဲ့သည်။

ငြိမ်းချမ်းရေးနှင့်အတူ ဖူးပွင့်လာသည့် အခွင့်အလမ်းများကို ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ဒေသခံပြည်သူများ၊ တိုင်းရင်းသား အဖွဲ့အစည်းများ၏ပူးပေါင်းကြိုးပမ်းမှုဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ အဆင့်သစ်တစ်ဆင့်ဆီသို့မြင့် တက်လာတော့မည်ကို ဤခရီးစဉ်တွင် ကိုယ်တိုင် မြင်တွေ့ခဲ့ရ၍ ဝမ်းမြောက်ကြည်နူးစွာ မုဒိတာပွားမိပါတော့သည်။

**အောင်စိုး (MPM)**

# ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးလျက်ရှိ

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား တတိယအဆင့် အရှိန်မြှင့်တင်ဆောင်ရွက်ရာ၌ လက်ရှိဆောင်ရွက်လျက်ရှိသော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ဖြေလျှော့သင့်သည်များကို ဖြေလျှော့ပေးခြင်း၊ အားပေးမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သော်လည်း နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့် အညီ ရင်ပေါင်တန်း၍မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် **ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့**သည် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ လုပ်ငန်းကဏ္ဍအလိုက် ကုန်သည်အသင်းအဖွဲ့များနှင့် အပတ်စဉ်တွေ့ဆုံ၍ ၎င်းတို့၏ အခက်အခဲရှိသည်များ၊ လုပ်ငန်းများဆောင်ရွက်ရာတွင်ဖြစ်ပေါ်နေသည့် အတားအဆီးများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ဤသို့ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာတွင် မတ်လ ၂၈ ရက် ညနေ ၃ နာရီတွင် UMFCCI မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သည့် ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့နှင့် သက်ဆိုင်ရာအသင်းအဖွဲ့များ တွေ့ဆုံဆွေးနွေးသည့် ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံပဲမျိုးစုံ နှင့်နှမ်းကုန်သည်များအသင်းမှ လှိုင်မြစ်ကူးတံတားတွင် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်မှစ၍ တန်ပိုကြေးကောက်ခံသွားမည်ဖြစ်ကြောင်း၊ ပဲမျိုးစုံကွန်တိန်နာ တင် (၁၀ဘီး၊ ၁၂ဘီး၊ ၁၈ဘီး၊ ၂၂ ဘီး)ယာဉ်များအားလုံးအတွက် အာဆီယံစံနှုန်းနှင့်မကိုက်ညီပါက ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ရက်နေ့မှစ၍ ယခင်သတ်မှတ်နှုန်းထားထက် အဆများစွာတိုးမြှင့်ပြင်ဆင်သတ်မှတ် ကောက်ခံခြင်းနှင့် ပတ်သက်၍ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့သို့ ၂၀၁၅ ခုနှစ်၊ မတ် ၂၈ ရက်စွဲပါစာဖြင့် ယခုပွင့်လင်းရာသီတွင် လယ်ယာထွက်ကုန်များအား အရှိန်အဟုန်ဖြင့်ပြည်ပတင်ပို့နေရသည့်ကာလဖြစ်သောကြောင့် တန်ပိုနှုန်းထားများအား တိုးမြှင့်ကောက်ခံမည့်ကာလကို သုံးလ ရွှေ့ဆိုင်းပေးနိုင်ပါရန် ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီသို့ အမှာစာဖြင့် တင်ပြလမ်းညွှန်မှုခံယူပြီး လမ်းညွှန်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၉ ရက်စွဲဖြင့် ၃ လ ရွှေ့ဆိုင်းခွင့်ပြုရန် ညှိနှိုင်းမေတ္တာရပ်ခံခဲ့ရာဧပြီလ ၂၀ ရက်စွဲဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၃ လ ရွှေ့ဆိုင်းလိုက်ကြောင်း အကြောင်းပြန်ကြားလာပါသည်။

ယင်းသို့ ဆောင်ရွက်ပေးမှုကြောင့် ပြည်ပပို့ကုန် အများဆုံးတင်ပို့သည့် ပွင့်လင်းရာသီတွင် ပြည်ပပို့ကုန်များ ကုန်ကျစရိတ် သက်သာစွာဖြင့်တင်ပို့နိုင်ရေးအတွက် ပို့ကုန်တိုးမြှင့်ရေးနှင့် နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များ ကုန်ကျစရိတ် သက်သာစွာဖြင့် လွယ်ကူချောမွေ့စွာ ပြည်ပပို့ကုန်များအား တင်ပို့လျက်ရှိကြောင်းနှင့် အထူးလုပ်ငန်းအဖွဲ့အနေဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အလားတူအခက်အခဲရှိသည်များကိုလည်း သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

**NLS**


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မှူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လွိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြဲ-၃၈၁၉)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်၊ ခင်ခင်ခန့်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြဲ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.17 Monday May 11 2015

# စျေးစွာလာတဲ့ ပြည်တွင်းဆန်စျေးကွက်

ရန်ကုန် ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) လက်ကားဆန်စျေးကွက်မှာ မေလ ၈ ရက် စျေးနှုန်းများအရ ဖျာပုံပေါ်ဆန်း ထိပ်စ တစ်အိတ် ၃၇၀၀၀ ကျပ်၊ မြောင်းမြပုသိမ် ပေါ်ဆန်း လတ်စ တစ်အိတ် ၃၈၅၀၀ ကျပ်၊ ထိပ်စ တစ်အိတ် ၄၀၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်း လတ်စ ၃၄၅၀၀ ကျပ်၊ ထိပ်စ ၃၆၅၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်း ၄၁၅၀၀ ကျပ်မှ ၄၄၀၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်မှ ၂၅၀၀ ကျပ်အတွင်း စျေးဆက်တက်လာပါတယ်။

ဆန်ကြမ်းတွေဖြစ်တဲ့ ဧည့်မထထိပ်စ တစ်အိတ် ကျပ် ၁၉၀၀၀၊ လတ်စ ၁၈၀၀၀ ကျပ်၊ မိုးသုခ ၁၉၀၀၀ ကျပ်မှ ၁၉၅၀၀ ကျပ်၊ နွေဆန် ရှယ် ၁၇၅၀၀ ကျပ်မှ ၁၈၅၀၀ ကျပ်၊ ငစိန် လတ်စ ၁၆၀၀၀ ကျပ်၊ ထိပ်စ ၁၆၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၇၀၀ ကျပ် စျေးတက်လာပါတယ်။

မေ ၈ ရက်နေ့ ပြည်တွင်းဆန်စျေးကွက်များအနက် မန္တလေးစျေးကွက်မှာ ရောပေါ်ဆန်း တစ်အိတ် ၃၃၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ၁၀၀၀ ကျပ်မြင့်လာပြီး မနောသုခ တစ်အိတ် ၁၉၀၀၀ ကျပ်နဲ့ စျေးငြိမ်ခဲ့ပါတယ်။ ပုသိမ်စျေးကွက်မှာ ပေါ်ဆန်း တစ်အိတ် ၃၅၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ၁၀၀၀ ကျပ်မြင့်လာပြီး မနောသုခ တစ်အိတ် ၁၈၅၀၀ ကျပ်ဖြင့် ယခင်အပတ်ထက် ၅၀၀ ကျပ်မြင့်ခဲ့ပါတယ်။

တရုတ်လိုင်းဖြစ်တဲ့ မူဆယ်ဆန်စျေးကွက်မှာ မေလ ၈ ရက်စျေးနှုန်းများအရ ဧည့်မထ ၅ မှတ် မှော်ဘီနွေရှယ် တစ်အိတ် ၁၄၁-၁၄၄ ယွမ်၊ စူပါ ၁၄၁-၁၄၄ ယွမ်၊ ဧည့်မထ ၁၀ မှတ် နွေရှယ် ၁၃၇-၁၃၉ ယွမ်၊ ဧည့်မထ ၁၅ မှတ် မနောသုခ နွေရှယ် ၁၃၃-၁၃၇ ယွမ်၊ ငစိန် ၁၅ မှတ် ၁၃၂-၁၃၄ ယွမ်၊ ကောက်ညှင်း ၁၅ မှတ် ၁၆၀-၁၆၇ ယွမ်၊ B2,3,4 ၁၀၂-၁၀၄ ယွမ်၊ B 1,2 ၁၀၅-၁၀၆ ယွမ်၊ BEXTRA ၁၀၈-၁၁၂ ယွမ်ဖြစ်ခဲ့ပြီး မေလ ၈ ရက်နေ့ ငွေလဲနှုန်းမှာ ၁၇၅ ဒသမ ၄၂ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် ၁ ဒသမ ၂၁ ကျပ်ဆက်တက်ခဲ့ပါတယ်။ တစ်ပတ်အတွင်း ဆန်တန် ၂၂၀၀၀ ကျော်ဝင်ရောက်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် တန် ၃၀၀၀ ကျော် ပိုမိုဝင်ရောက်ခဲ့ပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ မေလ ၁ ရက်ထိ တန် ၁ ဒသမ ၂သိန်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၄၁ သန်းကျော်ဖိုး တင်ပို့ထားပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန် ၅၆၀၀၀ ကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂ သန်းကျော်ဖိုး ပိုမိုတင်ပို့ထားပါတယ်။ ပြည်တွင်း ဆန်စျေးတက်လာသလို မူဆယ်နယ်စပ် ငွေလဲနှုန်းလည်း မြင့်တက်လာလို့ မူဆယ်ဆန်စျေးကွက်လည်း အရောင်းအဝယ်ကောင်းနေတယ်လို့ သိရပါတယ်။

**MIRT-YGN**



## အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၇-၅-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၀၃ | ၄၀၃ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၃ | ၃၉၃ | □ | ၃၅၅ | ၃၅၀ | ▽ | ၃၆၅ | ၃၇၀ | △ | ၃၇၅ | ၃၇၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၇၉ | ၃၇၉ | □ | ၃၃၀ | ၃၃၀ | □ | ၃၄၀ | ၃၄၅ | △ | ၃၃၀ | ၃၃၀ | □ |
| ပေါင်းဆန် | ၃၈၀ | ၃၇၅ | ▽ | - | - | - | ၃၆၀ | ၃၆၀ | □ | ၃၈၅ | ၃၉၀ | △ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၇-၅-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၈၀ | ၄၈၀ | □ | ၅၆၅ | ၅၆၅ | □ | ၅၅၅ | ၅၅၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၇၀ | ၄၇၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၈-၅-၂၀၁၅) ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၃၇၀ | △ | ၁၈၃၀၀ | △ | ၆၈၀၀ | △ | ၃၃၀၀၀ | □ |
| ပုသိမ် | ၄၀၄၈ | □ | ၁၈၅၀၀ | △ | ၇၄၄၇ | □ | ၃၅၀၀၀ | △ |
| ပဲခူး | ၃၉၅၀ | △ | ၁၇၀၀၀ | △ | ၆၀၀၀ | △ | ၂၇၀၀၀ | △ |
| ရွှေဘို | ၄၈၅၀ | △ | ၂၁၅၀၀ | △ | ၁၀၀၀၀ | △ | ၃၄၅၀၀ | △ |
| စစ်တွေ | ၄၀၀၀ | △ | ၁၇၀၀၀ | △ | ၇၀၀၀ | △ | ၂၇၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၅၀၀ | □ | ၁၉၅၀၀ | □ | - | - | ၃၉၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၅၀ | △ | ၁၈၀၀၀ | △ | - | - | ၃၄၅၀၀ | □ |
| မန္တလေး | ၅၀၀၀ | □ | ၁၉၀၀၀ | □ | - | - | ၃၃၀၀၀ | △ |
| မကွေး | ၆၃၀၀ | □ | ၂၁၀၀၀ | △ | - | - | ၃၉၀၀၀ | □ |
| မော်လမြိုင် | ၄၂၀၀ | □ | ၁၆၅၀၀ | □ | ၇၀၀၀ | □ | ၂၇၅၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ဘားအံ | ၃၈၀၀ | □ | ၁၉၅၀၀ | △ | - | - | ၃၃၀၀၀ | △ |
| တောင်ကြီး | - | - | ၂၀၀၀၀ | △ | - | - | ၄၁၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထ အုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်စျေးများ ဖြစ်ပါသည်။

# ပြည်ဆန်စပါးစျေးကွက် မေလတွင် စျေးမာလာ

ပြည်ဆန်ပွဲရုံများနှင့် ဆန်စက်များတွင် ဆန်စျေး၊ စပါးစျေးတွေ အနည်းငယ်မြင့်တက်လာကြောင်း သိရပါတယ်။

ပြည်တောင်ပံ့မွှေး စပါးကတော့ ဧပြီလ နောက်ဆုံးပတ်အပြီး စပါးစျေး တင်း ၁၀၀ ကို ကျပ် ၂၀၀၀၀ ကျပ်နီးပါး မြင့်တက်ခဲ့ပါတယ်။ မေလရဲ့ တောင်ပံ့မွှေးစပါးဟာ တင်း (၁၀၀) ၄၆ ပေါင်ကိုက်စျေး ၆၈၀၀၀၀ ကျပ်ပေါက်နေပါတယ်။

ဆန်အိတ်အနေနဲ့ကတော့ တစ်အိတ်ကို ၃၅၀၀၀ကျပ်စျေးရှိပြီး အရောင်းအဝယ်ဖြစ်ကာ ရန်ကုန်၊ မန္တလေးဘက်သို့ တစ်ပတ်ကို အနည်းဆုံးတစ်ကြိမ် အိတ် ၃၀၀၊ ၄၀၀ တင်ပို့ကြောင်းလည်း သိရပါတယ်။

ဧည့်မထစပါးစျေးကတော့ တင်း ၁၀၀ (၄၆ ပေါင်ကိုက်)စျေး ၄၆၉၂၀၀ ကျပ်ဖြင့် ပေါက်ပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။ ဆန်အိတ် (ထိပ်စ) တစ်အိတ်ကို ၁၉၀၀၀ ကျပ်ဖြစ်ပြီး ဒေသတွင်း အရောင်းအဝယ်သွက်ကြောင်း သိရပါတယ်။

ရန်ကုန်တင် (ထိပ်စ) စျေးကတော့ ၂၀၀၀၀ ကျပ်ထိ ပေါက်ကြောင်းလည်း သိရပါတယ်။ မေလတွင်း ဆန်၊ စပါးစျေးကွက်ကို ကြည့်ခြင်းဖြင့် စပါးရော၊ ဆန်စျေးတွေပါ တက်လာကြောင်း တွေ့ရပါတယ်။

ဧည့်မထဆန်အိတ် အချောရော၊ အမာပါ ရန်ကုန်နှင့် မူဆယ်အထိ တင်ပို့လျက်ရှိနေကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

# ဧပြီလအတွင်း ဆန်နဲ့ဆန်ကွဲ တင်ပို့မှုလျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်စခန်းနဲ့ လွယ်ဂျယ်စခန်းများမှတစ်ဆင့် တရုတ်နိုင်ငံဘက်ကို ဆန်တင်ပို့မှုမှာ ဧပြီလအတွင်း သိသိသာသာ လျော့ကျသွားခဲ့ပါတယ်။ အနီးစပ်ဆုံး မတ်လအတွင်းက တန်ချိန် ၁၁၆၀၀၀ ကျော်တင်ပို့ခဲ့သော်လည်း ဧပြီလအတွင်းမှာ ၆၉၀၄၅ တန်သာ တင်ပို့နိုင် ခဲ့ပါတယ်။ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၂၅ ဒသမ ၄၃၀ သန်းဖိုးဖြစ်ပါတယ်။

ဒါ့ကြောင့် ဧပြီလ ဆန်တင်ပို့မှုမှာ ၄၇၁၃၀ တန် လျော့နည်းခဲ့ပါတယ်။ သင်္ကြန်ကာလအတွင်း ကုန်တင်ခစျေးမြင့်တဲ့အတွက်လည်း တင်ပို့မှုလျော့ကျသွားတာဖြစ်ပါတယ်။

အလားတူဆန်ကွဲတင်ပို့မှုကလည်း လျော့ကျခဲ့ပါတယ်။ မတ်လအတွင်းက တန်ချိန်လေးသောင်းကျော် တင်ပို့နိုင်ခဲ့သော်လည်း ဧပြီလအတွင်းမှာ တန်ဖိုး ကန်ဒေါ်လာ ၅ ဒသမ ၇၅၉ သန်းဖိုး တန်ချိန် ၁၇၇၃၆ ကျော်သာ တင်ပို့နိုင်ခဲ့တဲ့အတွက် ၂၂၃၃၂ တန် လျော့နည်းသွားတာတွေ့ရပါတယ်။

**ယဉ်ယဉ်အေး MIRT**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် နှမ်းစပါး ၃၅ ရာခိုင်နှုန်းစိုက်ပျိုးပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီးတွင် နှမ်းစပါးစိုက်ဧက ငါးသိန်းလျာထားပြီး မေလ ၁ ရက်နေ့ထိ ဧက ၁ ဒသမ ၇၅ သိန်း စိုက်ပျိုးပြီးကြောင်း သိရှိရပါတယ်။ ယခင်နှစ်က ၃ ဒသမ ၆ သိန်းကျော်စိုက်ပျိုးနိုင်ခဲ့လို့ ကာလတူထက် စိုက်ပျိုးဧက ၁ ဒသမ ၉ သိန်း လျော့နည်းစိုက်ပျိုးခဲ့ကြောင်း သိရှိရပါတယ်။

ဆန်စပါးစျေးကွက် အခိုင်အမာရှိနေပြီး လစဉ်အိတ်ရေငါးသိန်းကျော်၊ မန္တလေး၊ ရန်ကုန်၊ ကချင်၊ မကွေးနှင့် ချင်းပြည်နယ်သို့ စီးဆင်းနေပါတယ်။ တောင်သူများ နှမ်းစပါးကို စိုက်ပျိုးလိုသော်လည်း ယခုနှစ် သဖန်းဆိပ် ရေပေးဝေနိုင်မှု နည်းပါးနိုင်ခဲ့တဲ့အတွက် ယခုနှစ်မှာ နှမ်းစပါးစိုက်ပျိုးနိုင်မှု လျော့နည်းခဲ့ကြောင်း ဝက်လက်မြို့နယ်၊ သားနားကျေးရွာက နှမ်းစိုက်တောင်သူ ဦးမြှေးမင်းက ပြောပါတယ်။ ယခုနှစ်တွင် ရေသုံးစွဲမှုနည်းတဲ့ နှမ်းနှမ်းနှင့် နှမ်းပဲတီစိမ်းကို နှမ်းစပါးအစား ပိုမိုစိုက်ပျိုးလာကြောင်း သိရှိရပါတယ်။

**အောင်မင်း-မုံရွာ**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၈-၅-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၃၀/၄ | ၈/၅ | ပြောင်းလဲမှု | ၃၀/၄ | ၈/၅ | ပြောင်းလဲမှု | ၃၀/၄ | ၈/၅ | ပြောင်းလဲမှု | ၃၀/၄ | ၈/၅ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၉၅၀ | ၂၀၃၀ | ▲ | ၁၈၃၃ | ၁၉၀၀ | ▲ | ၁၈၄၀ | ၁၈၅၀ | ▲ | ၁၇၅၀ | ၁၈၂၅ | ▲ |
| ၂ | ပဲစင်းငုံ | ၁၇၈၈ | - | - | ၁၇၅၀ | ၁၈၆၇ | ▲ | ၁၇၁၅ | ၁၈၅၀ | ▲ | ၁၆၇၅ | ၁၈၂၅ | ▲ |
| ၃ | ပဲတီစိမ်း | ၁၇၆၅ | ၁၇၆၅ | ■ | ၂၁၆၉ | ၂၀၉၈ | ▼ | ၂၁၄၇ | ၂၁၁၆ | ▼ | ၁၈၉၅ | ၁၉၂၀ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၁၂၇၀ | ၁၄၃၀ | ▲ | - | - | - | - | - | - | ၁၀၈၈ | ၁၁၀၅ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၁၆၅ | ၁၁၆၅ | ■ | - | - | - | - | - | - | ၇၉၀ | ၇၉၀ | ■ |
| ၆ | ထောပတ်ပဲ | ၈၇၀ | ၇၃၀ | ▼ | ၈၈၉ | ၈၇၁ | ▼ | ၆၈၄ | - | - | ၆၆၀ | ၆၃၂ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၈-၅-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွန်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၃၀/၄ | ၇/၅ | ပြောင်းလဲမှု | ၂၉/၄ | ၇/၅ | ပြောင်းလဲမှု | ၂၉/၄ | ၇/၅ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၁၀ | ၁၁၇၀ | ▲ | ၁၂၂၆ | ၁၂၆၈ | ▲ | ၁၂၆၆ | ၁၂၅၂ | ▼ |
| ၂ | ပဲစင်းငုံ | ၁၀၁၀ | ၁၁၁၀ | ▲ | ၁၀၇၆ | ၁၁၂၃ | ▲ | ၁၀၉၂ | ၁၁၁၉ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၁၁၄၇ | ၁၁၅၁ | ▲ | ၁၂၉၇ | ၁၂၅၂ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၄၅၀ | ၄၅၀ | ■ | ၆၉၆ | ၇၄၄ | ▲ | ၆၈၀ | ၇၁၂ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၂၅.၄.၁၅)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂.၅.၁၅)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၅) မှ (၂.၅.၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၁၅၂၃၃ | ၂၈၂၆၅ | ၆၉၈၂၈ |
| ပဲတီစိမ်း | ၇၆၇၅ | ၇၂၀၇ | ၂၈၀၇၉ |
| ပဲစင်းငုံ | ၃၃၄၁ | ၈၉၆၈ | ၂၈၃၀၇ |
| ကုလားပဲ | ၁၀၃၇ | ၇၄၉ | ၂၃၀၄ |
| ပဲလွန်းဖြူ | ၃၃၆ | ၅၄၀ | ၃၇၆၂ |
| မြေထောက်ပဲ | ၄၄၇ | ၁၅၈၅ | ၃၀၁၈ |

## ပြည်ပဲလွန်းဖြူ ဈေးကောင်းရသော်လည်း အဝယ်ပါးနေခဲ့

ပြည်ပဲဈေးကွက်မှာ ယခုတစ်ပတ် ပဲလွန်းဖြူဈေးမှာ တစ်တင်း ၂၁၀၀၀ ကျပ်ဖြင့် ယခင်လကထက် ဈေးကောင်းရလာသော်လည်း အရောင်းအဝယ်ပါးနေခဲ့တယ်လို့ သိရပါတယ်။ ပဲလွန်းဖြူသီးနှံမှာ ပဲခူးတိုင်းအနောက်ခြမ်းအတွင်း စိုက်ဧက ၂ သောင်းကျော်သာစိုက်ပျိုးပြီး ထွက်ရှိလာတဲ့ ပဲများကိုလည်း ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်မှုများခဲ့တာကို တွေ့ရပါတယ်။ ဇန်နဝါရီလဆန်း ပဲသစ်ပေါ်စတွင် တစ်တင်း ၁၈၀၀၀ ကျပ်ဖြင့်ဈေးစဖွင့်ပြီး ပဲအထွက်လှိုင်လာသည့် ရာသီတွင်လည်း ပဲဈေးမှာ တဖြည်းဖြည်းမြင့်တက်လာခဲ့ကာ ယခုပဲလက်ကျန်နည်းသွားသည့်အချိန်တွင်လည်း တစ်တင်း ၂၁၀၀၀ ကျပ်ထိ ဈေးမြင့်လာခဲ့ပါတယ်။ ဝယ်လက်ကတော့ ဒေသအတွင်းရှိ လက်လီသမားများသာ ဖြစ်တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲနီပြားကို လက်လီရောင်းလက်ပါ အဝယ်သွက်

ပြည်ပဲဈေးကွက်မှာ Export ဝယ်လက်ရှိတဲ့ ပဲများအားလုံးလိုလို ဈေးမြင့်လာခဲ့ပေမယ့် ပဲနီပြားသီးနှံကတော့ ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်ခဲ့လို့ ပဲဈေးမှာ တစ်တင်း ၁၈၀၀၀ ကျပ်မှ ၁၈၅၀၀ ကျပ်ဖြင့်သာ ဈေးငြိမ်နေလျက်ရှိခဲ့ပါတယ်။ ပဲအဝင်အနည်းငယ်သာရှိပြီး လက်ကျန်ပဲများအား လှောင်သမားရော လက်လီသမားပါ ဝယ်ယူနေတဲ့အတွက် အိတ် ၁၀၀ မှ ၁၅၀ ကျော်ထိ နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲနီပြားဈေးမှာ ယခုချိန်ထိ ယခင်နှစ်က ဈေးကိုမမီဘဲရှိခဲ့ပြီး ယခင်နှစ်က ယခုချိန်ဈေးမှာ တစ်တင်း ၁၉၅၀၀ ကျပ်ရရှိခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း- ပြည်**

## မေလပထမပတ် မုံရွာကုန်စည်ဒိုင် ပဲဈေးကွက် V2 အမြင့်ဈေးနဲ့ အဝယ်သွက်

မုံရွာကုန်စည်ဒိုင် မေလ ပထမပတ်ပဲဈေးကွက်မှာ Export ဝယ်လက်ရှိတဲ့ ပဲအချို့ တက်ဈေးဖြစ်ခဲ့ပြီး ကျန်ဒေသတွင်းလုပ်ငန်းသုံးပဲများ ဈေးအနည်းငယ်အေးသွားတာ တွေ့ရပါတယ်။ ပြီးခဲ့တဲ့နှစ် ကာလတူ ပဲဈေးကွက် နှိုင်းယှဉ်တဲ့အခါမှာ ကုလားပဲမျိုးစုံ၊ စိမ်းကြီး၊ ငုံနီ၊ ပဲကြီး၊ မတ်ပဲနဲ့ ပဲလွန်းပြာတို့ ယခုနှစ်မှာ ဈေးမြောက်ခဲ့ကြပြီး ကျန်ပဲတွေက ဈေးအေးနေတာ အောက်ပါအတိုင်းတွေ့ရပါတယ်-

| သီးနှံအမည် | ရေတွက်ပုံ | ယခင်နှစ် ကာလတူ အမြင့်ဆုံးဈေး | ယခင်အပတ် အမြင့်ဆုံးဈေး | ယခုတစ်ပတ် အမြင့်ဆုံးဈေး |
|---|---|---|---|---|
| ကုလားပဲ (ဝမ်) | တစ်တင်း | ၁၃၈၀၀ | ၂၀၃၀၀ | ၂၁၀၀၀ |
| ကုလားပဲ (V2 ) | တစ်တင်း | ၁၄၈၀၀ | ၂၁၀၀၀ | ၂၁၆၀၀ |
| ကုလားပဲ (929) | တစ်တင်း | ၁၃၈၀၀ | ၂၁၀၀၀ | ၂၁၀၀၀ |
| ပဲတီစိမ်းကြီး | တစ်တင်း | ၃၅၀၀၀ | ၄၁၀၀၀ | ၄၁၀၀၀ |
| ပဲစင်းငုံနီ | တစ်တင်း | ၂၀၁၀၀ | ၃၄၅၀၀ | ၃၈၀၀၀ |
| ထောပတ်ပဲ | တစ်တင်း | ၂၅၃၀၀ | ၁၃၅၀၀ | ၁၃၅၀၀ |
| ပဲကြီး | တစ်တင်း | ၂၂၀၀၀ | ၂၃၅၀၀ | ၂၃၀၀၀ |
| မတ်ပဲ | တစ်တင်း | ၂၃၅၀၀ | ၃၇၀၀၀ | ၃၈၀၀၀ |
| စွန်တာနီ | တစ်တင်း | ၁၅၅၀၀ | ၁၅၇၀၀ | ၁၄၇၀၀ |
| ပဲနီလုံးကြား | တစ်တင်း | ၁၆၅၀၀ | ၁၅၂၀၀ | ၁၄၇၀၀ |
| ပဲလွန်းပြာ | တစ်တင်း | ၁၃၅၀၀ | ၁၅၅၀၀ | ၁၅၀၀၀ |
| ပုဂံပဲ | တစ်တင်း | ၃၆၂၀၀ | ၁၇၅၀၀ | ၁၇၀၀၀ |
| မြေထောက်ပဲ | တစ်တင်း | ၂၅၃၀၀ | ၂၀၀၀၀ | ၁၈၃၀၀ |
| စီပီပြောင်း | တစ်တင်း | ၆၉၀၀ | ၈၀၀၀ | ၈၁၀၀ |

ကုလားပဲဈေးကွက်မှာ ယခင်ကာလက ဒေသတွင်းလုပ်ငန်းသုံးအဝယ်သာ ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ ရန်ကုန်ဝယ်လက်အဝယ်ရှိခဲ့လို့ တက်ဈေးဖြစ်ခဲ့ပြီး Export အတွက် V2 ဝယ်လိုအားကောင်းခဲ့ရာ တစ်ရက်တည်း အိတ် ၂၀၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။ ပဲတီစိမ်းကြီးကတော့ တရုတ်ဝယ်လက်နဲ့ ရန်ကုန်ဝယ်လက် ပုံမှန်ရှိလို့ ဈေးလည်းမာနေကာ ဒိုင်ကို နယ်ကဝင်သလောက် တစ်ရက်အိတ် ၁၅၀၀ မှ ၂၀၀၀ ကြား အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ကုန်သည်ရပ်ကွက်ကဆိုပါတယ်။

ငုံနီဈေးကွက်အနေနဲ့ Export ဝယ်လက်ပုံမှန်ရှိနေလို့ ဈေးဆက်လက်မြင့်ခဲ့ကာ တစ်ရက်အိတ် ၅၀၀ မှ ၆၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိပြီး၊ ပဲဟောင်းလက်ကျန်သာရှိတော့တဲ့ မတ်ပဲကတော့ ဈေးအနည်းငယ်မြင့်လာပေမယ့် တစ်ရက်အိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒေသတွင်း လုပ်ငန်းသုံးဝယ်လိုအားသာရှိတဲ့ ပဲကြီးဈေးကွက်က ယခုတစ်ပတ်မှာ တစ်တင်း ၅၀၀ ကျပ်ခန့် ဈေးကျခဲ့ပြီး တစ်ရက်အိတ် ၃၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်နေတယ်လို့ ဆိုပါတယ်။ နယ်ဝယ်လက် အနည်းငယ်နဲ့ ဒေသတွင်းလုပ်ငန်းသုံးသာရှိတဲ့ စွန်တာနီဟာ ယခုတစ်ပတ်မှာ ဈေးအနည်းငယ်အေးသွားပြီး တစ်ရက်အိတ် ၃၀၀ ခန့်နဲ့ ပဲနီလုံးကြားက တစ်ရက် အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

တရုတ်ဝယ်လိုအား ပုံမှန်ရှိနေတဲ့ စီပီပြောင်းဈေးကွက်မှာတော့ ပစ္စည်းအဟောင်းလက်ကျန်သာရှိပြီး ဈေးမာလျက်ရှိကာ တစ်ရက်အိတ် ၇၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ မုံရွာဒိုင်ဈေးကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပဲဈေးတွေ ဆက်လက်မြင့်တက်

သကြ်နကာလကတည်းက ဈေးမြင့်ခဲ့တဲ့ ပဲမျိုးစုံတွေ မေလဆန်းရောက်တဲ့အထိ ဈေးတွေ ဆက်လက်မြင့်တက်နေတယ်လို့ ပဲမျိုးစုံ ရောင်းဝယ်ရေးကုမ္ပဏီတစ်ခုက ပြောပါတယ်။ ယခုလို ပဲဈေးတွေ မြင့်တက်ခဲ့ရတာဟာ အိန္ဒိယနိုင်ငံမှာလည်း ရာသီဥတုကြောင့် ပဲအထွက်နှုန်းမကောင်းသလို မြန်မာနိုင်ငံမှာလည်း ပဲအထွက်နှုန်းတွေကျဆင်းခဲ့ရတာကြောင့်လို့ သိရပါတယ်။ ဧပြီလ ၂၅ ရက်မှ မေလ ၁ ရက်နေ့ထိ ကန်ဒေါ်လာ ၉ ဒသမ ၅၆၅ သန်း တန်ဖိုးရှိတဲ့ ပဲတီစိမ်း(လုံးပြည့်)၊ ပဲတီစိမ်း(လုံးခြမ်း)၊ ပဲကြီး၊ ပဲလွန်းဖြူ ပဲပုပ်စေ့၊ ပဲယင်း၊ မြေပဲဆံ၊ ပဲနီကြား၊ စွန်တာပြာ၊ နိုင်လွန်ပဲ၊ မြေထောက်ပဲ၊ မတ်ပဲနဲ့ ကုလားပဲတွေကို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်နယ်စပ်စခန်းများမှ ၉၃၆၆ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ ယခုသီတင်းပတ်ပဲဈေးနှုန်းများကို မိမိဘက်ပေါက်ဈေးနဲ့ တစ်ဘက်နိုင်ငံဈေးများ နှိုင်းယှဉ်ဖော်ပြပေးလိုက်ပါတယ်-

| | မိမိဘက်ပေါက်ဈေး (တန်/ကျပ်) ယခုသီတင်းပတ် | မိမိဘက်ပေါက်ဈေး (တန်/ကျပ်) ယခင်သီတင်းပတ် | တစ်ဖက်နိုင်ငံဈေး (တန်/ဒေါ်လာ) ယခုသီတင်းပတ် | တစ်ဖက်နိုင်ငံဈေး (တန်/ဒေါ်လာ) ယခင်သီတင်းပတ် |
|---|---|---|---|---|
| ပဲတီစိမ်း | ၁၃၀၉၉၁၃ | ၁၃၀၁၉၈၈ | ၁၁၉၈ | ၁၁၉၈ |
| ပဲယင်း | ၅၇၉၃၉၁ | ၅၇၅၈၈၆ | ၅၃၀ | ၅၃၀ |
| ပဲပုပ်စေ့ | ၆၄၀၂၆၁ | ၆၃၆၃၈၇ | ၅၈၆ | ၅၈၆ |
| ပဲလွန်းဖြူ | ၈၇၅၀၄၃ | ၈၆၉၇၄၉ | ၈၀၁ | ၈၀၁ |
| မြေထောက်ပဲ | ၆၁၄၁၇၄ | ၆၁၀၄၅၈ | ၅၆၂ | ၅၆၂ |
| ပဲကြီး | ၇၈၈၀၈၇ | ၇၈၃၃၁၉ | ၇၂၁ | ၇၂၁ |
| ထောပတ်ပဲ | ၇၅၃၃၀၄ | ၇၄၈၇၄၇ | ၆၈၉ | ၆၈၉ |
| ပဲနီကြား | ၅၇၉၃၉၁ | ၅၇၅၈၈၆ | ၅၃၂ | ၅၃၂ |
| မြေပဲ | ၁၄၈၃၇၃၉ | ၁၄၇၄၇၆၂ | ၁၃၅၇ | ၁၃၅၇ |

**မော်မော်အောင် MIRT**

## ပြည်ဘိုကိတ် ဈေးငြိမ်နေပေမယ့် ယခင်နှစ်ကထက် ဈေးပိုရ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ ဘိုကိတ်ပဲသီးနှံကတော့ ဈေးငြိမ်ငြိမ်နဲ့သာ အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။ နေ့စဉ် ပန်းတောင်းဘက်မှ အဝင်ရှိပေမယ့် အိတ် ၃၀၊ ၄၀ ခန့်သာ ဝင်ရောက်ပြီး လက်လီသမားများကတော့ ပုံမှန်အဝယ်ရှိလို့ အိတ် ၄၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ တစ်ခါတစ်ရံ ရန်ကုန်ဝယ်လက်ဝယ်ယူတဲ့ရက်မှာ အိတ် ၂၀၀ ကျော်ထိ အရောင်းအဝယ်ဖြစ်ခဲ့သလို ပဲဈေးမှာ တစ်တင်း ၁၅၅၀၀ ကျပ်ဖြင့် ဈေးငြိမ်နေပြီး ယခင်နှစ်က ပဲဈေးထက်တော့ ဈေးပိုရနေခဲ့ပါတယ်။

ယခင်နှစ် မေလအတွင်းက ဘိုကိတ်ဈေးမှာ တစ်တင်း ၁၃၀၀၀ ကျပ် ရရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## မန္တလေးကုန်စည်ဒိုင်မှာ အမြင့်ဈေးအငြိမ်နဲ့ အရောင်းအဝယ်သွက်လက်နေတဲ့ ကုလားပဲနဲ့ပဲစင်းငုံ

မေလ ပထမပတ် မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော် အသင်း) မှ အဓိကအရောင်းအဝယ်အများဆုံးပြုလုပ်တဲ့ပဲများမှာ ပဲတီစိမ်း၊ မတ်ပဲ၊ ကုလားပဲနဲ့ ပဲစင်းငုံများအနက် ယခုနှစ်မှာဈေးမာပြီး အရောင်းအဝယ်သွက်လက်လာတဲ့ ပဲစင်းငုံနဲ့ကုလားပဲများရဲ့ ယခင်နှစ်ကာလတူ ၂၀၁၄ ခုနှစ် မေလမှ ယခုနှစ် မေလအထိ လစဉ်ဈေးနှုန်းများအား နှိုင်းယှဉ်ပါက -

| ခုနှစ်/လအမည် | ကုလားပဲဖြူကြီး | | ကုလားပဲထိုင်ဝမ် | | ပဲစင်းငုံနီ | | ပဲစင်းငုံရွှေ (အဖြူ) | |
|---|---|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| ၂၀၁၄ မေလ | ၇၆၉ | ၇၇၇ | ၇၁၁ | ၇၂၀ | ၁၀၀၀ | ၁၀၀၈ | ၁၀၀၀ | ၁၀၀၈ |
| ဇွန်လ | ၇၆၉ | ၇၇၇ | ၇၂၉ | ၇၃၈ | - | ၉၅၈ | - | ၉၅၀ |
| ဇူလိုင် | ၇၄၂ | ၇၅၁ | ၇၀၁ | ၇၂၀ | ၁၀၀၀ | ၁၀၀၈ | ၉၈၃ | ၉၉၂ |
| ဩဂုတ် | - | ၇၄၂ | - | ၇၀၂ | - | ၁၁၀၈ | - | ၁၀၇၅ |
| စက်တင်ဘာ | ၇၄၂ | ၇၅၂ | - | ၇၀၂ | - | ၁၁၅၀ | - | ၁၁၅၀ |
| အောက်တိုဘာ | ၆၇၂ | ၆၈၁ | ၆၄၉ | ၆၅၈ | ၁၀၉၂ | ၁၁၀၀ | ၁၀၉၂ | ၁၁၀၀ |
| နိုဝင်ဘာ | - | ၆၉၀ | - | ၆၈၄ | ၁၂၃၃ | ၁၂၄၂ | ၁၂၃၃ | ၁၂၄၂ |
| ဒီဇင်ဘာ | - | ၉၆၀ | ၆၆၇ | ၆၇၆ | ၁၁၂၅ | ၁၁၃၃ | ၁၁၂၅ | ၁၁၃၃ |
| ၂၀၁၅ ဇန်နဝါရီလ | ၈၄၇ | ၈၅၆ | ၇၇၃ | ၇၈၂ | ၁၂၆၇ | ၁၂၇၅ | ၁၁၈၃ | ၁၁၉၂ |
| ဖေဖော်ဝါရီ | ၇၃၄ | ၇၅၁ | ၇၀၂ | ၇၁၁ | ၁၂၇၈ | ၁၂၈၃ | ၁၂၈၃ | ၁၂၉၂ |
| မတ် | ၈၃၈ | ၈၇၃ | ၈၇၁ | ၈၈၀ | ၁၄၃၃ | ၁၄၄၂ | ၁၄၃၃ | ၁၄၄၂ |
| ဧပြီ | - | ၉၂၆ | ၉၀၇ | ၉၁၆ | ၁၅၆၃ | ၁၅၆၇ | - | ၁၅၇၅ |
| မေ | - | ၁၁၃၅ | ၁၁၁၁ | ၁၁၂၀ | ၁၈၉၂ | ၁၉၀၀ | - | ၁၉၁၇ |

ယခင်နှစ်က ကုလားပဲများ အရောင်းအဝယ်အေးလျက်ရှိတာကြောင့် ဈေးလည်းအေးလျက်ရှိခဲ့ပါတယ်။ ပြည်ပ (အိန္ဒိယ) ဝယ်လိုအားနည်းတာကြောင့် ပြည်တွင်းစားသုံးသူ၊ လှော်လက်နဲ့ပဲခွဲစက်များရဲ့ ဝယ်လိုအား အပေါ်မှာသာမူတည်ပြီး အရောင်းအဝယ်ပြုလုပ်ရကြောင်းသိရပါတယ်။ ယခုနှစ်မှာ ပြည်ပ (အိန္ဒိယ) ဝယ်လက် အဝယ်ပြန်လိုက်တာကြောင့် ဈေးမာလာသလို အရောင်းအဝယ်လည်း သွက်လာပါတယ်။ ၂၀၁၄ ခုနှစ် မေလမှာ ကုလားပဲဖြူလုံးကြီးတစ်ပိဿာ ၇၇၇ ကျပ် (တစ်တန် ၄၇၅၈၂၇ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ယခုနှစ် ၂၀၁၅ ခုနှစ် မတ်လမှာ ၁၁၃၅ ကျပ် (တစ်တန် ၆၉၅၀၆၃ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ တစ်ပိဿာ ၃၅၈ကျပ် (တစ်တန် ၂၁၉၂၃၆ ကျပ်) နဲ့ ဈေးနှုန်းမြင့်တက်ကွာဟကြောင်း သိရပါတယ်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစတင်၍ ဈေးနှုန်းတရိပ်ရိပ်မြင့်တက်လာကြောင်း သိရပါတယ်။ ၂၀၁၅ ခုနှစ် မေလပထမပတ်မှာ ကုလားပဲဖြူကြီး တစ်ပိဿာ ၁၁၃၅ ကျပ် (တစ်တန် ၆၉၅၀၆၃ ကျပ်) နဲ့ နေ့စဉ် ၃ တင်းအိတ် ၈၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ၂၀၁၄ ခုနှစ် မေလမှာ ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၇၂၀ ကျပ် (တစ်တန် ၄၄၀၉၂၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ပြီး၊ ၂၀၁၅ ခုနှစ် မေလမှာ ကုလားပဲထိုင်ဝမ်တစ်ပိဿာ ၁၁၂၀ ကျပ် (တစ်တန် ၆၈၅၈၇၇ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ တစ်ပိဿာ ၄၀၀ ကျပ် (တစ်တန် ၂၄၄၉၅၆ ကျပ်) ဈေးနှုန်း မြင့်တက်ကွာဟကြောင်းသိရပါတယ်။ ယခုအပတ်မှာ ကုလားပဲထိုင်ဝမ် တစ်ရက် ၃ တင်းအိတ် ၇၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ကုလားပဲနှစ်မျိုးလုံး ပြည်ပဝယ်လိုအားရှိတာကြောင့် ဒေသတွင်း ကုန်သည်ကြီးများမှလည်း ဝယ်ယူသိုလှောင်မှုရှိကြောင်းသိရပါတယ်။

တစ်ချိန်က ပြည်ပ (အိန္ဒိယ) ဝယ်လိုအားလွန်စွာကောင်းခဲ့သော ပဲစင်းငုံများ ဝယ်လိုအားပြန်လည်ကောင်းမွန်လာသောကြောင့် ဈေးနှုန်းများလည်း တရိပ်ရိပ် တက်လာပြီး အရောင်းအဝယ်လည်းသွက်လက်လာကြောင်း သိရပါတယ်။ ယခင်နှစ် ကာလတူဈေးနှုန်းနဲ့ နှိုင်းယှဉ်ကြည့်ပါက ၂၀၁၄ ခုနှစ် မေလဆန်းမှာ ပဲစင်းငုံနီ တစ်ပိဿာ ၁၀၀၈ ကျပ် (တစ်တန် ၆၁၇၂၈၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ယခုလ ၂၀၁၅ ခုနှစ် မေလဆန်းမှာ ပဲစင်းငုံနီ တစ်ပိဿာ ၁၈၈၃ ကျပ် (တစ်တန် ၁၁၅၃၁၃၀ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်နှစ်ကာလတူဈေးနှုန်းနဲ့ နှိုင်းယှဉ်ပါက ပဲစင်းငုံနီ တစ်ပိဿာ ၈၇၅ ကျပ် (တစ်တန် ၅၃၅၈၄၁ ကျပ်) ဈေးနှုန်းမြင့်တက်ကွာဟကြောင်း သိရပါတယ်။

ထို့အတူ ၂၀၁၄ ခုနှစ်၊ မေလဆန်းမှ ပဲစင်းငုံရွှေ (အဖြူ) တစ်ပိဿာ ၁၀၀၈ ကျပ် (တစ်တန် ၆၁၇၂၈၉ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ယခု ၂၀၁၅ ခုနှစ် မေလဆန်းမှာ ပဲစင်းငုံရွှေ (အဖြူ) တစ်ပိဿာ ၁၉၀၀ ကျပ် (တစ်တန် ၁၁၆၃၅၄၁ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်နှစ်ကာလတူဈေးနှုန်းနဲ့ နှိုင်းယှဉ်ပါက တစ်ပိဿာ ၈၉၂ ကျပ် (တစ်တန် ၅၄၆၂၅၂ ကျပ်) နှုန်းမြင့်တက်ကြောင်းသိရပါတယ်။ ယခု ၂၀၁၅ ခုနှစ် မေလ ပထမ ပတ်မှာ ပဲစင်းငုံနီနဲ့ ပဲစင်းငုံရွှေ (အဖြူ) နှစ်မျိုးပေါင်း နေ့စဉ် ၃ တင်းအိတ် ၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ကုလားပဲကို ပြည်ပ (အိန္ဒိယ)ကလည်း အဝယ်ရှိတယ်။ ရန်ကုန်ဝယ်လက်ကလည်း ဝယ်ယူမှုရှိသလို ဒေသတွင်းလှောင်လက်နဲ့ ပဲခွဲစက်များကလည်း ဝယ်ယူမှုရှိကြောင်း၊ ယခုနှစ်ကုလားပဲပေါ် ချိန်မှစပြီး ဈေးကောင်းရတဲ့အတွက် တောင်သူရော၊ ကုန်သည်များပါ အကျိုးဖြစ်ထွန်းကြောင်း၊ ပဲစင်းငုံနီနဲ့ ပဲစင်းငုံရွှေများ လက်ကျန်နည်းနေကြောင်း၊ ကုန်သည်လှောင်လက်ကြီးများထံတွင်သာရှိကြောင်း၊ ၎င်းတို့ကလည်း အမြတ်အစွန်းရရှိလို့ ပြန်လည်ထုတ်ရောင်းသဖြင့် အရောင်းအဝယ်သွက်လက်သလို အကျိုးအမြတ်လည်းရရှိပါကြောင်း။ ဆက်လက်ပြီး ကုလားပဲနဲ့ပဲစင်းငုံများ ပြည်ပဝယ်ယူမှုရှိပါက ဈေးနှုန်းကျဆင်းဖွယ်မရှိကြောင်း ကုန်သည်ကြီး တစ်ဦးမှပြောပါတယ်။

**စိုးအောင်-မန္တလေး**

## ပြည်ပဲမျိုးစုံဈေးကွက်မှာ မေလဆန်း မတ်ပဲနှင့် ပဲစင်းငုံ ဈေးကောင်းရနေပြီး ဝယ်လိုအားလည်းကောင်းလျက်ရှိ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ Export ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံသီးနှံများမှာ ဝယ်လိုအားကောင်းနေတဲ့အတွက် ဈေးဆက်မြင့်တက်လာနေခဲ့တာကို တွေ့ရပါတယ်။ ကုလားပဲသီးနှံမှာလည်း မတ်ပဲ၊ ပဲစင်းငုံသီးနှံလောက် ဈေးမြင့်တက်မှုမများပေမယ့် တစ်တင်း ၅၀၀ ကျပ်ခန့်တော့ ဈေးပိုရလာပါတယ်။ ပဲကြီးနှင့် ပဲပုပ်သီးနှံအပြင် ဒေသတွင်း လက်လီသမားများနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲအားလုံးလိုလိုကတော့ ဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။

မတ်ပဲသီးနှံမှာ သင်္ကြန်ပြီးချိန်မှစ၍ နေ့စဉ်နဲ့အမျှ ဈေးမှာ တရိပ်ရိပ်တက်လာခဲ့ပြီး ယခုတစ်ပတ်မှာ တစ်တင်း ကျပ် ၃၈၃၀၀ ခန့်ထိ ဈေးကောင်းရနေခဲ့ပါတယ်။ ပဲအဝင်မှာတော့ ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတလည်ဘက်မှသာ ဝင်ရောက်မှုရှိလို့ တစ်ရက်အိတ် ၂၀၀ ကျော်သာ ဝင်ရောက်ခဲ့ပြီး ရန်ကုန်ဝယ်လက် အဝယ်လိုက်လို့ တချို့ရက်တွေမှာ အိတ် ၄၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုနှစ် မတ်ပဲက တောင်သူများရော လှောင်သမားများပါ အလွန်တွက်ခြေကိုက်တဲ့ သီးနှံဖြစ်နေခဲ့ပါတယ်။ ပဲဈေးကွက်အတွင်းမှာတော့ ဈေးကောင်းရနေလို့ မျက်နှာပွင့်တဲ့ ပဲဖြစ်နေပါတယ်။

ပဲစင်းငုံသီးနှံမှာ ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲများသာ ဝယ်လက်အပေါ် မူတည်၍ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးမှာ တစ်တင်း ၃၄၀၀၀ ကျပ်မှ ယခုတစ်ပတ်တွင် ၃၇၃၀၀ ကျပ်ထိ ကျပ် ၃၀၀၀ ကျော်ခန့် ဈေးမြောက်လာပြီး ရန်ကုန်ဝယ်လက်မှ အိတ် ၃၀၀ ကျော်အထိ ရက်ခြားအရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။

ကုလားပဲသီးနှံမှာ တစ်ရက်အိတ် ၃၀၀ နှင့် ၄၀၀ ကြား ရွှေတောင်၊ ကျီးသဲ၊ သဲကုန်း၊ အင်းမ၊ ပန်းတောင်း ဖက်မှ အဝင်ရှိနေပြီး သာယာဝတီခရိုင်ဘက်ခြမ်းမှ အုတ်ဖို၊ ကြို့ပင်ကောက်မြို့နယ်များမှလည်း ပြည်ဈေးကွက်သို့ ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ကုလားပဲဈေးမှာ မတ်ပဲ၊ ပဲစင်းငုံသီးနှံကဲ့သို့ ရန်ကုန်ဝယ်လက်အဝယ်မရှိဘဲ ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်ခဲ့လို့ ပဲဈေးမှာလည်း သိသိသာသာမြင့်တက်ခြင်းမျိုး မဟုတ်ဘဲ တစ်တင်း ၅၀၀ ကျပ်ခန့်သာ ဈေးပိုရလာတဲ့အတွက် တစ်တင်းဈေး ၂၁၅၀၀ ကျပ်ဖြင့် ယခုတစ်ပတ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ပဲကြီးဈေးကတော့ ဈေးငြိမ်လျက်ရှိကာ (ရွှေကျွန်း) တစ်တင်း ၂၄၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၁၅၀၀ ကျပ်ဖြင့် ပဲအဝင်မှာ တစ်ရက်အိတ် ၁၅၀ နှင့် ၂၀၀ကြား၊ ရွှေတောင်၊ ကျီးသဲ၊ ကံမ၊ မင်းတုန်းဘက်မှ ဝင်ရောက်ပြီး ဒေသအတွင်း ပဲလှော်ဖိုလုပ်ငန်းနှင့် လက်လီသမားများ နေ့စဉ် အဝယ်ရှိတဲ့အတွက် အိတ် ၃၀၀ ကျော်၄၀၀ အထိအရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲကြီးဈေးနှုန်းမှာ ယခင်နှစ်က တစ်တင်း ၂၆၀၀၀ ကျပ်နဲ့ ၂၃၀၀၀ ကျပ်ဈေးရရှိခဲ့လို့ ယခုနှစ်ဈေးမှာ ယခင်နှစ်ဈေးထက် ဈေးလျော့အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ပဲပုပ်သီးနှံမှာ ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲများဖြင့် လက်လီသမားလောက်သာ အရောင်းအဝယ် ဖြစ်ခဲ့ကြပါတယ်။ တစ်ရက်ကို ၁၀ အိတ် တစ်ပတ်လည်လောက်သာ တစ်တင်းဈေးနှုန်း ၁၆၀၀၀ ကျပ်ဖြင့် ပဲဈေးအပြောင်းအလဲမဖြစ်ဘဲ ဈေးငြိမ်နေတဲ့ ပဲဖြစ်ခဲ့ပါတယ်။ စားတော်ပဲသီးနှံကတော့ တစ်ရက်ကို အိတ် ၅၀ ကျော် ဝင်ရောက်နေပြီး ဝယ်လက်အနေဖြင့် လက်လီသမားများအပြင် လှောင်သမားအချို့လည်း ဝယ်ယူခဲ့ကြတယ်လို့ သိရပါတယ်။ ပဲဈေးမှာ တစ်တင်း ၂၅၀၀၀ ကျပ်မှ ၂၆၀၀၀ ကျပ်သာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ ဒါကြောင့် ယခုမေလ ပထမအပတ်အတွင်း Export ဝယ်လက်ရှိတဲ့ မတ်ပဲနှင့် ပဲစင်းငုံသီးနှံသာ အခြားပဲများထက် ဈေးမြောက်လာသလို ဝယ်လိုအားလည်းကောင်းပြီး အခြားပဲများကတော့ ဒေသတွင်း ဝယ်လက်များသာရှိလို့ ဈေးမှာ အပြောင်းအလဲ သိပ်မဖြစ်ဘဲ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကြယ်ပဲများ စတင်စိုက်ပျိုးလာ

အမေရိကန်၊ ဥရောပနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့မှ အဓိကဝယ်ယူလျက်ရှိသည့် Star Bean ခေါ် ကြယ်ပဲများ ကျယ်ပြန့်စွာစိုက်ပျိုးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၊ ဟုမ္မလင်းမြို့နယ်ရှိ လက်ဖက်ခြံများတွင် စမ်းသပ်ပျိုးထောင်စိုက်ပျိုးလျက်ရှိကြောင်း၊ ခါနန်ရွှေပြည်ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးကီးအောင်နိုင်ထံမှ သိရှိရပါတယ်။

ကြယ်ပဲမျိုးစိတ်ကို တောင်အမေရိကတိုက်၊ ပီရူးနိုင်ငံ အမေဇုန်သစ်တောမှ စတင်တွေ့ရှိခဲ့ပြီး နှစ် ၃၀ မှ ၅၀ ထိ သက်တမ်းရှိသော နွယ်ပင်အမျိုးအစား ဖြစ်ကြောင်း သိရှိရပါတယ်။ ကြယ်ပဲပင်ရဲ့ အရွက်၊ အညွန့်၊ အသီး၊ အစေ့များကို ပုံစံမျိုးစုံဖြင့် စားသုံးနိုင်ပြီး ဗီတာမင် A၊ E နှင့် Omega 3,6,9 ကြွယ်ဝစွာပါဝင်တဲ့ နွယ်ပင်မျိုးဖြစ်ကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံတွင် ကြယ်ပဲစိုက်ပျိုးသည့် တောင်သူများ နည်းပါးနေခြင်းကြောင့် ဈေးကွက်ရှိပေမယ့် မှာယူလိုသည့်ပမာဏကို တင်ပို့နိုင်ခြင်း မရှိသေးကြောင်း၊ ဒါကြောင့် ကြယ်ပဲများကို ကျယ်ပြန့်စွာ စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးဖြစ်ထွန်းသည့် နည်းပညာများပေးအပ်ခြင်း၊ လိုအပ်သည့် မျိုးစေ့များ ပြည်ပမှ မှာယူဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည့်အပြင် ထွက်ရှိလာသည့် ကြယ်ပဲများကိုလည်း ကာလပေါက်ဈေးဖြင့် ပြန်လည်ဝယ်ယူသွားမည်ဖြစ်ကြောင်း ဦးကီးအောင်နိုင်က စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရုံးသို့ ဧပြီလ ၂၃ ရက်နေ့ ရောက်ရှိစဉ်က ပြောကြားခဲ့ကြောင်း သိရှိရပါတယ်။ မျိုးစေ့ဈေးမှာ တစ်ကီလို ကျပ်သုံးသောင်းဈေးရှိပြီး ထွက်ရှိလာမည့် ကြယ်ပဲများကို တစ်တန် ၁၀ သိန်း(ဝန်းကျင်) ဈေးဖြင့် ပြန်လည်ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကြယ်ပဲများကို ရန်ကုန်၊ မန္တလေး၊ ကရင်၊ ချင်း၊ ပဲခူး၊ ဧရာဝတီနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရှိရပါတယ်။

**အောင်မင်း-တန့်ဆည်**

## ပြည်ထောပတ်ပဲ ပစ္စည်းအဝင်ရှိပေမယ့် အရောင်းအဝယ်အေးနေ

ယခင်နှစ်က မေလအတွင်း ထောပတ်ပဲသီးနှံမှာ လက်ကျန်မရှိသလောက်ဖြစ်ပြီး ပဲလက်ကျန်နည်းသွားပြီး အရောင်းအဝယ် မဖြစ်ခဲ့ပေမယ့် ယခုနှစ်မှာတော့ ဈေးကွက်မှာ ပဲအဝင်ရှိခဲ့သော်လည်း ဝယ်လိုအားမရှိသလောက်ဖြစ်ခဲ့လို့အရောင်းအဝယ်အေးနေတယ်လို့ သိရပါတယ်။

ပဲဈေးမှာလည်း တစ်တင်း ၁၃၅၀၀ ကျပ်ဖြင့်သာ ဈေးငြိမ်ခဲ့ပြီး လက်လီသမား အနည်းငယ်သာ ဝယ်ယူခဲ့ကြပါတယ်။ အခြားပဲများ အားလုံးလိုလို ယခင်နှစ်ထက် ဈေးကောင်းရလာပေမယ့် ထောပတ်ပဲသီးနှံကတော့ ယခုနှစ်အတွင်း ဈေးလျော့နည်း အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

**ခင်ဆွေဝင်း- ပြည်**

## နနွင်း

### စင်ကာပူ၊ ဗီယက်နမ်နဲ့ အိန္ဒိယသို့ နနွင်းတင်ပို့

ဧပြီ ၂၆ ရက်မှ မေ ၂ ရက်သီတင်းပတ်အတွင်း နနွင်း ၃၄၅ ဒသမ ၁၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၂၄၁၆၄ တန်ဖိုးရှိ နနွင်း ၄၃ ဒသမ ၁၅ တန်ကို ဗီယက်နမ်နိုင်ငံ၊ ကန်ဒေါ်လာ ၈၅၅၀ တန်ဖိုးရှိနနွင်း ၁၅ တန်ကို အိန္ဒိယ နိုင်ငံနဲ့ ကန် ဒေါ်လာ ၁၆၀၁၈၀ တန်ဖိုးရှိ နနွင်း ၂၈၇ တန်ကို စင်ကာပူနိုင်ငံကိုလည်းကောင်း အသီးသီး တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံကို အများဆုံးတင်ပို့ ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်တင်ပို့မှုနဲ့ယှဉ်ရင် ၁၆၉ ဒသမ ၈၅ တန် လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ရှမ်းနနွင်းဈေးကွက်မှာ ပြည်တွင်းသုံးသာအဝယ်ဖြစ်

ရှမ်းနနွင်းလည်း ချင်းစိုလိုပဲ အရောင်းအဝယ်အေးလာပါတယ်။ သင်္ကြန်ပြီးတော့ သီးနှံတွေ အတော်များများက အရောင်းအဝယ်အေးလာသလို ဈေးကလည်း အေးလာပါတယ်။ အရည်အသွေးကောင်းတဲ့ ဆင်တောင်နနွင်းတောင်မှ အရင်တစ်ပတ်က တစ်ပိဿာ ၂၂၀၀ ကျပ်-၂၃၀၀ ကျပ်ဈေးပေါက်ခဲ့ပေမယ့် ဒီတစ်ပတ်တော့ တစ်ပိဿာ ၂၀၀၀ ကျပ်-၂၂၀၀ ကျပ်ဈေးသာရှိပါတယ်။ ပြီးခဲ့တဲ့ လတွေမှာ မူဆယ်ဝယ်လက်တွေက ဆေးဖော်ဖို့ဝယ်ယူခဲ့ပေမဲ့ နားသွားတာနှစ်ပတ်ခန့်ရှိပြီလို့လည်း ဈေးကွက်က သိရှိရပါတယ်။ အဝယ်နားသွားပေမဲ့ အဝင်ကတော့ အနည်းငယ်ပြန်ပြီးများလာပါတယ်။ တစ်ရက်ကို ပျမ်းမျှ ပိဿာချိန် တစ်ထောင့်ငါးရာ၊ နှစ်ထောင်ခန့် အဝင်ရှိတယ်လို့လည်း သိရပါတယ်။ ဝယ်လက်တွေကတော့ ရန်ကုန်၊ မုံရွာ၊ စစ်တွေစတဲ့ မြို့တွေကတော့ ပြည်တွင်းသုံးအတွက် ဝယ်ယူနေတာကြောင့် တစ်ပတ်အတွင်းမှာ ပိဿာချိန် ကိုးသောင်းရှစ်ထောင်ခန့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ နနွင်းကို ပြည်ပမှဝယ်ယူမှုရပ်နားသွားသော်လည်း ဈေးကတော့ သိပ်ပြီး ပြောင်းလဲသွားတာမျိုးမရှိဘူးလို့လည်း အောင်ပန်းဈေးကွက်က သိရှိရပါတယ်။ ရှမ်းနနွင်းတစ်ပိဿာ ပေါက်ဈေးတွေကတော့ တောင်ပို့လ (လတ်စ) က ၁၃၀၀ ကျပ်၊ (ထိပ်စ) က ၁၅၀၀ ကျပ်နဲ့ ဆင်တောင်နနွင်းက ၂၂၀၀ ကျပ်ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

## ကြက်သွန်နီ

### သင်္ကြန်အပြီး ကြက်သွန်နီဈေးမြင့်တက်

ဧပြီလ ၂၅ ရက်မှ မေလ ၁ ရက်တာ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၂၉၂၅၂ တန်ဖိုးရှိ ကြက်သွန်နီ ၆၇၀ တန်ခွဲနဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီ နယ်စပ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၁၂၈၂၀ တန်ဖိုးရှိကြက်သွန်နီ ၇၈၇ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၈၆၈ တန်နဲ့ မြဝတီမှ ၅၇၈ တန်သာတင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်ရဲ့ ကြက်သွန်နီတင်ပို့မှု ပိုမိုလာတာ တွေ့ရပါတယ်။ ၂၀၁၅ ခုနှစ် ဧပြီလ တစ်လလုံး မူဆယ်နဲ့ မြဝတီမှ ကြက်သွန်နီ ၅၃၂၆ တန်ခွဲ တင်ပို့နိုင်ခဲ့သလို တာချီလိတ်နယ်စပ်စခန်းမှလည်း ကန်ဒေါ်လာ ၃၈၇၂ တန်ဖိုးရှိတဲ့ ကြက်သွန်ဖြူ ၅ တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။

ယခုနှစ် ကြက်သွန်နီထွက်နှုန်းကောင်းသလို ဈေးနှုန်း လည်းကောင်းမည်ဖြစ်ကြောင်း၊ ယခင်နှစ်က ကြက်သွန်နီ တစ်ပိဿာကို ၃၀၀ ကျပ် ဈေးရသော်လည်း ယခုနှစ်တွင်မူ ကြက်သွန်နီပွဲစားတွေက တစ်ပိဿာကို ၃၀၀ ကျပ် နှုန်းနဲ့ ငွေကြိုတင်ပေးပြီး ဝယ်ယူနေကြသောကြောင့် ဈေးကောင်းရနိုင်ကြောင်း တပ်ကုန်းမြို့နယ်နဝင်းချောင်းအနီးရှိ ကြက်သွန်နီစိုက်တောင်သူများက ခန့်မှန်း ထားကြတယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင် MIRT**

### ပုံမှန်အဝင်ရှိပြီး ဈေးအနည်းငယ်သာတက်တဲ့ ပြည်ကြက်သွန်နီ

ကြက်သွန်နီအိတ်များ ပြည်ပွဲရုံသို့ နေ့စဉ်ပုံမှန်အဝင်ရှိပြီး အရောင်းအဝယ်မှာလည်း ပုံမှန်ဖြစ်နေပါတယ်လို့ ကြက်သွန်နီပွဲရုံပိုင်ရှင်တစ်ဦးကပြောပါတယ်။ မေလပထမပတ် ကြက်သွန်နီဈေးတစ်ပိဿာကို (ကြီး) ၄၂၀ ကျပ်၊ (လတ်) ၃၈၀ ကျပ်နဲ့ (သေး) ၃၅၀ ကျပ်ဖြစ်ပါတယ်။ ဒေသတွင်းဈေးများရဲ့ လက်လီပေါက်ဈေးတစ်ပိဿာ (ကြီး) ၅၅၀ ကျပ်၊ (လတ်) ၅၀၀ ကျပ်၊ (သေး) ၄၀၀ ကျပ်နဲ့ အတက်အကျမရှိဘဲ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပွဲရုံ ဈေးသာ အနည်းငယ်တက်လာပြီး လက်လီအရောင်းအဝယ်သမားများကတော့ အပြိုင်အဆိုင်ရောင်းနေရတဲ့ အတွက် ဈေးမတက်သာဘဲ ပိဿာချိန်များများ အရောင်းအဝယ်ဖြစ်ရေးကိုသာ ဦးစားပေးရောင်းဝယ်လျက် ရှိနေပါတယ်။ ကြက်သွန်နီပွဲရုံများတွင် တစ်ရက် အိတ် ၈၅၀၊ ၉၀၀ အထိ အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

## ချင်း

### စင်ကာပူနိုင်ငံ ချင်းပြန်လည်တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဧပြီ ၂၆ ရက်မှ မေ ၂ ရက်သီတင်းပတ်အတွင်း ချင်း ၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်ပို့မှုပျောက်ခဲ့တဲ့ချင်းက ဒီတစ်ပတ်မှပြန်လည်တင်ပို့နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မတ်လချင်းတင်ပို့မှုမှာ တန်ချိန် ငါးရာကျော်ရှိခဲ့ပြီး ဧပြီလမှ ၂၃၉ တန်ကျော်ရှိခဲ့တာကြောင့် ဧပြီလမှာ ချင်းတင်ပို့မှုလျော့ခဲ့ပါတယ်။

**သီတာဝင်း(DOT)**

### ပြည်ချင်းဈေးကွက် ဈေးနှုန်းတည်ငြိမ်ပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ်အတွင်း အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းများပြည်ဈေးကွက်ကို ပိဿာ ၃၀ ဝင် ၁၅ အိတ်ခန့်အဝင်ရှိပြီး၊ ယခင်တစ်ပတ်ကထက် အဝင်ရှိလာပါတယ်။ ယခင်နှစ်ကာလတူအချိန် ဈေးထက်လည်း ထက်ဝက်ခန့် ဈေးလျော့ခဲ့ပါတယ်။ ဈေးနှုန်းအားဖြင့် ချင်းတစ်ပိဿာ (ရှယ်) ၁၅၀၀ ကျပ်-၁၉၀၀ ကျပ် (ဂွန်) ၁၂၀၀ ကျပ်-၁၄၀၀ ကျပ်တို့နဲ့ ဈေးနှုန်းအပြောင်းအလဲမရှိဘဲ၊ ဈေးနှုန်းတည်ငြိမ်ပြီး အရောင်းအဝယ် အေးနေပါတယ်။

ဈေးကွက်အတွင်း တစ်နေ့ကို ပိဿာချိန် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်သို့ ဈေးကွက်မှ တစ်ဆင့် စားသုံးမှုအဖြစ် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၂၀၀ ခန့် တင်ပို့မှု ရှိတယ်လို့ သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### ရှမ်းချင်းဈေးကွက် အဝင်နည်း အရောင်းအေး

သင်္ကြန်ပြီးကတည်းက ရှမ်းချင်းတွေက အရောင်းအဝယ်ပြန်ပြီး အေးလာပါတယ်။ ဒီလမှာလည်း ချင်းအရောင်းအဝယ်သိပ်ပြီးမသွက်တော့သလို အဝင်ကလည်း သိပ်များများစားစား မရှိသေးပါဘူး။ အဝင်လည်း နည်းပြီး အရောင်းကလည်း အေးနေတယ်လို့ သိရပါတယ်။

ဒီနှစ်ထွက်တဲ့ ချင်းတွေမှာလည်း ထိပ်စနဲ့ လတ်စတွေသာများပြီး (ညှံ့)စကတော့ အထွက်နည်းတယ်လို့ သိရပါတယ်။ ဧပြီလထိ မူဆယ်ဝယ်လက်တွေက သူတို့ဆီမှာ ပြန်စိုက်ဖို့အတွက် မျိုးအဖြစ်ပြန်ဝယ်ယူခဲ့ပေမယ့် သင်္ကြန်ပြီးမှာတော့ နားသွားပါတယ်။ မူဆယ်ဝယ်လက်တွေက ထိပ်စဖြစ်တဲ့ မြေနီချင်း၊ အခက်ကြီး၊ အခက်လှတွေကိုသာ အဓိကဝယ်ယူသွားပါတယ်။ ဒီတစ်ပတ်တော့ ပြည်တွင်း ဈေးကွက်ဖြစ်တဲ့ ဈေးပတ်သမားတွေရဲ့ ဝယ်လက်သာရှိပါတော့တယ်။ ပြည်တွင်း ဈေးပတ်သမားတွေကတော့ ချင်းထိုးဖို့ရယ်၊ လက်လီရောင်းဖို့အတွက် အကြီးအသေးခွဲပြီး မှာယူနေတယ်လို့ သိရပါတယ်။ ထိုးချင်းတွေအတွက် ညှံ့စတွေကို ပိုပြီးအဝယ်များနေသလို လက်လီရောင်းဖို့အတွက်က အခက် လှကြီးတွေကို မှာယူကြပါတယ်။

ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်းဈေးကလည်း အမျိုးမျိုးရှိလာပါတယ်။ ညှံ့စတွေကတော့ တစ်ပိဿာ ၃၀၀ ကျပ်-၄၀၀ ကျပ် လတ်စကတော့ ၈၀၀ ကျပ်-၉၀၀ ကျပ်နဲ့ မြေနီချင်း အခက်ကြီး၊ လှက တစ်ပိဿာ ၁၁၀၀ ကျပ်ဈေးရှိပါတယ်။ ရန်ကုန်၊ မုံရွာ၊ ပြည်၊ နေပြည်တော်စတဲ့ မြို့တွေက အဝယ်ရှိနေတာကြောင့် တစ်ပတ်အတွင်း ချင်းပိဿာချိန်ပေါင်း ရှစ်သောင်းလေးထောင် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**ဧခိုင်-တောင်ကြီး**

## သီဟိုဠ်

### မူဆယ်၊ မြဝတီ၊ ကော့သောင်း ကုန်သွယ်ရေး စခန်းများမှ သီဟိုဠ်စေ့ ၁၁၄ တန်ခန့် တင်ပို့

မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းစခန်းများမှ ၂၀၁၅ ခုနှစ် ဧပြီလအတွင်း သီဟိုဠ်စေ့ တန်ချိန် ၁၁၄ တန်ခန့်၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ၈၆၅ သန်းဖိုးတင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်က သီဟိုဠ်စေ့ ၉၅ တန်ခန့်ကို ကန်ဒေါ်လာ သုည ဒသမ ၇၂၂ သန်းဖိုး တင်ပို့နိုင်ခဲ့ပြီး ယခင်လနှင့် နှိုင်းယှဉ်ပါက ၁၀ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်က တန်ချိန် ၃ တန်ကျော် ကန်ဒေါ်လာ သုည ဒသမ ၀၂၅ သန်းဖိုးတင်ပို့နိုင်ခဲ့ ပြီး ယခင်လနှင့် နှိုင်းယှဉ်ပါက တန်တစ်ဝက်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းက တန်ချိန် ၁၅ တန်ကျော် ကန်ဒေါ်လာ သုည ဒသမ ၁၁၈ သန်းဖိုး တင်ပို့နိုင်ခဲ့ပြီး ယခင်လနှင့် နှိုင်းယှဉ်ပါက ၄ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ် MIRT**

## မန်ကျည်း

### မန်ကျည်းတန်တစ်ထောင်ကျော် ပြန်လည်တင်ပို့

ဧပြီ ၂၆ ရက်မှ မေ ၂ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၁၀၁၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။

ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်ကို တန်ချိန် ၂၅၀ ၊ မလေးရှားကို ၄၁၉ တန်နဲ့ ပါကစ္စတန်ကို ၁၇၂ တန်တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံကို အများဆုံးတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ် မန်ကျည်းတင်ပို့မှုပျောက်ခဲ့ပြီး ဒီတစ်ပတ်မှသာ ပြန်လည်တင်ပို့လာခဲ့ခြင်းဖြစ်ပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၆၉၀၈၀ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### သီးနှံဝင်ရောက်မှုနည်းလာလို့ ပြည်မန်ကျည်းသီး ဈေးအနည်းငယ်တက်

အခြေခံစားကုန် စားဖိုဆောင်သီးနှံ မန်ကျည်းသီးဈေးကွက်အတွင်း မေလမှာ ပွဲရုံများသို့ မန်ကျည်းသီးဝင်ရောက်မှု နည်းလာတာ တွေ့ရပါတယ်။

တချို့ဒေသ မြို့နယ်များတွင် မန်ကျည်းသီးမှည့်များ တုံးချိန်ဖြစ်လို့ အဝင်နည်းပါးလာကြောင်း သိရပါတယ်။ ဒါကြောင့် ပွဲရုံများသို့ ကြံခင်း၊ မြန်အောင်၊ ပန်းတောင်း၊ ဉသျှစ်ပင်တို့မှသာ တစ်ရက်ပိဿာချိန် ၃၀၀လောက်သာ အဝင်ရှိတော့ပါတယ်။

ရခိုင်ပြည်နယ်သို့ တင်ပို့မှုကတော့ ဘင်္ဂလားဒေ့ရှ်မှ အဝယ်ရှိခြင်းကြောင့် ပုံမှန်တင်ပို့နေရကြောင်းသိရပါတယ်။

မန်ကျည်းသီးမှည့် တစ်ပိဿာ (အစေ့လွတ်) ၉၀၀ ကျပ်၊ (အစေ့ပါ) တစ်ပိဿာဈေး ၅၀၀ ကျပ်ထိ ဈေးအနည်းငယ်တက်လာပါတယ်။ အဝင်နည်းလာမှုကြောင့် ပွဲရုံဈေး အနည်းငယ်တက်ခြင်းဖြစ်ပါတယ်။ လက်လီ (အစေ့လွတ်) တစ်ပိဿာ ၁၂၀၀ ကျပ်ဖြစ်ပါတယ်။

**နီနီဝင်း-ပြည်**












# မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မစ်ဆူဘီရှီကော်ပိုရေးရှင်းနှင့် OISCA တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

|ခင်မြင့်မြင့်သန်း-မန္တလေး|

မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးတွင် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးမှု အရှိန်ရလာသော်လည်း စိုက်ပျိုးရေးကဏ္ဍ မှာ ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေသေးကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံရဲ့ အခြားစီးပွားရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာသော်လည်း စိုက်ပျိုးရေးကဏ္ဍမှာတော့ ရင်းနှီးမြှုပ်နှံမှုများ အားနည်းနေဆဲပင်ဖြစ်ပါတယ်။နိုင်ငံရဲ့ လက်ရှိရာသီဥတု အခြေအနေအရ ရာသီဥတု မှန်ကန်မှုမရှိခြင်း၊ သဘာဝ ဘေးအန္တရာယ်များကြုံတွေ့နေရခြင်း၊ ကျေးလက်ဒေသများတွင် အခြေခံအဆောက်အအုံ အားနည်းချက်များရှိခြင်း၊ လယ်ယာလုပ်သားရှားပါးလာခြင်း များကြောင့်လည်း လယ်ယာကဏ္ဍမှ ထုတ်လုပ်နိုင်စွမ်းအားများကျဆင်းလာပြီး ဖွံ့ဖြိုးမှုနည်းပါးနေတာလူတိုင်း အသိပင်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဧပြီလ ၂၉ ရက်နေ့ကတော့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးသူတောင်သူများအတွက် မျှော်လင့်ချက် အခွင့်အလမ်းတစ်ခု ပေါ်ပေါက်ခဲ့တယ်လို့ဆိုရမှာဖြစ်ပါတယ်။ အဲဒီနေ့က Mandalay Hill Resort Hotel ခန်းမမှာ မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုး ရေးအတွက် မစ်ဆူဘီရှီကော်ပိုရေးရှင်းနဲ့ အပြည်ပြည်ဆိုင်ရာ OISCA အဖွဲ့ကြီးတို့ ပူးပေါင်း၍ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတစ်ခု ကျင်းပပြုလုပ်ခဲ့ပါတယ်။

ယင်းအခမ်းအနားတွင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံနှင့် OISCA International Myanmar တို့မှ တာဝန်ရှိသူများ ၊ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီး အစိုးရ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနနှင့် OISCA International Myanmar တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ အပူပိုင်းဒေသဇုန်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နေကြသော သူများအတွက် ကူညီထောက်ပံ့ပေးရန် ရည်ရွယ်ဆောင်ရွက်သည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲလည်းဖြစ်ပါတယ်။ ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးက မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဓိကကျကြောင်း၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး လုပ်ငန်းများ ပံ့ပိုးကူညီပေးသည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပါတယ်။ ထို့နောက် မစ်ဆူဘီရှီ ကော်ပိုရေးရှင်းမှ တာဝန်ရှိသူတစ်ဦးကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောများပြုစုပျိုးထောင်ရေးနဲ့ ခြောက်သွေ့ဒေသများ စိမ်းလန်းစိုပြေရေးတို့ကို ပံ့ပိုးကူညီပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ OISCA အဖွဲ့သည် ၁၉၆၁ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာ NGO အဖွဲ့အစည်းတစ်ခုအဖြစ် ထူထောင်ခဲ့ပြီး လက်ရှိကာလတွင် အာရှပစိဖိတ်ဒေသတွင်း အဓိကကျသောဒေသများနဲ့ နိုင်ငံ ၃၄ နိုင်ငံတွင် ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ ယင်းအဖွဲ့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျေးလက်နေပြည်သူများကို ၎င်းတို့ရဲ့ လုပ်ရှားပံ့ပိုးကူညီမှုများ သိမြင်လာစေရန် ၎င်းဆောင်ရွက်မှုများအနက်မှ သက်ရှိသတ္တဝါနှင့်သစ်ပင်၊ တိရစ္ဆာန်နဲ့ ပတ်ဝန်းကျင်ဂေဟစနစ်များ မပျက်စီးစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ အော်ဂဲနစ်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရန် အဓိကထား ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမှာဖြစ် ပါတယ်။ ထို့ပြင် စပါးသီးနှံ အထွက်တိုးရေး ဓာတုကင်းလွတ်သီးနှံများ စိုက်ပျိုးရေး၊ မြေဆီလွှာကောင်းမွန်ရေး၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးရေး၊ သဘာဝမြေဩဇာဖြင့် စိုက်ပျိုးရေးစသည့် အစီအစဉ်များကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ OISCA သည် ၁၉၉၆ ခုနှစ်ကတည်းက မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်၊ စွမ်းဆောင်ရည် အခြေခံလုပ်ငန်းစဉ်များ ပံ့ပိုးကူညီမှုများပြုလုပ်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရှိရပါတယ်။ ၁၉၉၇ ခုနှစ်မှစ၍ မြန်မာနိုင်ငံ အလယ်ပိုင်းရှိ အပူပိုင်းဒေသဇုန်များတွင် လေ့ကျင့်ရေးစင်တာ ဖွင့်လှစ်ခဲ့ရာ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၊ ပခမ်းကြီးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး စိုက်ပျိုးရေးကျောင်းကို ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံလူငယ်များအား ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ သင်ကြားပို့ချပေးခဲ့ပါတယ်။

## လူအများစုအခြေချ နေထိုင်ရာဖြစ်၍ ထိုဒေသအား ထောက်ပံ့ကူညီ ပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ အကြီးမားဆုံး လူမှုကိစ္စများထဲမှ တစ်ခုအား ဖြေရှင်းပေးခြင်းဖြစ်ကြောင်း

ထို့အတူ မန္တလေးတိုင်းဒေသကြီးတွင်လည်း စိုက်ပျိုးရေးနည်းပညာသင်တန်းကျောင်း တစ်ကျောင်း ဖွင့်လှစ်သွားရန် ရည်ရွယ်လျက်ရှိပြီး စီမံကိန်းမှာတစ်နှစ်လျှင် အမေရိကန်ဒေါ်လာ တစ်သိန်းနှင့် ၅ နှစ်ကြာ ထောက်ပံ့မှု ပေးသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။ ထို့အပြင် လယ်ယာစိုက်ပျိုးရေးကို အဓိကထားသော ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသများတွင်လည်း ဆက်လက်ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

OISCA အဖွဲ့မှ အပူပိုင်းဒေသ လေ့ကျင့်ရေးစင်တာတွင် နှစ်စဉ်စိုက်ပျိုးရေးခေါင်းဆောင် ၂၀ ဦးစီ မွေးထုတ် နိုင်ခဲ့ပါတယ်။မစ်ဆူဘီရှီကော်ပိုရေးရှင်းရဲ့ ရည်ရွယ်ချက်မှာလည်း အဖွဲ့ရဲ့လုပ်ငန်းများ ပိုမိုကျယ်ပြန့်လာစေရုံသာမက နည်းပညာအထောက်အပံ့များနှင့် ထောက်ပံ့ပေးခြင်းအားဖြင့် စွမ်းဆောင်ရည်ပမာဏ ၂ ဆ တိုးလာစေရန် ဖြစ်ကြောင်းသိရပါတယ်။ယခုနှစ်မတ်လမှစပြီး မစ်ဆူဘီရှီကော်ပိုရေးရှင်းက UNOPS ရဲ့ စီမံခန့်ခွဲမှုဖြင့် LIFT (Livelihoods And Food Security Trust Fund )အဖွဲ့သို့ ပထမဆုံး ပုဂ္ဂလိကကဏ္ဍအဖြစ် ရန်ပုံငွေလှူဒါန်းခဲ့ခြင်း၊မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသနေဆင်းရဲနွမ်းပါးသူများနှင့်မသန်စွမ်းသူများအတွက် အခွင့်အလမ်းများ ရှာဖွေပေးခြင်းဖြင့် ဘဝရှင်သန်မှုတိုးတက်စေရန် ဆောင်ရွက်ခဲ့ပါတယ်။

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးပေါင်းစပ် လုပ်ငန်းကြီးတစ်ခုအနေဖြင့် မစ်ဆူဘီရှီသည် ၎င်း၏လုပ်ငန်းများဖြင့် ကျေးလက်ဒေသများဒေသတွင်း၌ နှစ်တို/ နှစ်ရှည် ကူညီထောက်ပံ့မှုများကို မည်ကဲ့သို့ ပြုလုပ်ပေးနိုင်မည်ကိုလည်း သေချာထည့်သွင်းစဉ်းစားခဲ့ကြောင်း သိရှိရပါတယ်။ ထို့ပြင် မစ်ဆူဘီရှီသည် ဒေသတွင်း လူ့အဖွဲ့အစည်းရဲ့ လိုအပ်ချက်များနဲ့ ကိုက်ညီစေရန် နိုင်ငံတကာအထောက်အပံ့များကို စနစ်တကျ ဦးဆောင်၍ သုံးစွဲရန် ကြိုးပမ်းလျက်ရှိ ကြောင်းလည်း သိရှိရပါတယ်။ သို့ဖြစ်၍ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အား မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် မိုးရေချိန်နည်းပါးခြင်း၊ ဆည်ရေပေးရေး ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်း၊ စိုက်ပျိုးရေးမဖြစ်ထွန်းသော မြေဧရိယာများရှိခြင်းတို့ကြောင့် အပူပိုင်းဇုန်အနေဖြင့် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

အပူပိုင်းဇုန်သည် ဆင်းရဲနွမ်းပါးသော လယ်ယာလုပ်ကိုင်သည့် လူအများစုအခြေချနေထိုင်ရာဖြစ်၍ ထိုဒေသအား ထောက်ပံ့ကူညီပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ အကြီးမားဆုံး လူမှုကိစ္စများထဲမှ တစ်ခုအား ဖြေရှင်းပေးခြင်းဖြစ်ကြောင်းလည်း သိရှိရပါတယ်။ မစ်ဆူဘီရှီသည် OISCA နှင့် LIFT တို့၏ အစီအစဉ်နှင့် ကျေးလက်နေတောင်သူလယ်သမားများကို ပိုမိုကျယ်ပြန့်စွာ အထောက်အပံ့များ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရှိရပါတယ်။

သို့ဖြစ်၍ OISCA ရဲ့ လုပ်ငန်းစဉ်များအတိုင်း စည်းစနစ် ကျနစွာ၊ ထိရောက်စွာ၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက် ပြီး အခွင့်အလမ်းကို ရယူနိုင်မည်ဆိုပါက မန္တလေးတိုင်းဒေသကြီး၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲပင်ဖြစ်မည်ဟု ယုံကြည်မိပါတယ်။

# ဓာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ်ဓာတ်ဆီတစ်မျိုးတည်းသာဝင်

ဧပြီလ ၂၆ ရက်မှ မေ ၂ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၁၆၉၉၆၀ တန်ဖိုးရှိ ဓာတ်ဆီ ၁၇ ဒသမ ၆၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းဖို့ သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဒီဇယ်အဝင်မရှိခဲ့ဘဲ ဓာတ်ဆီတစ်မျိုးတည်းသာ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဓာတ်ဆီအဝင်နဲ့ယှဉ်ရင် ၂၂ ဒသမ ၉၉၂ တန် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် မတ်လမှာ ဓာတ်ဆီအဝင် စုစုပေါင်းမှာ တန်ချိန် ငါးရာ့ရှစ်ဆယ်ကျော်ရှိခဲ့ပြီး ဧပြီလမှာ တန်ချိန်သုံးရာ့တစ်ဆယ်ကျော် ရှိခဲ့တာကြောင့် ဧပြီလမှာ ဓာတ်ဆီတန်ချိန် နှစ်ရာ့ရှစ်ဆယ်ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒီဇယ်က မတ်လမှာ နှစ်ထောင့်တစ်ရာရှစ်ဆယ်ကျော်အဝင်ရှိခဲ့ပြီး ဧပြီလမှာ တန်ချိန်ခုနစ်ရာ့ခြောက်ဆယ်ကျော် အဝင်ရှိခဲ့တာကြောင့် ဧပြီလမှာ တစ်ထောင့်လေးရာနှစ်ဆယ်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ မေ ၄ ရက်မှ ၈ ရက်အတွင်း ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက မော်လမြိုင်မှာ ဈေးငြိမ်နေပြီး ၊ တောင်ကြီးနဲ့ ရန်ကုန်မှာ အောက်တိန်းနဲ့ ဒီဇယ်ဈေးအနည်းငယ်တက်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီရော ဒီဇယ်ပါ ဈေးငြိမ်နေပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီမှာ ဈေးငြိမ်ပြီး အဆင့်မြင့်ဒီဇယ်၊ အောက်တိန်းနဲ့ ဒီဇယ်မှာ ဈေးအနည်းငယ်မြင့်တက်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၈၁၄ ကျပ်၊ ဒီဇယ် ၆၈၀ ကျပ်၊ အောက်တိန်း ၇၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၂၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မေလ ၄ ရက် ဓာတ်ဆီ ဝယ်ဈေး ၁၄၈၀၀၀ ကျပ်၊ရောင်းဈေး ၁၅၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ၇ ရက်မှာ ဝယ်ဈေး ၁၅၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ မေ ၄ ရက်က ဝယ်ဈေး ၁၄၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ၅ ရက်တွင် ဝယ်ဈေး ၁၃၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၁၀၀၀ ကျပ် ၇ ရက်မှာ ဝယ်ဈေး ၁၃၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၀၀၀၀ ကျပ်ကို ဈေးကျလာခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ ဈေးမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်းနဲ့ ဓာတ်ဆီမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၇၀ ကျပ်၊ အောက်တိန်း ၇၅၀ ကျပ်၊ ဒီဇယ် ၇၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၉၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာအရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မေလ ၄ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၄၅၀၀၀ ကျပ်၊ရောင်းဈေး ၁၄၈၀၀၀ ကျပ်နဲ့ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင်ဝယ်ဈေး၊ ရောင်းဈေး ၆၀၀၀ ကျပ် ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ မေလ ၄ ရက်နေ့ ဝယ်ဈေး ၁၄၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၉၀၀၀ ကျပ်နဲ့ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရ ပါတယ်။ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၄၀၀ ကျပ်၊ ဓာတ်ဆီ ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၁၀၅ ကျပ်၊ အောက်တိန်း ၂၉၇၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၂၀၀ ကျပ်၊ အောက်တိန်း ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီနဲ့ ဒီဇယ်ဈေးမှာ အနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၄၀၀ ကျပ်၊ ဒီဇယ်၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၂၀၀ ကျပ်၊ ဒီဇယ် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **သီတာဝင်း (DOT)**

# တစ်ပတ်အတွင်း ငွေလဲနှုန်း ကျပ် နှစ်ဆယ်ကျော်မြင့်တက်

ယခုတစ်ပတ်အတွင်း ဗဟိုဘဏ်၏ ငွေလဲနှုန်းများ ဆက်တိုက်မြင့်တက်လာသကဲ့သို့ ပုဂ္ဂလိကဘဏ်များနှင့် ပုဂ္ဂလိကငွေလဲစင်တာများ၏ ငွေလဲနှုန်းများမှာလည်း ဆက်တိုက်မြင့်တက်လာခဲ့ကြောင်း ငွေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မဟာသင်္ကြန်ကာလအလွန်တွင် ဗဟိုဘဏ်၏ရည်ညွှန်းငွေလဲနှုန်းများ ဆက်တိုက်မြင့်တက်လာခဲ့ပြီး မေ ၇ရက်တွင် ကျပ် ၁၀၈၀သို့ ရောက်ရှိလာခဲ့သည်။

ပြင်ပငွေလဲစင်တာများတွင် ဒေါ်လာများ ဝယ်လိုအားကောင်းနေသဖြင့် ပုဂ္ဂလိကဘဏ်များမှာ အခြေအနေကိုကြည့်၍ ရောင်းချနေရကြောင်းပုဂ္ဂလိကဘဏ်တစ်ခုမှတာဝန်ရှိသူတစ်ဦးက ဆို သည်။

"ရောင်းဖို့ကတော့ ရှိနေပါတယ်။ ဒါပေမယ့် အခြေအနေကိုကြည့်ပြီး ရောင်းနေရတယ်။ လိုသလောက်တော့ ရောင်းမပေးနိုင်ခဲ့ဘူး။ ဝယ်လိုအားလိုက်နေပေမယ့် ဈေးကဆက်တက်နေတဲ့အတွက် ထိန်းပြီးရောင်းနေရတယ်"ဟု ၎င်းကပြောကြားခဲ့သည်။

ဒေါ်လာဈေးတက်လာသဖြင့် သွင်းကုန်ပစ္စည်းများ ဈေးတက်လာနိုင်ကာ ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်လျက်ရှိကြောင်း ကုန်သည်တစ်ဦးက ထောက်ပြခဲ့သည်။

ပုဂ္ဂလိကငွေလဲစင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးက "ဒီတစ်ပတ်ထဲမှာ ငွေဈေးတက်တာ တော်တော်ကို မြန်လာတယ်။ တစ်ပတ်အတွင်း ကျပ်နှစ်ဆယ်ကျော်တက်သွားတယ်။ ဈေးကွက်ထဲမှာလည်း အဝယ်က တော်တော်လေးကို လိုက်လာတယ်။ ဈေးတက်တော့ ဒေါ်လာနဲ့ ဈေးကစားတဲ့သူတွေ တော်တော်များလာတယ်။ အဲဒီလိုဈေး ကစားတဲ့သူတွေများလာရင် ဈေးကွက် ပျက်တတ်တဲ့သဘောရှိတယ်" ဟု ပြောကြားခဲ့သည်။

ပြင်ပငွေလဲစင်တာများတွင် မေ ၄ရက်က ရောင်းဈေး ၁၀၉၁ကျပ်၊ ဝယ်ဈေး ၁၀၈၇ကျပ်ရှိခဲ့ရာမှ မေ ၆ ရက် ညနေပိုင်းတွင် ရောင်းဈေး ၁၁၀၆ကျပ်၊ ဝယ်ဈေး ၁၁၀၀ ကျပ် ရှိလာခဲ့သည်။ ထို့နောက် ဆက်လက်မြင့်တက်လာခဲ့ရာ မေ ၇ရက်တွင် ရောင်းဈေး ၁၁၁၂ကျပ်၊ ဝယ်ဈေး ၁၁၀၅ကျပ်ရှိခဲ့ပြီး မေ ၈ရက်တွင် ရောင်းဈေး ၁၁၁၅ကျပ်၊ ဝယ်ဈေး ၁၁၀၈ ကျပ်သို့ မြင့်တက်ခဲ့သည်။

**မယ်သီတာ**

# မြန်မာ့ရွှေဈေး ဆက်လက်မြင့်တက်

သင်္ကြန်ကာလ လွန်ပြီးသည့်နောက်ပိုင်းတွင် ဈေးမြင့်တက်ခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်လာခဲ့ကာ ကျပ် ခုနစ်သိန်းနီးပါးသို့ ရောက်ရှိလာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးသာမကပြည်တွင်း ငွေလဲနှုန်းများပါ ဆက်တိုက်မြင့်တက်နေသဖြင့် မြန်မာ့ရွှေဈေးလည်း မြင့်တက်နေရခြင်းဖြစ်ကြောင်း ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။ ထို့ပြင် ရွှေဈေးများ ဆက်တိုက်မြင့်တက်နေသဖြင့် ကျပ်ခုနစ်သိန်းအထိ တက်လာနိုင်ကြောင်းဖြင့် ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

"ကမ္ဘာ့ရွှေဈေးရော၊ မြန်မာ့ရွှေဈေး ပါတက်လာတယ်။ ဈေးက ဆက်တက်မယ်လို့ခန့်မှန်းထားပေမယ့် အခြေအနေက တည်ငြိမ်မှုမရှိတဲ့အတွက် ခန့်မှန်းရခက်ပါတယ်။ ငွေလဲနှုန်းကလည်း နေ့တိုင်းလိုလို မြင့်တက်နေတဲ့အတွက် ဈေးတက်မယ်လို့ ခန့်မှန်းထားတာပါ" ဟု ၎င်းက ပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးသည် မေလ ၄ ရက်နေ့တွင် ကျပ် ၆၈၆၀၀၀ ရှိခဲ့ရာမှ မေလ ၆ရက်နေ့တွင် ကျပ် ၆၉၃၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။ မေလ ၈ ရက်နေ့တွင်မူ ကျပ် ၆၉၁၀၀၀ သို့ အနည်းငယ် ပြန်လည်ကျဆင်းလာခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် မေလ ၄ ရက်နေ့တွင် ၁၁၈၃ ဒေါ်လာရှိခဲ့ရာမှ မေလ ၆ရက်နေ့တွင် ၁၁၉၃ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။ မေလ ၈ရက်နေ့တွင် ၁၁၈၄ ဒေါ်လာသို့ ပြန်လည်ကျဆင်းလာခဲ့သည်။ **မယ်သီတာ**

## Currency Exchange Rate

May 8, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.26 |
| BDT | Bangladesh Taka | 77.78 |
| CAD | Canada Dollars | 1.21 |
| CNY | China Yuan Renminbi | 6.21 |
| EUR | Euro | 0.89 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 64.01 |
| IDR | Indonesia Rupiahs | 13121.61 |
| JPY | Japan Yen | 119.96 |
| MYR | Malaysia | 3.60 |
| PKR | Pakistan Rupees | 101.70 |
| PHP | Philippines Pesos | 44.63 |
| RUB | Russia Rubles | 50.59 |
| SGD | Singapore Dollars | 1.33 |
| KRW | South Korea Won | 1088.61 |
| LKR | Sri Lanka Rupe | 133.30 |
| THB | Thailand Baht | 33.53 |
| GBP | United Kingdom Pounds | 0.65 |
| VND | Vietnam Dong | 21696.68 |

*Source : xe.com*

## World Gold Price

May, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 4 | 1182 | 1182 | 1182 |
| 5 | 1186 | 1186 | 1186 |
| 6 | 1194 | 1194 | 1194 |
| 7 | 1181 | 1181 | 1181 |
| 8 | 1183 | 1183 | 1185 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 4-5- 2015 | 686.00 | 685.50 |
| 5-5- 2015 | 688.00 | 688.30 |
| 6-5- 2015 | 693.00 | 692.20 |
| 7-5- 2015 | 692.00 | 691.30 |
| 8-5- 2015 | 692.20 | 692.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 4 | 6 .21 | 33.33 | 77.71 | 63.59 |
| 5 | 6. 21 | 33.36 | 77.68 | 63.36 |
| 6 | 6 .20 | 33.25 | 77.81 | 63.21 |
| 7 | 6 .21 | 33.42 | 77.73 | 63.65 |
| 8 | 6.21 | 33.53 | 77.78 | 64.01 |

## Energy NYMEX 8-5-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 58.60 | -0.34 | -0.58 |
| Brent Crude Futr (USD/bbl) | 65.35 | -0.19 | -0.29 |
| Gasoline Rbob Fut (Cent/gal) | 198.44 | -5.22 | -2.56 |
| Natural Gas Futr (USD/MMBtu) | 2.73 | -0.01 | -0.18 |
| Heating Oil Futr (Cent/gal) | 195.76 | -0.41 | -0.21 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 4-May | 16.30 | 2395.23 | 1888.10 | 6450.75 | 1132.00 |
| 5-May | 16.38 | 2392.99 | 1822.94 | 6433.50 | 1145.00 |
| 6- May | 16.54 | 2455.49 | 1951.04 | 6516.16 | 1148.00 |
| 7- May | 16.36 | 2400.16 | 1888.10 | 6473.38 | 1137.00 |
| 8- May | 16.32 | 2420.99 | 1864.13 | 6502.98 | 1133.00 |

Source:kitco.com

# ဘိလပ်မြေ

## ဘိလပ်မြေ အဝင်လျော့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဧပြီလ ၂၆ ရက်မှ မေ ၂ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၈၂၅၄၁၄ တန်ဖိုးရှိ ဘိလပ်မြေ ၂၁၅၇၇တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယနိုင်ငံမှ ဘိလပ်မြေ ၁၆၅၂ တန်နဲ့ ထိုင်းနိုင်ငံမှ ၁၉၉၂၅ တန်တင်သွင်းခဲ့ပါတယ်။ ဝင်လာ ခဲ့တဲ့တံဆိပ်တွေမှာ စိန်၊ ဆင်၊ INSEE ၊ RAMCO စတဲ့တံဆိပ်များနဲ့ အခြားတံဆိပ်များလည်း ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ငါးသောင်းကိုးထောင်ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မတ်လဘိလပ်မြေအဝင်မှာ တန်ချိန် လေးသိန်း တစ်သောင်းကျော်ရှိခဲ့ပြီး ဧပြီလအဝင်မှာ တန်ချိန် တစ်သောင်းခြောက်ထောင်ကျော်ရှိခဲ့တာကြောင့် ဧပြီလမှာ တန်ချိန် နှစ်သိန်းလေးထောင်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

---

## ယခင်တစ်ပတ်ထက် ဘိလပ်မြေ ဈေးကွက်သွက်

ဧပြီ ၂၆ ရက်မှ မေ ၂ ရက် သီတင်းပတ်မှာ ပြည်တွင်း ကိုရေလမ်းမှ ဘိလပ်မြေ အဝင်မှာ ၂၁၅၇၀ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေ အဝင်မှာ၈၀၇၂၆ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ ၅၉၁၄၉ တန်ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၂၂၈၅၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၇၅၅၃ ကျော်ရှိခဲ့ တာကြောင့် ဒီတစ်ပတ်မှာ ၄၇၀၃ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ အရောင်းပုံမှန်ရှိပေမယ့် ယခင်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင် (ထိုင်း)၅၅၅၀ ကျပ်၊ မြင်းခေါင်း ၄၂၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၅၁၀၀ ကျပ်၊ စိန် ၅၅၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲမှာတော့ မြင်းခေါင်းက ပစ္စည်းပြတ်နေပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်သွက်ပြီး ရောင်းအားပြန်တက်လာပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၂၀၀ ကျပ်၊ မြန်မာဆင် ၄၉၀၀ ကျပ်၊ဆင်မင်း (ကျောက်ဆည်) ၄၈၀၀ ကျပ်၊ကျားခေါင်း ၄၈၀၀ ကျပ်၊မြင်းခေါင်း ၄၈၀၀ ကျပ်၊ ဆင်(ထိုင်း)၇၂၀၀ ကျပ်၊ စိန်(ထိုင်း) ၇၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေ အရောင်းသွက်ပေမယ့် စိန်နဲ့ ဆင်က ဈေးနည်းနည်းကျလာပြီး ကြံ့နှစ်ကောင်က ဈေး ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ စိန် (ထိုင်း) ၅၇၅၀ ကျပ်၊ ဆင်(ထိုင်း) ၅၈၅၀ ကျပ်၊ အပါချီ ၅၁၀၀ ကျပ်၊ ကြံ့နှစ်ကောင် (အနီ)၅၅၀၀ ကျပ်(အစိမ်း) ၅၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ် ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

# ဓာတ်မြေဩဇာ

## ထိုင်း၊ ဂျပန်နဲ့ စင်ကာပူမှ မြေဆီများဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဧပြီ ၂၆ ရက်မှ မေလ ၂ ရက်အတွင်း ကန်ဒေါ်လာ ၇၇၃၁ တန်ဖိုးရှိ မြေဩဇာ ၂၇၆၉ ဒသမ ၂၇၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဂျပန်နိုင်ငံမှ ၂၅ တန်၊ ထိုင်းနိုင်ငံမှတန် ၉၀ နဲ့ စင်ကာပူမှ ၂၆၅၄ ဒသမ ၂၇၅ တန်ဝင်လာခဲ့ပါတယ်။ ဝင်လာတဲ့ အမျိုးအစားများ မှာ အာမို၊ Diamond SLAG၊ ကွန်ပေါင်းစတဲ့ မြေဆီများ ဝင်လာပါတယ်။ အများဆုံးဝင် လာခဲ့တာက ကွန်ပေါင်းမြေဩဇာဖြစ်ပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ ယှဉ်ရင် တန်ချိန် တစ်ထောင့်တစ်ရာကျော်အဝင်လျော့ခဲ့ပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မတ်လမြေဆီအဝင်မှာ တန်ချိန် တစ်သောင်းကျော်ရှိခဲ့ပြီး ဧပြီလမှာ တန်ချိန် ကိုးထောင့်လေးရာကျော်ရှိခဲ့တာကြောင့် ဧပြီလမှာ တန်ချိန် တစ်ထောင့်နှစ်ရာကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

---

## ယခင်တစ်ပတ်ထက် မြေဩဇာ အရောင်းအဝယ်သွက်

ဧပြီလ ၂၆ ရက်မှ မေ ၂ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာတန်ချိန် ၂၇၆၉ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာတန်ချိန် ၃၉၁၀ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၁၃၁ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၁၇၀၇၄ တန်ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၃၈၀၈ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၃၂၆၆ တန်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် မြေဩဇာ အရောင်းအဝယ်လိုက်တယ်လို့ သိရပါတယ်။ နွေသီးနှံအတွက် အဝယ်လိုက်လာပေမယ့် မြေဩဇာဈေး အနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ပုလဲနဲ့ ကွန်ပေါင်းသာ ဈေးကျလာပေမယ့် တီစူပါက ဈေးငြိမ်နေပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား၊ ရွှေတောင်-တရုတ်) ၂၀၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၇၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၃၁၀၀၀ ကျပ်၊ ကွန်ပေါင်း(၁၆း၁၆း၈) (မြင်းပျံ-ထိုင်း) ၂၉၅၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၁၉၅၀၀ ကျပ် ၊ တီစူပါ ၁၆% (မြားကမ္ဘာ- တရုတ်) ၁၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်သွက်ပေမယ့် ဒီတစ်ပတ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၂၀၀၀၀ ကျပ်၊ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၁၀၀ ကျပ်၊ တီစူပါ(**GTSP** ၄၆%- တရုတ်) ၁၇၅၀၀ကျပ် ၊ တီစူပါ (**GSSP** ၁၆%-တရုတ်)၉၀၀၀ ကျပ်၊တီစူပါ(**GSSP** ၁၂%-တရုတ်)၈၂၀၀ ကျပ်၊ ကွန်ပေါင်း (၁၀း၁၀း၅) ၁၂၈၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား၊ တီစူပါ၊ မြားကမ္ဘာ မြေဩဇာများက ဈေးနည်းနည်း မြင့်လာပြီး ပိုတက်က ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ(ကမ္ဘာလုံး-တရုတ်)၂၀၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်)၂၀၅၀၀ကျပ် ၊ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၂၁၅၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၀၂၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၀၇၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၇၅၀၀ ကျပ်၊ တီစူပါ (၁၀း၁၀း၅) (တရုတ်) ၁၄၅၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်)၁၃၀၀၀ ကျပ်၊ ပိုတက် (တရုတ်)၂၃၅၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၂၁၂၀၀ ကျပ်၊ မြားကမ္ဘာ ၁၄၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေဩဇာက အရောင်းအဝယ် ပုံမှန်ရှိပေမယ့် ဈေးက ငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား - (နေရွက်လှေ- တရုတ်) ၁၉၅၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်- တရုတ်) ၁၉၅၀၀ ကျပ်၊ ယူရီးယား (ကမ္ဘာလုံး- တရုတ်) ၁၉၅၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၃၅၀၀ ကျပ်၊ ကွန် ပေါင်း ၁၅ ပတ်လည် (နေရွက်လှေ -တရုတ်) ၃၄၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

# နို့ဆီ/နို့မှုန့်

## မာရီဂိုးနဲ့ ဒွန်းနို့ဆီဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဧပြီ ၂၆ ရက်မှ မေ ၂ ရက်အတွင်း မာရီဂိုးနို့ဆီ ၁၉၈ ဒသမ ၇၂ တန်နဲ့ ဒွန်းနို့ဆီ ၂၆၀ ဒသမ ၄၀ တန်ကိုပင်လယ်ရေကြောင်း ကုန် သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၅ ဒသမ ၅၂ တန်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ် နယူးဇီလန်မှ ၁၄ တန်နဲ့ စင်ကာပူမှ ၁၃၈ ဒသမ ၉၉၅ တန် ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၅၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် ဧပြီလမှာ နို့ဆီ ၃၄ တန်ကျော်နဲ့ နို့မှုန့် ၆၄၆ တန် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၅/၄ မှ ၁/၅ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၈/၄ မှ ၂၄/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၃၃၀၀•၂၅ | ၇၅၃•၅၀ | (+) ၂၅၄၆•၇၅ |
| ၂။ | လွယ်ဂျယ် | ၈၈၀•၀၀ | ၄၁၈•၀၀ | (+) ၄၆၂•၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၂၀၀•၀၀ | (-) ၂၀၀•၀၀ |
| ၄။ | ကန်ပိုက်တီး | ၅၃၃၉•၀၀ | ၄၀၁၁•၀၀ | (+) ၁၃၂၈•၀၀ |
| ၅။ | တာချီလိတ် | ၄၀၀၀•၀၀ | ၁၀၅၀၀•၀၀ | (-) ၆၅၀၀•၀၀ |
| ၆။ | မြဝတီ | ၃၀၉၁•၀၀ | ၃၁၀၆•၁၀ | (-) ၁၅•၁၀ |
| ၇။ | ကော့သောင်း | ၃၈၆၅•၀၀ | ၈၅၆၅•၀၀ | (-) ၄၇၀၀•၀၀ |
| ၈။ | မြိတ် | ၂၃၇၅•၀၀ | - | (+) ၂၃၇၅•၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၂၂၈၅၀•၂၅ | ၂၇၅၅၃•၆၀ | (-) ၄၇၀၃•၃၅ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၅/၄ မှ ၁/၅ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၈/၄ မှ ၂၄/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၀၃၁•၅၀၀ | ၃၃၂၇•၂၅၀ | (+) ၁၂၇၀၄•၂၅၀ |
| ၂။ | လွယ်ဂျယ် | ၁၀၉•၅၀၀ | - | (+) ၁၀၉•၅၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၃၃၉•၇၆၀ | ၁၃၀•၉၈၀ | (+) ၂၀၈•၇၈၀ |
| ၆။ | ကော့သောင်း | ၁၉၄•၀၀၀ | ၁၅၀•၀၀၀ | (+) ၄၄•၀၀၀ |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိဒ် | ၄၀၀•၀၀၀ | ၂၀၀•၀၀၀ | (+) ၂၀၀•၀၀၀ |
| | စုစုပေါင်း | ၁၇၀၇၄•၇၆၀ | ၃၈၀၈•၂၃၀ | (+) ၁၃၂၆၆•၅၃၀ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

# ပြည်ဈေးကွက်မှာ မြေပဲဆန်ဈေး သိသိသာသာမြင့်ပြီး နှမ်းဈေးကျ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးမှာ သိသိသာသာမြင့်လာပြီး နှမ်းဈေးမှာ အနည်းငယ် ကျနေတာ တွေ့ရပါတယ်။ မြေပဲဆန်မှာ တစ်နေ့ကို အိတ် ၅၀၀ ခန့်သာ အဝင်ရှိပြီး ဝယ်လက်များကြောင့် ဈေးကွက်တွင် ပစ္စည်းပြတ်ပြီး ဈေးမြင့်လာတာဖြစ်တယ်လို့ သိရပါတယ်။ နှမ်းမှာ အဝင်မရှိသော်လည်း လှောင်နှမ်းများကြောင့် ဈေးကွက်တွင် အရောင်းအဝယ် လုံးလုံးပြတ်သွားတာ မဟုတ်ပေမယ့် အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ဒ့ါအပြင် ဆီစက်များကသာ ဆီကြိတ်ရန်ဝယ်နေသော် လည်း နေ့စဉ် အဝယ်မရှိသဖြင့် ဈေးအနည်းငယ်ကျနေတာ တွေ့ရပါတယ်။

ဈေးနှုန်းများအနေဖြင့် ယခုတစ်ပတ်တွင် မြေပဲဆီဆန် တစ်ပိဿာ ၂၃၅၀ ကျပ်နဲ့ လုံးဆန် တစ်ပိဿာကို ၂၆၀၀ ကျပ် အထိ ဈေးမြင့်သော်လည်း ရန်ကုန်၊ မန္တလေးဝယ် လက်များက အဝယ်ရှိနေတာ တွေ့ရပါတယ်။ နှမ်းနီမှာ တစ် တင်းကို ၂၈၃၀၀ ကျပ်၊ စမုံနက်နှမ်း တစ်တင်းကို ၆၀၀၀၀ ကျပ်နဲ့ ရိုးရိုး နှမ်းနက် တစ်တင်းကို ၃၁၆၀၀ ကျပ်ဖြစ်သော် လည်း နှမ်းနီကိုသာ ဆီစက်များက အနည်းငယ်အဝယ်ရှိပြီး နှမ်းနက်မှာ ဈေးသာဖြစ်နေသော်လည်း အဝယ်မရှိတာ တွေ့ ရပါတယ်။

ဆီဈေးအနေဖြင့်လည်း မြေပဲဆီမှာ သီးနှံဈေးမြင့်လာသလို ဆီဈေးပါမြင့်လာသော်လည်း နှမ်းဆီဈေးမှာ သီးနှံ ဈေးကျသလို ဆီဈေးပါကျလာတာ တွေ့ရပါတယ်။ မြေပဲဆီ (ရှယ်) ဈေးမှာ ယခင်တစ်ပိဿာ ၄၁၀၀ ကျပ်မှ ၄၅၀၀ ကျပ်ထိ တက်လာပြီး ယခုတစ်ပိဿာ ၅၀၀၀ ကျပ်အထိ ဈေးမြင့်တက်လာပါတယ်။ ဒ့ါအပြင် မြေပဲဆီရိုးရိုးမှာ ယခင်တစ်ပိဿာ ၃၉၀၀ ကျပ်မှ ၄၃၀၀ ကျပ် အထိရှိပြီး ယခုတစ်ပိဿာ ၄၇၀၀ ကျပ် အထိ မြင့်လာတာတွေ့ရပါတယ်။ နှမ်းဆီ(ရှယ်)ဈေးမှာ ယခင် တစ်ပိဿာ ၅၃၀၀ ကျပ်မှ ၅၅၀၀ ကျပ်အထိရှိခဲ့ပြီး ယခုဈေးမှာ တစ်ပိဿာ ၄၇၀၀ ကျပ်သာရှိခဲ့ပါတယ်။ နှမ်းဆီရိုးရိုးဈေးမှာ ယခင်က တစ်ပိဿာ ၄၈၀၀ ကျပ်-၅၀၀၀ ကျပ်အထိရှိပြီး ယခုဈေးမှာ တစ်ပိဿာ ၄၅၀၀ ကျပ်ဖြင့် ဈေးကျလာတာ တွေ့ ရပါတယ်။

**ဝေဝေမင်း-ပြည်**

# တရုတ်နယ်စပ်စခန်းများမှ နှမ်း ပိုမိုတင်ပို့

ဧပြီလ နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၆၇၁ သန်းတန်ဖိုးရှိ နှမ်းနက် ၃၅၇ တန်နဲ့ နှမ်းဖြူ တန် ၉၀ ၊ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၃၀၃ သန်းတန်ဖိုးရှိ နှမ်းနက် ၁၃၄ တန်နဲ့ နှမ်းဖြူ (အခွံချွတ်) ၅၈ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ ၁၀၄တန်၊ ချင်းရွှေဟော်မှ တန် ၄၀၀ သာတင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ် တရုတ်နယ်စပ်စခန်းတွေက နှမ်းတင်ပို့မှု ပိုမိုလာတာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာလည်း ယခင်တစ်ပတ်က နှမ်းဖြူ တစ်တန်၊ ၁၆၄၇၆၂၃ ကျပ်၊ နှမ်းနက် တစ်တန် ၁၉၀၆၉၁၄ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာတော့ နှမ်းဖြူဈေး ၁၆၅၇၆၅၂ ကျပ်နဲ့ နှမ်းနက်ဈေး ၁၉၁၈၅၂၂ ကျပ်သို့ ဈေးများ ဆက်လက်မြင့်တက်လာပါတယ်။ နှမ်းဖြူနဲ့ နှမ်းနက်က တရုတ်နဲ့ ရန်ကုန်ဘက်က အဝယ်လိုက်တာကြောင့် ယခုလို ဈေးမြင့်တက်လာရတာဖြစ်တယ်လို့သိရပါတယ်။

**မော်မော်အောင် MIRT**

## စားအုန်းဆီ

# ပဲပုပ်ဆီဈေးနဲ့အတူ ကျဆင်းလာတဲ့ စားအုန်းဆီဈေး

ပြိုင်ဘက်သီးနှံဖြစ်တဲ့ ပဲပုပ်ဆီဈေးကွက်ကျဆင်းမှုနဲ့ ကမ္ဘာမှာ စားအုန်းဆီ ဒုတိယအများဆုံးထုတ်လုပ်တဲ့ မလေးရှားနိုင်ငံမှာ သိုလှောင်လက်ကျန်မြင့်မားနေတာကို ရင်းနှီးမြှုပ်နှံသူတွေရဲ့ စိုးရိမ်မှုတွေကြောင့် စားအုန်းဆီရဲ့ ကြိုရောင်းကြိုဝယ်ဈေးက မေ ၇ ရက်မှာ ကျဆင်းလာတာကို တွေ့ရကြောင်း ဘီရီကော်ဒါသတင်းမှာ ဖော်ပြပါတယ်။

စားအုန်းဆီရဲ့ အခြေခံစံထားဈေးနှုန်းက ဧပြီ ၂၉ ရက်မှာ တစ်တန်ကို ၂၀၇၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ ပင်လယ်ရပ်ခြား ဈေးကွက်မှာ ပဲပုပ်ဆီဈေးမြင့်တက်မှုတို့ကြောင့် မေ ၆ ရက်မှာ တစ်တန်ကို ၂၂၀၀ ရင်းဂစ် နှုန်းအထိ ရှိခဲ့ပါတယ်။ တစ်ချိန်တည်းမှာ အင်ဒိုနီးရှားနိုင်ငံကလည်း ဇီဝလောင်စာဆီ မူဝါဒများကို ထောက်ပံ့ဖို့အတွက် စားအုန်းဆီပို့ကုန်ခွန်ကောက်ခံမှုကြောင့် စားအုန်းဆီဈေးတက်ခဲ့တာကို တွေ့ရပါတယ်။

ဒါပေမယ့် မလေးရှားနိုင်ငံမှာ လက်ကျန်မြင့်မားလာခြင်း၊ ရင်းနှီးမြှုပ်နှံသူတို့က ဈေးအတက်ကို ဖမ်းရောင်းခြင်းစတဲ့အချက်တွေကြောင့် ဈေးနှုန်းမြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့ကြောင်း ဈေးကွက်လေ့လာသူတွေက ပြောပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) တွင် မေ ၇ ရက်ဈေးပိတ်ချိန်က စားအုန်းဆီဈေး သုည ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန်ကို ၂၁၇၃ ရင်းဂစ် (၆၀၄ ဒသမ ၄၇ ဒေါ်လာ) ရှိခဲ့ပါတယ်။

စုစုပေါင်းရောင်းချရတဲ့ ပမာဏက ၂၅ တန်ရှိအတွဲပေါင်း ၂၉၀၅၈ တွဲရှိတဲ့အတွက် ပျမ်းမျှရောင်းချနှုန်းဖြစ်တဲ့ ၃၅၀၀၀ တွဲအောက် များစွာကျဆင်းခဲ့ပါတယ်။

မလေးရှားနိုင်ငံရဲ့ ကြီးကြပ်ရေးအဖွဲ့ဖြစ်တဲ့ မလေးရှား စားအုန်းဆီဘုတ်အဖွဲ့က ဧပြီလအတွက် လက်ကျန်အခြေအနေကို မေ ၁၁ ရက်မှာထုတ်ပြန်မှာဖြစ်ပါတယ်။ ရိုက်တာက ကောက်ယူတဲ့စစ်တမ်းအရ နောက်ဆုံးလက်ကျန်က တန်ချိန် ၂ ဒသမ ၁၃ သန်းရှိပြီး စားအုန်းဆီကြမ်း လက်ကျန်က ၁၁ ဒသမ ၅ ရာခိုင်နှုန်းရှိပါတယ်။

အင်ဒိုနီးရှားနိုင်ငံက စားအုန်းဆီကြမ်းတင်ပို့မှုအတွက် တစ်တန်ကို ဒေါ်လာ ၅၀ နဲ့ ပြုပြင်ပြီး စားအုန်းဆီ ထုတ်ကုန်မတင်ပို့မှုအတွက် တစ်တန်ကို ဒေါ်လာ ၃၀ အခွန်ပေးဆောင်ဖို့ ပြဋ္ဌာန်းထားပြီး ဒီပြဋ္ဌာန်းချက်ကို မေလ တတိယပတ်ကစပြီး အကောင်အထည်ဖော်တော့မှာဖြစ်ပါတယ်။

ဒီလိုအခွန်ကောက်ခံတဲ့အတွက် ရေတိုမှာ စားအုန်းဆီကြမ်းသက်သက်ကိုသာထုတ်လုပ်တဲ့ အင်ဒိုနီးရှားနဲ့ မလေးရှားကုမ္ပဏီတွေကို ဆိုးဆိုးဝါးဝါး ထိခိုက်နိုင်ပါတယ်။ ဒါပေမယ့် အားလုံးကိုခြုံကြည့်မယ်ဆိုရင် စားအုန်းဆီဈေးကို အထောက်အကူပြုနိုင်ပါတယ်။

"ရေတိုမှာ ထိခိုက်မယ်ဆိုတာကို ကျွန်တော်တို့ သဘောတူပါတယ်။ ဒါပေမယ့် ဇီဝလောင်စာဆီသုံးစွဲတာကို မြင့်တင်ပေး နိုင်မှာဖြစ်ပြီး ထိုမှတစ်ဆင့် ရေရှည်မှာ စားအုန်းဆီကြမ်း (CPO) ဈေးနှုန်းကို အထောက်အကူပေးနိုင်မှာ ဖြစ်ပါတယ်" လို့ TA Securities အေဂျင်စီရဲ့ အစီရင်ခံစာမှာ မေ ၇ ရက်က ဖော်ပြထားပါတယ်။

ပြိုင်ဘက်သီးနှံတွေဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု ပဲပုပ်ဆီရဲ့ ဇူလိုင်အတွက် စာချုပ်ဈေးက သုည ဒသမ ၁ ရာခိုင်နှုန်းကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံဈေးကွက်မှာ စက်တင်ဘာအတွက် ပဲပုပ်ဆီဈေးက သုည ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းပါတယ်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၈-၅-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၃၈၀၀ | ၄၀၀၀ | △ | ၄၂၀၀ | ၄၂၀၀ | □ | ၁၅၅၀ | ၁၆၀၀ | △ |
| ရန်ကုန် | ၄၅၀၀ | ၄၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၃၀၅ | ၁၃၃၀ | △ |
| မန္တလေး | ၄၃၀၀ | ၄၄၀၀ | △ | ၄၀၀၀ | ၃၈၀၀ | ▽ | ၁၄၂၀ | ၁၄၅၀ | △ |
| ပဲခူး | ၂၇၀၀ | ၂၈၀၀ | △ | ၅၁၀၀ | ၅၁၀၀ | □ | ၁၄၂၀ | ၁၄၀၀ | ▽ |
| မကွေး | ၄၃၀၀ | ၄၅၀၀ | △ | ၄၂၀၀ | ၄၁၀၀ | ▽ | ၁၄၃၀ | ၁၄၅၀ | △ |
| မုံရွာ | ၄၆၀၀ | ၄၈၀၀ | △ | ၄၀၀၀ | ၄၀၀၀ | □ | ၁၄၇၀ | ၁၄၈၀ | △ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*

## စားအုန်းဆီဈေးနှုန်းများ (၄-၅-၂၀၁၅ မှ ၈-၅-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၄-၅-၂၀၁၅ | ၆၆၅ |
| (၂) | ၅-၅-၂၀၁၅ | ၆၆၀ |
| (၃) | ၆-၅-၂၀၁၅ | ၆၈၀ |
| (၄) | ၇-၅-၂၀၁၅ | ၆၈၀ |
| (၅) | ၈-၅-၂၀၁၅ | ၆၆၅ |

Source: ဆီကုန်သည်များအသင်း

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၈-၅-၂၀၁၅ US$/Ton

| အမျိုးအစား | ဧပြီလစတုတ္ထပတ် | မေလပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၁၆.၀၀ | ၆၀၄.၀၀ | ▽ |
| RBD P.Olein | ၆၁၆.၀၀ | ၆၀၉.၀၀ | ▽ |
| RBD P.Strarin | ၅၉၃.၅၀ | ၅၈၇.၀၀ | ▽ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၈ - ၅ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၂၀၉.၃၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၀၂ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၆ ၀၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၆၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၉.၇၇ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၈.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၄၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၄၄.၁၇ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၈-၅-၂၀၁၅)နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၆၅ ဒေါ်လာ၊ FOB ၆၄၀ ဒေါ်လာနှင့် Earning ဈေး၁၁၁၃ ကျပ်)ဖြင့်တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၈-၅-၂၀၁၅ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၁၁၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# တောင်ကိုရီးယား ဆန်းသစ်တီထွင်စီးပွားရေး ဗဟိုဌာနများက လုပ်ငန်းငယ်လေးများကို ကူညီပေးသွားမည်

ကိုရီးယားသမ္မတနိုင်ငံ၊ ပန်ဂျိုးပြည်နယ်နှင့် ဂွမ်ဂီပြည်နယ်များရှိ ဆန်းသစ်တီထွင် စီးပွားရေးဗဟိုဌာန (Center for new creative economy) သည် သတင်းအချက်အလက် နည်းပညာကဏ္ဍရှိ ကနဦးစတင်မည့်လုပ်ငန်း ငယ်လေးများကို မြေတောင်မြှောက်ပေးသွားမည်ဖြစ်သည်။ နိုင်ငံ၏ ထိပ်တန်းတယ်လီကွန်းကုမ္ပဏီကြီးဖြစ်သည့် KT နှင့်ပူးပေါင်း၍ သိပ္ပံအိုင်စီတီနှင့်အနာဂတ်စီမံကိန်းဝန်ကြီးဌာနသည် ဆန်းသစ်တီထွင် စီးပွားရေးဗဟိုဌာန ရှစ်ခုကို နိုင်ငံအနှံ့ထူထောင်သွားမည် ဖြစ်သည်။ ၎င်းဗဟိုဌာနများသည် သတင်းအချက်အလက် နည်းပညာကဏ္ဍရှိ သေး/လတ်စီးပွားရေး လုပ်ငန်းငယ်လေးများကို ကုမ္ပဏီကြီးများနှင့် ပူးပေါင်း ဆောင်ရွက်သွားရန် မြေတောင်မြှောက်ပေးသွားရန် ကတိပြုထားသည်။

KT မှလည်း အဓိကအားဖြင့် မိုဘိုင်းဂိမ်းများ၊ အင်တာနက် ဆက်စပ်လုပ်ငန်းများနှင့် ဘဏ္ဍာရေး အိုင်တီနည်းပညာများဆိုင်ရာ လုပ်ငန်းငယ်များကို အာရုံစိုက်ထောက်ပံ့သွားမည် ဖြစ်သည်။ Korean Silicom Valley ဟုလည်းခေါ်ဆိုသည့် ဆိုးလ်မြို့တောင်ဘက်ရှိ ပန်ဂျိုးပြည်နယ်တွင် NCSoft, Ahnlab, Hancom စသည့် နိုင်ငံ၏ အိုင်တီလုပ်ငန်းထက်ဝက်ခန့်သည် ၎င်းတို့၏သုတေသန လုပ်ငန်းများ ဆောင်ရွက်အခြေချလျက်ရှိနေကြသည်။ အစိုးရ၏ အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်ရန် အဖွဲ့အနေဖြင့် ဗြိတိန်နိုင်ငံအခြေစိုက် Catapult၊ စပိန်မှ Wayra ၊ အမေရိကန်မှ Formation 8 ကုမ္ပဏီကြီးများသည် KT နှင့် ပူးပေါင်း၍ ကနဦးလှုံ့ဆော်သူ၊ ရင်းနှီးမြှုပ်နှံသူများအဖြစ် အစီအစဉ်များချမှတ်၍ သေး/လတ်စီးပွားရေးလုပ်ငန်း များကို အထောက်အကူပြုသွားမည် ဖြစ်သည်။ ဘဏ္ဍာရေးအခြေပြုအနေဖြင့် ယင်းသေး/လတ် စီးပွားရေးလုပ်ငန်းများသည် ကူးသန်းရောင်းဝယ်ရေး ဘဏ်ခုနစ်ဘဏ်၊ ခရစ်ဒစ်ကဒ်ကုမ္ပဏီလေးခုနှင့်ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်နည်းပညာ ကုမ္ပဏီများနှင့် အတူလက်တွဲ ဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။ ကိုရီးယားအစိုးရအနေဖြင့် သိပ္ပံအိုင်စီတီနှင့်အနာဂတ်စီမံကိန်းဝန်ကြီးဌာနနှင့် Korea Technology Finance Corporation, Korea Credit Guarantee Fund တို့ကလည်းရန်ပုံငွေဝမ် ၁၀၅ ဘီလီယံ(ဒေါ်လာ ၉၄ ဒသမ ၉ သန်း) အသုံးပြု၍ သတင်းအချက်အလက်နည်းပညာကဏ္ဍရှိ စတင် တည်ထောင်မည့် ကုမ္ပဏီငယ်လေးများကို မြေတောင်မြှောက် ကူညီထောက်ပံ့ သွားမည်ဖြစ်သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# တောင်ကိုရီးယားနိုင်ငံတွင် စက်မှုကုန်ထုတ်လုပ်မှု ကျဆင်း

တောင်ကိုရီးယား၏ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း စက်မှုကုန်ထုတ်လုပ်မှုသည် ယခင်လနှင့်နှိုင်းယှဉ်ပါကများ စွာကျဆင်းခဲ့ကြောင်းသိရသည်။ ယင်း သို့ကျဆင်းသွားရသည့် အဓိက အကြောင်းရင်းမှာ ၂၀၁၄ခုနှစ် ဒီဇင်ဘာလအတွင်းက ဝယ်လိုအားများခဲ့သည့် မော်တော်ကားများနှင့် အကြီးစားစက်ကိရိယာများသည် ဇန်နဝါရီလအတွင်း ပုံမှန်ဝယ်လိုအားသို့ ပြန်လည် ရောက်ရှိခဲ့ခြင်းကြောင့်ဖြစ်သည်ဟု အစိုးရစာရင်းအင်းများက ဖော်ပြခဲ့ သည်။ ကိုရီးယားဗဟိုစာရင်းအင်းဌာနက ဓာတ်သတ္တုရှာဖွေခြင်း၊ ကုန်ထုတ်လုပ်မှု၊ ဓာတ်ငွေ့နှင့် လျှပ်စစ်ကဏ္ဍများရှိ ထုတ်လုပ်မှုများသည် ယခင်လကထက် ၃ ဒသမ ၇ ရာခိုင်နှုန်းကျဆင်း သွားကြောင်းဆိုသည်။ ယင်းကဲ့သို့ကျ ဆင်းမှုသည် ခြောက်နှစ်အတွင်း အနိမ့်ဆုံးကျဆင်းမှုဖြစ်သည်။

ယမန်နှစ် နိုဝင်ဘာလက စက်မှု ကုန်ထုတ်လုပ်မှုသည် သုည ဒသမ ၃ ရာခိုင်နှုန်းတက်ခဲ့ပြီး၊ ဒီဇင်ဘာလက ၃ ဒသမ ၄ ရာခိုင်နှုန်းတက်ခဲ့သည်။ ယခု နှစ် ဇန်နဝါရီလ၏ ဝန်ဆောင်မှုကဏ္ဍ ကုန်ထုတ်လုပ်မှုသည် ဒီဇင်ဘာလနှင့် ယှဉ်ပါက သုည ဒသမ ၄ ရာခိုင်နှုန်း နောက်ဆုတ်သွားသော်လည်း ယမန်နှစ်နှင့်ယှဉ်လျှင် ၂ ဒသမ ၄ ရာခိုင်နှုန်း တက်လာခဲ့သည်ကို တွေ့ရသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ၂၀၁၄ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏ လျှပ်စစ်ခများကျဆင်း

နယ်သာလန်နိုင်ငံတွင်လျှပ်စစ်ခ များသည် ၂၀၁၃ ခုနှစ်၌ပျမ်းမျှအားဖြင့် ၁ မီဂါဝပ်လျှင် ၅၂ ယူရိုခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၄၁ ယူရိုသို့ကျဆင်းခဲ့ကြောင်း၊ ထိုသို့ကျဆင်းခဲ့ရခြင်းအဓိကအကြောင်း အရင်းများမှာ သဘာဝဓာတ်ငွေ့ဈေး နှုန်းပိုမိုသက်သာခဲ့ခြင်း၊ ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံသစ် ၃ ရုံ ဖွင့်လှစ်ခဲ့ခြင်း၊ နော်ဝေနိုင်ငံနှင့် ဂျာမနီ နိုင်ငံတို့မှ ဈေးနှုန်းပိုမိုသက်သာလျှပ်စစ်ဓာတ်အားများ တင်သွင်းနိုင်ခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း လျှပ်စစ်ဖြန့်ဖြူးရေး ကုမ္ပဏီတစ်ခုဖြစ်သော Tennet ၏ ထုတ်ပြန်ကြေညာချက်တစ်ရပ်အရ သိရှိရပါသည်။

# ဩစတြေးလျနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ဘယ်လ်ဂျီယံဆောက်လုပ်ရေး ကုမ္ပဏီစီစဉ်

ဘယ်လ်ဂျီယံနိုင်ငံတွင် အကြီးဆုံး ဆောက်လုပ်ရေး ကုမ္ပဏီအုပ်စုတစ်ခုဖြစ်သော BESIX Group သည် လာမည့်ငါးနှစ်တာကာလအတွင်း ဩစတြေးလျနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန်လျာထားပြီးဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ ထုတ်ပြန်ကြေညာချက်တစ်ရပ်အရ သိရှိရပါသည်။

BESIX Group သည် ၂၀၁၄ ခုနှစ်တွင် ဝင်ငွေစုစုပေါင်း ယူရို ၂ ဘီလီယံခန့်ရရှိခဲ့ပါသည်။ ၎င်းသည် ကမ္ဘာ့တိုက်ကြီး ငါးတိုက်ရှိနိုင်ငံပေါင်း ၂၂ နိုင်ငံတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိပြီးဝန်ထမ်းစုစုပေါင်း ၁၈၀၀၀ ခန့် ခန့်အပ်ထားပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ဘရပ်ဆဲလ်မြို့**

# ဂျပန်နိုင်ငံက အာဆီယံနိုင်ငံများသို့ အထောက်အပံ့ အကူအညီများ ဆက်လက်ပေးသွားမည်

ဂျပန်နိုင်ငံအစိုးရအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ အခြေအနေတင်းကျပ်မှုရှိနေသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ ဖွံ့ဖြိုးတိုးတက်မှုအကူအညီအထောက်အပံ့များ ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့ပါသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဗျူရိုလက်အောက်ရှိ နိုင်ငံချင်းဆိုင်ရာ အထောက်အပံ့ပေးရေး စီမံကိန်းဆိုင်ရာဌာနခွဲ (၁)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ မစ္စရီဆုကိုဆူဇူကီးက ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါအစီအစဉ်သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သတင်းနှင့်စာနယ်ဇင်းသမား ၂၁ ဦးတက်ရောက်ခဲ့ကြောင်းလည်း သိရှိရပါသည်။ မစ္စဆူဇူကီးက ဂျပန်နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့လာမည့် ငါးနှစ်တာကာလအတွင်း ဂျပန်ယန်း နှစ်ထရီလီယံခန့် အထောက်အပံ့ပေး သွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ဂျပန်နိုင်ငံသည် အာဆီယံ ပေါင်းစည်းဆက်သွယ်မှုနှင့်ဒေသတွင်း ဖွံ့ဖြိုးမှုအလှမ်းကွာဟမှုအားလျှော့ချ ပေးသွားမည်ဖြစ်ပြီး အဆိုပါအစီအစဉ်သည် အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံချင်းစီသို့ ပေးအပ်မည့် အကူအညီတစ်ခုလည်းဖြစ်သည်။ ဂျပန်နိုင်ငံအနေဖြင့် အာဆီယံ-ဂျပန် သဘာဝဘေးအန္တရာယ်တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရေး အကူအညီနှင့် ဂျပန်နိုင်ငံ၏ နည်းပညာနှင့် ကျွမ်းကျင်မှုတို့ကို အသုံးချလျက် သင်တန်းသား ၁၀၀၀ အားလေ့ကျင့် သင်တန်းပေးသွားရန်အတွက် ဂျပန် ယန်း ဘီလီယံ ၃၀၀ ကို မတည်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့ကြောင်းသိရှိရပါသည်။ အဆိုပါ အထောက်အပံ့တွင် ဓာတ်ဆီ လောင်စာသုံးသင်္ဘောနှင့်ကိရိယာ တန်ဆာပလာများထောက်ပံ့ပေးခြင်း၊ ပင်လယ်ရေကြောင်းအချက်ပြဆိုင်ရာ အာဆီယံပေါင်းစည်းညီညွတ်ရေး စံသတ်မှတ်ချက်များအပါအဝင် ပင်လယ်ရေကြောင်းလုံခြုံစိတ်ချရေးနှင့် ပတ်သက်သည့် စွမ်းအားစုတည် ဆောက်ခြင်းဆိုင်ရာ အကူအညီများ ပါဝင်ကြောင်းလည်းသိရပါသည်။

Rule of Law နယ်ပယ်တွင် ဥပဒေရေးရာ ပညာရှင်များ ဖွံ့ဖြိုးလာရေး၊ ဥပဒေရေးရာစနစ်ပြုပြင်ပြောင်းလဲရေး၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် ယှဉ်ပြိုင်မှုဆိုင်ရာဥပဒေများ၊ အကောက်ခွန် ဥပဒေများ စသည်တို့အပါအဝင် စီးပွားရေးလုပ်ငန်းဆိုင်ရာဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ တိုးတက်ကောင်းမွန်လာရေးအတွက်လည်း ကူညီသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။ ထို့ပြင် ဂျပန်နိုင်ငံ၏ Universal Health Coverage အနေဖြင့် အာဆီယံဒေသအား ကူးစက်တတ်သည့်ရောဂါနှင့် မကူးစက်တတ်သည့် ရောဂါနှစ်မျိုးစလုံးအား တိုက်ဖျက်ရာတွင် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများ၏ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်းသိရသည်။ ဂျပန်နိုင်ငံအနေဖြင့် အိုဒီအေမူဝါဒအား အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်မှုကို အခြေခံပြင်ဆင်ထားပြီးဖြစ်ရာ အာဆီယံနိုင်ငံများအတွင်း အစိုးရ-ပုဂ္ဂလိကပူးပေါင်းပါဝင်သည့်အခြေခံ အဆောက်အအုံ အဆင့်မြှင့်တင်ရေးအတွက်လည်း ပံ့ပိုးကူညီသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ အာဆီယံအဖွဲ့ဝင် ဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံပေါင်းစည်း ဆက်သွယ်ရေးဆိုင်ရာအတွက် အခြေခံအဆောက်အအုံ ချိတ်ဆက်မှုဆိုင်ရာနှင့်အာဆီယံပေါင်း စည်းရေးအတွက် ပြင်ဆင်မှုဆိုင်ရာ နည်းပညာ အကူအညီများကိုလည်းကောင်း၊ သဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာအတွက် အကူအညီ အထောက်အပံ့များ၊ အခြေခံ အဆောက်အအုံဖွံ့ဖြိုးရေး အကူအညီများ အတွက်လည်းကောင်း၊ စီးပွားရေးဆိုင်ရာ အခြေခံများဖြစ်သည့် ဥပဒေရေးရာ ပြင်ဆင်ဆောင်ရွက်ရေးအတွက် လိုအပ်သော နည်းပညာအထောက်အကူများကိုလည်းကောင်း၊ ကူးစက်ရောဂါတိုက်ဖျက်ရေး၊ ကာကွယ်ရေးအစီအစဉ်များနှင့်ပတ်သက်၍လည်းကောင်း အကူအညီတောင်းခံပါက ဂျပန်နိုင်ငံ၏ အထောက်အပံ့အကူအညီများဆိုင်ရာ ဦးစားပေးမူဝါဒများနှင့်ကိုက်ညီသဖြင့် အလွယ်တကူရရှိနိုင်မည်ဖြစ်ပါကြောင်းလည်းသုံးသပ်ရရှိပါသည်။ ထို့ပြင် ဂျပန်နိုင်ငံအိုဒီအေ၏ သော့ချက်ဖြစ်သည့် အိုဒီအေလုပ်ငန်းစီမံကိန်းများသည် ဂျပန်နိုင်ငံ၏ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍမှ နည်းပညာနှင့်ကျွမ်းကျင်မှုများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ဟူသည့်အချက်ကိုပါ ထည့်သွင်းစဉ်းစား၍တင်ပြတောင်းခံပါက အိုဒီအေ လုပ်ငန်းစီမံကိန်းများ တိုးတက်ရရှိနိုင် မည်ဖြစ်ပါကြောင်းလည်း သုံးသပ်တင်ပြအပ်ပါသည်။

**မင်းဇော်ဦး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ တိုကျိုမြို့**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ထိုင်းနိုင်ငံတွင်နိုင်ငံပိုင်ဘဏ်များအတွက် စည်းမျဉ်းသစ်များကိုရေးဆွဲလျက်ရှိ

ထိုင်းနိုင်ငံဗဟိုဘဏ်အနေဖြင့် အထူးငွေကြေးအဖွဲ့အစည်းများကို (Specialized financial institution-SFI) များကို ကြီးကြပ်ကွပ်ကဲသည့် စည်းမျဉ်းစည်းကမ်းမူကြမ်းများကို တတိယသုံးလပတ်၌အပြီးသတ်ရေးဆွဲနိုင်လိမ့်မည်ဟု ခန့်မှန်းထားကြောင်းသိရှိရပါသည်။ ထိုင်းနိုင်ငံဗဟိုဘဏ်အနေဖြင့် SFI အမှုဆောင်အရာရှိများနှင့် သဘောတူညီမှုရရှိပြီးပါကမူကြမ်းကို ဘဏ္ဍာရေးဝန်ကြီးထံဆက်လက်ပေးပို့တင်ပြမည်ဖြစ်ပြီး ဘဏ္ဍာရေးဝန်ကြီးမှ အတည်ပြုပြီးပါကစည်းမျဉ်းစည်းကမ်းသစ်များကိုကြေညာမည်ဖြစ်ပါသည်။

လာမည့်နှစ် နှစ်ဦးပိုင်းတွင်ဘဏ္ဍာရေးဝန်ကြီး၏အတည်ပြုချက်ရရှိမည်ဟု မျှော်လင့်ထားကြောင်း ဗဟိုဘဏ်ဒုတိယ ဥက္ကဋ္ဌ Ms.Tongurai ကပြောကြားခဲ့ပါသည်။ ၂၀၁၅ခုနှစ်ဧပြီလ ၂၄ ရက်နေ့၌ ထိုင်းနိုင်ငံဗဟိုဘဏ်သည် အထူးငွေကြေးအဖွဲ့အစည်းများ၏ဥက္ကဋ္ဌများနှင့် အမှုဆောင်အရာရှိချုပ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံရှိ SFI များမှာအစိုးရငွေစုဘဏ် (GSB)၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် (SME Bank)၊ လယ်ယာစိုက်ပျိုးရေးနှင့်စိုက်ပျိုးရေးသမဝါယမဘဏ် (BAAC)၊ GH ဘဏ်၊ Thai Credit Guarantee Corporation , Islamic Bank of Thailand, Export-Import Bank of Thailand တို့ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၌များစွာသော နိုင်ငံပိုင် ဘဏ်များသည်မဆင်မခြင်ငွေချေးခြင်း (ချေးငွေလုပ်ငန်း ကျွမ်းကျင်မှုမရှိခြင်း) ကြောင့်ကြွေးဆုံးများ (bad loan) ၏ တာဝန်ပိလာသဖြင့် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ၌ SFI များကိုဗဟိုဘဏ်မှ ကြီးကြပ်ရန်အစိုးရအဖွဲ့မှအတည်ပြုပေး ခဲ့ပါသည်။ ဗဟိုဘဏ်အနေဖြင့် SFI များ၏ ကောင်းမွန်သောအုပ်ချုပ်မှု၊ မတည်ငွေရင်း လုံလောက်မှုအချိုး (Capital adequacy ratio) ဆိုင်ရာ သတ်မှတ်ချက်များ၊ ခိုင်မာသောချေးငွေလုပ် ထုံးလုပ်နည်းများ၊ သတင်းအချက်အလက်ပွင့်လင်းမြင်သာရှိမှု၊ (မူဝါဒအကောင်အထည်ဖော်ရာတွင်)ရှင်းလင်း စွာတာဝန်ယူမှုစသည့် အခန်းကဏ္ဍများကို ကြီးကြပ်ကွပ်ကဲမည်ဖြစ်ကြောင်း Ms.Tongurai ကပြောကြားခဲ့ပါသည်။

SFI များကိုကြီးကြပ်ကွပ်ကဲသည့် စည်းမျဉ်းစည်းကမ်းများသည် ကူးသန်းရောင်းဝယ်ရေး ဘဏ်များအတွက် သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများနှင့် ကွာခြားမည်ဖြစ်ကြောင်း၊ SFI များတွင် မတူညီသော ရည်မှန်းချက် တာဝန်များရှိသောကြောင့်ဖြစ်ကြောင်း၊ SFI များ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်လိုက်လျော ညီထွေရှိစေရန် စည်းမျဉ်းစည်းကမ်းများကို စီမံသတ်မှတ်ထားရကြောင်း GSB ဘဏ်ဥက္ကဋ္ဌကပြောကြားခဲ့ပါသည်။

SFI များ၏ဘဏ်လုပ်ငန်းဆိုင်ရာ ရင်းနှီးငွေနှင့် ဆက်နွယ်လျက်ရှိသော စွန့်စားရမှုများနှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းများသည် Basel ll သဘောတူညီချက်နှင့်အညီဖြစ်မည်ဖြစ်ကြောင်း၊ လောလောဆယ်တွင် ကူးသန်းရောင်းဝယ်ရေး ဘဏ်များသည် Basel ll သဘောတူစာချုပ်၏ ပိုမိုတင်းကျပ်သော စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည်ဟုသတ်မှတ်ထားကြောင်း သိရှိရပါသည်

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## နိုင်ငံစုံကုမ္ပဏီများနှင့် နယ်သာလန် နိုင်ငံတို့ ချုပ်ဆိုထားသော အခွန်ဆိုင်ရာသဘောတူစာချုပ်များအား ဥရောပပါလီမန်ကိုယ်စားလှယ်အဖွဲ့ သွားရောက်စစ်ဆေးမည်

Starbucks ကဲ့သို့သော နိုင်ငံစုံ ကုမ္ပဏီများနှင့် နယ်သာလန်နိုင်ငံတို့ ချုပ်ဆိုထားသည့် အခွန်ဆိုင်ရာသဘောတူစာချုပ်များအား စစ်ဆေးရန် ဥရောပပါလီမန်မှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် နယ်သာလန်နိုင်ငံသို့ ၂၀၁၅ ခုနှစ် မေလတွင် သွားရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လ်ဂျီယံ နိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ လူဇင်ဘတ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံ တို့သို့လည်း အလားတူသွားရောက် ရန်စီစဉ်ထားပါသည်။ ဥရောပပါလီမန်အဖွဲ့ဝင်များသည် အခွန်အာဏာပိုင် အဖွဲ့အစည်းများနှင့် အဓိကကျသော အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီများအကြား ပြုလုပ်ထားသည် အခွန်ဆိုင်ရာသဘောတူစာချုပ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား ပိုမိုရယူလိုလျက်ရှိပါသည်။

ယခုအခါတွင် Starbucks သို့ပေးအပ်ထားသည့် အခွန်သက်သာခွင့်များနှင့်ပတ်သက်၍ နယ်သာလန်နိုင်ငံသည် စုံစမ်းစစ်ဆေး ခံနေရဆဲဖြစ်ပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး ဘရပ်ဆဲလ်မြို့**

## ဘဏ္ဍာရေးဝန်ကြီးက ကိုရီးယား ငွေတန်ဖိုးကျဆင်းမှု အန္တရာယ်ကို စိုးရိမ်လျက်ရှိသည်ဟုဆို

တောင်ကိုရီးယား ဒုတိယဝန်ကြီး ချုပ်၊ ဘဏ္ဍာရေးဝန်ကြီး Mr. Choi Kyung-hwan ကနိုင်ငံတွင်း ငွေတန်ဖိုး ကျဆင်းမှုအန္တရာယ်နှင့်လူငယ်အလုပ်လက်မဲ့နှုန်းများ မြင့်တက်နေခြင်းကို စိုးရိမ်မိ ကြောင်း ပြောကြားခဲ့သည်။ ကိုရီးယား ငွေဖောင်းပွမှုသည် အနုတ်လက္ခဏာကို ရောက်ရှိခြင်းမရှိသေးသော်လည်း စားသုံးသူဈေးနှုန်းများ တိုးတက်မှု ပုံမှန်ထက် နိမ့်ကျနေခြင်းသည် စိုးရိမ်မကင်းစရာအချက်ဖြစ်ကြောင်း စီးပွားရေးမူဝါဒအစည်းအဝေးတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။ စီးကရက်ဈေးနှုန်းများတက်နေခြင်းကို ဖယ်ထုတ်လိုက်ပါက အခြားကိုရီးယားစားသုံးကုန်ဈေးနှုန်းများပုံမှန် မြင့်တက်မှုမရှိဘဲ အနုတ်လက္ခဏာမျဉ်းအနားကပ်နေခြင်းသည် ကောင်းမွန်သည့် အချက်မဟုတ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးက ဆိုသည်။

၂၀၁၃ ခုနှစ် အောက်တိုဘာလ ကတည်းက စားသုံးသူဈေးနှုန်းများ တိုး တက်မှုသည် တစ်ရာခိုင်နှုန်းအောက်၌ သာအမြဲတမ်းဖြစ်နေခဲ့သည်။ ယခုနှစ် ဖေဖော်ဝါရီလက စားသုံးသူဈေးနှုန်း တိုးတက်မှုသည် နှစ်အလိုက်အနေဖြင့် သုည ဒသမ ၅ ရာခိုင်နှုန်းသာရှိခဲ့ရာ၌ ၁၆ နှစ်တာကာလအတွင်း အနိမ့်ဆုံးတိုးတက်မှုဖြစ်ကြောင်း ကိုရီးယား စာရင်းအင်းဌာနက ထောက်ပြခဲ့သည်။ လူငယ်အလုပ်အကိုင်ရရှိမှုသည် တိုးတက်သည့် လက္ခဏာအနေဖြင့် ဇန်နဝါရီလက ၉ ဒသမ ၂ ရာခိုင်နှုန်း ရှိသော်လည်း လူငယ်အလုပ်လက်မဲ့ နှုန်းသည် မြင့်မားလျက်ရှိကြောင်း အာရှ၏ စတုတ္ထမြောက် စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံသည် ဥရောပ၊ တရုတ်နှင့်ဂျပန်နိုင်ငံတို့၏ စီးပွားရေး မသေချာမရေရာမှုများကြောင့် ပြင်ပ ရိုက်ခတ်မှုများနှင့် ရင်ဆိုင်နေရကြောင်း၊ မကြာမြင့်သောကာလတွင် အတိုးနှုန်းများ မြှင့်တင်မည့် အမေရိကန်ဗဟိုဘဏ်၏ အခြေအနေသည်လည်း ကမ္ဘာ့စီးပွားရေးကို ရိုက်ခတ်မှုရှိနိုင်ကြောင်း Mr. Choi ကထပ်လောင်းသုံးသပ်ပြောဆိုခဲ့သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## အဖွဲ့ဝင်နိုင်ငံများအချင်းချင်း အခွန်အကောက် စည်းမျဉ်းများဆိုင်ရာ သတင်းအချက်အလက်များ အလိုအလျောက်ဖလှယ်နိုင်ရေး ဥရောပကော်မရှင်က အဆိုပြု

လူမှုရေးအရဖြစ်စေ၊ စီးပွားရေး အရဖြစ်စေ ပိုမိုထိရောက်သော တစ်ခုတည်းသော ဈေးကွက်ဖန်တီးရေး ရည်ရွယ်ချက်ဖြင့် ဥရောပကော်မရှင်သည် အခွန်တိမ်းရှောင်ခြင်းနှင့် စီးပွားရေးလုပ်ငန်း ခွင်ရှောင်တိမ်းခြင်း တိုက်ဖျက်မှုလုပ်ငန်းကိုနိုင်ငံရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် ၎င်းတို့၏ရည်မှန်းချက်လုပ်ငန်းအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား အခွန်အကောက်စည်းမျဉ်းများဆိုင်ရာ သတင်းအချက်အလက်များ အလိုအလျောက် ဖလှယ်နိုင်ရေး အစီအစဉ်တစ်ရပ်အား မတ်လ ၁၈ ရက်တွင် ဥရောပကော်မရှင်က အဆိုပြုခဲ့ပါသည်။ ဥရောပကော်မရှင်သည် အဆိုပါ အစီအစဉ်အား ၂၀၁၆ ခုနှစ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်မှန်းထားပါသည်။ ယင်းအစီအစဉ်အရ အီးယူအဖွဲ့ဝင် နိုင်ငံအသီးသီးသည် အခြားသောအီးယူအဖွဲ့ဝင် နိုင်ငံများသို့ သက်ဆိုင်ရာ အခွန်စည်းမျဉ်းများအား သုံးလတစ်ကြိမ်အီးမေးလ်စနစ်ဖြင့် အကြောင်းကြားရမည်ဖြစ် ကြောင်းသိရှိရပါသည်။

ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့

## လျှပ်စစ်ဆိုင်ရာသံမဏိ တင်သွင်းမှုများ အပေါ်တန်ပြန်စုပုံခွန် ကောက်ခံရန် ဥရောပကော်မရှင် အဆိုတင်သွင်းမည်

အီးယူအနေဖြင့် ရုရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ အမေရိကန် ပြည်ထောင်စုနှင့်ကိုရီးယားနိုင်ငံတို့မှ တင်သွင်းလာသည့် Grain-oriented Electrical Steel (GOES) များအပေါ် တန်ပြန်စုပုံခွန် (Anti dumping duties) အား ၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှစတင်၍ သတ်မှတ်ကောက်ခံရန် အဆိုပြုချက်အား ဧပြီလနောက်ဆုံးပတ်တွင် ဥရောပကော်မရှင်မှ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ တင်ပြရန် အစီအစဉ်ရှိကြောင်း သိရှိရပါသည်။

၂၀၁၄ ခုနှစ်၊ ဇွန်လတွင် ဥရောပသံမဏိ ထုတ်လုပ်သူများအသင်းက တင်သွင်းခဲ့သည့် တိုင်ကြားစာအရ ဥရောပကော်မရှင်သည် ရုရှားနိုင်ငံမှ တင်သွင်းလာသည့် GOES အပေါ် အခွန် ၂၁ ဒသမ ၆ ရာခိုင်နှုန်းခန့်နှင့် ဂျပန်နိုင်ငံမှ တင်သွင်းလာသည့် GOES အပေါ် အခွန် ၃၅ ဒသမ ၉ ရာခိုင်နှုန်း ခန့်ကောက်ခံရန် ရည်မှန်းထားပါသည်။ ထို့အပြင် တရုတ်နိုင်ငံမှ ၂၈ ဒသမ ၇ ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စု ၂၂ ရာခိုင်နှုန်းနှင့်ကိုရီးယားနိုင်ငံမှ ၂၂ ဒသမ ၈ ရာခိုင်နှုန်းတို့ဖြင့် တင်သွင်းလာသည့် GOES များအပေါ်တွင်လည်း အခွန်နှုန်းများ သတ်မှတ်ကောက်ခံသွားရန် စီစဉ်ထားပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# သန့်ရှင်းသပ်ရပ်သော ကယားပြည်နယ်ဖြစ်အောင်

မောင်မောင်အေး-လွိုင်ကော်



လူရော၊ တိရစ္ဆာန်ပါ သတ္တဝါအားလုံးမှာ စိတ်ဝင်စားမှုကိုယ်စီရှိကြပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ လူသားများမှာတော့ အခြားသောသူများ၊ တိရစ္ဆာန်များ၊ ဝတ္ထုပစ္စည်းများကို စိတ်ဝင်စားမှုရှိကြပါတယ်။ အဲဒီလို အခြားအရာတွေကို စိတ်ဝင်စားမှုနှုန်းထက် ကျွန်တော်တို့လူသားတွေဟာ ကိုယ့်ကိုကိုယ် စိတ်ဝင်စားမှုက ပိုတယ်လို့ ကျွန်တော်က ယူဆပါတယ်။

နေ့စဉ် တခြားသူတွေနဲ့ မျက်နှာချင်းဆိုင် ပြောဆိုဆက်ဆံနေပေမယ့် ကိုယ့်ကိုကိုယ်မှန်ထဲပြန်ကြည့်တဲ့အချိန်က ပိုကြာပါတယ်။ မှန်ထဲကငါဟာ လှရဲ့လား၊ ကြည့်ကောင်းရဲ့လား။ အရေးအကြောင်းတွေ များနေပြီလား။ ရွှတ်တွနေသလား။ စသဖြင့်ပေါ့။

အဲဒီလို ကျွန်တော်တို့ဟာ ကိုယ့်ကိုကိုယ်စိတ်ဝင်စားမှုသာမက ကိုယ့်ဒေသကိုလည်း အခြားဒေသတွေထက် စိတ်ဝင်စားတတ်ကြပါတယ်။ လွန်ခဲ့တဲ့ ဇန်နဝါရီလလယ်(၆၃)နှစ်မြောက် ကယားပြည်နယ်နေ့မှာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနပြခန်းမှာ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး စီမံချက်ပြကွက်တစ်ခုပါဝင်ခဲ့ပါတယ်။ အဲဒီမှာ ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေ စိတ်ဝင်စားမှုရှိမယ့် ပြည်နယ်အတွင်းက ရှုမျှော်ခင်းလှလှ ဓာတ်ပုံတွေကို ပုံကြီးချဲ့ပြီး ပြသခဲ့ပါတယ်။

ဒီဓာတ်ပုံတွေကို အခြားသူတွေက စိတ်ဝင်စားမှုနည်းပြီး ကယားပြည်နယ်ဒေသသားတွေကပဲ အချိန်ပေးပြီး ကြည့်ရှုကြတာ တွေ့ရပါတယ်။ ပြင်ပမှာ နေ့စဉ်မြင်တွေ့နေရတဲ့ ရိုးအီနေတဲ့ ရှုခင်း၊ သတိမထားမိတဲ့ရှုထောင့်၊ အလင်းအမှောင်၊ အရုဏ်တက်၊ နေဝင်ဆည်းဆာ။ ဒါတွေနဲ့ဖမ်းစားလိုက်တော့ ကြည့်လို့မဝ၊ ရှုလို့မဝဖြစ်ကုန်ကြပါတယ်။ ဒါကြောင့် ဓာတ်ပုံပညာဟာ ကုန်ပစ္စည်းကြော်ငြာလုပ်ငန်းမှာ အဓိက မရှိမဖြစ်နေရာကို ရရှိနေတာဖြစ်ပါတယ်။

ယခုလ ၄ ရက်နေ့ကလည်း Myanmar Tourism branding campaign က Sorcha Hellyer နှင့် Gabriele Villa တို့ဟာ ကယားပြည်နယ်အစိုးရ၊ ဟိုတယ်/ခရီးဝန်ကြီး ဦးသန်းကျော်စိုး၊ ဟိုတယ်/ခရီးပြည်နယ်ညွှန်ကြားရေးမှူး၊ ကုန်သွယ်မြှင့်တင်က လက်ထောက်ညွှန်ကြားရေးမှူးတို့နဲ့ လာရောက်တွေ့ဆုံခဲ့ပါတယ်။ ပြည်နယ်ဝန်ကြီးကို အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်မှာထုတ်ဝေတဲ့ "Let the journey begin" ဆိုတဲ့ ဓာတ်ပုံစာအုပ်ကို လက်ဆောင်ပေးခဲ့ပါတယ်။

ဓာတ်ပုံစာအုပ်ထဲမှာ မြန်မာနိုင်ငံအနှံ့မှာရှိတဲ့ အမှတ်တရ၊ အထိမ်းအမှတ် ရှုမျှော်ခင်းများကို ဓာတ်ပုံပညာသားပါပါနဲ့ ရိုက်ကူးပြသထားတာတွေ့ရပါတယ်။ ဒါဟာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရဲ့ ကုန်အမှတ်တံဆိပ်လည်း ဖြစ်ပါတယ်။

Sorcha တို့ ဆွေးနွေးသွားတာကတော့ ကယားပြည်နယ်ရဲ့ အထိမ်းအမှတ်၊ အထင်ကရနေရာတွေကိုလည်း ယခုလိုပဲ ဓာတ်ပုံရိုက်၊ မှတ်တမ်းတင်၊ ဖြန့်ဝေထားရင် ကယားပြည်နယ်ရဲ့ ကုန်အမှတ်တံဆိပ်ဖြစ်ပါမယ်။ နိုင်ငံတကာကသိအောင် သူတို့ ITC ကလည်း ဖြန့်ဝေပေး ပါတယ်။ ဒါမှလည်း ဈေးကွက်ကျယ်ပြန့်မှာဖြစ်ပါတယ်။ သူတို့လာ ရောက်ဆွေးနွေးတဲ့ အဓိကအကြောင်းကတော့ Branding နှင့် Marketing အကြောင်းပါပဲ။ ကမ္ဘာ့ခရီးသွားမြေပုံ မြောက်မြားစွာထဲမှာ ကယားပြည်နယ်ရဲ့ ကုန်အမှတ်တံဆိပ်နဲ့ ဈေးကွက်ရရှိရေး၊ ကယားပြည်နယ်ရဲ့ ခရီးသွားမြေပုံပါဝင်သွားရေး အဓိကပါပဲ။

Sorcha က ကယားပြည်နယ်ရဲ့ လက်ရှိထင်သာမြင်သာတဲ့ နာမဝိသေသနတစ်ခုပြောပါဆိုလို့ မပျက်မယွင်း စိမ်းလန်းဆဲတောတောင်တွေကိုတင်စားပြီး Green လို့ပြောခဲ့ပါတယ်။ ပြည်နယ်တစ်ခုလုံးကို တင်စားလို့ရတဲ့ နာမဝိသေသနတစ်ခုပြောပါဦးဆိုလို့ Precious လို့ တန်ဖိုးထားပြီးပြောဖြစ်ခဲ့ပါတယ်။

Sorcha တို့ကလည်း ကယားပြည်နယ်ဟာ သဘာဝတောတောင်ရေမြေတွေနဲ့ လှပတာမှန်ပါတယ်။ ဓါတ်ပုံတွေနဲ့လည်း မှတ်တမ်းတင်ခဲ့ပါတယ်။ ဒါပေမယ့်မြေပြင်ပေါ် မှာတော့ အမှိုက်သရိုက်တွေ အတော်ပေါ်များ လှတယ်လို့ပြောပါတယ်။ အရင်လာတဲ့ ခရီးသွားပညာရှင်တွေကလည်း ဒီအချက်ကို ထောက်ပြခဲ့ပေါင်းများပါပြီ။ ကမ္ဘာလှည့်ခရီးသွားများ စိတ်ညစ်ညူးစရာ အချက်တစ်ခုဖြစ်လာနိုင်လို့ စီမံချက်ချပြီး ဖြေရှင်းထားသင့်ကြောင်း ပြောပါတယ်။

ဒါဟာ ကျွန်တော်တို့ ဒေသခံတွေ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဘက်ကရော၊ ကျန်းမာရေး ဘက်ကရော၊ အများအမြင်မတင့်တယ်မှုအရရော၊ စည်းကမ်းထိန်းသိမ်းရေးဘက်ကရော၊ တစ်မျိုးသားလုံးကို အထင်မသေး စိမ့်သောငှာ စီမံကိန်းစီမံချက်ချပြီး စနစ်တကျအမှိုက်စွန့်ပစ်စနစ်ကို ပြုပြင်သွားကြရမှာဖြစ်ပါတယ်။

ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အားလုံးပါဝင်တဲ့ ခရီးသွားလုပ်ငန်းစီမံချက်အောင်မြင်ရေးအတွက် ITC မှာ နိုင်ငံတကာပညာရှင်များ အစီအစဉ်အတိုင်း ရောက်ရှိ ဝင်ထွက်၊ လှည့်လည်သွားလာကွင်းဆင်းလေ့လာပြီး အားသာချက်၊ အားနည်းချက်တွေကို ထောက်ပြသွားလေ့ရှိပါတယ်။ ကျွန်တော်တို့ဒေသခံ တိုင်းရင်းသားများကလည်း သန့်ရှင်းသေသပ်ပြီး စည်းကမ်းစနစ်ကျသော ကယားပြည်နယ်အဖြစ် ကမ္ဘာလှည့်ခရီးသည်တွေကိုပြသချင်တာပဲလေ. . ကြိုးစားကြရအောင်ပါ။

## မကွေးမြို့နယ် သဘော်ာဆိပ်ကျေးရွာမှ လက်ရိုက်အုတ်များ ထုတ်လုပ်

မကွေးမြို့တောင်ဘက်သုံးမိုင်ခန့် အကွာ ဧရာဝတီမြစ်ကမ်းဘေးမှ သဘော်ာဆိပ်ကျေးရွာသည် အိမ်ခြေ ၉၀ ကျော်ခန့်ရှိပြီး ရှေးအစဉ်အဆက်ကတည်းက လက်ရိုက်အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်လာခဲ့ပြီး ယခုအခါ မကွေးမြို့ ဆောက်လုပ်ရေးကုမ္ပဏီများနှင့် အဆောက်အဦဆောက်နေသူများထံ နေ့စဉ်အုတ်များ ပေးသွင်းလျက်ရှိသည်။

သဘော်ာဆိပ်ကျေးရွာမှ အမျိုးသားအများစုသည် အုတ်ရိုက်ကျွမ်း ကျင်ကြပြီး အမျိုးသမီးများမှာ အုတ်စီ၊ အုတ်ချ၊ အုတ်တင် နေ့စားလုပ်သားများ ဖြစ်ကြကြောင်း ဒေသခံ အုတ်ရိုက် လုပ်သားတစ်ဦးထံမှ သိရသည်။

" ဒီရွာမှာ အုတ်ကျင်း ၆ကျင်းရှိတယ်။ အုတ်ရိုက်အဖွဲ့ ၆ဖွဲ့၊ တစ်ဖွဲ့ကို ၃ဦးရှိတယ်။ အုတ်ရိုက်တဲ့အလုပ်က တစ်ဦးတည်းလုပ်လို့ မရဘူး၊ လုံးတဲ့သူ၊ ရိုက်တဲ့သူ၊ လှန်းတဲ့လူဆိုပြီး ၃ဦးဆိုင် လုပ်ရတာ တစ်ဖွဲ့ကိုတစ်နေ့အုတ်ချပ်ရေ ၂၅၀၀-၃၀၀၀ ပြီးတယ်။ အုတ်တစ် ချပ်ကို ခုနစ်ကျပ်၊ ရှစ်ကျပ်ရတယ်။ အုတ်တစ်ကျင်းမှာ အုတ်စီလုပ်သား ၂၅ ယောက်မှ၅၀ယောက် အထိရှိတယ်။ အုတ်လုပ်သားတစ်ဦးအတွက် တစ်နေ့ လုပ်ခအမျိုးသမီး ၃၀၀၀ိ-အမျိုးသား ၄၀၀၀ိ ရကြတယ်။ အုတ်ရိုက်လုပ်သား ကနွေမှာ ၄၀၀၀ိ၊ ဆောင်းမှာ ၆၀၀၀ိ လောက်ရကြတယ်။ နွေမှာသိပ်ပူတော့ နံနက်ပိုင်းပဲဆင်းနိုင်ကြတယ်။ ဆောင်းတွင်းမှာ ရာသီဥတုကောင်းတော့ တစ်နေ့ကုန်လုပ်နိုင်ကြတယ်။ မိုးတွင်းကျတော့ အုတ်မဖုတ်နိုင်ဘူး၊ တခြားကြုံရာ ကျပန်းရှာလုပ်ကြရင်း မိသားစုစား ဝတ်နေရေးကို ဖြေရှင်းကြရတယ်။ အုတ်ကျင်းတစ်ကျင်းကို အုတ်၁၀၀၀၀ မှအုတ် ၄၀၀၀၀ အထိဖုတ်ကြတယ်။ အုတ်ကျင်းတစ်ကျင်းကို ၆ ရက်ကြာမှ ဈေးကွက်ကိုပို့နိုင်တယ်။ အုတ်ဖုတ်တာ ၃ ရက် အအေးခံတာ ၃ ရက်ကြာတယ်။ တစ်ဖိုပြီး တစ်ဖိုဆူလယ်ဖုတ်ကြတာ၊ ရိုက်ပြီးသားအုတ်တွေ နေပူလှန်းပြီးရင် မီးဖုတ်ဖို့အတွက် အုတ်ဖိုကြီးတည်ဆောက်ရတာ ၄ နာကျမီးထိုးပြီး ဖုတ်ကြတာ အုတ်တစ်ဖိုအတွက် ထင်းကုန်ကျမှုက ဖောကားလေးစီးစာကုန်တယ်" ဟု အုတ်ဖုတ်ပုံအဆင့်ဆင့်ကို ပြောပြသည်။

ယခုအခါ မကွေးဈေးကွက်တွင် အုတ်တစ်ချပ် ၇ဝိ ဈေးပေါက်ပြီး မိုးတွင်းကာလတွင် အုတ်တစ်ချပ် ၈ဝိ-၉ဝိ ဈေးပေါက်သည်။ မိုးတွင်း၌ အုတ်ဖုတ်လုပ်ငန်းရပ်ဆိုင်းသွားကာ အုတ်ရှားသွားသဖြင့် အုတ်ဈေးတက်လာသည်။ အုတ်ဈေးတက်လာလျှင် လုပ်ငန်းပိုင်ရှင်များက အုတ်ရိုက်လုပ်သားများအား အုတ်တစ်ချပ်ကို ခုနစ်ကျပ်မှ ကိုးကျပ်၊ တစ်ဆယ်ကျပ်အထိတိုးပေးကြသည်။ "အုတ်ရိုက်လုပ်သားတွေကို အုတ်တစ် ချပ် ၂၀ကျပ် -၂၅ ကျပ်ပေးပြီး ရှမ်းပြည်ကလာ ခေါ်တာရှိတယ်။ ဒီရွာကတချို့ လိုက်သွားကြတယ်၊ မိုးကျတော့မှ ပြန်လာကြတယ်"ဟု ၎င်းကပြောသည်။

**နေလင်းသူရိန်**

# အားနာပါတယ်... ကိစ္စမရှိပါဘူး

|မျိုးသူ-မွန္တလေး|

ကျွန်တော်တို့မြန်မာလူမျိုးက သူတစ်ပါးရဲ့ လုပ်ဆောင်နေမှုတွေကို ဝင်ရောက်ပြောဆိုခြင်း၊ ဟန့်တားခြင်း ပြုလုပ်ဖို့ အလွန်ဝန်လေးတတ်တဲ့လူမျိုးဖြစ်မယ်ထင်ပါတယ်။ တစ်စုံတစ်ခုကို ဝေဖန်ပြောဆိုရမယ်ဆိုရင်လည်း တစ်ဖက်လူထိခိုက်မှာကို စိုးရိမ်တတ်တဲ့စိတ်ကများလှပါတယ်။ တစ်ခါတစ်လေ မိမိနစ်နာနေတာတောင် ပြောလိုက် ရင် ပြဿနာဖြစ်လေမလားလို့ စိုးရိမ်စိတ်နဲ့ တစ်ဖက်လူကို ထိခိုက်အောင်မပြောချင်တတ်ပါဘူး။ ကိုယ့်အထက် လူကြီးဆိုရင်တော့ အမှားကြီးမှားနေရင်တောင် ပြောဆိုဖို့ ဝေဖန်ဖို့ဆိုတာ ဝေလာဝေးပါ ရောလားဗျာ။ ကိုယ့်အလုပ်ပါ ထိခိုက်နိုင်တာဆိုတော့ ကိုယ့်အထက်လူကြီးမှားချင်သလောက်မှား မမြင်ချင်ယောင်၊ မကြားချင်ယောင်၊ မသိချင်ယောင်ဆောင်နေကြတော့တာပါပဲ။ အဲဒီလိုအပြင် လူကြီးလုပ်တာဆို ကောင်းတယ်ဆိုပြီးတောင် မြှောက်ပေးလိမ့်အုန်းမယ်ထင်ပါတယ်။ မှန်ရာကိုမပြောဘဲ အားနာလို့၊ ကိစ္စမရှိပါဘူး၊ ရပါတယ်ဆိုတဲ့ စကားတွေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံကြီး လွတ်လပ်ရေးရပြီးသည်မှာ အတော်ကြာပြီဖြစ်သော်လည်း၊ စီးပွားရေးမှာ အောက်တန်းနောက်တန်းကျနေရခြင်း အကြောင်းရင်းထဲမှာ အဲဒီ အားနာပါတယ်က တစ်ချက်ပါမယ်ထင်ပါတယ်။ အားနာ တယ်ဆိုတဲ့ စကားကို တွင်တွင်ကျယ်ကျယ်သုံးတဲ့လူမျိုးဟာ ကမ္ဘာမှာ မြန်မာပဲရှိပါတယ်။

အားနာတယ်ဆိုတဲ့ စကားမျိုး တခြားဘာသာတွေမှာ စာအနေနဲ့၊ စကားအနေနဲ့တောင် မရှိဘူးလို့ပြောတာကြားဖူးပါတယ်။ ဆိုလိုတာက အားနာတယ်ဆိုတဲ့စကားဟာ မိမိရဲ့အခွင့်အရေးကိုစွန့်လွှတ်လိုက်ခြင်းပါ။ ပြောသင့်ပြောထိုက်ပါလျက် မပြောခြင်း၊ လုပ်သင့်လုပ်ထိုက်ပါလျှက် မလုပ်ခြင်း၊ ထိုသို့ ပြောခြင်း လုပ်ခြင်းကြောင့် တစ်ဖက်လူကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် အတွက် မပြော မလုပ်ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် အကြောင်းအရာ တော်တော်များများမှာတော့ အားနာပါတယ်၊ နေပါစေ၊ ကိစ္စမရှိပါဘူးဆိုသော စကားများဖြင့် ဆောင်ရွက်ရမည့်အလုပ်များ မပြီးပြတ်ခြင်း၊ ပြောသင့်ပြောထိုက် လုပ်သင့်လုပ်ထိုက်သော အလုပ်များမလုပ်နိုင်သဖြင့် ကျင့်ဝတ်ဆိုင်ရာ ကိစ္စများတွင် ချွတ်ချော်နေခြင်းတို့ကို တွေ့နေ၊ မြင်နေ၊ ကြားနေ၊ ကြုံနေကြရပါတယ်။ အဆိုပါ ရပါတယ် . . ကိစ္စမရှိပါဘူးဟု ပြောခြင်းကြောင့် တစ်ဖက်သားက သူ၏တာဝန်ကို ဆောင်ရွက်ရန်မလိုဟု သိနားလည်သွားပြီး အခြားသော နေရာ များတွင်လည်း သူ၏တာဝန်ဝတ္တရားကို ဆက်လက်ပျက်ကွက်နေသည်များကို မကြာခဏ တွေ့ကြုံနေရစမြဲဖြစ်ပါ တယ်။

မိမိကိုယ်တိုင်လည်း ကိုယ့်ဖာသာကိုယ် ကိုယ့်အပြစ်ကို ဖော်၍တွေးကာ အပြစ်တစ်ခု၊ စည်းကမ်း ဖောက်ဖျက်မှုတစ်ခုကို လွယ်လွယ်လုပ်တတ်သူများမှာလည်း ကျွန်တော်တို့မြန်မာများပင် ဖြစ်မည်ထင်ပါတယ်။ လမ်းတွင် အမှိုက်ပစ်ရန် ကြုံလာသည့် အခါမျိုးတွင်လည်း အမှိုက်ပုံးကို မရှာတော့ဘဲ ရပါတယ်ကွာ၊ ကိစ္စမရှိပါဘူး။ တစ်ခါတစ်လေ ပစ်မိတာပဲဟူသော အတွေးမျိုးဖြင့် ကြုံရာနေရာတွင် အမှိုက်ပစ်တတ်သူများမှာ မြန်မာများသာ ဖြစ်ပါတယ်။ ကွမ်းတံတွေးကို ကြုံရာနေရာတွင် ထွေးတတ်သူများမှာလည်း မြန်မာများသာဖြစ်သလို၊ အားနာပါတယ်လေ မထွေးနဲ့လို့ မပြောတော့ပါဘူး၊ သူထွေးနေသလို တခြားသူတွေလည်း ထွေးနေတာပဲဟု တွေးတတ်သူများမှာလည်း မြန်မာများသာဖြစ်ကြပါတယ်။ အိုးရွှဲ့နေသည်ကို မပြုပြင်ဘဲ စလောင်းက လိုက်ရွှဲ့ပေးတတ်သူများမှာလည်း မြန်မာများသာဖြစ်ကြပါတယ်။

မကြာမီက ချောင်းသာကမ်းခြေတွင် အမှိုက်ပုံကြီးတစ်ခုကဲ့သို့ ဖြစ်ကျန်ရစ်ခဲ့သည့် အခြေအနေကို ဓါတ်ပုံထဲတွင် မြင်တွေ့လိုက်ရပါတယ်။ လုပ်သူများ၏ အပြစ်ဖြစ်သော်လည်း စည်းမဲ့ကမ်းမဲ့ ဖြစ်အောင်လုပ်နေသည်ကို လျစ်လျူရှုသူများတွင်လည်း တာဝန်ရှိသည်ဟု ထင်ပါရဲ့။ အမှိုက်မပစ်နဲ့ ကိုယ့်အမှိုက်ကိုယ်ကောက် ဟု လိုက်ပြောသူမည်သူမျှ မရှိပါ။ ငါသွားပြောရင် ငါ့ကိုမုန်းမယ်လေ၊ မတော်သူကပြန်ရိုက်သွားရင် ငါပဲနာမှာ သူရဲကောင်းလုပ်ရမယ့်နေရာမဟုတ်ဘူး၊ သူ့ဘာသာ ပစ်ချင်ပစ်၊ နောက်ကျ စည်ပင်ကလိုက်လုပ်လိမ့်မယ်၊ ဒါအစိုးရတာဝန်ဟု တွေးသူတိုင်း တွေးကြပါလိမ့်မည်။ ယခုမှ campaign တစ်ခုလို လိုက်ကောက်နေရသည့်အခါ ပစ်သူတစ်ရာ ကောက်သူတစ်ယောက်နဲ့ ပင်လယ်ကမ်းခြေအလှနဲ့ သဘာဝပတ်ဝန်းကျင်အလှများ ထိခိုက်နစ်နာမှုများ အများအပြား၊ ဒဏ်ရာများ အများအပြားနဲ့ပင်လယ်ရဲ့ ငိုညည်းသံကို တွေးကြည့်လျှင် ကြားမည်ထင်ပါတယ်။ မပစ်ခင်က ဆင်ခြင်၊ မြင်သူက မပစ်ရန်တားလျှင် ယခုလောက် အရုပ်ဆိုး အကြည့်တန်မှုမျိုး တွေ့ရမည်မထင်ပါ။ မြန်မာလူမျိုးကို နဂိုကမှ အထင်သေးသည့် နိုင်ငံခြားတိုင်းတစ်ပါးသားများအတွက် အထင်သေးစရာတစ်ခုတိုးတာပေ့ါ။

ကျွန်တော်တို့ သင်တန်းတစ်ခုတွင် ဌာနမှူးလုပ်သူမှာ ထိုင်းနိုင်ငံသား Dr.Jakrinn ဆိုသူ ဖြစ်ပါတယ်။ သူက အလွန်တော်သူတစ်ယောက်ဖြစ်ပြီး ဘာသာစကား သုံးလေးမျိုးတတ်သလို မြန်မာစကားလည်း အပိုဒ်လိုက် တော်တော် ပြောတတ်နေသူ ဖြစ်ပါတယ်။ ကျွန်တော်တို့ သင်တန်းတွင် တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် မေးခွန်းထုတ်ရသည်များ၊ တစ်ယောက်က တင်ပြသည်ကို တစ်ယောက်က ဝေဖန်ပြောကြားရသည်များ လုပ်ရသည့်အခါ ဝေဖန်မှု၊ ပြင်ဆင်သင့်သည်တို့ကို ပြင်ဆင်ပြောင်းလဲရန် ထိထိရောက်ရောက် ပြောကြားမှုမျိုး မလုပ်သူများကို Dr.Jakrinn က "အားနာတယ်"၊ "အားနာတယ်" နဲ့ ဝင်ပြောရင်း ခေါင်းလေး တစ်ငြိမ့်ငြိမ့်လုပ်ပြတတ်ပါတယ်။ အဲဒီလို လုပ်ပြလျှင် နောက်ဆက်တွဲအနေနဲ့ ကျွန်တော့်တွင် အတွေးဝင်လာတာက သူ့စိတ်ထဲမပြောဘဲရှိနေတာက "မင်းတို့မြန်မာတွေ အဲဒီလို အားနာတယ်၊ အားနာတယ်နဲ့လုပ်နေလို့ ခုလို စိတ်ဓါတ်တွေကော၊ စီးပွားရေး ကော အောက်တန်းနောက်တန်းရောက်နေတာ၊ ငါတို့ထိုင်းတွေမှာ အားနာတာမရှိဘူးလို့" ဆက်ပြောနေသလို ခံစားရပါတယ်။

နောက်တစ်ခုက တစ်ခုခုသော စည်းကမ်းမလိုက်နာ သူများကို ဘေးမှ ပြင်ဆင်ဖို့ပြောဆိုရန် ပျက်ကွက်သူများ တွင် တာဝန်ရှိသည်ဟု ခံယူချက်မျိုး ကျွန်တော်တို့ မြန်မာများတွင် မရှိဟုထင်ပါသည်။ ကိစ္စမရှိပါဘူး၊ မဖြစ်လောက်တဲ့ အသေးအဖွဲပါဟု ခံယူကြခြင်းဖြစ်ပါတယ်။ သင်္ကြန်မတိုင်မီက Diamond Plaza ကုန်တိုက်ကို ရောက်ရင်း Ocean မှာအသုံးအဆောင်တစ်ခုဝယ်ပြီး ငွေချေတဲ့ကောင်တာမှာ ငွေချေဖို့တန်းစီနေမိပါတယ်။ သင်္ကြန်တွင်း ဆိုင်တွေပိတ်မှာ ဖြစ်လို့ ကုန်တိုက်မှာ တိုးကြိတ် ဝယ်ယူနေသလိုတောင်မြင်ရပါတယ်။ ငွေချေတဲ့ ကောင်တာမှာလည်း တန်းစီနေရတဲ့ လူတွေအများကြီးနဲ့ တန်းအရှည်ကြီး ဖြစ်နေပါတယ်။ ကျွန်တော်က ငွေချေသူနဲ့ နှစ်ယောက်သုံးယောက်အလို မှာ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားတဲ့ လင်မယားနှစ်ယောက် တွန်းလှည်းအပြည့် ပစ္စည်းတွေနဲ့ ကျွန်တော့်ရှေ့ နှစ်ယောက်လောက်ဘေးမှာ ကြားဖြတ်တိုးပါတော့တယ်။ ကျွန်တော်လည်း အနီးဆုံးက လူကပြောမလား စောင့်ကြည့် သေးတယ်။ နောက်ကတန်းစီနေတဲ့သူတွေကလည်း အများကြီးပါ။ ဘယ်သူမှ မပြောကြပါဘူး၊ အားနာကြတာ ထင်ပါတယ်။ အားလုံးလည်း နာရီဝက်လောက်စောင့်ပြီးပါပြီ။ ကျွန်တော်လည်း မနေနိုင်တော့ဘူး အဲဒီလင်မယားကို ပြောလိုက်ပါတယ်။ ငွေချေဖို့ဆိုရင် နောက်ကနေတန်းစီပါလို့ ဝယ်သူချင်း ကိုယ်ချင်းစာပါ။ အားလုံးကဘယ်သူမှ အကြာကြီးတန်းမစီချင်ပါဘူးလို့ ခပ်ကျယ်ကျယ်ပဲ ပြောလိုက်ပါတယ်။ ကျွန်တော့်ကို အဲဒီလင်မယားက ရှိတယ်လို့တောင် သဘောမထားသလို လုပ်သွားပါတယ်။ ကျွန်တော်ကိုတော့ တော်တော်ချဉ်စရာကောင်းတဲ့ အဖိုးကြီးဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်ပြီး ဗျစ်တောက်ဗျစ်တောက် ပြောရင်း နောက်ဆုံးရောက်သွားပါတယ်။ ကျွန်တော်ထင်တယ် နေ့စဉ် ဒီလိုလူမျိုးတွေ အများကြီးဖြစ်မှာပဲ၊ လုံခြုံရေးကောင်လေးတွေရှိသော်လည်း မပြောကြပါဘူး၊ ဒါတွေက လူတိုင်းလိုက်နာစောင့် ထိန်းရမယ့် ကျင့်ဝတ်၊ ပြည်သူ့နီတိတွေထင်ပါတယ်။ နောက်ပြီး ကုန်တိုက်မှာလည်း တာဝန်ရှိတယ်ထင်ပါတယ်။ ယဉ်ယဉ်ကျေးကျေးနဲ့ စည်းကမ်းလိုက်နာဖို့ ပြောနေဖို့လိုပါတယ်။

စီးပွားရေးဆိုင်ရာ လုပ်ငန်းကိစ္စအဝဝမှာလည်း ကျွန်တော်တို့ လုပ်ငန်းရှင်များက ပုံစံတကျ စီးပွားရေး လုပ်ငန်းများဆီ မသွားနိုင်ဖြစ်နေရခြင်း အချက်တစ်ခုမှာ ယင်း အားနာပါတယ် . . . ကိစ္စမရှိပါဘူး ဟူသောအချက်နဲ့ အတော်များများဆိုင်တယ်လို့ထင်ပါတယ်။ ပုံစံတကျ စီးပွားရေးကို မလုပ်လိုကြသည့်အထဲတွင် အခွန်မဆောင်လိုခြင်း၊ ဆောင်သည့်အခါတွင်လည်း အနည်းငယ်သာဆောင်လိုခြင်း၊ အခွန်ဆောင်သူက အ-သူဖြစ်ပြီး အခွန်မဆောင်ဘဲ (သို့မဟုတ်) အခွန်အနည်းငယ်သာ ဆောင်ရသူက နပ်-သူ လူတော်ဖြစ်ခြင်း၊ စသည့်အချက်များကို အခြေခံကာ အရောင်းအဝယ်များတွင် စာချုပ်ချုပ်ဆိုမှု၊ ငွေပေးငွေယူကိစ္စများတွင် အထောက်အထားမရှိမှုများ ဖြစ်လာကြပါတယ်။ အလွယ်တကူ လုပ်လာကြသည်ကို တွေ့ရပါတော့တယ်။ ယုံကြည်မှုကို အားထားကာ တစ်ဖက်လူတွင် ငွေရင်းမည်မျှရှိသည် ထိုသူ လုပ်နေသော အလုပ်သည် ဖြစ်နိုင်ခြေရှိမရှိ၊ ပူးပေါင်းဆောင်ရွက် သင့်မသင့် တို့ကို မစူးစမ်းတော့ဘဲ ရပါတယ်-ကိစ္စမရှိပါဘူး၊ မေးရမှာ အားနာပါတယ်ဆိုကာ အရောင်းအဝယ် အကြီးကြီးများကို စာချုပ်စာတမ်း တစ်စုံတစ်ရာမရှိ၊ အထောက်အထားတစ်စုံတစ်ရာမရှိဘဲ လုပ်ကိုင်နေကြသည်ကို အံ့သြဖွယ်ရာ တွေ့မြင်နိုင်သည်မှာ မြန်မာ့စီးပွားရေးလုပ်ငန်းများသာ ဖြစ်ပါတယ်။ မိမိ၏စီးပွားရေးလုပ်ငန်းတစ်ခု ဆောင်ရွက်ရာတွင် စည်းကမ်းများ၊ စာချုပ်စာတမ်းများနှင့် ဆောင်ရွက်မှုများ မလုပ်ဆောင်သရွေ့တွင်လည်းကောင်း၊ အားနာပြီး မေးမြန်းသင့်သည်များ မမေးမြန်းမိလျှင်လည်းကောင်း၊ ကိစ္စမရှိပါဘူးဟူ၍ ပေ့ါပေ့ါလျော့လျော့နေမိလျှင်လည်းကောင်း စီးပွားပျက်ကိန်း ဇကန်ကြုံရမည်သာဖြစ်ပါတယ်။

လက်ရှိအစိုးရဌာနဆောက်လုပ်ရေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုရှိရန်၊ Open Tender System သုံးပြီး ဆောင်ရွက်လာကြပါတယ်။ ပြိုင်ဆိုင်သူများတွင် အားနာရမည့် ပုဂ္ဂိုလ်ရဲ့ သားသမီးပိုင်ဆိုင်တဲ့ ကုမ္ပဏီမျိုးပါလာတတ်ပါတယ်။ ထိုအခါ အားနာစရာကောင်းတယ် သူတို့ ကုမ္ပဏီကတင်တဲ့ estimate နဲ့ တခြားသူတွေရဲ့ တွက်ချက်မှုကသိပ်မကွာပါဘူးကွာ၊ သိန်းဂဏန်း ရာလောက် ကွာတာ၊ ငါတို့က သူတို့သားသမီးအလုပ်ကို ဖျက်ဆီးသလိုဖြစ်နေမယ်။ မလုပ်ပေးလိုက်ရင် အရမ်းအားနာစရာ ဖြစ်နေမယ်၊ လုပ်ပေးမှ ကောင်းမယ်ဟု တင်ဒါအဖွဲ့ ခေါင်းဆောင်ဆိုလာလျှင် ကျန်အဖွဲ့ဝင်များမှာ ခေါင်းဆောင်က အားနာပါတယ် . . ကိစ္စမရှိပါဘူး ခေါင်းဆောင်ကြီးသဘောအတိုင်းသာလုပ်ပါဟုသာ အားနာစွာဖြင့် ပြောကြပါတယ်။ ဒီကိစ္စက Fair မဖြစ်ဘူးဟု ပြောမည့်သူမရှိပါ။ နောက်ဆုံးတွင် အားနာစရာကောင်းသော ပုဂ္ဂိုလ်ကြီးရဲ့ သားသမီးများကသာ နေရာတကာတွင် တင်ဒါကို ပွင့်လင်းမြင်သာစွာ ရရှိသွားတတ်ပါတယ်။

ဆောက်လုပ်ရေးလုပ်ပြီး သောအခါ ဆောက်လုပ်မှုများ မှန်ကန်မှုရှိမရှိ စစ်ဆေးကြရပါတယ်။ ထိုအခါတွင်လည်း စစ်ဆေးသူက စစ်ဆေးခံသူရဲ့ အသိုင်းအဝိုင်းများကြောင့် အားနာစရာများ ဖြစ်ပေါ်မည်ကို မလိုလားသဖြင့် တော်ရုံတန်ရုံ အရည်အသွေးလျော့နေသည်မျိုး၊ သိန်းရာဂဏန်းမျှ ကွာခြားမှုမျိုးကို အားနာပါတယ်။ နေလို့ရပါတယ်။ ဒီလိုမျိုးအဆောက်အဦတွေ အများကြီးပါ ကိစ္စမရှိပါဘူးဟု ပြောပြီး ခွင့်ပြုမိန့်လက်မှတ်၊ လက်ခံသည့် လက်မှတ်မျိုးကို ထိုးပေးဖြစ်တတ်ပါတယ်။ အဆောက်အဦကြီးတွင် မိုးယိုခြင်း၊ နံရံကွာကျခြင်း၊ အောက် ခြေတွင် အက်ကြောင်းတွေကွာပြီး သဲများတရှပ်ရှပ်ဖြစ်လာခြင်းများကို နေထိုင်သူများ ကြုံတွေ့ရမည်ဖြစ်သော်လည်း၊ နေထိုင်သူများအနေဖြင့် အလုပ်ပျက်ခံ၊ ပင်ပန်းခံပြီး တိုင်ကြားပြောဆိုနေခြင်းပြုမည် မဟုတ် ပါ။ ဆောက်လုပ်သော ကန်ထရိုက်ရဲ့ အဖေအား အားနာခြင်း၊ တင်ဒါကော်မတီနှင့် စစ်ဆေးရေးကော်မတီများ၏ ရာထူးကြီးများကို ထိခိုက်သွားမည်ကို အားနာခြင်းများကြောင့် နေထိုင်သူများမှာ မိုးယိုလျှင်လည်း ကိစ္စမရှိပါ၊ အောက်မှာ ပုံးဖြင့်ခံထားပါမည်။ နံရံကွာကျလျှင်လည်း ကိစ္စမရှိပါ။ လွတ်အောင်ကြည့်နေပါမည်။ ကြမ်းခင်း မကောင်းလျှင်လည်း ကိစ္စမရှိပါ၊ မြေကြီးပေါ်နေရတာထက် တော်သေးသည်ဟူသော အကောင်းမြင်ဝါဒများဖြင့် သည်းညည်းခံနေတတ်သော မြန်မာလူမျိုးများ ဖြစ်ပါတယ်ဟု ပြောရမည်ဖြစ်ပါတယ်။

မြန်မာလူမျိုးများ၏ အားနာလှပါသည် ဟူသည့် စကားလုံး လှလှလေးကြောင့် နစ်နာရသူမှာလည်း မြန်မာလူမျိုးများပဲ ဖြစ်ပါတယ်။ အားနာစရာမကောင်းသော အကြောင်းအရာတစ်ခုကို ဆက်ပြီး အားနာနေမယ်ဆိုရင်ဖြင့် . . . ။

Commodity Exchange News
Vol: 15, No.17 Monday May 11 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၁–၅–၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးဆက်လက်မြင့်တက် ပဲစင်းငုံနီ အရောင်းအဝယ်အေး


ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) ကို ဈေးကွက် စဖွင့်ချိန်မှာ အိန္ဒိယဝယ်လက်က တစ်တန်ကို ၁၂၆၈၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ရာက နောက်ပိုင်းမှာ အိန္ဒိယဘက်မှ ဈေးမြင့်နဲ့ အဝယ်ရှိလို့ တရိပ်ရိပ်ဈေးမြင့်လာပြီး ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ၁၂၈၅၀၀၀ ကျပ်ဈေးဖြင့် ဈေးကောင်းထပ်မံရရှိခဲ့ ကြောင်း သိရပါတယ်။ မတ်ပဲကအရင်နှစ်က ဈေးအသင့်အတင့်သာ ရခဲ့ပေမယ့် ဒီနှစ်မှာတော့ စံချိန်တင်ဈေးကောင်းရခဲ့တာကြောင့် တောင်သူရော ကုန်သည်ပါ စီးပွားရေးအရ တွက်ခြေကိုက်မှုရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ အိန္ဒိယဘက်မှ ဈေးဖွင့် အဝယ်မရှိသေးတာကြောင့် ဈေးကွက်မှာ အရောင်းရော အဝယ်ပါ အေးနေကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းနှင့် ပဲစင်းငုံနီ တက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီး(သစ်)က ဈေးကွက်သို့ပုံမှန်ဝင်ရောက်နေသလို မန္တလေးဝယ်လက်ကလည်း ပဲရဲ့အရည်အသွေးကို ကြိုက်နှစ်သက်လို့ ဈေးပေးအဝယ်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၂၁၀၅ ကျပ် (တစ်တန်ကို ၁၂၈၉၀၈၀ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၂၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို အိန္ဒိယအတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ် လက်က ဝယ်လိုအားသွက်တာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၁၈၈၀ ကျပ်(တစ်တန်ကို ၁၁၅၁၂၉၃ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၈၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်းကြီးကို တရုတ်အဆွဲသွက် ပဲစင်းငုံနီကို ရန်ကုန်ဝယ်လိုအား ပုံမှန်ရှိ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီး(ထိပ်စ)ကို တရုတ်ဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားသွက် လာတာကြောင့် တစ်ပိဿာ ၂၁၆၉ ကျပ် (တစ်တန်ကို ၁၃၂၈၂၇၃ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၀၀၀ မှ ၁၅၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်း လက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၈၆၇ ကျပ် (တစ်တန်ကို ၁၁၄၃၃၃၂ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၂၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို Export အဆွဲပါးပေမယ့် ဒေသတွင်းပဲခွဲစက်၊ အမှုန့်ကြိတ်စက်နှင့် လှော်လက်များက ဝယ်လိုအားပုံမှန်ရှိတာကြောင့် တစ်ပိဿာကို ၁၁၃၅ ကျပ်(တစ်တန်ကို ၆၉၅၀၆၁ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ထောပတ်ပဲကို Export ဝယ်လက်နှင့် ဒေသတွင်းလက်လီ ပြန်လည်ရောင်းချသူများမှ ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဈေးကောင်းပေးအဝယ်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၉၇၈ ကျပ်(တစ်တန်ကို ၅၉၈၉၁၇ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများ ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## မုံရွာဈေးကွက်မှာ ပဲတီစိမ်း(သစ်)တွေ ဆက်လက်ဝင်ရောက်လာ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပဲတီစိမ်း(သစ်)တွေ တစ် ရက်ကိုအိတ် ၈၀၀ မှ ၁၀၀၀ ကြားပုံမှန်ဆက်လက်ဝင်ရောက်နေသလို တရုတ်အတွက် အဓိကဝယ်ယူနေတဲ့ မန္တလေးဝယ်လက်တွေကလည်း ဝင်သလောက် ဝယ်လိုအားရှိနေပြီး တစ်ပိဿာကို ၂၀၇၉ ကျပ် (တစ်တန်ကို ၁၂၇၃၁၅၈ ကျပ်) ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီး(သစ်)ကို မြို့ခံကုန်သည်များနှင့် ဒေသတွင်းပဲခွဲစက်တွေ ဝယ်လိုအားသွက်လာတာကြောင့် ဈေးမြင့် လာပြီး တစ်ပိဿာ ၁၁၂၀ ကျပ် (တစ်တန်ကို ၆၈၅၈၇၆ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီ၊ ကုလားပဲနဲ့ သိပ္ပံနှမ်း အရောင်းအဝယ်ပုံမှန်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်ကတစ်ပိဿာကို ၁၈၇၅ ကျပ်(တစ်တန်ကို ၁၁၄၈၂၃၁ ကျပ်) ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ကြောင်း၊ ဒါပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)သစ်က ဈေးကွက်သို့ ပုံမှန်ဝင်ရောက်နေသလို မြို့ခံပဲခွဲ စက်တွေကလည်း ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၁၃၀ ကျပ်(တစ်တန်ကို ၆၉၂၀၀၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက် သိပ္ပံနှမ်းကိုတော့ ဝယ်လက်တွေက တစ်ပိဿာ ၄၆၆၇ ကျပ်ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၀၀ ခန့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

## မကွေးဈေးကွက်မှာ ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်တွေ ဝယ်လိုအားပုံမှန် ရှိ၊ နှမ်းဖြူကို နှမ်းလှော်လုပ်ငန်းရှင်များ ဝယ်လိုအားများခဲ့

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်)သစ်က ဈေးကွက်သို့ပုံမှန်ဝင်ရောက်နေသလို မြို့ခံပဲခွဲစက်များနှင့် သိုလှောင်မည့် ကုန်သည်များကလည်း ပဲရဲ့ အရည်အသွေဝယ်လိုအားပုံမှန်ရှိခဲ့ပြီး တစ်ပိဿာ ၈၈၀ ကျပ် (တစ်တန်ကို ၅၃၈၉၀၃ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ မှ ၃၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဈေးပေးအဝယ်ရှိ

ဟသ်ာတဈေးကွက်မှာ မတ်ပဲ (Raw) ကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဈေးပေးအဝယ်ရှိပေမယ့် ရောင်းသူကုန်သည်များဘက်မှ ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်း နည်းခဲ့ကြောင်း၊ သို့သော် ပဲအရောင်းအဝယ်တော့ နေ့စဉ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၉၉၀ ကျပ် (တစ်တန်ကို ၁၂၁၈၆၅၆ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးမှာ ပြောင်းသီးနှံကို ရန်ကုန်- မန္တလေးနှင့် အစာစပ်လုပ်ငန်းရှင်များ ဝယ်လိုအားပုံမှန်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံအနေဖြင့် လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်-မန္တလေးဝယ်လက်နှင့် ဒေသတွင်းအစာစပ်လုပ်ငန်းရှင်များက ဝယ်လိုအား ပုံမှန်ရှိခဲ့လို့ ဈေးအနည်းငယ်မြင့်လာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၃၀ ကျပ် ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၅ သိန်းခန့်ဖြစ်ခဲ့ကြောင်း ဈေးကွက် အတွင်းမှ သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်အဆွဲပုံမှန်ရှိ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို တရုတ်အဆွဲပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၆၀ ကျပ် ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာ ချိန် ၄ သိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ ပဲမျိုးစုံပုံမှန်အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်မှာ မတ်ပဲကို အိန္ဒိယအတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာ အရောင်းများခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၉၈၅ကျပ်(တစ်တန်ကို ၁၂၁၅၅၉၄ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရင်နှစ်တွေ ကမတ်ပဲဈေးကောင်းမရခဲ့လို့ တောင်သူရော ကုန်သည်ပါ အမြတ်အစွန်းနည်းပေမယ့် ဒီနှစ်မှာတော့ စံချိန်တင်ဈေးကောင်းရလို့ တောင်သူရော ကုန်သည်ပါ စီးပွားရေးအရ တွက်ခြေကိုက်မှုဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေသလို ရောင်းသူဘက်မှလည်း ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းနည်းနေကြောင်း၊ အရောင်းအဝယ် အနေဖြင့် တစ်ပိဿာ ၁၈၆၅ ကျပ်(တစ်တန်ကို ၁၁၄၂၀၇ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်)သစ်ကို ပဲခွဲစက်တွေက ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၁၁၀၀ ကျပ်(တစ်တန်ကို ၆၇၃၆၂၉ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်တွေ ဝယ်လိုအားပုံမှန်ရှိ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲ ခွဲစက်တွေက ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာ အရောင်းများခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၁၂၀ကျပ် (တစ်တန်ကို ၆၈၅၈၇၆ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းသီးနှံဝင်ရောက်မှုနည်းနေ

မူဆယ်ဈေးကွက်မှာ ပြောင်းဝင်ရောက်မှုနည်းနေပေမယ့် တရုတ် ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလို တစ်အိတ်ကို ၉၄ ယွမ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်မှုသင်တန်းကျောင်းနှင့် မြန်မာမော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော သင်တန်းအတွက် သင်တန်းသား လျှောက်လွှာခေါ်ယူခြင်း

အောက်ဖော်ပြပါသင်တန်းများ ကို ၂၀၁၅ ခုနှစ် မေလ ၂၃ ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်-

(၁) Global Financial Management

(၂) Applied Research Methodology

သင်တန်းကာလမှာ ၂၀၁၅ ခုနှစ် မေလ ၂၃ ရက်မှ ဇူလိုင်လ ၁၁ ရက်နေ့ထိဖြစ်ပြီး သင်တန်းများကို အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့ နံနက် ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ တက်ရောက်ရမည်ဖြစ်ပါသည်။

သင်တန်းတက်ရောက်ရမည့်သူများသည် ဓာတ်ပုံ (၃)ပုံ၊ ဘွဲ့လက်မှတ် မိတ္တူ၊ မှတ်ပုံတင်မိတ္တူနှင့်အတူ ကုန်သွယ်မှုသင်တန်းကျောင်း၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း -၀၁၃၇၈၇၉၈ သို့လည်းကောင်း မြန်မာမော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များ အသင်းတိုက်အမှတ်(၃) အခန်း(၃) မလိခဥယျာဉ်အိမ်ရာ၊ ရတနာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း-၀၉၇၉၉၆၃၀၂၀၀၊ ၀၉၂၅၃၂၆၃၆၃၄ သို့လည်းကောင်း စာရင်းပေးသွင်းနိုင်ပါသည်။

## OSS မော်တော်ယာဉ် ပါမစ်ထုတ်ပေးရေးအဖွဲ့ (နေပြည်တော်/ရန်ကုန်) မှ မော်တော်ယာဉ် တင်သွင်းခွင့်ပါမစ်များအား သတ်မှတ်ချက်များနှင့်အညီ စိစစ်ထုတ်ပေး ဆောင်ရွက်ခဲ့မှုအခြေအနေ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီး ဌာန၊ မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ် ထုတ်ပေးရေးအဖွဲ့ (OSS) အနေဖြင့် ယာဉ်အို/ယာဉ်ဟောင်းအပ်နှံအစားထိုး တင်သွင်းမှုလျှောက်ထားခြင်းအား ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၉ရက်မှစ၍လည်းကောင်း၊ လူပုဂ္ဂိုလ်တစ်ဦး ချင်းမော်တော်ယာဉ်တင်သွင်းခွင့်လျှောက် ထားခြင်းအား ၂၀၁၂ခုနှစ်မေလ၇ရက်နေ့မှ လည်းကောင်း သတ်မှတ် Model Year အလိုက် စိစစ်ခွင့်ပြုထုတ်ပေးလျက် ရှိပါသည်။

ယာဉ်အို/ဟောင်းအပ်နှံ၍အစားထိုးသွင်းကုန်ပါမစ်ထုတ်ပေးမှုအနေဖြင့် ၂၀၁၅ခုနှစ် မတ်လ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ် မတ်လ၃၁ ရက်နေ့အထိ ယာဉ်စီးရေ၂၀၄၉ စီး ရှိပြီး မော်တော်ယာဉ်အရောင်းစင်တာမှ မော်တော်ယာဉ်ဝယ်ယူခွင့်ပါမစ်ထုတ်ပေးမှုမှာ စီးရေ ၁၄၁၅ စီး ရှိသဖြင့် စုစုပေါင်းယာဉ်စီးရေ ၃၄၆၄ စီးအတွက် အထူးပါမစ်များကို စိစစ်ခွင့် ပြုထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ် ထုတ်ပေးမှုအနေဖြင့် နေပြည်တော်မှ ၂၀၁၅ မတ်လ ၁ ရက်နေ့မှ ၂၀၁၅ မတ်လ ၃၁ ရက်နေ့အထိ ယာဉ်စီးရေ၃၄၃၄ စီးရှိပြီး၊မော်တော်ယာဉ်အရောင်း စင်တာ၊ အရောင်းပြခန်းမှ ယာဉ်စီးရေ ၅၅၀ စီးနှင့် ရန်ကုန်ရုံးမှ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ယာဉ်စီးရေ ၃၄၄ စီး ရှိသဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ယာဉ်စီးရေစုစုပေါင်း ၄၃၂၈ စီးအတွက် ခွင့်ပြုပါမစ်များ စိစစ်ထုတ်ပေးပြီးဖြစ်ပါသည်။

၂၀၁၅ မတ်လ ၁ ရက်နေ့မှ ၂၀၁၅ မတ်လ ၃၁ ရက်နေ့အထိ ယာဉ်အို/ယာဉ်ဟောင်းအပ်နှံအစားထိုး သွင်းကုန်ပါမစ်နှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် မော်တော်ယာဉ်တင်သွင်းခွင့် ပါမစ်(အရောင်းစင်တာ၊ အရောင်းပြခန်း အပါအဝင်) စုစုပေါင်းမှာယာဉ်စီးရေ ၇၇၉၂ စီးအတွက် ပါမစ်များခွင့်ပြုထုတ် ပေးခဲ့ပြီးဖြစ်ပါသည်။

လုပ်ငန်းစတင်ချိန်မှာ ၂၀၁၅ မတ်လ ၃၁ ရက်နေ့အထိ ယာဉ်အို ယာဉ်ဟောင်းအပ်နှံ၍အစားထိုးသွင်းကုန် ပါမစ်ထုတ်ပေးမှု(အရောင်းစင်တာအပါအဝင်) အနေဖြင့် ယာဉ်စီးရေ ၁၈၀၂၂၅ စီး၊ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက်မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်ထုတ်ပေးမှု(အရောင်း စင်တာ၊ အရောင်းပြခန်းအပါအဝင်) အနေဖြင့် ယာဉ်စီးရေ ၂၃၂၀၃၁ စီးနှင့် ပို့/သွင်းကုမ္ပဏီ၊ သဘော်သား၊ နိုင်ငံခြားရေးဝန်ထမ်း၊ ဟိုတယ်/ခရီး၊ လုပ်ငန်းရှင်၊ ကာကွယ်ရေး၊ ကျောက်မျက်တို့အတွက် ပါမစ်ထုတ်ပေးမှုမှာယာဉ်စီး ရေ၆၃၁၄ စီးရှိသဖြင့် စုစုပေါင်းယာဉ်စီး ရေ၄၁၈၅၇၀ စီးဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဇေယျာဆွေ**

## မြန်မာနိုင်ငံပါဝင်ပြသသော Expo Milano 2015 စတင်ဖွင့်လှစ်



အီတလီနိုင်ငံ၊ မီလန်မြို့တွင် ကျင်းပသည့် ကမ္ဘာ့ကုန်စည်ပြပွဲ Expo Milano 2015 အား မေ ၁ ရက် အလုပ်သမားနေ့တွင် အီတလီနိုင်ငံ၊ မီလန်မြို့၊ ဒေသစံတော်ချိန်မွန်းတည့် ၁၂:၀၀နာရီ၌ ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ပြီး အဆိုပါအခမ်းအနားသို့ အီတလီနိုင်ငံ၊ ဝန်ကြီးချုပ် Mr. Matteo Renzi တက်ရောက်၍ အမှာစကား ပြောကြား ဖွင့်လှစ်ခဲ့ပါသည်။

ယခုကျင်းပလျက်ရှိသည့် ပြပွဲမှာ နိုင်ငံကြီးများတွင် ငါးနှစ်တစ်ကြိမ် အလှည့်ကျ ပြုလုပ်သော နိုင်ငံတကာ ကုန်စည်ပြပွဲကြီးဖြစ်ပြီး ၂၀၁၀ ခုနှစ်တွင် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် နောက်ဆုံး ကျင်းပခဲ့ပါသည်။ Expo Milano 2015 သည် နိုင်ငံတကာပြပွဲ ဖြစ်ပြီး ပြပွဲ၏ ဆောင်ပုဒ်ဖြစ်သော၊ "ကမ္ဘာကြီးကို အသက်ရှင်သန်မှုအတွက် အားအင်ဖြည့်ဆည်းပေး" (Feeding the Planet, Energy for Life)ကို ရည်ညွှန်း၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ဆောင်ပုဒ်၏ အဓိပ္ပါယ်မှာလူသား အားလုံးအတွက် လုံခြုံစိတ်ချရပြီး ကျန်းမာရေးနှင့် ညီညွတ်သောအစား အစာများ ပြည့်စုံလုံလောက်ရေးနှင့် စဉ်ဆက်မပြတ် အာဟာရဓာတ် ပြည့်ဝရေးပင်ဖြစ်ပါသည်။ ပြပွဲကြီး၏ အဓိက ရည်မှန်းချက်မှာ ပိုမိုကောင်းမွန်ပြီး စဉ်ဆက်မပြတ်ဖြစ်စေသော ထုတ်လုပ်မှုနှင့် စားသုံးမှုပုံစံ (Model) ကို ဖော်ထုတ်ရန်နှင့် ဗဟုသုတမျှဝေရန် ဖြစ်ပါသည်။

Expo Milano 2015 ပြပွဲသို့ ဥရောပမှ ၃၂ နိုင်ငံ၊ အာရှမှ ၄၁ နိုင်ငံ၊ အာဖရိကမှ ၄၃ နိုင်ငံ၊ သမုဒ္ဒရာ ကျွန်းစုများမှ ၃ နိုင်ငံ၊ အမေရိကမှ ၂၆ နိုင်ငံ စုစုပေါင်း ၁၄၅ နိုင်ငံပါဝင်ပြသ လျက်ရှိသည်။ အဆိုပါကုန်စည်ပြပွဲတွင် နိုင်ငံအလိုက် ထွက်ကုန်ပစ္စည်းများအား လာရောက် ပြသလျက်ရှိရာ ဆန်စပါး၊ ကိုကာ၊ ကော်ဖီ၊ သစ်သီးဝလံနှင့် ပဲ၊ မိုးနည်းရပ်ဝန်းဒေသ စားသောက်ကုန်များ၊ ပင်လယ်ထွက်စားသောက်ကုန်များ၊ ဟင်းခတ်အမွှေးအကြိုင်၊ ကောက်နှံ နှင့် ဥ၊ မြေထဲပင်လယ်ဒေသစားသောက်ကုန်များစသဖြင့် သီးနှံလုပ်ငန်းအစုအဖွဲ့ (Agro Cluster) ၉ ခု ကိုလည်း ခွဲခြား၍လည်းပြသလျက်ရှိပြီး မြန်မာနိုင်ငံမှ ဆန်စပါးအစုအဖွဲ့ (Rice Cluster)တွင် ပါဝင်ပြသလျက်ရှိရာ မြန်မာနိုင်ငံနှင့်အတူ ကမ္ဘောဒီးယား၊ လာအို၊ ဘင်္ဂလားဒေ့ရှ်၊ ဆီရီယာလီယွန်နိုင်ငံတို့ ပါဝင်ပြသ လျက်ရှိသည်။

Expo Milano 2015 ပြပွဲ အား ၂၀၁၅ခုနှစ် မေလ ၁ ရက်နေ့မှ အောက်တိုဘာလ ၃၁ ရက်နေ့ထိ ခြောက်လကြာ ကျင်းပသွားမည်ဖြစ်ရာ ပြပွဲကြီးသို့ ဧည့်သည် သန်း ၂၀ လာရောက်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပြီး မြန်မာနိုင်ငံအနေဖြင့် အဓိက ထုတ်ကုန်ဆန် နှင့် ပဲမျိုးစုံ အတွက် ဥရောပဈေးကွက်တိုးချဲ့နိုင်ရေး အခွင့် အလမ်းများရရှိနိုင်မည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းများအတွက်လည်း အလားတူ အခွင့် အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်းသိရှိ ရပါသည်။

**ဇေယျာဆွေ**

# အခွန်အကောက်ဥပဒေ ရှင်းလင်းပွဲကျင်းပ

၂၀၁၅ ခုနှစ် ပြည်ထောင်စုရဲ့ အခွန်အကောက် ဥပဒေနဲ့ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေကို ပြင်ဆင်သည့် ဥပဒေရှင်းလင်းပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမတွင် ဧပြီလ ၃၀ ရက်နေ့က ကျင်းပပြုလုပ်ရာ တာဝန်ရှိသူများ၊ စားသောက်ဆိုင်၊ ဟိုတယ်၊ ဝန်ဆောင်မှုလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါတယ်။ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသော လုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြပါတယ်။

ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရာတွင် သတ်မှတ်ထားသော ကုန်စည်များတွင် ပါဝင်သည့် စီးကရက်နဲ့ အရက်များကို အခွန်တိုးမြှင့်ခြင်းဖြင့် ထိန်းကျောင်းသလို အထူးကုန်စည် ၁၆ မျိုးရဲ့ ယခင်နှုန်းထား၊ ယခုပြင်ဆင်သည့်နှုန်းထားများကိုလည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုသည့်ကုန်စည် အမျိုးမျိုး ၇၉ မျိုးရှိရာ ယခင်က အခွန်ကျသင့်ခဲ့သော်လည်း ယခု တောင်ထန်း၊ ဖာလာ၊ ဝဥ၊ သနပ်ခါး၊ လက်ဖက်စို၊ လက်ဖက်ခြောက်၊ သီဟိုဠ်စေ့၊ လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံး ကိရိယာနှင့် စက်ကိရိယာများကိုပါ ကင်းလွတ်ခွင့်ပြုကြောင်း၊ သတ်မှတ်ထားသည့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားများ စသည်တို့မှအပ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ကြောင်း၊ အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့် နှုန်းထားများကိုလည်းကောင်း ဝင်ငွေခွန်တွက်ချက်နည်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပါတယ်။

စားသောက်ဆိုင် လုပ်ငန်းရှင်များအတွက် စားသုံးသူကပေးဆောင်ရန်ရှိသော ကျသင့်အခွန် ၅ ရာခိုင်နှုန်းကို ရုံးတံဆိပ်ရိုက်နှိပ်ထားသော သင့်တော်သည့် အခွန်အမှတ်တံဆိပ်များ ပြေစာတွင် ကပ်နှိပ်၍ ထုတ်ပေး ရောင်းချရန် ဆောင်ရွက်ရမည့် သိကောင်းစရာများကို ရှင်းလင်းကာ ဆိုင်အသေးလေးများအတွက်တော့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

**ရီလင်းထွဋ် - မုံရွာ**

## မြိတ်စခန်းမှ ကဏန်းမျိုးစုံ ၁၀၁ တန်နီးပါးတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်ကုန်သွယ်ရေးစခန်းက ဧပြီလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၅၆၆ သန်းတန် ဖိုးရှိ ကဏန်းမျိုးစုံဖြစ်သော ကဏန်းနီ ၉၂ တန်ကျော်၊ ကဏန်းသေးအသေ ၅ တန်ကျော်နဲ့ သဲကဏန်း ၃ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အပြင် ကန်ဒေါ်လာ ၈ ဒသမ ၉၅၇ သန်းတန်ဖိုးရှိ ရေထွက် ကုန်များဖြစ်သော ရေငန်ပုစွန် တန် ၈၁၀ နီးပါး၊ ကင်းမွန် ၃၈၉ တန်ခန့်၊ ငါးခြောက် ၈၂ တန်ကျော်၊ ငါးမျိုးစုံ ၆၃၀၇ တန်နီးပါး။ ငါးမှုန့် ၁၂၄၆ တန်ကျော်၊ ငါးအသားလွှာ ၄၈ တန်နဲ့ ပုစွန်ခြောက် ၆၄ တန်ကျော်တို့ကို တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT**

## မောင်တောမြို့နယ် ကညင်ချောင်း ကုန်သွယ်ရေးဇုန်နှင့် အဆင့်မြင့်ဈေး တည်ဆောက်ရေး ညှိနှိုင်းဆွေးနွေး

ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး က မေလ ၃ ရက်နေ့ နံနက်ပိုင်းမှာ ကုန်သည်ကြီးများအသင်း ဒေဝါနဒီခန်းမမှာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ O.S.S အဖွဲ့ဝင်များ၊ ကုန်သည်ကြီး အသင်းဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ကုန်သည်ကြီးများနဲ့ ကညင်ချောင်းကျေးရွာတွင် ကုန်သွယ်ရေးဇုန်နဲ့ အဆင့်မြင့်ဈေးဖြစ်ပေါ်လာရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ ဆွေးနွေးချက်များမှာ နိုင်ငံတော်မှခွင့်ပြုထားသော ကျပ်သိန်း ၆၀၀၀ အား ယခုနှစ် ဘတ်ဂျက်တွင် အပြီးတည်ဆောက်ရန်၊ ဒေသခံများမှ ထည့်ဝင်ရမည့် ကျပ်သိန်း ၄၀၀၀ အား နယ်စပ်ကုန်သည်အသင်းမှ ထည့်ဝင်ဆောင်ရွက်ရန်၊ စီးပွားရေးဇုန် အကောင်အထည်ဖော်ရေးကော်မတီအား သက်ဆိုင်ရာဌာနများ၊ ကုန်သည်အသင်းဝင်များဖြင့် ပူးပေါင်းဖွဲ့စည်းရန်တို့ ဆုံးဖြတ်ခဲ့ပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ခရိုင်မြေစာရင်းဦးစီးမှူးတို့ နှင့် ကုန်သွယ်ရေးဇုန်တည်ဆောက်ရေးအတွက် မြေနေရာရရှိရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်းသိရပါတယ်။

**နီနီသန်း-စစ်တွေ**

## မြဝတီကုန်သွယ်ရေးဇုန်က ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ဧပြီလ ၂၅ ရက်မှ မေလ ၁ ရက်အတွင်း ကန်ဒေါ်လာ ၂ ဒသမ ၁၀၅ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၁၀၈ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုတွေကတော့ မြဝတီကုန်သွယ်ရေးဇုန်က ကန်ဒေါ်လာ သုည ဒသမ ၁၇၀ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၇၈ တန်ကျော်၊ ကဏန်း ၂၇ တန်ကျော်၊ ပုစွန် ၂ တန်ကျော်နဲ့ ငါးရှဉ့် ၅ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၂၅ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းကလည်း ကန်ဒေါ်လာ သုည ဒသမ ၇၇၁ သန်းတန်ဖိုးရှိတဲ့ ငါးမျိုးစုံ ၈၁၂ တန်ကျော်၊ ပုစွန် ၁ တန်ကျော်နဲ့ ကဏန်း ၁ တန်ကျော်၊ ကင်းမွန် တန် ၃၀ နီးပါးနဲ့ ကျောက်ပုစွန် ၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၆၆ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းကတော့ ကန်ဒေါ်လာ ၁ ဒသမ ၁၆၄ သန်းတန်ဖိုးရှိ ရေငန်းငါး ၈၇၅ တန်ကျော်၊ ရေငန်ပုစွန် ၁၀ တန်ကျော်၊ ကင်းမွန် ၁ တန်နီးပါး၊ ကဏန်းသေး(အသေ) ၂ တန်ကျော် ၊ ငါးမှုန့် ၂၅၅ တန်နဲ့ သဲကဏန်းအနည်းငယ် တင်ပို့နိုင်ခဲ့ပြီး ယခင်တစ်ပတ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၂၇၂ တန်ကျော် လျော့နည်း တင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ် MIRT**

## ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ လျာထားချက်ထက် ပိုမိုဆောင်ရွက်

မြန်မာ-တရုတ်နယ်စပ်တွင် ဖွင့်လှစ်ထားတဲ့ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပို့ကုန်ပိုင်းမှာ ၁၉ ဒသမ ၁၄၃ ဒေါ်လာသန်း၊ သွင်းကုန်ပိုင်းမှာ ၅ ဒသမ ၈၄၉ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် ၂၄ ဒသမ ၉၉၂ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဧပြီလလျာထားချက်အနေဖြင့် ပို့ကုန် ၁၈ ဒသမ ၉၃၂ ဒေါ်လာသန်း၊ သွင်းကုန် ၃ ဒသမ ၆၀၆ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၂၂ ဒသမ ၅၃၈ ဒေါ်လာသန်းဖြစ်တာကြောင့် ရာခိုင်နှုန်းအားဖြင့် ၁၁၀ ဒသမ ၈၉ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် လျာထားချက်ထက်ပိုမိုဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။

အနီးစပ်ဆုံး မတ်လနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်တွင် လျော့နည်းပြီး သွင်းကုန်တွင် ပိုမိုခဲ့ကာ ကုန်သွယ်မှု ပမာဏလည်း လျော့နည်းခဲ့ပါတယ်။ လောက်ကိုင်ဒေသတိုက်ပွဲနဲ့ သင်္ကြန်ကာလ ပိတ်ရက်တွေကြောင့် ပို့ကုန် ပစ္စည်းများအနက်မှ ဆန်၊ ပြောင်း၊ သကြားနဲ့ အချို့ပို့ကုန်ပစ္စည်းတွေ တင်ပို့နိုင်မှုမရှိခြင်း၊ တင်ပို့မှု လျော့နည်း ခြင်းတို့ကြောင့်ဖြစ်ပါတယ်။ သွင်းကုန်တင်သွင်းမှုတွင် ဝရိန်ချောင်း၊ သွပ်နန်းကြိုး၊ အိမ်ရိုက်သံ၊ LPG ဂက်စ်နဲ့ အချိုမှုန့်တို့ တင်သွင်းမှုပိုမိုခဲ့တယ်လို့သိရပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် ၂ ဒသမ ၄၇၅ ဒေါ်လာသန်း၊ သွင်းကုန်ပိုင်းတွင်း ၂ ဒသမ ၃၀၁ ဒေါ်လာသန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး၊ ကုန်သွယ်မှုပမာဏတွင် ၄ ဒသမ ၇၇၆ ဒေါ်လာသန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပို့ကုန်ပိုင်းတွင် ပဲလွန်းဖြူ ပဲတီစိမ်း၊ မြေထောက်ပဲ၊ မြေပဲဆံ၊ ပဲယင်း၊ စွန်တာပြာ၊ နှံစားပြောင်း၊ ကြက်ဆူစေ့နဲ့ ကြံတို့ကို ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်ခဲ့ပြီး နှမ်း၊ ပဲကြီး၊ ငါးရှဉ့်၊ ရာဘာတို့ကို ပုံမှန်တင်ပို့မှုရှိခဲ့ပါတယ်။ သွင်းကုန်ပိုင်းတွင်လည်း ဘိလပ်မြေ၊ ခေါက်ဆွဲခြောက်၊ ပဲပုပ်ဆီနဲ့ ဆပ်ပြာမှုန့်တို့ ပုံမှန်တင်သွင်းခဲ့ပြီး ဝရိန်ချောင်း၊ သွပ်နန်းကြိုး၊ Mix LPG (ဂက်စ်) နဲ့ အိမ်အမိုးရိုက်သံတို့ ပိုမို တင်သွင်းနိုင်ခဲ့တာကြောင့် ကုန်သွယ်မှုပမာဏမှာ ယခင်နှစ်ကာလထက် ပိုမိုဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်တယ်လို့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင် MIRT**

## ရေထွက်ကုန်ပြည်ပတင်ပို့မှုနဲ့ ပြည်တွင်းစားသုံးမှု

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်း၊ မောင်တော ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များကို တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့လျက်ရှိရာ မတ်လအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၆၄၉ သန်းဖိုးရှိတဲ့ ရေထွက်ကုန် ၈၄၈ တန်ကျော်တင်ပို့ပြီး ဧပြီလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၃၆၅ သန်းဖိုးရှိ ရေထွက်ကုန် ၂၅ တန်တင်ပို့ခဲ့ပါတယ်။

ဧပြီလအတွင်း တင်ပို့နိုင်မှုမှာ မတ်လထက် ၅၉၇ တန်လျော့နည်းခဲ့ပါတယ်။ တင်ပို့မှု လျော့ကျရခြင်းမှာ စစ်တွေစခန်းမှ ရေချိုငါးတင်ပို့မှု လျော့နည်းခြင်း၊ မောင်တောစခန်းမှ ငါးခြောက်မျိုးစုံတင်ပို့မှု လျော့နည်းခြင်းနဲ့ ဧပြီလအတွင်းမှာ ပုစွန်တင်ပို့နိုင်ခြင်း မရှိသောကြောင့်ဖြစ်ပါတယ်။ရောဝတီတိုင်းက ထွက်ရှိတဲ့ ရေချိုငါးများကို စစ်တွေစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တင်ပို့ခြင်းဖြစ်ပါတယ်။ ယခုအခါ ပြည်တွင်းစားသုံးမှု မြင့်မားလာခြင်းနဲ့အတူ ပြည်တွင်းဈေးမြင့်မားလာခြင်းတို့ကြောင့် ပြည်တွင်းမှာ ဈေးကွက်ကောင်းရရှိနေပါတယ်။ ပြည်တွင်းဈေး အဆမတန်မြင့်မားလာတဲ့ အတွက် ပြည်ပပို့ကုန်ပိုင်းကျဆင်းသွားခြင်းဖြစ်ပါတယ်။ ပုစွန်တင်ပို့မှုကို ကြည့်မယ်ဆိုလျှင်လည်း ဘင်္ဂလားဒေ့ရှ်မှာ ပုစွန်ဈေးတွေကျနေတာကြောင့် မောင်တောကထွက်တဲ့ပုစွန်တွေကို စစ်တွေကိုပို့ပြီး စစ်တွေမှတစ်ဆင့် ရန်ကုန်သို့ တင်ပို့ကြတယ်လို့သိရပါတယ်။ ငါးခြောက်တင်ပို့မှု လျော့ကျရခြင်းမှာလည်း ပြည်တွင်းစားသုံးမှုမြင့်မားခြင်း၊ ဈေးကောင်းရခြင်း၊ ရခိုင်ငါးနီတူခြောက်လေးများကို နှစ်သက်စွာ စားသုံးကြခြင်း၊ သင်္ကြန်ကာလအတွင်း ပြည်တွင်းငါးခြောက်စားသုံးမှုမြင့်တက်လာခြင်းတို့ကြောင့်လို့ သိရပါတယ်။

ပြည်တွင်းစားသုံးမှုမှာ အသားထက်စာလျှင် ငါးစားသုံးမှုက ကျန်းမာရေးအရရော၊ ဈေးနှုန်းအရပါ တွက်ခြေကိုက်နေတယ်လို့ဆိုရပါမယ်။ ယခင်အပတ်များက ကြက်၊ ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ကြက်သားစားသုံးမှုလျော့ကျသွားသလို ကျန်းမာရေးအရ ဝက်သားစားသုံးမှုလည်း ရှောင်ကြတာရှိပါတယ်။ ဆိတ်သားကတော့ အတော်ဈေးမြင့်တဲ့အတွက် စားသုံးသူနည်းပါတယ်။ အမဲသားကတော့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးအများစုက မစားကြတာများပါတယ်။ ဒါကြောင့် ကျန်းမာရေးနဲ့ညီညွတ်တဲ့ ငါးစားသုံးမှုလွန်စွာမြင့်မားနေပါတယ်။ ငါးစားလျှင် အသားစားတာထက် ဉာဏ်ပိုကောင်းတယ်လို့ ဆိုတာကြောင့်လည်း ကလေးငယ်များကို ငါးစားသုံးစေခြင်းများလည်းရှိကြပါတယ်။ ဒါကြောင့် ပြည်တွင်းမှာ ငါးနဲ့ ငါးခြောက် စားသုံးမှုမြင့်မားနေတာကို တွေ့နေကြရပါတယ်။

**ယဉ်ယဉ်အေး MIRT**

## တရုတ်နိုင်ငံသို့ သရက်၊ သခွား၊ ဖရဲ၊ ဖရုံ သီးနှံအစုံတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဖရဲသီး၊ သရက်သီး၊ သခွားမွှေး၊ စပျစ်သီး၊ အုန်းသီး၊ ရွှေဖရုံသီးတို့ကိုလည်းကောင်း၊ ချင်းရွှေဟော်စခန်းမှ ရွှေဖရုံသီးကိုလည်းကောင်း၊ လွယ်ဂျယ်နဲ့ကန်ပိုက်တီးစခန်းမှ ဖရဲသီးကိုလည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်နယ်စပ်စခန်းမှ နာနတ်သီးနှင့် မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်စခန်းမှ ဖရဲသီးတို့ကို ဧပြီလအတွင်း ကန်ဒေါ်လာ ၁၄ ဒသမ ၄၄၂ သန်းဖိုး သစ်သီး တန်ချိန် စုစုပေါင်း ၁၀၁၅၈၀ တန်ခန့်ကို စခန်းအသီးသီးအလိုက် တင်ပို့နိုင်ခဲ့ပါတယ်။

ပူပြင်းခြောက်သွေ့တဲ့ နွေရာသီဖြစ်တာမို့ အရည်ရွှမ်းတဲ့ သစ်သီးဝလံတွေကို လူကြိုက်များလာတာကြောင့် ယခုလို မြန်မာနိုင်ငံက ထွက်ရှိတဲ့ သီးနှံအစုံကို တရုတ်ပြည်မကြီးသို့ တင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။

မူဆယ်သို့ နေ့စဉ် ဖရဲကားအစီး ၁၅၀ ဝန်းကျင်၊ သရက်သီးကား အစီးရေ ၅၀-၇၀ ခန့်၊ သခွားမွှေးကား ၅ စီးမှ အစီး ၂၀ အတွင်းပုံမှန်အတက်ရှိတယ်လို့ မူဆယ် သစ်သီးဝလံ ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင် MIRT**

## မြဝတီကုန်သွယ်ရေးဇုန်မှ မတ်ပဲ၊ နှမ်းညို၊ ကြက်သွန်နီ၊ သီဟိုဠ်စေ့နဲ့ ပြောင်းဖူး (အသေး) များကို အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်မှာရှိတဲ့ မြဝတီကုန်သွယ်ရေးဇုန်က ၂၀၁၅ ခုနှစ် ဧပြီလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၆၉၅ သန်းတန်ဖိုးရှိ မတ်ပဲ ၆၂ တန်၊ ကြက်သွန်နီ ၂၃၄၅ တန်ကျော်၊ သီဟိုဠ်စေ့ ၃ တန်ကျော်၊ နှမ်းညိုနဲ့ ပြောင်းဖူး (အသေး) အနည်းငယ်ကို အနီးစပ်ဆုံးကာလထက် ၄၃၁ တန်နီးပါး ပိုမိုတင်ပို့နိုင်ခဲ့သလို ယမန်နှစ်ကာလတူထက်လည်း ၂၄၁၂ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တဲ့အပြင် ဧပြီလအတွင်း ကန်ဒေါ်လာ ၀ ဒသမ ၁၅၀ သန်းတန်ဖိုးရှိ ပဲတီစိမ်း ၆၁ တန်ကျော်၊ မြေပဲဆံ ၇၇ တန်ကျော်နဲ့ ဆီးဖြူသီးခြောက် ၁၀ တန်ကိုလည်း တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT**

## ကျိုန်စမ်းကျော့ ရှောင်ကွင်းလမ်းမှာ အကောက်ခွန်မဲ့ စုပုံထားတဲ့ ဆန်၊ မီးသွေးနဲ့ ပြောင်းအိတ်များ သိမ်းဆည်းရမိ

ကုန်သွယ်ရေးဦးစီးဌာန မူဆယ်စခန်းထုတ်နုတ်အင်အား Mobile Team အဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးစီးတဲ့ အဖွဲ့သည် ဧပြီလ ၂၆ ရက်နေ့ ဝ၈း၃ဝ ချိန်တွင် ကုန်သွယ်ရေးဇုန်အလွန် ရှောင်ကွင်းလမ်း ကျိုန်စမ်းကျော့လမ်းတွင် အကောက်ခွန်မဲ့ စုပုံထားတဲ့ ဆန် ၄၃ အိတ်၊ မီးသွေး ၃၅ အိတ်နဲ့ ထင်းရှူးဆီ (255 kg) ၁၁ အိတ်တို့ကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ ယင်းနေ့ ဝ၉း၀၀ ချိန်တွင်လည်း ကုန်သွယ်ရေးဇုန်အလွန် ရှောင်ကွင်းလမ်း (အောက်တုံခန်ရွာအနီး) တွင် အကောက်ခွန်မဲ့စုပုံထားတဲ့ ပြောင်းအိတ် ၆၀ ခန့်ကိုလည်း စစ်ဆေးတွေ့ရှိခဲ့တယ်လို့သိရပါတယ်။ သိမ်းဆည်းရမိ အကောက်ခွန်မဲ့ပစ္စည်းများကို မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ အဖွဲ့စုံဖြင့် လွှဲပြောင်းအပ်နှံပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီးဖြစ်ပါတယ်။ **MIRT**

## ကော့သောင်းမှ ရန်ကုန်သို့ထွက်ခွာလာသော ရေယာဉ် နှစ်စင်းဖြင့် လိုင်စင်၊ ID တို့ထက် ပိုမို တင်ဆောင်လာသော အဆီအနံ့ရည်များ စစ်ဆေးတွေ့ရှိ

ကော့သောင်းမှ ထွက်ခွာလာတဲ့ MV/xxxx ရေယာဉ်နဲ့ MV/xxxx ရေယာဉ်တို့မှာ ထိုင်းနိုင်ငံမှတစ်ဆင့် လိုင်စင်၊ ID တို့နဲ့ အရက်ဆီများကို အနံ့ရည် (essence) များအဖြစ် တင်သွင်းလာကြောင်း စစ်ဆေးအရေးယူပေးရန် သတင်းပေးတိုင်ကြားချက်အရ ချောင်းဝဆိပ်ကမ်းနဲ့ ဗားကရာဆိပ်ကမ်းတို့မှာ ဆိုက်ကပ်ထားတဲ့ ရေယာဉ်များကို စစ်ဆေးမှုပြုခဲ့ပါတယ်။

စစ်ဆေးရာမှာ သွင်းကုန် ကြေညာလွှာ မပါရှိသော essence လေးမျိုးကို လည်းကောင်း၊ ကြေညာထားသော ပစ္စည်းများတွင်လည်း အရေအတွက် ကိုက်ညီမှုမရှိသည်ကို လည်းကောင်း Mobile Team အဖွဲ့မှ စစ်ဆေးတွေ့ရခဲ့ပါတယ်။

အဆီနမူနာများကို တိုင်းဦးစီးမှူးရုံး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ လည်းကောင်း၊ အောက်မြန်မာနိုင်ငံ ဓာတုဗေဒဝန်ရုံးသို့ လည်းကောင်း၊ တာဝန်ခံအရာရှိ၊ စားသောက်ကုန် ဓာတ်ခွဲခန်း၊ စိုက်ပျိုးရေးအခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူ အသင်းများသို့ လည်းကောင်း၊ Malt Flavour essence အား တိုင်းဦးစီးမှူးရုံး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနဲ့ အောက်မြန်မာ နိုင်ငံ ဓာတုဗေဒဝန်ရုံးသို့ လည်းကောင်း၊ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် FDA ဓာတ်ခွဲခန်းသို့ အနံ့ရည် နမူနာ ကိုးမျိုးကိုလည်းကောင်း အသီးသီး ပေးပို့စစ်ဆေးခဲ့ပါတယ်။

ဓာတ်ခွဲစမ်းသပ်စစ်ဆေးတွေ့ရှိမှုများအရ essence နမူနာ ရှစ်မျိုးတွင် အယ်လ်ကိုဟော ၃၃ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းခန့်ထိပါဝင်မှုရှိခြင်း၊ လိုင်စင်၊ ID တို့ထက် ပိုမိုတင်သွင်းလာခြင်း၊ essece များကို မီးရှို့စမ်းသပ်ရာမှာ မီးလောင်ကျွမ်းမှုရှိခြင်းတို့ကြောင့် တိုင်ကြားထားတဲ့အတိုင်း ပြည်တွင်း အရက်ချက်လုပ်ငန်းတစ်ရုံက ၎င်းရဲ့ စက်ရုံမှာ အရက်အဖြစ် ပြန်လည်ရောစပ်ရောင်းချရန်အတွက် အရက်ဆီကို essence အဖြစ် တင်သွင်းနေတယ်ဆိုတဲ့အချက် မှန်ကန်ခြင်းတို့ကြောင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အရေးယူဆောင်ရွက်ထားတယ်လို့ သတင်းရရှိပါတယ်။

**MIRT**

## ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ ဟန်းဆက်အပိုပစ္စည်းများနဲ့အထပ်သားများကို မူဆယ် Mobile Team မှ သိမ်းဆည်း

ကုန်သွယ်ရေးဇုန်အလွန် နမ့်အွန်ရွာအနီး ရှောင်ကွင်းလမ်းပေါ်မှာ တရားမဝင်စုပုံထားတဲ့ ဟန်းဆက် အပိုပစ္စည်းများကို မူဆယ် Mobile Team မှ ဧပြီလ ၂၆ ရက်နေ့မှာ စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိ ဟန်းဆက်အပိုပစ္စည်းများကတော့ Power Bank, Click Charger, Phone Case, Bluetooth, Earphone, ဖုန်းဘက်ထရီ၊ Screen Guard, Desktop Charger, Portable 11.9", Adaptor, Hanging Scale တို့ဖြစ်ပါတယ်။ အဆိုပါဟန်းဆက်အပိုပစ္စည်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်လေးဆယ့်လေးသိန်းကျော်ခန့်ဖြစ်ပြီး အကောက်ခွန်အမှုတွဲ ဖွင့်လှစ်အရေးယူထားပြီး ဖြစ်ပါတယ်။ ဧပြီလ ၂၈ ရက်နေ့မှာလည်း ကုန်သွယ်ရေးဇုန်အလွန် (ကျိုန်းစမ်းကျော့) ရှောင်ကွင်းလမ်းပေါ်မှာ တရားမဝင်တင်သွင်းရန် စုပုံထားတဲ့ အထပ်သား ၁၃၅ ချပ်ကို သိမ်းဆည်းရမိခဲ့ပါတယ်။ သိမ်းဆည်းရမိအထပ်သားများကို အဖွဲ့စုံဖြင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ထားပြီးဖြစ်တယ်လို့ သိရပါတယ်။ **MIRT**

## ကြယ်တံခွန်ယာဉ်ပေါ်မှ သုံးဘီးဆိုင်ကယ်အသစ်တစ်စီး သိမ်းဆည်းရမိ

ကုန်သွယ်ရေးဦးစီးဌာန မူဆယ်စခန်း ထုတ်နုတ်အင်အား Mobile Team အဖွဲ့ မှ ဦးစီးအရာရှိ ဦးစီးတဲ့အဖွဲ့သည် ဧပြီလ ၂၆ ရက်နေ့တွင် အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ကြယ်တံခွန်ယာဉ်အမှတ် ၅ဂ/xxxx ပေါ်မှ တရားမဝင် အကောက်ခွန်မဲ့ တင်ဆောင်လာတဲ့ သုံးဘီးဆိုင်ကယ်အသစ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပါတယ်။ သိမ်းဆည်းရမိ အကောက်ခွန်မဲ့ သုံးဘီးဆိုင်ကယ်၏ ခန့်မှန်းတန်ဖိုးမှာ ကျပ်လေးသိန်းငါးသောင်းကျော်ခန့်ဖြစ်ပြီး မြို့နယ်အကောက်ခွန် ဦးစီးဌာနသို့ အဖွဲ့စုံဖြင့် အပ်နှံကာ အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး ဖြစ်ပါတယ်။

**MIRT**



## မဲခေါင်မြစ်ကမ်းနားရေဆိပ်၌ စုပုံချထားသော သစ်များအား တာချီလိတ်ထုတ်နုတ် Mobile Team အဖွဲ့မှ သိမ်းဆည်းရမိ

ကျိုင်းလပ်မြို့၊ ဝမ်ကျင်းရပ်ကွက်၊ နဂါးနှစ်ကောင်ကျောင်းတိုက်အနီး မဲခေါင်မြစ်ကမ်းရေဆိပ်၌ သစ်များ သယ်ချသံကြားသဖြင့် ကျိုင်းလပ်ကုန်သွယ်ရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးဦးစီးသောအဖွဲ့ သွားရောက်စစ်ဆေးရာမှာ သစ်မာခွဲသား အရွယ်စုံ ၆၇ ချောင်း ၃ တန်ခန့် စုပုံထားတာကိုတွေ့ရှိခဲ့ရပါတယ်။ သိမ်းဆည်းရမိသစ်များကို သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်သွားမယ်လို့ သတင်းရရှိပါတယ်။

**MIRT**

## အကောက်ခွန်မဲ့ တရားမဝင်ပစ္စည်းမျိုးစုံ ဖမ်းဆီးဖျက်ဆီး



ဖေဖော်ဝါရီလ ၈ရက်နေ့က ရွှေ့တန်းအမှတ် (၄) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် စစ်ဆင်ရေးကွပ်ကဲ ရေးမှူးနဲ့ သက်နိုးညီနောင်အခြေချစစ်ဗျူဟာမှူး ပူးပေါင်းတဲ့စစ်ဆင်ရေးအဖွဲ့ဟာ တံတားကျိုး စစ်ဆေးရေးဂိတ်မှာ ယာဉ် ၆၄ စီးကို တားဆီးပြီး အကောက်ခွန်မဲ့တရားမဝင်ပစ္စည်းများ ဖမ်းဆီး၍ အမှုတွဲဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ပါတယ်။ အရေးယူဆောင်ရွက်ခဲ့တဲ့ အမှုတွဲများအနက် ဖျက်ဆီးမှု အမှုတွဲ ရှစ်မှုဖြစ်ပြီး ဖျက်ဆီးခဲ့တဲ့ ပစ္စည်းများရဲ့တန်ဖိုးမှာ ၁၁၃ ဒသမ ၆၁၀ ကျပ်သန်းဖြစ်ပါတယ်။ ဖျက်ဆီးခဲ့တဲ့ ပစ္စည်းများမှာ ဘီယာ ၃၇၄၅ ဖာ(တန်ဖိုး ၃၀ ဒသမ ၇၂၆ ကျပ်သန်း)၊ ဘဲဥ ၃၃၀ ကဒ်(တန်ဖိုး ၅ ဒသမ ၉၄၀ ကျပ်သန်း)၊ အရက်မျိုးစုံ ၂၂၅ ဖာ (၃၆ ဒသမ ၄၄၄ ကျပ်သန်း)၊ ကွမ်းစားဆေး ၁၅၀ ဖာ (တန်ဖိုး ၄၀ ဒသမ ၅ ကျပ်သန်း)တို့ဖြစ်ပါတယ်။

ပုပ်သိုးပျက်စီးလွယ်ပစ္စည်းဖြစ်တဲ့ ဘဲဥမှာ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်တဲ့အတွက် ဧပြီလ ၁၁ ရက်နေ့မှာလည်းကောင်း၊ အကောက်ခွန်မဲ့ ပစ္စည်းများဖြစ်တဲ့ အရက်၊ ဘီယာ၊ကွမ်းစားဆေးများ တန်ဖိုး ၁၀၇ ဒသမ ၆၇၀ ကျပ်သန်းဖိုးအား မေလ ၆ ရက်နေ့မှာလည်းကောင်း မြဝတီကုန်သွယ်ရေးဇုန်မှာ ဖျက်ဆီးမှုပြုလုပ်ခဲ့ပါတယ်။ ရွှေ့တန်းအမှတ် (၁၂) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် စစ်ဆင်ရေးကွပ်ကဲရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးနဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများ အဆိုပါအခမ်းအနားသို့ တက်ရောက်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ကသရ(မဝတ)**

## LED မီးချောင်းများကို မူဆယ် Mobile Team မှ စစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန မူဆယ်စခန်းထုတ်နုတ်အင်အား Mobile Team အဖွဲ့သည် ဧပြီလ ၂၆ ရက်နေ့တွင် အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ကြယ်တံခွန် ယာဉ်အမှတ် ၃ဂ/xxxx အား စစ်ဆေးရာယာဉ်ပေါ်မှ တရားမဝင် တင်ဆောင်လာတဲ့ ၂ပေ LED မီးချောင်းအစုံ ၁၀ ဖာကို စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့ပါတယ်။ သိမ်းဆည်းရမိ LED မီးချောင်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သုံးသိန်းရှစ်သောင်းငါးထောင်ခန့်ဖြစ်ပြီး အဖွဲ့စုံဖြင့် မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်နိုင်ခဲ့ပါတယ်။ **MIRT**

# စားသုံးသူအကာအကွယ်ပေးရေးအတွက် နိုင်ငံတကာအကောင်းဆုံး အလေ့အထများကို လေ့လာခြင်း

|မိုဃ်ဇော် MIRT|

**စားသုံးသူဆိုတာ**

ကျွန်တော်တို့အားလုံးသောသူတွေဟာ စားသုံးသူတွေပါပဲ။ တစ်နေရာမှာထုတ်လုပ်သူဖြစ်ပေမယ့် တစ်နေရာမှာကတော့ စားသုံးသူဖြစ်ရတာပါ။ ဒါကြောင့် စားသုံးသူဆိုတာ ကျွန်တော်တို့အားလုံးပါပဲဆိုတဲ့စကားဟာ ထာဝရ မှန်ကန်နေဆဲပါ။ စားသုံးသူဆိုတာ ဘာကိုပြောတာလဲဆိုရင်တော့လည်း ကုန်စည်၊ ပစ္စည်း ဒါမှမဟုတ်ဝန်ဆောင် မှုကိုကုန်သွယ်ရောင်းဝယ်တာ မလုပ်ဘဲ၊ ကိုယ်တိုင်စားသောက်လိုက်တဲ့သူ ဒါမှမဟုတ် သုံးစွဲလိုက်တဲ့သူကို ပြောတာပဲဖြစ်ပါတယ်။

**အကာအကွယ်ပေးရေး**

ဘာကို ကာကွယ်ပေးမှာလဲ၊ ဘယ်လို ကာကွယ်ပေးမှာလဲဆိုရင်တော့ ကုန်စည်၊ ကုန်ပစ္စည်း ဒါမှမဟုတ် ဝန်ဆောင်မှုတွေနဲ့ ပတ်သက်ပြီးတော့ စားသုံးသူတွေအတွက် ကျန်းမာရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းစေရေးအတွက် ဥပဒေကြောင်းအရ အပြည့်အဝအကာအကွယ်ပေးမှာကို ဆိုလိုတာပါ။ ဒီလိုအကာအကွယ်ပေးနိုင်ဖို့ရည်ရွယ်ပြီး မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်မှာ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

**အကောင်အထည်ဖော်မှု**

စားသုံးကာကွယ်ရေးဥပဒေကို ထုတ်ပြန်မှုနဲ့အတူစားသုံးသူရေးရာနဲ့ ပတ်သက်ပြီးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက်လိုအပ်တာတွေကို ဆောလျင်စွာဆောင်ရွက်ခဲ့ရာမှာ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီကို ၂၀၁၄ ဇွန်လ ၄ ရက်နေ့မှာ ဖွဲ့စည်းခဲ့တာတွေ့ရသလို သက်ဆိုင်ရာတိုင်းဒေသကြီးပြည်နယ်တွေမှာ စားသုံးသူရေးရာနဲ့ပတ်သက်ပြီး စားသုံး သူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တွေကိုလည်း ၂၀၁၄ အောက်တိုဘာလ ၁ ရက် နေ့ကစတင်ပြီးတော့ ဖွဲ့စည်းပေးထားခဲ့ပြီး ဖြစ်ပါတယ်။ ဒ့ါအပြင်စားသုံးသူရေးရာ ဦးစီးဌာနက ဝန်ထမ်းတွေဟာလည်း အသိပညာပေးမှုလုပ်ငန်းစဉ်တွေကို ဒေသအလိုက်မြို့နယ်အလိုက်တွေမှာ စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့တာကိုလည်း တွေ့ခဲ့ရပါတယ်။ တစ်ဆင့်ပြီး တစ်ဆင့်၊ တစ်လှမ်းပြီးတစ်လှမ်း ရှေ့သို့အရှိန်အဟုန်မပျက် လျှောက်လှမ်းနေကြတာ ဖြစ်ပါတယ်။

**အပြည်ပြည်ဆိုင်ရာကိုလည်း လေ့လာ**

ကျွန်တော်တို့တစ်တွေရဲ့ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းတွေ ခိုင်မာဖို့အတွက် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက် နိုင်ငံတကာမှာဆောင်ရွက်နေတာတွေ၊ ဖြေရှင်းနေတာတွေ၊ တွေ့ကြုံနေရတာတွေကိုလည်း အမြဲမပြတ်လေ့လာပြီး မြန်မာနိုင်ငံအတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်နေတာပါ။ ဒီလိုဆောင်ရွက်မှုတွေအနက် အလုပ်ရုံဆွေးနွေးပွဲတွေကျင်းပခဲ့ရာမှာ အခုနောက်ဆုံး ကျင်းပခဲ့တာကတော့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ခိုင်မာတိုးတက်စေရေးနဲ့ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ထိရောက်စွာအကောင် အထည်ဖော်နိုင်ရေးအတွက် နိုင်ငံ တကာအကောင်းဆုံးအလေ့အထများကို လေ့လာခြင်းဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ပဲ ဖြစ်ပါတယ်။ အဲဒီဆွေးနွေးပွဲကို မေလ ၇/၈ ရက်တွေမှာ ရန်ကုန်တိုင်းဒေသကြီး Sule Shangri-la ဟိုတယ်မှာ ကျင်းပခဲ့ပြန်ပါတယ်။ ဒီဆွေးနွေးပွဲကိုတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနဲ့ US AID မှ Country Director Mr.Steve Parker ဦးဆောင်ပြီး University of California Irvine School of Law မှ Professor Katherine Porter နဲ့ The US Department of Commerce ရဲ့ Commercial law Development Program မှ Commercial Lawyer Ms Lindsey Scannel တို့ ပါဝင်တဲ့အဖွဲ့တို့ ပူးပေါင်းပြီး ကျင်းပခဲ့ပါတယ်။

**တက်ရောက်ဆွေးနွေးကြသူတွေ**

ဒီဆွေးနွေးပွဲကတော့ ထူးခြား တယ်ဆိုရမှာပါပဲ။ စားသုံးသူကာကွယ်ပေးရေးလုပ်ငန်းများကို ခိုင်မာတိုးတက်စေရေးနဲ့ စားသုံးသူကာကွယ်ပေးရေး ဥပဒေကိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတကာအကောင်းဆုံး အလေ့အထများကို










လေ့လာခြင်းဖြစ်တာကြောင့် အစိုးရဌာနဆိုင်ရာများရော၊ နယ်ဘက်က အဖွဲ့အစည်းပေါင်းစုံပါ တက်ရောက်ခဲ့ကြပါတယ်။ ဒီဆွေးနွေးပွဲမှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ မွန်ပြည်နယ်အစိုးရအဖွဲ့တို့မှ စီမံကိန်းနဲ့စီးပွားရေးဝန်ကြီးများ တက်ရောက်သလို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နဲ့ ဝန်ထမ်းများ၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ မွေးမြူရေးရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနဲ့စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၊ သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေ ချုပ်ရုံး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရုံး၊ UMFCCI နှင့် ညီနောင်အသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော စားသုံးသူကာကွယ်ပေးရေးဆိုင်ရာ အသင်းအဖွဲ့များ၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး) တို့ တက်ရောက်ကြပြီး စိတ်ဝင်တစား ဆွေးနွေးမေးမြန်း အပြန်အလှန်ပြောဆိုနေတာတွေ့ရတော့ စားသုံးသူကာကွယ်ပေးရေးရဲ့ အနာဂတ်လှပမှုကို မြင်ယောင်ပြီး ပီတိဖြစ်ခဲ့ရပါတယ်။

**ဆွေးနွေးပွဲရဲ့ရည်မှန်းချက်**

ကုန်သွယ်မှုမြှင့်တင်ရေးနဲ့ စားသုံးသူရေးရာ ဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဦးလှမော်ဦးက ဒီဆွေးနွေးပွဲကို ရည်ရွယ်ချက် ၅ ရပ်နဲ့ ကျင်းပခဲ့တာဖြစ်ကြောင်း၊ စားသုံးသူကာကွယ်ပေးရေး ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရေးအတွက် နိုင်ငံတကာ ကျွမ်းကျင်သူတွေထံမှတစ်ဆင့် အကောင်းဆုံးအလေ့အထတွေကို လေ့လာသင်ယူနိုင်ဖို့၊ စားသုံးသူကာကွယ်ပေးရေးလုပ်ငန်းတွေ ခိုင်မာတိုးတက်လာစေဖို့၊ အစိုးရဝန်ထမ်းတွေနဲ့ ပြည်သူလူထုကို အသိပညာဖြန့်ဝေပေးဖို့၊ စားသုံးသူကာကွယ်ပေးရေးလုပ်ငန်းတွေကို နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်တွေမှာ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက် အသိပညာ ဗဟုသုတတွေရစေဖို့ စားသုံးသူကာကွယ်ပေးရေးနယ်ပယ်မှာ အစိုးရဝန်ထမ်းတွေနဲ့ ပြည်သူလူထု အားလုံးပါဝင်ဆောင်ရွက်နိုင်စေဖို့၊ ဗဟုသုတနဲ့ အတွေ့အကြုံများရရှိစေဖို့၊ အာဆီယံ စီးပွားရေးအသိုက်အဝန်း တည်ထောင်တဲ့အခါ စားသုံးသူကာကွယ်ပေးရေးကဏ္ဍမှာ အာဆီယံနိုင်ငံများနဲ့ အတူထိရောက်စွာပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် ရည်ရွယ်ကြောင်း သိရှိခဲ့ရပါတယ်။ အင်မတန်ကောင်းမွန်တဲ့ ရည်ရွယ်ချက်ပါပဲ။ စားသုံးသူကာကွယ်ပေးရေးလမ်းမှန်ပေါ် ရောက်ဖို့၊ အောင်မြင်ဖို့၊ အဆင့်မီဆောင်ရွက်နိုင်ဖို့ အတွက်များစွာအထောက်အကူပြုစေမယ့် ဆွေးနွေးပွဲတွေပါဆိုတာ ငြင်းလို့မရပါဘူး။

**ဆွေးနွေးတဲ့ခေါင်းစဉ်တွေက**

ဆွေးနွေးပွဲကို ခေါင်းစဉ် ၆ ခုနဲ့ ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးခဲ့တာတွေကတော့ ကုန်သွယ်မှုမြှင့်တင်ရေးနဲ့ စားသုံးသူရေးရာဦးစီးဌာနက ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးထိုက်က "Strengthening Consumer Protection in Myanmar ခေါင်းစဉ်ကို ဆွေးနွေးခဲ့ပြီး University of California Irvine School of Law မှ Professor Katherine Porter က Overview of US - National Level Consumer Protection Program နဲ့ Protecting Consumer with regard of Credit and goods ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာနက ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ခင်စောလှက Consumer Protection works for DEFA ခေါင်းစဉ်ဖြင့်လည်းကောင်း ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်တင်ဝင်းရီက Existing Laws of Myanmar in the Past of Consumer Protection ခေါင်းစဉ်ဖြင့် လည်းကောင်း UMFCCI မှ အထွေထွေအတွင်းရေးမှူး ဦးအေးလွင်က လည်းစားသုံးသူကာကွယ်ပေးရေးဥပဒေကို ထုတ်လုပ်သူများရော စားသုံးသူများပါ သိရှိလိုက်နာရန် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံစားသုံးသူများသမဂ္ဂဥက္ကဋ္ဌ ဦးရန်လင်းက မြန်မာ နိုင်ငံစားသုံးသူသမဂ္ဂနဲ့စားသုံး သူအကာအကွယ်ပေးရေး ခေါင်းစဉ်နဲ့လည်းကောင်း စာတမ်းတွေဖတ်ကြားတင်ပြကြပြီး တက်ရောက်လာသူများက မေးမြန်းခြင်း၊ အကြံပြုခြင်း၊ ဆွေးနွေးခြင်းတွေ ဆောင်ရွက်ခဲ့ကြပါတယ်။

### အဓိကကျသောခေါင်းစဉ်

အလုပ်ရုံဆွေးနွေးပွဲဒုတိယနေ့မှာတော့ Key Technical on Key Technical Issues Related to Establishing a Strong Framework for Consumer Protection ပိုင်းနဲ့စပ်လျဉ်းပြီး စားသုံးသူအကာအကွယ်ပေးရေး အခွင့်အလမ်းတွေကို အများပြည်သူအလေးဂရုပြုစေဖို့နဲ့ အရေးယူဆောင်ရွက်ရန်အတွက် ဥပဒေ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေဖို့ စားသုံးသူအကာအကွယ်ပေးရေး တိုင်တန်းမှုနည်းလမ်းဆိုင်ရာတွေ၊ ပြည်တွင်းနဲ့ နိုင်ငံဖြတ်ကျော် စားသုံးသူတိုင်တန်းမှုတွေ၊ စားသုံးသူဥပဒေ တွန်းအားပေးဆောင်ရွက်မှုလုပ်ငန်းစဉ်တွေ၊ ပုဂ္ဂလိကစောင့်ကြည့်အဖွဲ့များနဲ့ တရားရုံးများရဲ့အခန်းကဏ္ဍ၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ချိုးဖောက်မှုအတွက် သင့်လျော်တဲ့ ပြစ်ဒဏ်ချမှတ်ခြင်း၊ စားသုံးသူတွေကို အင်တာနက်မှ ရောင်းချခြင်းဆိုင်ရာလုပ်ငန်းတွေ (Internet မှ Online Shopping) အတွက်အကာအကွယ်ပေးမှု ဆိုင်ရာတွေ၊ စားသုံးသူတွေအတွက် ထုတ်လုပ်မှုအရည်အသွေးနဲ့ လုံခြုံစိတ်ချရမှု၊ မှုဘောင်တည်ဆောက်တာတွေကို အပိုင်းလိုက်ခွဲပြီး အသေးစိတ်ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးချက်တွေအရ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေဟာ စားသုံးသူအားလုံးပါဝင်ဖို့ လိုသလို အားလုံးမှာလည်းတာဝန်ရှိနေပါတယ်။

### ပူးပေါင်းဆောင်ရွက်ရေး

စားသုံးသူအကာအကွယ်ပေးရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်ရာမှာ အစိုးရတစ်ဦးတည်းဆောင်ရွက်လို့မရသလိုအဖွဲ့အစည်းတစ်ခု၊ ပုဂ္ဂိုလ် တစ်ယောက်တည်းကဆောင်ရွက်လို့ မရတာကလည်းသေချာလှပါတယ်။ ဒါကြောင့် ဥပဒေနဲ့အညီလိုအပ်တဲ့ အဖွဲ့အစည်းတွေကိုဖွဲ့စည်းဆောင်ရွက်ရသလို ပြည်ပနိုင်ငံအသီးသီးက အဖွဲ့အစည်းတွေနဲ့လည်း ဆက်ဆံဆောင် ရွက်ရပါတယ်။ ထို့အတူ စားသုံးသူတွေရော ထုတ်လုပ်သူတွေပါ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါသေးတယ်။ ဒါကြောင့်လည်း ဥပဒေနဲ့အညီဖွဲ့စည်းဆောင်ရွက်ရာမှာ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့တွေ၊ ထုတ်ကုန်လုံခြုံစိတ်ချမှုဆိုင်ရာ လုပ်ငန်းကော်မတီ၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီစတာတွေကိုလည်း ဖွဲ့စည်းပေးထားခဲ့ပြီးဖြစ်ပါတယ်။ ဒီလို ဖွဲ့စည်းပူးပေါင်းဆောင်ရွက်မှုတွေကို ပြည်တွင်းမှာလုပ်သလို ပြည်ပအဖွဲ့ အစည်းတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့်အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီနဲ့ လက်တွဲဆောင်ရွက်နေတာလည်း တွေ့ရပါတယ်။

### အားလုံးသိဖို့လို

စားသုံးသူဆိုတာဟာ ကျွန်တော်တို့ အားလုံးပါပဲဆိုတာကြောင့် စားသုံးသူအကာအကွယ်ပေးရေးနဲ့ပတ်သက်ပြီး အားလုံးသောသူတွေသိဖို့ လိုအပ်တာကတော့ အမှန်ပါပဲ။ ဒါကြောင့်လည်း အသိပညာပေးမှု လုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ စားသုံးသူများကိုယ်တိုင်က လည်း စားသုံးသူရဲ့အခွင့်အရေးကဘာလဲ၊ စားသုံးသူဘက်ကရော ဘာတာဝန်တွေရှိသလဲ၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တွေကဘယ်မှာ ရှိတာလဲ၊ ဘယ်လိုဆက်သွယ်ရမလဲ၊ ဘာတွေကို သွားပြီးတင်ပြပြောဆိုလို့ရတာလဲစတာတွေ သိဖို့လိုပါတယ်။ ထို့အတူ စီးပွားရေးလုပ်ငန်းရှင် ဒါမှမဟုတ် ထုတ်လုပ်သူတွေကလည်းမိမိတို့ စီးပွားရေးလုပ်ငန်းရှင်တွေဘက်က ဘာတွေသိသင့်သလဲ၊ တာဝန်ရှိမှုကရော ဘာတွေလဲ၊ စီးပွားရေးလုပ်ငန်းရှင်တွေ လိုက်နာရမယ့်တားမြစ်ချက်က ဘာတွေလဲဆိုတာကိုလည်း သိထားဖို့ လိုအပ်ပါတယ်။ ထို့အတူ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ရဲ့တာဝန်ကဘာတွေလဲ၊ သူတို့ကဘာတွေ လုပ်ပေးနိုင်လဲဆိုတာကို စားသုံးသူတွေ/ ထုတ်လုပ်သူတွေနဲ့အားလုံးသောနိုင်ငံသူ နိုင်ငံသားတွေမဖြစ်မနေသိဖို့ လိုအပ်နေပါပြီ။ သင်ကိုယ်တိုင်ရောသိပြီလား၊ မသိသေးရင်တော့ စပြီးလေ့လာကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။

# စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ခိုင်မာတိုးတက်စေရေးနဲ့ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာအကောင်းဆုံးအလေ့အထများကို လေ့လာခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ခိုင်မာတိုးတက်စေရေးနဲ့ စားသုံးသူအကာအကွယ် ပေးရေးဥပဒေကိုထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာ အကောင်းဆုံးအလေ့အထများကို လေ့လာခြင်းဆိုင်ရာ ဆွေးနွေးပွဲကို မေလ ၇ ရက်နေ့နဲ့ ၈ ရက်နေ့တို့မှာ Sule Shangri-La ဟိုတယ်တွင် ကျင်းပရာ USAID မှ Country Director Mr. Steve Parker ဦးဆောင်တဲ့ University of California Irvine School of Law ရဲ့ Professor Katherine Porter , The U.S Department of Commerce ရဲ့ Commercial Law Development Program မှ Commercial Lawyer M.s Lindsey Scannel တို့ပါဝင်သောအဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးတွဲကျင်းပခဲ့ပါတယ်။

အဆိုပါ အခမ်းအနားမှာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက အာဆီယံနိုင်ငံအားလုံးဟာ အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီနဲ့အတူ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိတာကို သိရှိကြမှာဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာ အာဆီယံနိုင်ငံအားလုံးဟာ ၂၀၁၅ မှာ အာဆီယံစီးပွားရေးအသိုက်အဝန်းကို ထူထောင်ပြီး ဒေသတွင်းက စားသုံးသူအဖွဲ့အစည်း တစ်ရပ်လုံးကို အကျိုးကျေးဇူးရရှိစေဖို့အတွက် ကြိုးပမ်းအားထုတ်လျက်ရှိနေပါကြောင်း၊ အဆိုပါရည် မှန်းချက်အောင်မြင်ဖို့ အာဆီယံနိုင်ငံအားလုံးဟာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေနဲ့ မူဝါဒတွေကို ခိုင်မာစေပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အရင်းအမြစ်တည်ဆောက်ရေး လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုဆွေးနွေးပွဲကျင်းပတာဟာ နိုင်ငံတကာ အကောင်းဆုံးအလေ့အထတွေမှ တစ်ဆင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေနဲ့ လုပ်ငန်းတွေကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပြီး ပြည်သူတွေအတွက် စားသုံးသူကာကွယ်ရေးဆိုင်ရာ အလေးဂရုပြုမှုမြှင့်တင်ရန် ဆောင်ရွက်တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ပြောကြားခဲ့ပါတယ်။

ယခုဆွေးနွေးပွဲကို ရည်မှန်းချက် ၅ ရပ်ဖြင့် ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။ အဲဒီရည်မှန်းချက်တွေကတော့စားသုံးသူအကာအကွယ်ပေးရေးဥပဒေကိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် နိုင်ငံတကာ ကျွမ်းကျင်သူများထံမှ အကောင်းဆုံးအလေ့အထများကို လေ့လာသင်ယူနိုင်စေရန်၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ခိုင်မာတိုးတက်စေရေးအတွက် အစိုးရဝန်ထမ်းများနဲ့ ပြည်သူလူထုကို အသိပညာဖြန့်ဝေပေးရန်၊ စားသုံးသူအကာ အကွယ်ပေးရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်တို့တွင် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အသိပညာဗဟုသုတများရရှိစေ ရန်၊ စားသုံးသူ အကာအကွယ်ပေးရေးနယ်ပယ်တွင် အစိုးရဝန်ထမ်းများနဲ့ ပြည်သူလူထုပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဗဟုသုတနှင့်အတွေ့အကြုံ များရရှိစေရန်နဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်းများ တည်ထောင်ရာတွင် စားသုံးသူ အကာအကွယ်ပေးရေးကဏ္ဍ၌ အာဆီယံနိုင်ငံများနှင့်အတူ ထိရောက်စွာပါဝင်ဆောင်ရွက်နိုင်ရန်တို့ဖြစ်ကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံမှာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့ မှာပြဋ္ဌာန်းခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီကို ၂၀၁၄ ခုနှစ် ဇွန်လ ၄ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့တွေကိုလည်း ၂၀၁၄ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့က စတင်ဖွဲ့စည်းခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါ ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံကိန်းနဲ့ စီးပွားရေးဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနဲ့ စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ အစိုးရမဟုတ်သောစားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာနတို့မှ ကိုယ်စားလှယ်များ ၁၃၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။ယခုကဲ့သို့သောဆွေး နွေးပွဲကို မန္တလေးတိုင်းဒေသကြီးမှာလည်း မေလ ၁၁ရက်နေ့မှာ ကျင်းပပြုလုပ်သွားမယ်လို့သိရပါတယ်။

အဆိုပါဆွေးနွေးပွဲကို နှစ်ရက်တိုင်ကျင်းပခဲ့ရာ သက်ဆိုင်ရာကဏ္ဍအလိုက်တာဝန်ရှိသူများက ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရပါတယ်။

ယခုလို စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတွေကို ဥပဒေနဲ့အညီလိုအပ်တဲ့အဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ၊ ထုတ်ကုန်များလုံခြုံ စိတ်ချရ မှုဆိုင်ရာလုပ်ငန်းကော်မတီနဲ့ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီများကိုလည်း တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှာ ဖွဲ့စည်းပြီးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါတယ်။ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတွေကို ပြည်တွင်းမှာလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေက အသင်းအဖွဲ့များနဲ့ပူးပေါင်းဆောင်ရွက်သကဲ့သို့ ပြည်ပမှလည်း အာဆီယံ စားသုံးသူအကာအကွယ်ပေးရေးကော်မတီနဲ့ လက်တွဲဆောင်ရွက်လျက်ရှိနေပါတယ်။ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းတွေကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ စားသုံးသူ ပညာပေးရေးလုပ်ငန်းများနဲ့ အလေးဂရုပြုမှု မြှင့်တင်ရေးလုပ်ငန်းများဟာ အရေးကြီးတဲ့အတွက် ယခုကဲ့သို့ ပြည်ပမှအတတ်ပညာရှင်များကို ဖိတ်ခေါ်ဆွေးနွေးသလို ပြည်တွင်းမှာလည်း ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်သွားမယ်လို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်က ပြောကြားခဲ့ပါတယ်။

**MIRT**

## ပြောင်း

### မူဆယ်ဝယ်လက်ကြောင့် အရောင်းသွက်တဲ့ ရှမ်းပြောင်း

ဒီလမှာ ဆန်ပြောင်းတွေအဝင်နည်းလာပါတယ်။ မူဆယ်ဝယ်လက်တွေက ဝယ်ယူနေတာကြောင့် အရောင်းကသွက်နေပြီး ဈေးကလည်းကောင်းလာပါတယ်။ မူဆယ်ဝယ်လက်တွေက ကားခဈေးကျလာ တာကြောင့် ဈေးတက်ပြီး ဝယ်ယူတယ်လို့လည်း သိရပါတယ်။ တောင်သူတွေလက်ထဲမှာ ပစ္စည်းလက်ကျန်က နည်းသွားပြီး လှောင်လက်တွေဆီမှာသာ လက်ကျန်ရှိနေပါတော့တယ်။

သကြ်ာန်မတိုင်ခင်မှာ တိရစ္ဆာန်အစာစပ်တွေက အဝယ်ခဏရပ်သွားပေမဲ့ သကြ်ာန်အပြီးမှာ အဝယ်ပြန်လိုက်လာပါတယ်။ ရှမ်းပြည်နယ် တောင်ပိုင်းမှာတော့ သကြ်ာန်မတိုင်မီမှာ ရေသွင်းပြောင်းတွေကို ပြန်ပြီးစိုက်ကြပါတယ်။ စိုက်ဧကတော့ နည်းပြီး ဧက ၁၀၀၀၊ ၂၀၀၀ ခန့် သာရှိပါတယ်။ မိုးပြောင်းတွေကတော့ မေလနဲ့ ဇွန်လမှာ ပြန်စိုက်ပြီး စိုက်ဧကက တော့အတော်များပါတယ်။ လက်ရှိပြောင်းဈေးကွက်မှာတော့ ပြောင်းလက်ကျန်ကနည်းပေမယ့် အရောင်းအဝယ်ကတော့သွက်နေတုန်းပါပဲ။ တိရစ္ဆာန်အစာအတွက် ဝယ်ယူနေတဲ့ စီပီကုမ္ပဏီကလည်း ဝယ်ယူဖို့ လျာထားချက်ပြည့်တော့မယ်လို့ တာဝန် ရှိသူတစ်ဦးထံမှ သိရပါတယ်။ သကြ်ာန်မတိုင်မီမှာ ပြောင်းတစ်ပိဿာ ၃၉၅ ကျပ်နဲ့ ဝယ်ယူပြီး သကြ်ာန်အပြီးမှာ တစ်ပိဿာ ၄၂၀ ကျပ်ဈေးနဲ့ ဝယ်ယူနေတယ်လို့ သိရပါတယ်။ နှစ်စဉ်လိုလို မိုးပြောင်းတွေမကုန်ခင်မှာ ရေသွင်းပြောင်းတွေ ဝင်လာမှာဖြစ်လို့ ဈေးကွက်မှာတော့ ပစ္စည်းပြတ်သွားခြင်း မရှိသေးဘူးလို့ ဒေသခံကုန်သည် တွေထံက သိရပါတယ်။

ဒီတစ်ပတ်တောင်ကြီးဈေးကွက်မှာ ပြောင်းတစ်ပိဿာဈေးက ၃၉၀ ကျပ်-၄၀၀ ကျပ်ဈေးရှိပြီး အစာစပ်စက်ရုံတွေက ဝယ်ယူနေတဲ့ ပြောင်းကတော့ တစ်ပိဿာ ၄၂၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

### မူဆယ်မှ ပြောင်းတန်ချိန် နှစ်သောင်းခွဲကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီလ ၂၅ ရက်မှ မေလ ၁ ရက်တာ ကာလအတွင်း ကန်ဒေါ်လာ ၇ ဒသမ ၀၆၆ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၅၂၃၆ တန်ခွဲ တင်ပို့နိုင်ခဲ့ပါတယ်။ ကန်ပိုက်တီး စခန်းကတော့ ကန်ဒေါ်လာ သုည ဒသမ ၀၆၃ သန်း တန်ဖိုးရှိ ပြောင်း ၂၁၇ တန်ခွဲသာ တင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်မှ ၂၀၃၃၀ တန်ကျော်နဲ့ ကန်ပိုက်တီးမှ ၄၅၈ တန်ခွဲ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်ရဲ့ပြောင်းတင်ပို့မှု ၄၆၆၄ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ ယခင်တစ်ပတ်က မူဆယ် ကုန်စည်ဒိုင်မှာ ပြောင်း တစ်တန်ကို မိမိဘက်ဈေး ၃၀၂၇၆၆ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ၃၀၄၆၀၉ကျပ်သို့ ဈေးဆက်လက်မြင့်တက်လာခဲ့ပါတယ်။ ပြောင်းသီးနှံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်၊ မန္တလေးက ဝယ်လက်တွေနဲ့ ဒေသတွင်း အစာစပ်လုပ်ငန်းရှင်များနှင့် တရုတ်ဝယ်လက်များမှလည်း ဝယ်လိုအား ပုံမှန်ရှိခြင်းတို့ကြောင့် ယခုလိုဈေးမြင့်လာရတာဖြစ်တယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင် MIRT**

| ၄-၅-၂၀၁၅ မှ ၈-၅-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| Sr.No. | Forms | Copies | Total Value (US$) |
| 1 | Form A | 62 | 2,591,782.160 |
| 2 | Form D | 66 | 107,266,919.100 |
| 3 | Form E | 78 | 1,177,007.054 |
| 4 | Korea GSP | - | - |
| 5 | Form AK | 33 | 2,053,256.578 |
| 6 | Form AJ | 4 | 101,973.600 |
| 7 | Form AI | 19 | 626,530.708 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | 1 | 37,245.760 |
| Grand Total | | 263 | 113,854,714.960 |

## ရော်ဘာ

### ပင်လယ်ရေကြောင်းကုန်သွယ်မှုအရ ဧပြီလအတွင်း ရော်ဘာတန်ချိန် ၂၇၀၀ ကျော်တင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပြည်ပနိုင်ငံများသို့ ဧပြီလ နောက်ဆုံးပတ်မှာ ကန်ဒေါ်လာ ၁ ဒသမ ၂၄၂ သန်းဖိုးရှိ ရော်ဘာ ၉၈၂ တန်ကျော်တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ ကနေဒါနိုင်ငံသို့ RSS-3 တန် ၁၀၀၊ မလေးရှား နိုင်ငံသို့ RSS-3 တန် ၂၈၀၊ RSS-5 တန် ၅၀၊ MSR 50 တန် ၁၀၀ နဲ့ MSR 20 တန် ၄၀၊ စင်ကာပူနိုင်ငံကို MSR 20 ၃၇၂ တန်ကျော်နဲ့ ပါစ္စတန်နိုင်ငံကို RSS-3 တန် ၄၀ တင်ပို့ခဲ့တာ ဖြစ်ပါတယ်။

ဧပြီလ တစ်လလုံးမှာတော့ ကန်ဒေါ်လာ ၃ ဒသမ ၄၈၉ သန်းဖိုးရှိ ရော်ဘာ ၂၇၂၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး မတ်လနဲ့နှိုင်းယှဉ်ပါက တန်ချိန် ၃၃၉၀ လျော့နည်းခဲ့တာ တွေ့ရပါတယ်။ဧပြီလအတွင်း သကြ်ာန်ရုံးပိတ်ရက်များမှာ လုပ်ငန်းဆောင်ရွက်မှု ခေတ္တရပ်နားခဲ့လို့ဖြစ်ပါတယ်။

ယခုတစ်ပတ်မှာ မြန်မာနိုင်ငံမှ လက်ရှိရော်ဘာ RSS များအပြင် ရော်ဘာအစေးရည် ၆၀ ရာခိုင်နှုန်း DRC (Concentrate Latex 60% DRC) ကို ပထမဦးဆုံး ပြည်ပတင်ပို့နိုင်ရန်အတွက် နိုင်ငံတကာပေါက်ဈေးများနဲ့ နှိုင်းယှဉ်တွက်ချက်ပြီး မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ဈေးနှုန်းထုတ်ပြန်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှ တင်ပို့မယ့် အစေးရည် ၆၀ ရာခိုင်နှုန်း DRCရဲ့ ဈေးနှုန်းမှာ တစ်တန်လျှင် ဒေါ်လာ ၁၀၀၀-၁၁၀၀ ဖြစ်ကြောင်း သိရပါတယ်။ဆက်လက်ပြီး နိုင်ငံတကာရော်ဘာပေါက်ဈေးမှာ တစ်တန်လျှင် ဒေါ်လာ ၅၀ ကျော်တက်လာကြောင်းနဲ့ ပြည်ပပို့မဲ့ မြန်မာ့ရော်ဘာများဈေးကိုလည်း တစ်တန်လျှင် ဒေါ်လာ ၅၀ တိုး၍ ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါတယ်။ အသင်းမှ ထုတ်ပြန်တဲ့ဈေးနှုန်းများကို ဖော်ပြပေးလိုက်ပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၅၀-၁၅၅၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၀၀-၁၅၀၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |

**ယဉ်ယဉ်အေး MIRT**

### ကုန်သွယ်ရေးစခန်းများမှ ဧပြီလတွင် ရော်ဘာတန် ၃၇၀၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧပြီလ နောက်ဆုံးပတ်မှာ ကန်ဒေါ်လာ ၁ ဒသမ ၉၃၅ သန်းဖိုးရှိ ရော်ဘာ ၁၄၀၇ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင်မှ RSS-3 ၁၁၀၂ တန်ခန့်၊ MSR 20 ၁၃၅ တန်ကျော်နဲ့ ချင်းရွှေဟော်စခန်းမှ RSS-3 တန်၁၇၀ ဖြစ်ပါတယ်။

ဧပြီလအတွင်းမှာတော့ ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၅ ဒသမ ၀၇၇ သန်းဖိုးရှိ ရော်ဘာ ၃၇၄၁ တန်ကျော်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး မတ်လထက် တန် ၂၂၂၀ လျော့နည်းခဲ့ပါတယ်။ ဧပြီလ နောက်ဆုံးပတ်မှာ မူဆယ်ကုန်စည်ဒိုင်မှာ ရော်ဘာဈေး အနည်းငယ်အတက်ရှိကြောင်း သိရပါတယ်။ RSS-3 တစ်တန်လျှင် ယခင်တစ်ပတ်က ၁၄၆၀၉၃၃ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၁၄၆၉၈၂၆ ကျပ်သို့ ဈေးအနည်းငယ်တက်လာပါတယ်။

**ယဉ်ယဉ်အေး MIRT**

### အိန္ဒိယအစိုးရက သဘာဝရော်ဘာတင်သွင်းခွန်ကို မြှင့်တင်


အိန္ဒိယအစိုးရက ၂၀၁၅ ခုနှစ် ဘတ်ဂျက်ကိုကြေညာတဲ့အချိန်မှာ သဘာဝရော်ဘာတင်သွင်းခွန်ကို ၂၀ ရာခိုင်နှုန်းကနေ ပြန်လည်လျှော့ချပေးလိမ့်မယ်လို့ မော်တော်ကားတာယာထုတ်လုပ်သူများအသင်း(Automatic Tyre Manufacturers Association-ATMA )က မျှော်လင့်ချက်ထားပြီး စောင့်ကြည့်လေ့လာနေခဲ့ပါတယ်။ ဒါပေမယ့် လက်တွေ့မှာ ဖြစ်မလာဘဲ နောက်နှစ်လအကြာမှာ အိန္ဒိယအစိုးရက သဘာဝရော်ဘာတင်သွင်းခွန်ကို ၂၀ ရာ ခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းသို့ တိုးမြှင့်ပေးလိုက်ကြောင်း အီကောနောမစ်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

ဒီလို သဘာဝရော်ဘာတင်သွင်းခွန်ကို တိုးမြှင့်လိုက်တဲ့အတွက် ဈေးနှုန်းယှဉ်ပြိုင်နိုင်အောင် အပြင်းအထန်ကြိုးစားနေရတဲ့ အိန္ဒိယတာယာထုတ်လုပ်သူတွေကို ဆိုးဆိုးဝါးဝါးထိခိုက်နိုင်ပါတယ်။ ထို့အတူ အိန္ဒိယနိုင်ငံအတွင်းဝင်ရောက်ရင်နှီးမြှုပ်နှံမှုကို အဟန့်အတားဖြစ်စေနိုင်ပါတယ်။ ဒီလိုဆောင်ရွက်လိုက်တဲ့အတွက် ထုတ်လုပ်ပြီးသားကုန်ချောတွေကို အိန္ဒိယနိုင်ငံအတွင်းသို့အိမ်နီးချင်း နိုင်ငံတွေကစုပြုံပြီးတင်သွင်းလာနိုင်ဖို့ အခွင့်အလမ်းတွေပေးသလို ဖြစ်စေနိုင်ပါတယ်။

ယခုအချိန်ထိ ကုန်ချောအတွက် ကောက်ခံတဲ့အခြေခံအကောက်ခွန်က ၁၀ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဒါပေမယ့် အာဆီယံနိုင်ငံ တစ်နိုင်ငံချင်းစီနဲ့ ချုပ်ဆိုထားတဲ့ သဘောတူစာချုပ်တွေအရ ဒီအကောက်ခွန်က သုည ရာခိုင်နှုန်းမှ ၈ ဒသမ ၆ ရာခိုင်နှုန်းထိ အမျိုးမျိုးရှိပါတယ်။

အိန္ဒိယရဲ့ရော်ဘာထုတ်လုပ်မှုက ၂၀၁၄-၁၅ ခုဘဏ္ဍာရေးနှစ်မှာ ၁၂ နှစ်အတွင်း အနိမ့်ဆုံးနှုန်းကို ရောက်ရှိပြီး ၂၀၁၃-၂၀၁၄ ခုနှစ်နဲ့နှိုင်းယှဉ်ရင် ၁၅ ရာခိုင်နှုန်းလျော့ကျပါတယ်။ ဒါပေမယ့် ယခင်နှစ်ကနဲ့နှိုင်းယှဉ်ရင် ဝယ်လိုအားက ၄ ရာခိုင်နှုန်းမြင့်တက်ပြီး ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှာတန်ချိန် ၄ ဒသမ ၅သန်း (ရှုပီး ၄ ဒသမ ၅ ကုဋေ) ရှိခဲ့တဲ့အတွက် ယခင်က ဘဏ္ဍာနှစ်နဲ့နှိုင်းယှဉ်ရင် ၁၅ ရာခိုင်နှုန်းကျော် ပိုမိုခဲ့ပါတယ်။ ယခုလိုဆောင်ရွက်တဲ့အတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းမှာက သက်ဆိုင်ရာဒေသက လယ်သမားတွေဖြစ်ပါတယ်။

**ဉာဏ်တင်**



# ရန်ကုန်တွင် အမေရိကန်ဒေါ်လာရောင်းဈေးနှင့် အကယ်ဒမီရွှေဈေး အပြောင်းအလဲ (၂၀၁၅ခုနှစ်ဧပြီလ)

|ကျော်မြင့်|

ရန်ကုန်အမေရိကန်ဒေါ်လာရောင်းဈေးနှင့် ရန်ကုန် အကယ်ဒမီရွှေဈေး ပြောင်းလဲမှုကို နေ့စဉ်ဈေးများပေါ်အခြေခံပြီး လအလိုက် ပျမ်းမျှဈေးအဖြစ် ပြောင်းလဲတွက်ချက်ပြီး ဇယား-၁ တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။

**ရန်ကုန်အမေရိကန်ဒေါ်လာရောင်းဈေး။** ၂၀၁၅ ခုနှစ် ဧပြီလ တွင် ရန်ကုန် ငွေကြေးလဲလှယ်သူများ၏ အမေရိကန်ဒေါ်လာ ပျမ်းမျှ ရောင်းဈေးသည် ၁၀၈၃ ကျပ်ထိဖြစ်လာသဖြင့် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ဧပြီလ၊ ၂၀၁၄ ခုနှစ် ဧပြီလများထက် သိသာစွာ ရောင်းဈေးပိုမြင့်လာသည်။ မြန်မာကျပ်ငွေ့ခိုင်မာမှု အားပျော့လာခဲ့သည်။

**ဇယား-၁။ လအလိုက်ပျမ်းမျှ ရန်ကုန်ကန်ဒေါ်လာရောင်းဈေးနှင့် ကမ္ဘာ့ရွှေဈေးနှင့် ရန်ကုန်အကယ်ဒမီရွှေဈေး**

| လအမည် | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ |
|---|---|---|---|---|---|---|---|---|---|
| | ကန်ဒေါ်လာရောင်းဈေး (ကျပ်) | | | ကမ္ဘာ့ရွှေ ဈေး (USD per ounce) | | | ရန်ကုန် အကယ်ဒမီရွှေဈေး(ကျပ်=ကျပ်သား) | | |
| ဇန် | ၈၅၇ | ၉၈၄ | ၁၀၃၃ | ၁၆၇၃ | ၁၂၄၅ | ၁၂၅၀ | ၇၆၄၇၉၆ | ၆၅၈၅၄၄ | ၆၈၀၄၆၃ |
| ဖေ | ၈၅၉ | ၉၈၃ | ၁၀၃၄ | ၁၆၃၃ | ၁၂၉၉ | ၁၂၃၃ | ၇၅၂၈၀၉ | ၆၇၆၆၃၅ | ၆၈၄၇၆၀ |
| မတ် | ၈၇၈ | ၉၆၈ | ၁၀၆၉ | ၁၅၉၁ | ၁၃၃၉ | ၁၁၇၇ | ၇၄၃၆၃၉ | ၆၇၉၉၈၈ | ၆၇၀၇၀၇ |
| ဧပြီ | ၈၈၅ | ၉၆၃ | ၁၀၈၃ | ၁၄၉၁ | ၁၂၉၆ | ၁၂၀၀ | ၇၂၆၅၅၀ | ၆၆၄၃၆၀ | ၆၈၄၄၆၀ |
| မေ | ၉၂၅ | ၉၆၅ | | ၁၄၁၇ | ၁၂၉၀ | | ၇၀၉၃၉၂ | ၆၆၀၀၃၆ | |
| ဇွန် | ၉၆၄ | ၉၇၃ | | ၁၃၄၃ | ၁၂၇၈ | | ၇၀၁၇၂၈ | ၆၆၀၂၄ | |
| ဇူလိုင် | ၉၈၈ | ၉၇၃ | | ၁၂၈၅ | ၁၃၁၁ | | ၆၈၉၈၇၂ | ၆၇၆၈၈၈ | |
| သြ | ၉၇၂ | ၉၇၂ | | ၁၃၅၂ | ၁၂၉၅ | | ၇၀၂၃၇၄ | ၆၇၁၈၆၉ | |
| စက် | ၉၇၃ | ၉၈၃ | | ၁၃၅၁ | ၁၂၄၁ | | ၇၀၅၆၄၄ | ၆၅၇၂၄၆ | |
| အောက် | ၉၇၁ | ၉၉၇ | | ၁၃၁၆ | ၁၂၂၆ | | ၆၈၈၂၇၂ | ၆၅၅၀၄၂ | |
| နို | ၉၇၆ | ၁၀၃၄ | | ၁၂၇၈ | ၁၁၇၆ | | ၆၇၅၀၆၅ | ၆၅၀၂၈၃ | |
| ဒီ | ၉၈၅ | ၁၀၄၂ | | ၁၂၂၄ | ၁၁၉၉ | | ၆၅၂၆၂၈ | ၆၆၄၀၅၈ | |
| တစ်နှစ်ပတ်လုံးပျမ်းမျှ | ၉၃၆ | ၉၈၆ | | ၁၄၁၃ | ၁၂၆၆ | | ၇၀၉၃၉၇ | ၆၆၄၇၄၈ | |

**ဓာတ်မြစ်။** www.etrademyanmar.com**(နေ့စဉ်ဈေးများကို လ အလိုက်ပျမ်းမျှ ဈေးအဖြစ်ပြောင်းလဲတွက်ချက်ဖော်ပြထားပါသည်)**

**ဇယား-၂။ နှစ်အလိုက်ပျမ်းမျှကန်ဒေါ်လာရောင်းဈေး (၂၀၀၆ မှ ၂၀၁၅)**


| ခုနှစ် | နှစ်အလိုက်ပျမ်းမျှကန် ဒေါ်လာရောင်းဈေး |
|---|---|
| ၂၀၀၆ | ၁၂၈၁ |
| ၂၀၀၇ | ၁၃၀၄ |
| ၂၀၀၈ | ၁၂၀၀ |
| ၂၀၀၉ | ၁၀၇၇ |
| ၂၀၁၀ | ၉၇၃ |
| ၂၀၁၁ | ၈၁၈ |
| ၂၀၁၂ | ၈၄၁ |
| ၂၀၁၃ | ၉၃၆ |
| ၂၀၁၄ | ၉၈၆ |

**ဓာတ်မြစ်။** www.etrademyanmar.com

**ကမ္ဘာ့ရွှေဈေး။** ၂၀၁၅ ခုနှစ် ဧပြီလတွင် ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စကို ၁၂၀၀ ကန်ဒေါ်လာရှိသဖြင့် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ဧပြီလ၊ ၂၀၁၄ ခုနှစ် ဧပြီလများတွင် ဖြစ်ပေါ်ခဲ့သော ဈေးများအောက်သို့ ရောက်သွားခဲ့သဖြင့် ကမ္ဘာ့ရွှေဈေးကျလာသည့်အခြေအနေတွင် ရှိသည်။ သို့သော် ၂၀၁၅ ခုနှစ် ဧပြီလ ကမ္ဘာ့ရွှေဈေးသည် ၂၀၁၅ ခုနှစ် မတ်လထက်ဈေးမြင့်လာသည်။ ဇယား-၁ ကို ကြည့်ရှုရန်ဖြစ်ပါသည်။

**ရန်ကုန်အကယ်ဒမီရွှေဈေး။** ၂၀၁၅ ခုနှစ် ဧပြီလတွင် ရန်ကုန် အကယ်ဒမီ ရွှေဈေးသည် ၂၀၁၄ ခုနှစ် ဧပြီလရွှေဈေးထက် ၃ ရာခိုင်နှုန်းကျော် ဈေးမြင့်လာခဲ့သည်။ ရန်ကုန် အကယ်ဒမီရွှေဈေးသည် ၂၀၁၄ ခုနှစ် ဧပြီ၊ မေ၊ ဇွန်လများတွင် ဆက်တိုက်ဈေးကျလာခဲ့သည်။ ၂၀၁၅ ခုနှစ် ဧပြီလတွင် ကမ္ဘာ့ရွှေဈေးမြင့်လာခဲ့သဖြင့် ရန်ကုန် အကယ်ဒမီရွှေဈေးသည်လည်း ဈေးမြင့်လာခဲ့သည်။ ဇယား-၁ ကို ကြည့်ရှုရန်ဖြစ်ပါသည်။

ပုံ-၁။ ရန်ကုန်အမေရိကန်ဒေါ်လာနေ့စဉ်ရောင်းဈေးနှင့် ရန်ကုန် အကယ်ဒမီ ရွှေနေ့စဉ်ဈေးပြောင်းလဲမှု (၂၀၁၄ မှ ၂၀၁၅ ဧပြီလထိ)




ပုံ-၂။ နေ့စဉ်ကမ္ဘာ့ရွှေဈေးနှင့် ရန်ကုန်အကယ်ဒမီရွှေနေ့စဉ်ဈေး ပြောင်းလဲမှု (၂၀၁၄ မှ ၂၀၁၅ ဧပြီလထိ)




**ဓာတ်မြစ်။** www.etrademyanmar.com

၂၀၁၅ ခုနှစ် မတ် ၂၈ ရက်နေ့ (commodity online) သတင်းများအရ ရွှေဝယ်လိုအားသည် အာရှဘက်ဦးတည်လာပြီး ကမ္ဘာတစ်ဝန်းက ငွေကြေးမျိုးစုံ သုံးစွဲသည့်စနစ်တစ်ခုကို ပြောင်းလဲလာသည့်အတွက် ရွှေအပေါ် အမေရိကန်ဒေါ်လာ လွှမ်းမိုးထားမှုမှာ အားပျော့လာနေပြီဟု ကမ္ဘာ့ရွှေကောင်စီ (WGC) က ပြောကြား သည်။ "ယေဘုယျအားဖြင့် ရွှေနဲ့ဒေါ်လာဟာ အပြန်အလှန်ပြောင်းပြန် ဆက်စပ် နေပါတယ်။ ကျွန်တော်တို့ရဲ့ဆန်းစစ်ချက်တွေအရဆိုရင် ဒေါ်လာအား ပျော့တဲ့အခါမှာ ရွှေဈေးတက်လာပါတယ်။ ဒေါ်လာအားကောင်းလာတဲ့အခါ ရွှေဈေးကျသွားတတ်ပါတယ်"ဟု WGC ကပြောသည်။ "ကျွန်တော်တို့ အမြင်အရဆိုရင် ရွှေနဲ့ ဒေါ်လာငွေကြေးဆက်စပ်မှုဟာ ပြီးခဲ့တဲ့ဆယ်စုနှစ်များအတွင်းမှာ အတော့်ကို ပြောင်းလဲသွားပါပြီ။ ထပ်ပြီး အပြောင်းအလဲရှိနေဦးမှာပါ။ ဒါကလည်း အာရှရွှေဝယ်လိုအားမြင့်လာတာရယ်၊ ကမ္ဘာတစ်ဝန်းမှာ ငွေကြေးမျိုးစုံသုံးစွဲလာတာရယ်ကြောင့်ပါ" ဟု WGC က ဆက်လက်ပြောကြားသည်။

၂၀၁၅ ခုနှစ် ဧပြီလ ၂၈ ရက်နေ့ (ရိုက်တာ)သတင်းများအရ အမေရိကန် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကဏ္ဍ မတ်လတွင် အားပျော့ခဲ့သည့်အတွက် ကမ္ဘာ့ရွှေဈေးမှာ ယနေ့တွင် တစ်အောင်စလျှင် ဒေါ်လာ ၁၂၀၀ ကျော် ဈေးတက်ခဲ့သည်။ ပြီးခဲ့သည့် မတ်လအတွင်း အမေရိကန်နိုင်ငံရှိ အလုပ်အကိုင်ရရှိမှုအရေအတွက်မှာ တစ်နှစ်ကျော်အတွင်း အနည်းဆုံးဖြစ်ခဲ့ပြီး ဈေးကွက်ခန့်မှန်းချက်ကို ပြည့်မီခဲ့ခြင်းမရှိဟု အမေရိကန်ပုဂ္ဂလိက အလုပ်ရှင်များကဆိုသည်။ ယင်းသို့ အလုပ်အကိုင်ကဏ္ဍ အားပျော့မှုက ဗဟိုဘဏ်၏ အတိုးနှုန်းမြှင့်တင်နိုင်မှုအတွက် မျှော်လင့်ချက်များ ပြန်လည်ရောင်ခြည်သမ်းလာပြီး လေ့လာသူအချို့က အတိုးနှုန်းမြှင့်တင်မှုမှာ ဇွန်လအစောပိုင်းဖြစ်လာဖွယ်ရှိနေသည်ဟု ခန့်မှန်းနေကြသည်။

ဧပြီလ ၂၈ ရက်နေ့ ဂရင်းနစ်စံတော်ချိန် ၀၆း၅၅ နာရီက ရွှေဈေးမှာ သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တစ်အောင်စလျှင် ၁၂၀၅ ဒသမ ၈၀ ဒေါ်လာဈေးရှိခဲ့ သည်။ ယင်းမှာ ယခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့နောက်ပိုင်း တစ်ရက်အတွင်း ရွှေဈေးအမြင့်ဆုံးမြင့်တက်မှုဖြစ်ခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်က ရွှေဈေးမှာ ၁၂၁၉ ဒသမ ၄၀ ဒေါ်လာဈေးရှိခဲ့ပြီး မတ်လ ၂ ရက်နောက်ပိုင်း အမြင့်ဆုံးဖြစ်ခဲ့သည်။ ယင်းသို့ မြင့်တက်ခဲ့ခြင်းမှာ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်မှုကို ဖြေးညှင်းစွာ လုပ်ဆောင်နိုင်သည်ဟု ခန့်မှန်းချက်များကြောင့် ဖြစ်သည်။ ဧပြီလ ၂၉ ရက်နေ့ ဈေးကွက် အရောင်း အဝယ်မှာပါးဖွယ်ရှိပြီး ဈေးကွက်အများစုမှာ အီစတာပွဲတော်အတွက် ပိတ်ထား ကြမည်ဖြစ်သည်။ ဇွန်လအတွက် အမေရိကန်ရွှေကြိုပွဲ့င့်ဈေးမှာ သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး တစ်အောင်စ ၁၂၀၅ ဒသမ ၈၀ ဈေးရှိခဲ့သည်။

## ရန်ကုန်မြို့ရှိ အဆောက်အဦဟောင်းကိုပြုပြင်၍ ဟိုတယ်အဖြစ် အသွင်ပြောင်းရန်အတွက် ယူအိုဘီဘဏ်မှ ငွေထုတ်ချေးပေးခဲ့



United Oversea Bank (ယူအိုဘီဘဏ်)သည် ရန်ကုန်မြို့၊ ဗိုလ်ဆွန်ပက်လမ်းပေါ်ရှိ ယခင်နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနပိုင် အဆောက်အအုံဟောင်းကို ပြင်ဆင်၍ ဟိုတယ်တစ်လုံးအဖြစ် အသွင်ပြောင်းမည့်ကိစ္စရပ်အတွက်ငွေထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မကြာသေးမီကာလကမှ လာရောက်ဖွင့်လှစ်ခဲ့သည့် နိုင်ငံခြားဘဏ်ကြီးတစ်ဘဏ်အနေဖြင့် ယခုကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့်လုပ်ငန်းတစ်ခုအား ငွေထုတ်ချေးပေးခြင်းသည် ပြည်တွင်းတွင် ပထမဦးဆုံး ငွေထုတ်ချေးသည့် နိုင်ငံခြားဘဏ်တစ်ခုအဖြစ် ရပ်တည်ခဲ့ကြောင်း ယူအိုဘီဘဏ်၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ယူအိုဘီဘဏ်သည် ဗိုလ်ဆွန်ပက်လမ်းတွင် Rangoon Excelsior အမည်ဖြင့်ဟိုတယ်ဖွင့်လှစ်မည့်အဆောက်အဦဟောင်းအား ပြင်ဆင်မွမ်းမံရန် ငွေထုတ်ချေးပေးခဲ့ခြင်း ဖြစ်သည်။

ယူအိုဘီအုပ်စု၏ Group Strategy နှင့် International Management ဆိုင်ရာ မန်နေးဂျင်းဒါရိုက်တာ တစ်ဦးဖြစ်သူ Mr. Ian Wong က ဝန်ဆောင်မှုနယ်ပယ်သည် ယူအိုဘီအနေဖြင့် မြန်မာနိုင်ငံတွင် အဓိကထား ပံ့ပိုးလိုသည့်နယ်ပယ်လေးခုအနက်မှ တစ်ခုဖြစ်ကြောင်း၊ ယခုကဲ့သို့ ရန်ကုန်မြို့တွင် အသစ်ဖွင့်လှစ်မည့်ဟိုတယ်တစ်လုံးအား ငွေကြေးပံ့ပိုးပေးခြင်းသည် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည့် စီးပွားရေးလုပ်ငန်းများကို ကူညီပေးချင်သည်ဆိုသော ယူအိုဘီ၏ ရည်ရွယ်ချက်နှင့်လည်း ကိုက်ညီကြောင်း၊ နောက်လာမည့်ဆယ်စုနှစ်အတွင်း ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံတွင် အလုပ်အကိုင်သစ်များ ဖန်တီးနိုင်မည့် နယ်ပယ်တစ်ခုဖြစ်လာနိုင်သည့်အတွက် Rangoon Excelsior ကဲ့သို့သော ခရီးသွားလုပ်ငန်းကို ပိုမိုဖွံ့ဖြိုးတိုးတက်စေမည့်အခြေခံအဆောက်အဦများကို ဖန်တီးတည်ဆောက်လိုသည့်လုပ်ငန်းများနှင့်အတူ လက်တွဲလုပ်ကိုင်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယခုကဲ့သို့ Rangoon Excelisor သို့ချေးငွေကူညီပံ့ပိုးပေးခြင်းဖြင့်ရန်ကုန်မြို့လယ်ခေါင်ရှိ ကိုလိုနီခေတ်က တည်ဆောက်ခဲ့သော ရှေးဟောင်းအဆောက်အဦတစ်ခုသည် လှပခမ်းနားသော ကြယ်ငါးပွင့်ဟိုတယ်တစ်လုံးအဖြစ် ပေါ်ထွက်လာမည်ဖြစ်ကြောင်း သိရသည်။

"ဒါဟာ ကျွန်မတို့အတွက် ထူးခြားတဲ့သမိုင်းမှတ်တိုင်တစ်ခုဖြစ်သလို ယူအို ဘီဟာလည်း ဒီစီမံကိန်းရဲ့အဓိကအရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့ပါပြီ။ အခုဆိုရင် မြန်မာနိုင်ငံမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွေဟာ အရှိန်အဟုန်နဲ့ ပြောင်းလဲဖြစ်ပေါ်နေတာကြောင့် ကမ္ဘာလှည့်ခရီးသွားတွေသာမက မြန်မာလူမျိုးတွေအတွက်လည်း ရန်ကုန်မြို့တော်ရဲ့သမိုင်းထဲက အစိတ်အပိုင်းတစ်ခုကို ထိန်းသိမ်းစောင့်ရှောက်ချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီဟိုတယ် စီမံကိန်းကို အကောင်အထည်ဖော်ဖြစ်တာပါ"ဟု Rangoon Excelsior မှ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်စုစုတင်က ပြောကြားခဲ့သည်။

ယူအိုဘီဘဏ်သည် ၂၀၁၄ခုနှစ် အောက်တိုဘာလအတွင်းက နိုင်ငံတော် အစိုးရမှ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ် ကိုင်ခွင့်လိုင်စင်ကို ပေးအပ်လိုက်သည့် နိုင်ငံခြားဘဏ် ကိုးခုအနက် တစ်ခု အပါအဝင်ဖြစ်ပြီး ပြည်တွင်းငွေချေးခြင်းလုပ်ငန်းကို ပထမဦးဆုံးစတင်လုပ်ဆောင်သည့် ဘဏ်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**




## အိမ်ရာဆောက်လုပ်မည့် သူတိုင်း လာရောက်ကြည့်ရှုသင့်သည့် ဒုတိယအကြိမ်မြောက် Build Tech Yangon 2015 ပြပွဲ ပြသမည်

အိမ်ရာဆောက်လုပ်မည့်သူတိုင်း လာရောက်ကြည့်ရှုသင့်သည့် ဒုတိယအကြိမ်မြောက် Build Tech Yangon ၂၀၁၅ ပြပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိမြန်မာကွန်ဗင်းရှင်းစင်တာတွင် မေလ ၂၇ရက်နေ့မှ ၂၉ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့နှင့်အတူ ဗီယက်နမ်၊ စင်ကာပူနိုင်ငံတို့မှ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့်အင်ဂျင်နီယာလုပ်ငန်းရှင်များ ပူးပေါင်းကာ ပြသခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲတွင် အိမ်ရာဆောက်လုပ် ရေးနှင့်ဆိုင်သည့်ဆွေးနွေးပွဲများ၊အိမ်ရာဆောက်လုပ်ရာတွင် လိုအပ်သည့်ချေးငွေများ ရယူနိုင်ရေးအတွက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှလည်း လာရောက်ဆွေးနွေးပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြပွဲတွင် ဂျာမနီ၊ တောင် ကိုရီးယား၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းနိုင်ငံတို့မှ ကုမ္ပဏီပေါင်း ၁၅၀ကျော်တို့က ပါဝင်ပြသကြမည်ဖြစ်ကြောင်း သိရသည်။

Build Tech Yangon ၂၀၁၅ ပြ ပွဲသည် ဆောက်လုပ်ရေးဆိုင်ရာ ကဏ္ဍများတိုးတက်စေရန်အတွက် လိုအပ်သောဗဟုသုတများနှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက်ဖြေရှင်းရန်နည်းလမ်းများအား အပြန်အလှန်ဖလှယ်နိုင်မည့် ပေါင်းကူးတံတားသဖွယ် ချိတ်ဆက်ပေးမည့် ပြပွဲတစ်ရပ်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင်ပြုလုပ်မည့်ဆွေးနွေးပွဲများ သို့တက်ရောက်လာသည့် လူငယ်အင်ဂျင်နီယာများအား မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ သတ်မှတ်ပေးထားသည့် CPD Power များကိုလည်း ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ စီမံကိန်းအတွက် ဝယ်ယူခွင့်လျှောက်လွှာပုံစံများအား အိမ်ခြံမြေဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် House.com.mm တွင် ရယူနိုင်

ဝင်ငွေနည်းသော ပြည်သူများအား ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်လျက်ရှိသော တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများအနက်မှ အစောဆုံး အကောင်အထည်ဖော်ခဲ့သည့် စီမံကိန်းတစ်ခုဖြစ်သည့် လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းမှ အဆောက်အဦပုံစံများ၊ အခန်းအနေအထားများနှင့် ဈေးနှုန်းများအား အိမ်ခြံမြေဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် House.com.mm တွင် ဝင်ရောက် ကြည့်ရှု၍ လေ့လာနိုင်သကဲ့သို့ဝယ်ယူခွင့်လျှောက်လွှာပုံစံကိုလည်း ရယူနိုင်ပြီဖြစ်ကြောင်း သိရသည်။



ရွှေလင်ပန်းအိမ်ရာစီမံကိန်းအား အဆင့်သုံးဆင့်ခွဲ၍ အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းပထမအဆင့်တွင် အခန်းအရေအတွက် ၇၆၈ခန်း၊ ဒုတိယအဆင့်တွင် အခန်းအရေအတွက် ၄၉၆ခန်းနှင့် တတိယအဆင့်တွင် အခန်းအရေအတွက် ၆၄၄ခန်း ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အခန်းအမျိုးအစားများ အပေါ်မူ တည်၍ ဈေးနှုန်းများ ကွာခြားနိုင်ပြီး ကျပ်သိန်း ၁၁၀မှ သိန်း ၁၂၀အထိရှိကြောင်း သိရသည်။

လက်ရှိတွင် စီမံကိန်းပထမဆင့်တိုက်ခန်းများမှာ ဆောက်လုပ်ပြီးစီး၍ စတင်ရောင်းချလျက်ရှိပြီးကျန်ရှိသော စီမံကိန်းဒုတိယဆင့်နှင့်တတိယဆင့်များကိုလည်း လာမည့်နှစ်တွင် ပြီးစီးရန် မျှော်မှန်းထားကြောင်း သိရသည်။

ရွှေလင်ပန်းအိမ်ရာစီမံကိန်းမှ တိုက်ခန်းများအား အရစ်ကျငွေပေးချေမှုစနစ်ဖြင့်လည်း ဝယ်ယူနိုင်မည်ဖြစ်ပြီး အရစ်ကျဝယ်ယူလိုသူများအနေဖြင့် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ဆက်သွယ်၍ ဝယ်ယူနိုင်ကြောင်း သိရသည်။

ငွေပေးချေမှုကိုလည်း ယခင်က လေးနှစ်ကာလသာ သတ်မှတ်ထားသော်လည်း ယခုအခါ ရှစ်နှစ်အထိ တိုးမြှင့် ပေးခဲ့သည်။ ယင်းသို့ တိုးမြှင့်ပေးခဲ့သဖြင့် ကနဦး ငွေပေးချေမှု ပမာဏအဖြစ် အိမ် ခန်းတန်ဖိုး၏ ၃၀ရာခိုင်နှုန်း ပေးသွင်းပြီးပါက လစဉ်တစ်လလျှင် ကျပ် တစ်သိန်းကျော်သာ ပေးသွင်းရတော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းအိမ်ရာစီမံကိန်းတွင် ဝယ်ယူလိုသူများအနေဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ ဖြိုးရေးဦးစီးဌာနသို့ တင်ရမည့် လျှောက်လွှာပုံစံကို www.house.com.mm/ministry-of-construction တွင် ဝင် ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# Hummingbird စားသောက်ခန်းမနှင့် Roof Terrace ကို ရန်ကုန်မြို့တွင်ဖွင့်လှစ်



လက်တင်အမေရိကတွင် ထင်ရှား ကျော်ကြားသည့် Hummingbird စားသောက်ခန်းမနှင့် Roof Terrace ကို ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်းတွင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စားသောက်ဆိုင်ကိုဖွင့်လှစ်ရခြင်းမှာ အရည်အသွေးမြင့်မားပြီး ကောင်းမွန်သည့်စားသောက်ဖွယ်ရာများကို နှစ်သက်စွာ သုံးဆောင်လိုသူများအတွက် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းစားသောက်ဆိုင်သည် ဘုန်းကြီးလမ်းရှိ သမိုင်းဝင်သုံးထပ်တိုက် အဆောက်အအုံတစ်လုံးကို သေချာစွာ မွမ်းမံပြင်ဆင်ထားသည့် အဆောက်အအုံဖြစ်ပြီး အထပ်တိုင်းတွင် ထူးခြားသော ပြင်ဆင်မှုအတွေ့အကြုံများကို ခံစားနိုင်မည့် အဆင့်မြင့် နိုင်ငံတကာ စားသောက်ဆိုင်တစ်ဆိုင်လည်း ဖြစ်ကြောင်း သိရသည်။

Hummingbird စားသောက်ဆိုင်၏ မြေညီထပ်တွင်ခေတ်ပေါ်လက်တင်အမေရိက အစားအစာများကို မှာယူစားသောက်နိုင်မည်ဖြစ်သည်။ အစားအစာများအားလုံးကို နိုင်ငံတကာဆုတံဆိပ်များရရှိထားသည့် စားဖိုမှူး Wayne Third က စီစဉ်ချက်ပြုတ်ပေးခြင်းဖြစ်သည်။ Wayne Third သည် ကမ္ဘာကျော် အနုပညာရှင်ကြီးများဖြစ်ကြသည့် ရိုးလင်းစတုန်း၊ ဘရုစ်စပရင်းတင်း၊ ဆာ အက်တန်ဂျွန်တို့အတွက်စားသောက်ဖွယ်ရာများကို ချက်ပြုတ်ပေးခဲ့သူတစ်ဦး ဖြစ်သည်။

Hummingbird အနေဖြင့် ပြည်တွင်းမှထုတ်လုပ်သည့်ကုန်ပစ္စည်းများကို အတတ်နိုင်ဆုံးအသုံးပြု၍ ချက်ပြုတ် သွားမည်ဖြစ်ကြောင်း သိရသည်။ ပြည်တွင်းတွင် အချိန်အခါအလိုက် ရရှိနိုင်သော ကုန်ကြမ်းပစ္စည်းများကို အခြေခံ၍ မီနူးကို ရာသီအလိုက်ပြောင်းလဲသွားမည်ဖြစ်ပြီး အထူးဟင်းလျာများ အနေဖြင့်လတ်ဆတ်စွာချက်ပြုတ်ထားသည့် အသားဟင်းနှင့်ငါးဟင်းများကို နေ့စဉ်မှာယူစားသုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။

စားသောက်ဆိုင်၏ ဒါရိုက်တာနှင့် ပူးတွဲပိုင်ဆိုင်သူ Anna Sway-Tin က "ကျွန်မတို့ Hummingbird အနေနဲ့ အခုလိုမျိုး မျှော်လင့်ချက်တွေ အများကြီးနဲ့ ဆိုင်ကို ပြင်ဆင်မွမ်းမံပြီး စားသုံးသူ တွေကို ကြိုဆိုဧည့်ခံခွင့်ရတဲ့အတွက် တကယ့်ကို ကျေးဇူးတင်ပါတယ်။ Hummingbird ဟာ စျေးကွက်လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်တွင်းဖြစ်ကုန်ကြမ်းပစ္စည်းတွေကို ကောင်းမွန်စွာအသုံးပြုပြီး ဒေသခံတွေကို အကျိုးပြုသွားမှာပါ။ ကျွန်မတို့ ဆိုင်ကို လာရောက်စားသုံးသူတွေအနေနဲ့ စိတ်အေးလက်အေးစားသုံးနိုင်အောင် စီစဉ်ပေးထားပြီး Hummingbird ဟာ လူတိုင်းအတွက် ဒုတိယနေအိမ်တစ်လုံးဖြစ်လာအောင်ကြိုးစား ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

Hummingbird တွင် မင်္ဂလာပွဲ အခမ်းအနားများ၊ အဖွဲ့အစည်းများ၊ ရုံးဌာနများအတွက် အစားအသောက်ဝန်ဆောင်မှုများကို လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **MTD**

## ၂၀၁၅-၁၆ဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်းခြောက်ထောင် မြန်မာနိုင်ငံသို့ ဝင်ရောက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အနေဖြင့် ၂၀၁၅-၁၆ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင် ရောက်လာနိုင်သည့်ပမာဏကို ထုတ်ပြန်ကြေညာခဲ့ရာ ဝင်ရောက်လာနိုင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ခြောက်ထောင်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ရေးကို နှစ်စဉ်လျာထားချက်များ သတ်မှတ်၍ လျာထားချက် ပြည့်မီအောင် ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

ထိုသို့အကောင်အထည်ဖော်လျက် ရှိရာတွင် ၂၀၁၂-၁၃ဘဏ္ဍာနှစ်တွင် လျာထားချက် အမေရိကန်ဒေါ်လာ သန်းတစ်ထောင်တွင် အမှန်ခွင့်ပြုပမာဏ မှာ အမေရိကန်ဒေါ်လာ ၃၄၁၉ သန်း၊ ၂၀၁၃-၁၄ဘဏ္ဍာနှစ်တွင် လျာထားချက် အမေရိကန်ဒေါ်လာ သန်း သုံးထောင်တွင် အမှန်ခွင့်ပြုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၁၀၇သန်း၊ ၂၀၁၄-၁၅ဘဏ္ဍာနှစ်တွင် လျာထားချက် အမေရိကန်ဒေါ်လာ သန်းလေး ထောင်တွင် အမှန်ခွင့်ပြုပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၈၀၁၀သန်း ရရှိခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုမြင့်တင်ရေးအတွက် ကာလရှည်နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမြင့်တင်ရေးစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ အဆိုပါစီမံကိန်းအရ ၂၀၁၅-၁၆ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းခြောက်ထောင် ဝင်ရောက်ရေး လျာထားကြောင်း သိရသည်။ **MTD**

# မြန်မာနိုင်ငံ၏ အခမဲ့ကြော်ငြာ ဝက်ဘ်ဆိုက်များတွင် ဖက်ရှင်နှင့် အလှအပကဏ္ဍများက ဦးဆောင်လျက်ရှိ

၂၀၁၄ခုနှစ်က အွန်လိုင်းပေါ်တွင် စျေးရောင်းသူအရေအတွက်သည် ၂၀၀ ခန့်သာရှိသော်လည်း ယခုအခါတွင်မူ ၇၀၀ ကျော်ခန့်ရှိလာပြီဖြစ်ကြောင်း စျေးကွက်သုတေသနပြုချက်များအရ သိရသည်။

မြန်မာနိုင်ငံတွင် ခေတ်စားလျက်ရှိသည့် အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်သည် လူငယ်အွန်လိုင်းစျေးဆိုင်များအတွက် ထပ်မံခြဲ့ထွင်နိုင်သည့်စျေးကွက်တစ်ခု ဖြစ်သည်ဟု ဆိုသည်။ အခမဲ့ကြော်ငြာဝက်ဆိုက်တစ်ခုဖြစ်သည့် ads.com.mm သည် မြန်မာနိုင်ငံရှိ အွန်လိုင်းစီးပွားရေးလုပ်ကိုင်သူများ၏ မျက်စိအကျဆုံးကြော်ငြာစျေးကွက်တစ်ခု ဖြစ်လာကြောင်း သိရသည်။

ယင်းဝက်ဘ်ဆိုက်၏ ပြောရေးဆိုခွင့်ရှိသူ Mr. Elijah Htang က "မြန်မာနိုင်ငံရဲ့ အွန်လိုင်းစျေးကွက်တွေ တဖြည်းဖြည်းမြင့်တက်လာတာတွေ့ရတယ်။ ကျွန်တော်တို့ဝက်ဘ်ဆိုက်မှာ အိုင်တီနဲ့ ပတ်သက်တဲ့ တစ်ပတ်ရစ်ပစ္စည်းတွေကို ရောင်းဝယ်လာရာကနေ ခုချိန်မှာ ဖက်ရှင်ဆိုင်ကြီးတွေက အွန်လိုင်းပေါ်ကနေ သူတို့ပစ္စည်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ကြော်ငြာလာတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့ဝက်ဘ်ဆိုက်မှာ လက်ရှိအချိန်မှာတော့ ဖက်ရှင်နဲ့အလှအပ ကဏ္ဍကို ဝင်ရောက်ကြည့်ရှုတဲ့သူက များပါတယ်။ အဲဒီနောက်မှာတော့ ဖုန်းနဲ့ ဆက်စပ်ပစ္စည်းတွေက ရောင်းအားအမြင့်ဆုံးနဲ့ လူကြည့်အများဆုံးကဏ္ဍ အဖြစ်ရပ်တည်နေပါတယ်။ ကျွန်တော်တို့ ဝက်ဘ်ဆိုက်ရဲ့ ဖက်ရှင်နဲ့ အလှအပကဏ္ဍမှာ ပစ္စည်းပေါင်း ၅၃၅၃ ခုရှိပြီး အိုင်တီနဲ့ဆက်စပ်ပစ္စည်းများကတော့ ၅၁၉၇ ရှိပါတယ်။ ဖက်ရှင်ကဏ္ဍမှာ လူကြီး၊ လူငယ်၊ ကလေးစတဲ့အရွယ်စုံ လိုက်ပြီး ရွေးချယ်ဝယ်ယူနိုင်သလို မြို့နယ်အလိုက်လည်းရွေးချယ်ဝယ်ယူနိုင်ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အွန်လိုင်းစာမျက်နှာပေါင်း ၇၀၀ ကျော်ရှိသည့်အနက် ၄၈၀ ကျော်မှာ ဖက်ရှင်နှင့်အလှအပ ဆိုင်ရာစာမျက်နှာများဖြစ်ပြီး ၁၂၀ခန့် မှာ အိမ်ခြံမြေစာမျက်နှာများဖြစ်ကြကြောင်း သိရသည်။ ကျန် ၉၀ ကျော်မှာ ကားအရောင်းအဝယ်ပြုလုပ်သည့် စာမျက်နှာများဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏အွန်လိုင်းစီးပွားရေး လုပ်ကိုင်သူများ၏သုံးသပ်ချက်များအရ အွန်လိုင်းစီးပွားရေးများတွင် ရောင်းလိုအားပိုမိုများပြားလာကြောင်းနှင့် ဝယ်ယူသူဘက်မှလည်း ဝယ်လိုအားများ တဖြည်းဖြည်းမြင့်တက်လာကြောင်း သုံးသပ်လျက်ရှိကြသည်။

Kaymu.com.mm မှ Public Relation Manager ဖြစ်သူ ကိုသက် နောင်ဝင်းက "ကျွန်တော်တို့ဝက်ဘ်ဆိုက်မှာတော့ အဝတ်အထည်တစ်မျိုးတည်းကိုပဲ အမယ်ပေါင်းနှစ်သောင်းကျော် လောက်ရှာဖွေနိုင်ပါတယ်။ ရောင်းချသူတွေရဲ့ အဆိုအရ နောက်ပိုင်းမှာ အကျီ နဲ့ဖက်ရှင်အလှအပဆိုင်ရာပစ္စည်းတွေကို ယခုထက်ပိုမိုရောင်းချလိုတယ်လို့ ဆိုပါတယ်"ဟု ပြောကြားခဲ့သည်။

အွန်လိုင်းစီးပွားရေးလုပ်ငန်းသည် မြန်မာနိုင်ငံတွင် တစ်စတစ်စအောင်မြင်လာပြီး ယင်းလုပ်ငန်းများကို လူငယ်အများစုက ဦးဆောင်လုပ်ကိုင်လာကြခြင်းကြောင့် စီးပွားရေးလုပ်ငန်းများတွင် လူငယ်အများစု၏လွှမ်းမိုးမှုမှာ ပိုမိုမြင့်တက်လာကြောင်း သုံးသပ်လျက်ရှိကြသည်။ **MTD**

## ဂျပန်နိုင်ငံမှ စားသောက်ကုန်များတင်သွင်းခြင်းအပေါ် ထိန်းချုပ်ထားမှုအား ထိုင်းနိုင်ငံမှ ဖယ်ရှားပေးလိုက်ပြီ

ထိုင်းအစိုးရဟာ ဂျပန်နိုင်ငံမှာ ၂၀၁၁ ခုနှစ် ဖူကူရှီးမားနျူကလီးယား ဓာတ်ပေါင်းဖိုဘေးအန္တရာယ် ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ဂျပန်နိုင်ငံ စားသောက်ကုန်တင်သွင်းခြင်းအပေါ် ထိန်းချုပ်ထားမှုအား ယေဘုယျအားဖြင့် ဖယ်ရှားပေးလိုက်ပြီလို့ စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနက မေလ ၁ ရက်နေ့က ထုတ်ပြန်လိုက်တယ်လို့ သတင်းရရှိပါတယ်။

ယခုကဲ့သို့ ထိန်းချုပ်ထားမှုအား ဖယ်ရှားပေးလိုက်ခြင်းအားဖြင့် ဂျပန်နိုင်ငံမှ ထိုင်းနိုင်ငံသို့ တင်ပို့မှုများကို မြှင့်တင်ပေးလိုက်ရာရောက်တယ်၊ ထိုင်းနိုင်ငံဟာ ဂျပန်နိုင်ငံမှ စားသောက်ကုန်အများဆုံး တင်သွင်းတဲ့နိုင်ငံဖြစ်ကြောင်း စိုက်ပျိုးရေး၊ သစ်တောရေးရာနဲ့ ငါးလုပ်ငန်းဝန်ကြီးဌာနက ပြောကြားပါတယ်။ ထိုင်းနိုင်ငံဟာ ယခုကဲ့သို့ ဂျပန်နိုင်ငံမှ စားသောက်ကုန်များတင်သွင်းခွင့်ပြုလိုက်သော်လည်း **Miyagi, Fuku shima, Gunma** စီရင်စု ၃ ခုမှ စားသောက်ကုန်များ တင်သွင်းမယ်ဆိုလျှင် နျူကလီးယား ဓာတ်ရောင်ခြည်များမပါရှိကြောင်း ထောက်ခံစာနဲ့ အခြားစီရင်စု ၄၄ ခုမှ တင်သွင်းမယ်ဆိုလျှင်တော့ ပင်ရင်းစီရင်စုထောက်ခံချက် (**Certifcates of Origin**) များ တစ်ပါတည်းပူးတွဲပါရှိရမယ်လို့ ဂျပန်နိုင်ငံကို တိုက်တွန်းပြောကြားထားတယ်လို့ သိရပါတယ်။ **CMK**




# ယူအိုဘီဘဏ်မှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံသူများအား အကူအညီပေးမည်

မြန်မာနိုင်ငံတွင် အသစ်ဖွင့်လှစ် ခွင့်ရရှိခဲ့သည့်နိုင်ငံခြားဘဏ်ကြီးတစ်ခုဖြစ်သည့် United Oversea Bank (UOB) သည် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသည့် လုပ်ငန်းပမာဏကြီးမားသည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံသူများအား အကူအညီများပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယူအိုဘီဘဏ်အနေဖြင့် ရန်ကုန်တွင် ရုံးခွဲကို မေလပထမပတ်အတွင်းက ဖွင့်လှစ်ခဲ့ပြီးနောက် ပထမလအတွင်း ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် အခြေခံအဆောက်အအုံတည်ဆောက်မှု နယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသောဒေသတွင်းနှင့်နိုင်ငံတကာမှ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအား ပြည်တွင်းငွေချေးမှုများစွာကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စက်ရုံများတည်ဆောက်ခြင်း၊ လက်လီဆိုင်များဖွင့်လှစ်ခြင်းနှင့် ဟိုတယ်များတည်ဆောက်ဖွင့်လှစ်ခြင်းတို့တွင် ချေးငွေများဖြင့် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံသို့ ဝင်ရောက်လျက်ရှိသည့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များမှာ ဟောင်ကောင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဖြစ်ကြောင်း ယူအိုဘီဘဏ်မှ တာဝန်ရှိသူတစ်ဦးဖြစ် သည့် မစ္စတာဝမ်က ပြောကြားခဲ့သည်။

ယူအိုဘီ၏အာရှစီးပွားရေးသုတေသန လေ့လာတွေ့ရှိချက်များအရ ဟောင်ကောင်စီးပွားရေးလုပ်ငန်းရှင်များ၏ ၃၁ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံမှ ၂၈ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံမှ ၂၆ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံမှ ၂၁ရာခိုင်နှုန်းတို့သည် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်းတွင် ၎င်းတို့၏စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင်း၌ ချဲ့ထွင်ရန်စီစဉ်ထားကြကြောင်းသိရသည်။

"မြန်မာနိုင်ငံရဲ့စီးပွားရေးဟာ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ စတင်ထိတွေ့ ခဲ့တဲ့ လွန်ခဲ့တဲ့နှစ်နှစ်ကျော်လောက်ကစပြီး ကျွန်တော်တို့ရဲ့ မိတ်ဖက်အတော်များများဟာ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ဖို့ စိတ်ဝင်စားလာကြပါတယ်။ ကျွန်တော်တို့ရဲ့ ဆက်သွယ်မှုကွန်ရက်ထဲမှာ အာရှနဲ့ ဥရောပဒေသအပါအဝင် ကမ္ဘာ့နေရာအနှံ့အပြားက ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံသူတွေရှိပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံဟာ အာရှနဲ့နိုင်ငံတကာစီးပွားရေးလုပ်ငန်း တွေအတွက် ဈေးကွက်ချဲ့ထွင်ဖို့နဲ့ ရင်းနှီးမြှုပ်နှံဖို့ အရေးပါတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာတာကို ပြသနေပါတယ်"ဟု မစ္စတာဝမ်က ပြောကြားခဲ့သည်။

ယူအိုဘီဘဏ်သည် အာရှဒေသအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအကြံပေးဌာနကိုးခု ဖွင့်လှစ်ထားသည့် တစ်ခုတည်းသောဘဏ်ဖြစ်ပြီး နိုင်ငံတကာစီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့လည်ပတ်လုပ်ဆောင်မည့် ဈေးကွက်၏ အနေအထားများကို ပိုမိုနားလည်သဘောပေါက်လာစေရန် ကူညီပံ့ပိုးမှုများ ပြုလုပ်လျက်ရှိသည်။

၂၀၁၃ ခုနှစ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကြံပေးဌာနကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည့် အတွက် ယူအိုဘီသည် မြန်မာနိုင်ငံ၏ ပထမဆုံးသော အကြံပေးဌာနတစ်ခုကို ဖွင့်လှစ်နိုင်သည့် နိုင်ငံခြားဘဏ်တစ်ခု ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံ၏ ပြောင်းလဲတိုးတက်လာသည့်စနစ်များအရ ဘဏ်လုပ်ငန်းများတွင် နိုင်ငံခြားဘဏ်ကိုးဘဏ်ကို လုပ်ကိုင်ခွင့်ပြုခဲ့ရာ ယူအိုဘီဘဏ်လည်းတစ်ခုအပါအဝင်ဖြစ်သည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ အင်ပူလမ်း | ၇၅၀ စ/ပေ | (၆) လွှာ | ၄၀၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၂။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း | ၁၁၀၀ စ/ပေ | (၇) လွှာ | ၁၄၀၀ သိန်း ကြို့ပွဲ့ဝင် | ဓာတ်လှေခါးပါ (၇၀%)ပြီးစီး | ၀၉/၂၅၃/၀၂၀၂၀၂ |
| ၃။ | တိုက်ခန်း | ဒဂုံမြို့သစ်(တောင်)ပိုင်း၊ အင်းဝအိမ်ရာ | ၉၀၀ စ/ပေ | (တတိယ)လွှာ | ၃၆၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၄။ | တိုက်ခန်း | ပုဇွန်တောင်မြို့နယ်၊ရေကျော်ရပ်ကွက် | ၉၀၀ စ/ပေ | (ဒုတိယ)လွှာ | ၇၀၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၅။ | မြေ | လှည်းကူးမြို့နယ်၊ ရန်ကုန်-ပဲခူးလမ်းမပေါ် | ၁၀၅၀၀ စ/ပေ | မြေ/ခြံခတ်ပြီး | ၁၅၀၀၀ သိန်း | မြေသီးသန့် | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | တိုက်ခန်း | သယ်န်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွန့်ရပ်ကွက် | (၁၃×၅၅)ပေ | (၅) လွှာ | ၃၀၀ သိန်း | | ၀၉/၂၆/၂၃၄၇၄၂၉ |
| ၇။ | မြေ | အင်းစိန်မြို့နယ်၊ မြို့သစ်ရပ်ကွက် | (၂၀×၆၀)ပေ | မြေသီးသန့် | ၅၂၅ သိန်း | | ၀၉/၂၆/၂၃၄၇၄၂၉ |
| ၈။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ | ၁၅၀၀ စ/ပေ | BN (၁)ထပ်ခန်းဖွဲ့ပြီး | ၂၆၀၀ သိန်း | ရပ်ကွက်သန့် အငှား ၂.၅ သိန်း | ၀၉/၂၅၃/၀၂၀၂၀၂ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ နန်းမြိုင်လမ်းသွယ် | ခြံအကျယ် ၅၀၀၀ စ/ပေ | RC (၁) ထပ် | ၃.၅ သိန်း | ရပ်ကွက်သန့်/ ဆိတ်ငြိမ် ၁ လအငှားနှုန်း | ၀၉/၂၅၃/၀၂၀၂၀၂ |

## မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) အသင်းဝင်များအတွက် အလုပ်သမားခနှုန်းထားသတ်မှတ်

ဧပြီလ ၃၀ ရက်နေ့ မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော် အသင်း) တွင် ကျင်းပပြုလုပ်သည့် အမှုဆောင်များ စုံညီအစည်းအဝေး (၁/၈၁ )၏ ဆုံးဖြတ်ချက်အရ အလုပ်သမားခ နှုန်းထားများအား ၁၃၇၇ ခုကဆုန်လဆန်း ၁၄ ရက်၊ ၂၀၁၅ ခုနှစ်၊ မေလ ၁ ရက် (သောကြာနေ့) အလုပ်သမားနေ့မှစ၍ အတည်အဖြစ်သတ်မှတ်ပါသည်။ သတ်မှတ်ထားသည့် အလုပ်သမားနှုန်းထားများမှာ-

| စဉ် | အကြောင်းအရာ | ၃တင်းတစ်အိတ် | တစ်တင်းခွဲတစ်အိတ် | အခြားပစ္စည်း |
|---|---|---|---|---|
| ၁ | ကုန်ကျစ်ပစ္စည်း (ချခ၊ ချိန်ခ၊ သိမ်းခ၊ တင်ခ၊ရောပုံခ) တစ်မျိုး | ၈၀ ကျပ် | ၄၀ ကျပ် | |
| ၂ | ကုန်ပစ္စည်း(နံနံ၊ ဆီနေကြာ၊ လှော်နေကြာ၊ ငရုတ်၊ မြေပဲတောင့်၊ ကြက်ဆူစေ့) (ချခ၊ ချိန်ခ၊ သိမ်းခ၊ တင်ခ) တစ်မျိုး | ၈၀ ကျပ် | ၄၀ ကျပ် | |
| ၃ | ဆီပေပါတစ်လုံး (ချခ၊ လှယ်ခ၊ တင်ခ) တစ်မျိုး (ကားပေါ်ထပ်ဆင့်တင်ပြီးအထိ) ၁၀ ပိဿာ တစ်ပုံး (တင်ခ၊ ချခ) | | | ၁၅၀ ကျပ် ၃၀၀ ကျပ် ၁၅ ကျပ် |
| ၄ | မှို့ ဂွမ်း ပိဿာ ၁၀၀ အတွက် (ချခ၊ ချိန်ခ၊ တင်ခ) တစ်မျိုး | | | ၃၀၀ ကျပ် |
| ၅ | ဆီကြိတ်ဖတ်များ ပိဿာ ၁၀၀ အတွက် | | | ၁၅၀ ကျပ် |

သီးနှံပွဲရုံများ၊ သိုလှောင်ရုံများ၊ စက်ရုံများမှ သီးနှံများတင်ခြင်း၊ ချခြင်း၊ ချိန်ခြင်း၊ သိမ်းခြင်း၊ ရောနှောခြင်း စသည်များဆောင်ရွက်ရာ၌ အလုပ်သမားခများ တစ်သမတ်တည်း (တစ်ပြေးညီ)ဖြစ်စေရန်နှင့် အငြင်းပွားမှုမဖြစ်စေရန် ရည်ရွယ်၍ အလုပ် သမားခနှုန်းထားများအား သတ်မှတ်ခြင်းဖြစ်ကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ(ဝှရှ်) (2003) | ယာယီ | ၁၄၅ သိန်း | |
| ၂။ | စူပါကပ်စတန် (97) | 8G | ၁၂၅ သိန်း | |
| ၃။ | ကလူဂါ (2002) | ယာယီ | ၂၄၅ သိန်း | |
| ၄။ | ဗီလ်ဒါ (2009) 1.5 | ယာယီ | ၁၆၅ သိန်း | ကီလိုနည်း |
| ၅။ | ဒိုင်ဟတ်စု (မီရာ) (2009) | ယာယီ | ၆၅ သိန်း | |
| ၆။ | နီဆန်း (ဝင်းရဒ်) (2009) | ယာယီ | ၁၂၀ သိန်း | |
| ၇။ | ဟွန်ဒါဖစ် (2009) | ယာယီ | ၉၈ သိန်း | |
| ၈။ | မတ်(ခ်)အိပ်(စ်) (2005) (2002) | ယာယီ | ၂၁၀ သိန်း | 2.5 ဓာတ်ဆီ |
| ၉။ | စီအာဗီ (ဟွန်ဒါ) (2002) | ယာယီ | ၁၆၀ သိန်း | 1.8 ဓာတ်ဆီ |
| ၁၀။ | အေဒီဗင် (2009) | ယာယီ | ၉၇ သိန်း | 1.3 ဓာတ်ဆီ |

SN

# အီဘိုလာရောဂါကြောင့် သေဆုံးသူဦးရေ ၁၁၀၀၀ ကျော်ရှိပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဆို



အာဖရိကနိုင်ငံများတွင်ဖြစ်ပွားလျက် ရှိသောအီဘိုလာ ရောဂါကပ်ဆိုးကြီးကြောင့် သေဆုံးသူအရေအတွက်မှာ ၁၁၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေလ ၆ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

အီဘိုလာရောဂါဖြစ်ပွားမှုအများဆုံး ဖြစ်ပွားသော သုံးနိုင်ငံဖြစ်သည့် ဆီရာလီယွန်၊ လိုက်ဘေးရီးယားနှင့် ဂီနီအာနိုင်ငံတို့တွင် ကူးစက်ခံရသူပေါင်း ၂၆၅၉၃ ဦးရှိနေပြီး သေဆုံးသူပေါင်းမှာ ၁၁၀၀၅ ဦးရှိနေပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

ဂီနီအာနိုင်ငံတောင်ပိုင်းဒေသများ တွင် ၂၀၁၃ခုနှစ် ဒီဇင်ဘာလမှစတင်၍ ဖြစ်ပွားခဲ့သည့် အဆိုပါကပ်ရောဂါဆိုးကြီးသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် လိုက်ဘေးရီးယားနှင့်ဆီရာလီယွန်နိုင်ငံ တို့သို့ ကူးစက်ပြန့်နှံ့ခဲ့သည်။

အဆိုပါရောဂါကြောင့် လိုက်ဘေးရီးယားနိုင်ငံတွင် ၄၇၁၆ ဦးသေဆုံးခဲ့ပြီး ဆီရာလီယွန်နိုင်ငံတွင် ၃၉၀၃ ဦး၊ ဂီနီအာနိုင်ငံတွင် ၂၃၈၆ဦး သေဆုံးခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့၏ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် လိုက်ဘေးရီးယားနိုင်ငံတွင် အဆိုပါရောဂါဆိုးကြီးဖြစ်ပွားမှု ပြီးဆုံးသွားပြီဟုဆိုသော်လည်း နောက်ထပ် ဖြစ်ပွားနေသူများကို စမ်းသပ်တွေ့ရှိ ထားသည်ဟု ဆိုသည်။

**မယ်သီတာ**

---

# သင့်ကျန်းမာရေး

# သွေးလွန်တုပ်ကွေးရောဂါ

| ဒေါက်တာလွင်သန့် |

**မေး။** သွေးလွန်တုပ်ကွေးရောဂါ ဟာ ကလေး၁၂နှစ်လောက်ထိစိုး ရိမ်ရသလားဆရာ။ သွေးလွန်တုပ်ကွေးအတွက် ကာကွယ်ဆေး၊ ကုသဆေးရှိပါသလားဆရာ။ ဘယ်လို ကူးစက်ပြန့်ပွားတာလဲရှင့်။

**ဒေါ်သန်းလှ(မင်းဘူး)**

**ဖြေ။** သွေးလွန်တုပ်ကွေးရောဂါဟာ ခြင်ကျားကတစ်ဆင့် ကူးစက်တဲ့ ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်တယ်။ ကလေး ၆လမှ၁၂နှစ်ထိ ယခင်ကကူး စက်တယ်လို့ဆိုပေမယ့် ယခု အသက် ၂၀ အထိဆေးရုံတက်ကုသနေရသေးကြောင်းတွေ့ရှိရပါတယ်။ တုပ်ကွေး (Dengue) ဗိုင်းရပ်စ်ဟာနှစ်စဉ်ဗီဇ (Gene) ပြောင်းလဲတတ်လို့ ယနေ့အချိန်ထိ ကာကွယ်ဆေး၊ ကုသဆေးမပေါ်သေးတာဘဲ ဖြစ်တယ်။

**ရောဂါလက္ခဏာ။** သွေးလွန်တုပ်ကွေးပါတဲ့ ခြင်ကျား(မ)ကိုက်ခံလို့ သွေးကြောထဲရောက်ရှိရင် ရောဂါလက္ခဏာများပြတယ်။ ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမြစ် ကြွက်သားများနာခြင်း၊ အရေပြား အနီစက်ထွက်ခြင်း၊ နုံးခြင်း၊ ရောဂါပိုးပြင်း ထန်ပါကအန်ခြင်း၊ ချောင်းဆိုးခြင်း၊ ဝမ်းဗိုက်နာခြင်း၊ နှာခေါင်းသွေးယိုခြင်း၊ သွားဖုံးသွေးယိုခြင်း၊ ကော်ဖီရောင်အန် ခြင်း၊ သွေးဝမ်းသွားခြင်း၊ သွေးလန့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်းစသည်တို့ဖြစ်တယ်။ ရောဂါလက္ခဏာတစ်ခုဖြစ်ရင် အရေးပေါ်ဆေးကုသမှုခံယူဖို့ ဆေးရုံ၊ ဆေးခန်းများကို အချိန်မီသွား ရောက်ပြသဖို့လိုတယ်။ အချိန်မီမပြနိုင်ရင် အသက်အန္တရာယ် စိုးရိမ်ရတယ်။

**ကုသဆေး။** ကုသဆေးနဲ့ကာကွယ် ဆေးမပေါ်သေးဘူး၊ ရောဂါလက္ခဏာ အရသက်သာမယ့်ဆေးဝါးပေးသွင်းရတယ်။ ဥပမာသွေးဆုံးရှုံးမှုရှိရင်၊ သွေး ရည်ကြည် (Plasma) (သို့)သွေးသွင်း ခြင်း၊ ပဋိဇီဝဆေးများထိုးဆေး၊ စားဆေးပေးခြင်း၊ စအိုတွင်းသို့ ပါရာစီတမော့တောင့် ထည့်သွင်းခြင်း၊ ရေပတ်တိုက်ခြင်း၊ ဆလိုင်းချိတ်ခြင်း၊ ဓာတ်ဆားရည်တိုက် ခြင်းတို့လုပ်နိုင်ပါတယ်။ ဆုံးရှုံးတဲ့ရေနဲ့ ဓာတ်ဆားကို၊ ဓာတ်ဆားရည်နဲ့ ဖြည့်ပေးရမယ်။

**ကြိုတင်ကာကွယ်။** ခြင်ကျားမကိုက်ခံရအောင် နေ့ဘက်ကလေးအိပ်ရင်လည်း ခြင်ထောင်နဲ့ဖြစ်စေ၊ ခြင်ဆေးရည်စိမ်ထားတဲ့ ခြင်ထောင်နဲ့ဖြစ်စေ အိပ်သင့်တယ်။ နေ့အချိန်အလင်းရောင်ရှိချိန် ကိုက်လေ့ရှိတဲ့ခြင်ကျားမကိုက်ရအောင်၊ အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ လုံချည်ဝတ်ထားသင့်တယ်။ ခြင်မကိုက်အောင် ဆေးလိမ်းခြင်း၊ (Repetol) လိမ်းခြင်းတို့ကို ပြုလုပ်သင့်တယ်။

**ဖုံး၊သွန်၊လဲ၊စစ်။** ဘုရားပန်းအိုး၊ ပန်းကန်ပြား၊ ရေဇလုံ၊ ရေပုံး၊ ရေအိုး၊ ရေတိုင်ကီ၊ ကားဘီးဟောင်းများ၊ ဘက်ထရီအိုးခွံများ၊ ခြင်ခိုအောင်းနိုင်တဲ့ ချုံပုတ်များ၊ ရေအိုင်များ၊ ရေဝပ်နေရင် ခြင်အလွယ်တကူ ပေါက်ဖွားနိုင်လို့ စနစ်တကျဖုံးအုပ်ခြင်း၊ သွန်ပစ်ခြင်း၊ ရေ မကြာမကြာလဲပေးခြင်း၊ လောက်လန်း များရေစစ်နဲ့စစ်ခြင်းလုပ်ပေးရမယ်။ ရေအိုင်များကန်များမှာ ခြင်စားငါး၊ ဒေါင်းငါးမွေးပေးသင့် တယ်။ (သို့) ဒီဇယ်ဆီလောင်းထားခြင်းဖြင့် အပေါ်ယံ အောက်ဆီဂျင်မရနိုင်လို့ လောက်လန်းများ သေဆုံးစေတယ်။

အိမ်ဝန်းကျင်မှာ မြေတွင်းများ၊ သစ်ရွက်များ၊ အမှိုက်များ၊ ရေဆင်းမကောင်းပါက ရှင်းလင်းထားရမယ်။ ရေမဝပ်အောင်သတိထားရမယ်။ မာလာသီယွန် (Malathion) ပါရာသီယွန် (Parathion) ခြင်ဆေးဖြန်းရမယ်။ ခြင်ထောင်နဲ့အိပ်ဖို့လိုသလို၊ ခြင်ထောင်ကို ဆေးစိမ်ပေးခြင်းက ခြင်မကိုက်နိုင်အောင် ကာကွယ်ပေးပါတယ်။

**လူငယ်များ။** သွေးလွန်တုပ်ကွေးရောဂါဟာ ခုခံမှုစနစ်အားနည်းသေးတဲ့ ကလေးနဲ့လူရွယ်တွေမှာဖြစ်တတ်လို့၊ နောင်တစ်ခေတ်ရဲ့ခေါင်းဆောင်များ၊ ရောဂါဒဏ်မခံရအောင် မိဘဆရာနဲ့ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းနှိမ် နင်းကာကွယ်သင့်ပါတယ်။ အများအား ဖြင့် နှစ်နှစ်ခြားတစ်ကြိမ် ခေါင်းထောင်လာတတ်လို့၊ သွေးလွန်တုပ်ကွေးမှတ်တမ်းများ စနစ်တကျထားရှိမှတ်သားဖို့ လိုသလို၊ ကျန်းမာရေးပညာပေးခြင်း၊ ဆောင်ရွက်ဖို့လိုပါတယ်။

သွေးလွန်တုပ်ကွေးရောဂါ ဟာ ရောဂါသယ်ဆောင်တဲ့ခြင်ကျား(မ)ကိုက် ခံရလို့တစ်ပတ်အတွင်း ရောဂါပေါ်ပေါက်နိုင်တာကြောင့် ခြင်ကျားမကိုက်အောင် နေထိုင်ရပါမယ်။ ခြင်ဆေးဖျန်း ထားရပါမယ်။

---

# ဥရောပနိုင်ငံများတွင် အဝလွန်မှု ပြဿနာများ ပိုမိုများပြားလာ



ဥရောပနိုင်ငံများတွင် အဝလွန်မှု ပြဿနာများမှာ တစ်နေ့တခြား ပိုမိုများပြားလျက်ရှိကြောင်း၊ ယင်းသို့အဝ လွန်မှုများ ပိုမိုများပြားလာမှုသည် ၂၀၃၀ ခုနှစ်အရောက်တွင် ပိုမိုဆိုးရွားလာနိုင်ကြောင်းဖြင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့က သတိပေးထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏စာရင်းကောက်ယူမှုများအရ ၂၀၃၀ခုနှစ်တွင် ဥရောပနိုင်ငံများ၌ အဝလွန်သူဦးရေသည် အိုင်းရစ်လူမျိုးများ၌ ၈၉ ရာခိုင်နှုန်း၊ ဂရိလူမျိုးများတွင် ၇၇ ရာခိုင်နှုန်း ရှိလာနိုင်ကြောင်း၊ ယင်းကဲ့သို့ အဝလွန်သူဦးရေ များပြားလာခြင်းသည် ဥရောပနိုင်ငံများ ရင်ဆိုင်ကြုံတွေ့ရမည့်ပြဿနာ တစ်ရပ်ပင်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့မှ ထုတ်ဖော်ပြောကြားခဲ့သည်။

"ဥရောပနိုင်ငံအစိုးရတွေအနေနဲ့ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအသောက်တွေကို ထုတ်လုပ်ရောင်းချဖို့နဲ့ကျန်းမာရေးနဲ့မညီတဲ့ အစားအသောက်တွေ ထုတ်လုပ်ရောင်းချတာတွေကို တားမြစ် ဖို့လိုပါတယ်။ အခုကောက်ယူထားတဲ့ စစ်တမ်းအရ ဥရောပနိုင်ငံတော်တော် များများမှာ အဝလွန်သူဦးရေဟာ တစ်နေ့တခြား များပြားလာနေပါပြီ။ ဒါကိုထိန်းချုပ်ဖို့အတွက် စီမံချက်တွေ ရေးဆွဲထားရမှာ ဖြစ်ပါတယ်" ဟု ယူနိုက်တက် ကင်းဒန်းကျန်းမာရေး ဖိုရမ်မှ ဒေါက်တာ လော်ရာဝက်ဘ်ဘာက ပြောကြားခဲ့သည်။


လေ့လာသူများ၏ပြောကြားချက်အရ ၂၀၃၀ပြည့်နှစ်အရောက်တွင် ယူနိုက်တက်ကင်းဒန်းနိုင်ငံများတွင် အဝလွန်သူအမျိုးသမီးဦးရေသည် နိုင်ငံရှိအမျိုးသမီးဦးရေ၏ သုံးပုံတစ်ပုံရှိလာနိုင်သည်ဟု ဆိုသည်။

ထို့ပြင် အဝလွန်သည့်အမျိုးသားဦးရေမှာလည်း ၃၆ရာခိုင်နှုန်းကျော် ရှိလာနိုင်ကြောင်းဖြင့် ၎င်းက ပြောကြားခဲ့သည်။

**မယ်သီတာ**


## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၁-၅-၂၀၁၅ မှ ၁၇-၅-၂၀၁၅ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး အမှားအယွင်းများမဖြစ်ပေါ်စေရန် အထူးဂရုစိုက်၍ လုပ်ကိုင်ဆောင် ရွက်နေရတတ်သည်။ အပေါင်းအသင်းများထဲတွင် မိမိ၏ စီးပွားရေးပျက်ပြားအောင်၊ အရှုံးပေါ်အောင်၊ သိက္ခာကျအောင်ပြုလုပ်တတ်သောသူရှိနေတတ်ပါသည်။ တစ်ချိန်က ရရန်ရှိသောငွေကြေးပစ္စည်းများလည်းပြန်လည်၍ ဝင်ရောက်လာတတ်ပါသည်။ အချစ်ရေး ကံကောင်းနေမည်။ ကျန်းမာရေး ဆိုးဝါးပြင်းထန်သော ရောဂါဝေဒနာ မကပ်ရောက်နိုင်ပါ။

**ယတြာ။ ဘုရားတွင် ရေချမ်းကပ်လှူပါ။**




**တနင်္လာသားသမီးများအတွက်** သင်သည်ရိုးသားခြင်း၊ ကိုယ်ချင်းစာသနားတတ်ခြင်း၊ ယုံကြည်လွယ်ခြင်းတို့နှင့်အတူ တစ်ခါတစ်ရံ ဒေါသကြီးတတ်ခြင်းရှိနေမည်။ စီးပွားရေးတွင် ကြိုးစားအားထုတ်မှု ကောင်းသလောက်တိုးတက်မှု အကျိုးစီးပွားကိုလည်းရတတ်ပါသည်။ အချစ်ရေးတွင် ကံကောင်းတတ်သော်လည်း အိမ်ထောင်ရေးတွင် စိတ်တိုင်းကျမဖြစ်တတ်ပါ။ ကျန်းမာရေးတွင်အဆုတ်ရောင်၊ အဆုတ်ပွရောဂါ၊ အသက်ရှူပြွန်ရောင်ရောဂါတို့ကို ဂရုစိုက်သင့်ပါသည်။

**ယတြာ။ သံဃာတော်အား ယပ်တောင်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** လူမှုဆက်ဆံရေးတွင်လည်းအတတ်နိုင်ဆုံးလိုက်လျောညီထွေပြုမူဆက်ဆံနေတတ်သည်။ စီးပွားရေးတွင် စက်မှုလုပ်ငန်းများနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်း တိုးတက်ကြီးပွားလာတတ်ပါသည်။ မဖြစ်နိုင်သော အတွေးအခေါ်များနှင့် မှားယွင်းသောအကြံဉာဏ်များကို ပေးတတ်သောသူတို့လည်း ရှိနေတတ်ပါသည်။ ဖြစ်နိုင်သောအခြေအနေတွင် ဖြစ်နိုင်သောစီးပွားရေး လုပ်ငန်းကိုသာ လုပ်ကိုင်ဆောင်ရွက်တတ်ပါသည်။ ဝန်ထမ်းဖြစ်လျှင်ရာထူးတက်ပြီးနေရာပြောင်းရွှေ့ရတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေး သင့်တင့်နေမည်။ ကျန်းမာရေးကောင်းနေပါမည်။

**ယတြာ။ ကလေးများကိုလေပူဖောင်းများဝယ်ပေးပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** လုပ်ငန်းနှင့်ပတ်သက်သော ဆက်ဆံရေး၊ ဆက် သွယ်ရေး၊ အသိုင်းအဝိုင်းများနှင့်ပတ်သက်၍ ပုံမှန်အနေအထားရှိနေတတ်ပါသည်။ စီးပွားရေးတွင် နည်းပညာ သစ် များ သုံးစွဲခြင်းကြောင့် အကျိုးကျေးဇူးများဖြစ်ထွန်းမည်။ အချစ်ရေး၊ အိမ်ထောင်ရေးကောင်းသည်ဟု ဆိုရပါမည်။ ကျန်းမာရေးအနေဖြင့် အစားအသောက်မဆင်ခြင်မှုကြောင့် ရောဂါရတတ်ပါသည်။ အစာအိမ်ရောဂါ၊ လေရောဂါ၊ အကြောရောဂါတို့ကိုသတိထား သင့်ပါသည်။

**ယတြာ။ ဘုရားတွင် ထီးလှူပါ။**




**ကြာသပတေးသားသမီးများအတွက်** အိမ်ခြံမြေပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး အဆင်ပြေမည်။ ယခုအချိန်တွင် အခက်အခဲများကို အဆင်ပြေစွာ ဖြတ်ကျော်နိုင်မည်။ လာဘ်လာဘ ဝင်ငွေများ တိုးတက်မည်။ အိမ်တွင်းရေး စိတ်အနှောင့်အယှက်ရှိတတ်မည်။ ကျန်းမာရေးတွင် အာရုံကြောရောင်ရမ်းခြင်း၊ လေရောဂါဖြစ်ခြင်းများကြုံမည်။

**ယတြာ။ ဘုရားတွင် ယပ်လှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင် အောင်မြင်ရန်ကြိုးစားနေရတတ်သည်။ စီးပွားရေးလုပ်ငန်းများကို စွန့်စား၍ လုပ်ကိုင်ဆောင်ရွက်ရခြင်းများလည်း ရှိနေတတ်ပါသည်။ စိတ်ပင်ပန်း လူပင်ပန်းဖြစ်နေတတ်သည်။ ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဂျုံ၊ ဆီနှင့် ဆီထွက်သီးနှံများနှင့် စီးပွားဖြစ်ထွန်းပါမည်။ ကျန်းမာရေးတွင် ဦးနှောက်အာရုံကြောရောဂါ၊ ခေါင်းမူးခေါင်းကိုက်၊ ဇက်ကြောထိုးရောဂါတို့ကို သတိပြုရတတ်ပါသည်။

**ယတြာ။ ဘုရားတွင် သစ်သီးလှူပါ။**



**စနေသားသမီးများအတွက်** မိတ်ဆွေ၊ လူမှုရေးပတ်ဝန်းကျင်တွင် အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံနိုင်ခြင်းရှိသည်။ စက်မှုလက်မှု လုပ်ငန်းများ၊ ယာဉ်အမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးပေးအားကောင်းနေတတ်သည်။ အချစ်ရေးတွင် မာယာများသောသူနှင့်တွေ့ရတတ်သည်။ ပညာရေးအောင်မြင်မှုများရရှိနိုင်သည်။ ကျန်းမာရေးတွင် ပူပင်သောကများခြင်း၊ စိတ်ဖိစီးမှု များခြင်းကြောင့် ရောဂါဖြစ်တတ်ပါသည်။

**ယတြာ။ ဘုရားတွင် ထီးလှူပါ။**

# မြန်မာ-ထိုင်း ရင်းနှီးမြှုပ်နှံမှု ရော်ဘာသန့်စင်စက်ရုံ အောက်တိုဘာလကုန်မှာ ဖွင့်နိုင်မည်

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်မှာ ယခုနှစ် အောက်တိုဘာလကုန်မှာ ရော်ဘာသန့်စင်စက်ရုံတစ်ရုံကို ဖွင့်လှစ်မှာဖြစ်ပြီး လောလောဆယ်မှာ နိုင်ငံခြားပညာရှင်များ၊ ဒေသခံဝန်ထမ်းများနဲ့ စမ်းသပ်လည်ပတ်နေတယ်လို့ သတင်းရရှိပါတယ်။

အဆိုပါ ရော်ဘာသန့်စင်စက်ရုံကို အမေရိကန်ဒေါ်လာ ငါးသန်းကျော်နဲ့ ရင်းနှီးမြှုပ်နှံထားတာဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးရဲ့ ပထမဆုံးသော ရော်ဘာသန့်စင်စက်ရုံတစ်ရုံဖြစ်ပါတယ်။ အဲဒီစက်ရုံမှ တန်ဖိုးမြင့် ရော်ဘာကုန်ချော ၊ သန့်စင်ရော်ဘာအစေးနဲ့ RSS-1 ရော်ဘာပြားများ ထုတ်လုပ်သွားမယ်လို့ သိရပါတယ်။ မြန်မာ-ထိုင်း ရော်ဘာ ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်ရဲ့ ရော်ဘာအစေး သန့်စင်စက်ရုံကို မြိတ်ခရိုင် ပုလောမြို့နယ် ဘုတ်ချောင်းကျေးရွာမှာ တည်ထားတာဖြစ်ပါတယ်။

တိုင်းရင်းသားပိုင် Vantage Company နဲ့ ထိုင်းနိုင်ငံ Thai Tex Company တို့ဖက်စပ်တည်ထောင်ထားခြင်းဖြစ်ပါတယ်။ ကုန်ကြမ်းအလုံအလောက် ရရှိမယ်ဆိုရင် တစ်လလျှင် ကုန်ချော တန်ချိန် ၅၀၀ ထိ ထုတ်လုပ်နိုင်မယ်လို့ သိရပါတယ်။

Vantage Company Ltd. ဟာ ၁၉၉၆ ခုနှစ်ကစပြီး ဘုတ်ချောင်းကျေးရွာမှာ ရော်ဘာပင်များ စတင်စိုက်ပျိုးခဲ့ပါတယ် ၂၀၁၃ ခုနှစ်မှာတော့ မှိုင်းခံရော်ဘာ RSS-1 များကို ပြည်တွင်းပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနေတဲ့ ကုမ္ပဏီဖြစ်ပါတယ်။

ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးနဲ့ ရသင့်ရထိုက်သော အခွန်အခများ ရရှိနိုင်ရေး ရည်ရွယ်ချက်များနဲ့ မြန်မာ-ထိုင်း ရင်းနှီးမြှုပ်နှံမှုဖက်စပ်ကော်ပိုရေးရှင်းကို တည်ထောင်ထားခြင်းဖြစ်တယ်လို့ Vantage Company Ltd . မှ စီမံကိန်းမန်နေဂျာ ဦးစိုင်းမတ်က ဧပြီလ ၂၉ ရက်နေ့က ပြုလုပ်တဲ့ ရော်ဘာအစေး သန့်စင်စက်ရုံ မိတ်ဆက် ပွဲအခမ်းအနားမှာ ပြောကြားခဲ့တာဖြစ်ပါတယ်။

အဲဒီ ရော်ဘာအစေးသန့်စင်စက်ရုံမှ ရော်ဘာအသား ၆၀ ရာခိုင်နှုန်းရရှိအောင် သန့်စင်ပေးသွားမှာဖြစ်ပါတယ်။ ထွက်ရှိလာတဲ့ ရော်ဘာများကတော့ အရည်အသွေးမြင့် ရော်ဘာဖြစ်လာမှာဖြစ်တဲ့အတွက် ကမ္ဘာ့ပေါက်ဈေးနဲ့အညီ ရနိုင်မှာဖြစ်ပါတယ်။

ကားတာယာ အမြောက်အမြားကတော့ RSS အဆင့်များနဲ့ထုတ်လုပ်တာဖြစ်ပြီး၊ ရော်ဘာအရည်ကိုတော့ တိုက်ရိုက်ကုန်ချော ထုတ်လုပ်တာဖြစ်ပါတယ်။ စက်ရုံသုံး၊ ခွဲစိတ်ခန်းသုံး၊ ဓာတ်ခွဲခန်းသုံးလက်အိတ်များ အစရှိသည်တို့ကို ထုတ်လုပ်ပါတယ်။

အခုလို စက်ရုံတည်ခြင်းအားဖြင့် လုပ်ငန်းရှင်အနေနဲ့ ရော်ဘာခြံရှင်များပါ အကျိုးရှိမှာဖြစ်တယ်လို့ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားပါတယ်။

**ကောင်းကင်**



# မီးဘေးသင့် နန်းနီ (မြောက်) ကျေးရွာသူ၊ ကျေးရွာသားများအား ပစ္စည်းများသွားရောက်လှူဒါန်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ နန်းနီကျေးရွာအုပ်စု၊ နန်းနီမြောက် ကျေးရွာတွင် ဧပြီလ ၂၀ ရက်က မီးဘေးသင့်ခံရမှုကြောင့် အိမ်ထောင်စု ၇၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။ အဆိုပါကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၏ စီမံကြီးကြပ်မှုဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ကျေးလက်ဒေသအသေးစား ကုန်ထုတ်လုပ်ငန်းတစ်မျိုးဖြစ်သည့် အိုးလုပ်ငန်းအား ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product ) ထုတ်လုပ်သည့် ကျေးရွာဖြစ်သောကြောင့် အိုးလုပ်ငန်းရှင်များအား ချေးငွေများထုတ်ချေးပေးခဲ့တဲ့ ကျေးရွာဖြစ်ပါတယ်။

လူသားချင်းစာနာသောအားဖြင့် မန္တလေးတိုင်းကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးမှ ဦးဆောင်၍ အရာထမ်း၊ အမှုထမ်းများမှ ပေါင်း၍ မေလ ၆ ရက်နေ့တွင် အဆိုပါကျေးရွာသို့ သွားရောက်ပြီး ဒန်အိုးများ၊ ပန်းကန်ပြားများ၊ ဇွန်းများ အဝတ်အထည်များအား သွားရောက်လှူဒါန်းကြောင်း သိရပါတယ်။

**ရန်နိုင်ဦး-မန္တလေး**

# SMIDB ဘဏ်ချေးငွေဖြင့် ပွဲစားများလက်က လွတ်နိုင်ပြီ

ဆန်စက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာတဲ့ဈေးကွက်၊ ခေတ်မီတဲ့စက်ကိရိယာ၊ ဈေးကွက်ဝယ်လိုအားရှိတဲ့ ကုန်ကြမ်းပစ္စည်းများလိုအပ်ပြီး၊ ရင်းနှီးလှည့်ပတ်ငွေကြေးလည်း အဓိကလိုအပ်ပါတယ်။ အင်းတော်မြို့နယ်ရဲ့ ဆန်စပါးလောကမှာ ကိုယ်တိုင်ရပ်တည်လုပ်ကိုင်နေတဲ့ စက်ပိုင်ကုန်သည်အနည်းငယ်သာရှိပါတယ်။ အများစုက ပွဲစားများရဲ့ ကြိုပေးကြိတ်သွင်းစနစ်နဲ့ ရပ်တည်နေရလို့ အကျိုးအမြတ်နည်းပါတယ်။ ယခု SMIDB ဘဏ်ချေးငွေများရရှိမည်ဆိုပါက အဆင့်မြင့်စက်ကိရိယာများ တပ်ဆင်အသုံးပြုပြီး ကိုယ်ပိုင်ငွေနဲ့ ရင်းနှီးလုပ်ကိုင်နိုင်ကာ ပွဲစားများကို အားကိုးစရာမလိုတော့ကြောင်း စက်ပိုင်လုပ်ငန်းရှင် ဒေါ်ကြည်ဝင်းထံက သိရပါတယ်။

ဆန်စပါးပွဲစား ဒေါ်ဌေးက ဆန်စက်လုပ်ငန်းရှင်တိုင်း ချေးငွေများရရှိပြီး ရင်းနှီးလည်ပတ်လုပ်ကိုင်နိုင်ပါက ပွဲစားများအနေနဲ့ ကိုယ်တိုင်ဆန်စက်တည်ထောင် ရတော့မယ်၊ ဆန်စက်လုပ်ငန်းရှင်များကို အားကိုးလို့မရတော့ဘူး။ မိမိလုပ်ငန်း မိမိရပ်တည်စနစ်ဖြင့် လုပ်ကြတော့မှာဖြစ်တဲ့အတွက် ဆန်စပါး ပွဲစားလောက တိမ်ကောသွားနိုင်တယ်လို့ ဆိုပါတယ်။

**ကြည်နိုင်ဦး-အင်းတော်**

## မြို့ကြီးများ၏ ၁၁-၅-၂၀၁၅ မှ ၁၅-၅-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၁-၅-၂၀၁၅) | အင်္ဂါ(၁၂-၅-၂၀၁၅) | ဗုဒ္ဓဟူး(၁၃-၅-၂၀၁၅) | ကြာသပတေး(၁၄-၅-၂၀၁၅) | သောကြာ(၁၅-၅-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၂°F |
| ရန်ကုန်မြို့ | နေသာ ၃၉°C/၁၀၃°F | တိမ်အသင့်အတင့် ၃၉°C/၁၀၂°F | တိမ်အသင့်အတင့် ၃၇°C/၉၉°F | ၅၀% ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F |
| မန္တလေးမြို့ | နေသာ ၄၂°C/၁၀၇°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၅°F |
| မြစ်ကြီးနား | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၈°C/၁၀၀°F | ၆၀% ၃၈°C/၁၀၀°F | ၈၀% ၃၇°C/၉၉°F |
| လားရှိုး | ၄၀% ၃၄°C/၉၃°F | ၃၀% ၃၃°C/၉၁°F | ၄၀% ၃၂°C/၉၀°F | နေသာ ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F |
| ကျိုင်းတုံ | နေသာ ၃၅°C/၉၅°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| လွိုင်ကော် | နေသာ ၃၂°C/၈၉°F | ၈၀% ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F |
| တောင်ကြီး | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၉°C/၈၅°F |
| မော်လမြိုင် | နေသာ ၃၇°C/၉၈°F | တိမ်အသင့်အတင့် ၃၇°C/၉၈°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F | ၆၀% ၃၆°C/၉၆°F | ၈၀% ၃၆°C/၉၆°F |
| ဘားအံ | တိမ်အသင့်အတင့် ၃၇°C/၉၉°F | တိမ်အသင့်အတင့် ၃၇°C/၉၉°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F | ၄၀% ၃၆°C/၉၆°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F |
| တောင်ငူ | နေသာ ၄၁°C/၁၀၅°F | တိမ်အသင့်အတင့် ၄၀°C/၁၀၄°F | တိမ်အသင့်အတင့် ၄၀°C/၁၀၄°F | နေသာ ၄၁°C/၁၀၅°F | တိမ်အသင့်အတင့် ၄၀°C/၁၀၄°F |
| မုံရွာ | နေသာ ၄၂°C/၁၀၇°F | နေသာ ၄၁°C/၁၀၆°F | နေသာ ၄၁°C/၁၀၆°F | နေသာ ၄၂°C/၁၀၅°F | နေသာ ၄၂°C/၁၀၆°F |
| ပုသိမ် | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F |
| မြိတ် | ၃၀% ၃၅°C/၉၅°F | ၄၀% ၃၆°C/၉၆°F | ၅၀% ၃၄°C/၉၄°F | ၅၀% ၃၃°C/၉၂°F | ၄၀% ၃၄°C/၉၃°F |
| စစ်တွေ | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F |
| မကွေး | ၄၀% ၃၂°C/၉၀°F | ၅၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F |
| ဖလမ်း | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၂°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F | တိမ်အသင့်အတင့် ၂၈°C/၈၃°F |



## ထိုင်းနိုင်ငံရှိ ပြည်နယ်သုံးခုတွင် လေပြင်းမုန်တိုင်းများကျရောက်သဖြင့် အိမ်ခြေငါးရာခန့် ပျက်စီး

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ပြည်နယ်သုံးခုတွင် မေ ၅ ရက်ညက လေပြင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် အိမ်ခြေငါးရာခန့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဗန်ကောက်ပို့စ်သတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

လေပြင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲခြင်း၊ ဓာတ်တိုင်များလဲကျခြင်း၊ လျှပ်စစ်မီးများ ပြတ်တောက်ခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မြောင်ခရိုင်တွင် ဓာတ်တိုင် ၂၃ တိုင်လဲကျခဲ့မှုကြောင့် အဆိုပါခရိုင်တစ်ခုလုံး မှောင်အတိ ဖုံးလွှမ်းခဲ့ကြောင်း၊ ထို့အတူ ဝမ်သောင်ခရိုင်တွင်လည်း လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

သစ်ပင်ကြီးများမှာ အမြစ်မှ ကျွတ်ထွက်ကာ လမ်းမများပေါ်သို့ လဲကျခဲ့သဖြင့် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ရသည်ဟု ဆိုသည်။

ပြည်နယ်သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများက လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မြောင်ခရိုင်တွင် နေအိမ် ၃၄၇ လုံး၊ ဝမ်သောင်ခရိုင်တွင် နေအိမ် ၃၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ထို့ပြင် အိမ်အများအပြားမှာ လုံးဝပျက်စီးမသွားသော်လည်း အိမ်ခေါင်မိုးများ လန်ထွက်ခဲ့ကြောင်း ပြောကြားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည့် နေအိမ်များအား ထိုင်းစစ်သားများက အဖွဲ့များဖွဲ့ကာ လိုက်လံပြင်ဆင်ပေးလျက်ရှိသည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းတွင်လည်း မေ ၃ရက်ညက လေပြင်းများ တိုက်ခတ်ခဲ့ရာ နေအိမ်အများအပြား ပျက်စီးဆုံးရှုံးခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

Khon Kaen ပြည်နယ်တွင်လည်း လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရာ နှစ်ပေါင်း ၁၀၀ သက်တမ်းရှိသည့် သစ်သားအိမ်ကြီးတစ်လုံး ပြိုကျပျက်စီးခဲ့ရကြောင်းဖြင့် ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

## ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ရန် နီးကပ်လာချိန်တွင် မီးတောင်ပေါက်ကွဲမှုဖြစ်ပွား



ဖိလစ်ပိုင်နိုင်ငံအနောက်မြောက်ဘက် ကမ်းခြေဒေသများသို့ အင်အားပြင်းထန်သည့် Noul အမည်ရှိ တိုင်ဖွန်းမုန်တိုင်းသည် မေ ၁၁ ရက်တွင်ဝင်ရောက်တိုက်ခတ်မည်ဟု ကြေညာချိန် အဆိုပါဒေသ၌ရှိသည့် မီးတောင်ပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူများမှာ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရကြောင်းဖြင့် အေပီသတင်းတွင် ဖော်ပြထားသည်။

တိုင်ဖွန်းမုန်တိုင်း Noul သည် တစ်နာရီလျှင် ၁၈၅ ကီလိုမီတာနှုန်းဖြင့် ဆာမာပြည်နယ်အရှေ့ဘက်ရှိ ဘိုရှွန်ဂန်မြို့၏ အရှေ့မြောက်ဘက်ကီလိုမီတာ ၄၈၀ အကွာကိုဗဟိုပြုလျက်ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ မိုးလေဝသဌာနမှ ထုတ်ဖော်ကြေညာခဲ့သည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်း၏ အရှိန်ကြောင့် ဘိုရှွန်ဂန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးများသည်းထန်စွာ ရွာသွန်းလျက်ရှိသကဲ့သို့ လေပြင်းများလည်း တိုက်ခတ်လျက်ရှိကြောင်း၊ ယင်းသို့ မုန်တိုင်းတိုက်ခတ်မည့်အချိန်တွင် ဘူလူဆန်မီးတောင်မှ ချော်ရည်ပူများမှုတ်ထုတ်ခဲ့မှုကြောင့် ဒေသခံပြည်သူများအား သဘာဝဘေးအန္တရာယ်များမှ လွတ်ကင်းရာသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း ဖိလစ်ပိုင်အစိုးရမှ ထုတ်ပြန်ကြေညာခဲ့သည်။ မုန်တိုင်း၏အရှိန်ကြောင့် မြေပြိုခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်းများလည်းဖြစ်လာနိုင်သဖြင့် အထူးသတိရှိကြရန် အစိုးရတာဝန်ရှိသူများက ကြေညာထားကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံသည် နှစ်စဉ် မုန်တိုင်းပေါင်း ၂၀ ခန့် ဝင်ရောက် တိုက်ခတ်လေ့ရှိသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က ဝင်ရောက်တိုက်ခတ်ခဲ့သည့် အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း ဟိုင်ယန်ကြောင့် လူပေါင်း ၈၀၀၀ ကျော် သေဆုံးခဲ့ကြရသည်။

"ကျွန်တော်တို့တစ်တွေ မုန်တိုင်းအားပျော့သွားဖို့ ဘုရားသခင်ထံမှာပဲ ဆုတောင်းရတော့မှာပါ။ ဒုက္ခသည်တွေကိုထားတဲ့စခန်းတွေမှာ ကျွန်တော်မနေချင်တော့ပါဘူး"ဟု ဟိုင်ယန်မုန်တိုင်းမှ သေကံမရောက်ဘဲလွတ်မြောက် လာသူရိုဆေရီယိုက အေအန်စီသတင်းဌာနကို ပြောကြားခဲ့သည်။

# မြန်မာအမျိုးသမီးလက်ရွေးစင်အသင်း AFF Women Championship2015 ပြိုင်ပွဲ ဗိုလ်လုပွဲတက်ပြီ



ဗီယက်နမ်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် AFF Women Championship 2015 ပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို မေ ၈ရက် ညနေ မြန်မာစံတော်ချိန် ၃ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင်ကျင်းပခဲ့သည်။ အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ဩစတြေးလျ ယူ-၂၀ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။

အဆိုပါပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်းပွဲချိန် ၅၂ မိနစ်တွင် ရီရီဦးက ဩစီဂိုးသမားထံမှ အန်ထွက်လာသည့်ဘောလုံးကို သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယင်းပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် ဂိုးသွင်းခွင့်အကြိမ်အများအပြားရခဲ့သော်လည်း အဆုံးသတ်မသေချာမှုကြောင့် အနိုင်ဂိုးတစ်ဂိုးတည်းသာ ရရှိခဲ့ခြင်းဖြစ်သည်။

ဩစီ အမျိုးသမီးအသင်းသည် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း၏ သက်လုံကောင်းမှုနှင့် အချိတ်အဆက် မိမှုတို့ကို ယှဉ်နိုင်ခြင်းမရှိသလို မြန်မာအမျိုးသမီးအသင်း၏ နောက်တန်းလုံမှုကို ဖောက်ထွက်နိုင်ခြင်း မရှိသဖြင့် အရှုံးနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အုပ်စု(ခ)တွင် အိမ်ရှင် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှားအသင်းတို့နှင့် တစ်အုပ်စုတည်းတွင် ကျရောက်ခဲ့ပြီး အုပ်စုတွင်းပွဲစဉ်များတွင် အိမ်ရှင် ဗီယက်နမ်ကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ဖိလစ်ပိုင်ကို လေးဂိုး-တစ်ဂိုး၊ မလေးရှားအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်လှမ်းခဲ့ခြင်းဖြစ်သည်။

အကြိုဗိုလ်လုပွဲတွင် အုပ်စု(က)မှ အုပ်စုပထမရရှိခဲ့သည့် ဩစတြေးလျ ယူ-၂၀အသင်းနှင့်တွေ့ဆုံခဲ့ကာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဗိုလ်လုပွဲတွင် အိမ်ရှင် ဗီယက်နမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ထိုင်းအသင်းနှင့် မေ ၁၀ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဩစီ အမျိုးသမီးအသင်းအား အနိုင်ရရှိခဲ့သည့် မြန်မာအမျိုးသမီးအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဆုငွေကျပ်သိန်း ၂၀၀ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

# ဆီးဂိမ်းစ်ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းပါဝင်သည့် ပွဲစဉ်လက်မှတ်များ ရောင်းအားကောင်းနေ

စင်ကာပူနိုင်ငံတွင်ကျင်းပမည့် ၂၀၁၅ခုနှစ် (၂၈)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (28th South East Asia Game) ၏ ဘောလုံးပြိုင်ပွဲများအနက် မြန်မာအသင်းပါဝင်သည့် ပွဲစဉ်လက်မှတ်များ ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

ယင်းပြိုင်ပွဲ၏ ဘောလုံးပြိုင်ပွဲများကို ယခုလ ၂၉ ရက်မှ စတင်ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မြန်မာအသင်းသည် အိမ်ရှင် စင်ကာပူ၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယင်းပွဲစဉ်များအတွက် လက်မှတ်များကို အွန်လိုင်းမှ တစ်ဆင့်ရောင်းချခဲ့ရာ မြန်မာနှင့် စင်ကာပူ၊ မြန်မာနှင့် ဖိလစ်ပိုင် ပွဲစဉ်လက်မှတ်များမှာ ရောင်းချရန် မကျန်တော့ကြောင်း သိရသည်။

မြန်မာအသင်း၏ အုပ်စုပွဲစဉ်များကို ပရိသတ် ၈၀၀၀ ဝင်ဆံ့သည့် ဂျလန်ဘီဆာကွင်း၌ ကစားရမည်ဖြစ်ပြီး အိမ်ရှင်စင်ကာပူအသင်းမှာ ၎င်းကစားရမည့်ပွဲစဉ်များမှ လက်မှတ်အရေအတွက်၏ ၉၀ ရာခိုင်နှုန်းကို ရယူထားပြီး အခြားပြိုင်ဘက်ပရိသတ်များအတွက် ၁၀ ရာခိုင်နှုန်းသာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြန်မာအသင်းသည် ဇွန် ၂ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် အဖွင့်ပွဲစတင်ကစားရမည်ဖြစ်ပြီး ၄ ရက်တွင် အိမ်ရှင် စင်ကာပူ၊ ၇ ရက်တွင် ဖိလစ်ပိုင်၊ ၁၀ ရက်တွင် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ လက်မှတ်များကို ပြိုင်ပွဲကျင်းပသည့်နေ့တွင် ကွင်းအတွင်း ရောင်းချပေးဦးမည်ဖြစ်ကြောင်း သိရသည်။



# ဖီဖာ၏သတ်မှတ်ချက်အရ မြန်မာယူ-၂၀အသင်း၏ ဂိုးနည်းပြအပါအဝင် အဖွဲ့ဝင်သုံးဦး လျှော့ချ

နယူးဇီလန်နိုင်ငံတွင်ကျင်းပမည့် အသက် ၂၀ အောက်ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ- ၂၀ ဘောလုံးအသင်းမှ ဂိုးနည်းပြအပါအဝင် အဖွဲ့ဝင်သုံးဦးကို မေ ၆ ရက်က လျှော့လိုက်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာ ယူ-၂၀ အသင်းမှ ဂိုးနည်းပြတစ်ဦး၊ မီဒီယာတစ်ဦးနှင့်သူနာပြုတစ်ဦးတို့ကို လျှော့ချရခြင်းမှာ ပြိုင်ပွဲအတွက် လိုအပ်သည့်အဖွဲ့ဝင်စာရင်းထက် များပြားနေသောကြောင့် လျှော့ချခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

မြန်မာ ယူ-၂၀ အသင်းမှ လျှော့ချခံရသူများမှာ ဂိုးနည်းပြ ဦးမြတ်ကိုမင်း၊ အသင်းသူနာပြု ဦးပြည့်ဖြိုးအောင်နှင့် သတင်းနှင့်ပြန်ကြားရေးအတွက် တာဝန်ယူထားသည့် ဦးမင်းမင်းအောင်တို့ဖြစ်ကြောင်း သိရသည်။

“မြန်မာ ယူ-၂၀ အသင်းအတွက် ပြန်ကြားရေးတာဝန်ကို ဦးစိုးမိုးကျော်က တာဝန်ယူမှာပါ”ဟု ၎င်းက ပြောကြားခဲ့သည်။ ယင်းကဲ့သို့လျှော့ချရခြင်းမှာ ဖီဖာက သတ်မှတ်ထားသည့် လူအရေအတွက်ထက် ပိုမိုများပြားနေသောကြောင့်ဖြစ်ကြောင်း၊ ဖီဖာက နည်းပြအဖွဲ့တွင် ခွင့်ပြုထားသည်မှာ ရှစ်ဦးသာဖြစ်ကြောင်း၊ ထို့ကြောင့် လျှော့ချရခြင်းဖြစ်ကြောင်း သိရသည်။

ဥရောပခြေစမ်းခရီးစဉ်မှ ပြန်လည်ရောက်ရှိလာသည့် မြန်မာယူ-၂၀ အသင်းသည် ယခုအခါတွင် သုဝဏ္ဏအားကစားကွင်း၌ လေ့ကျင့်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ ဦးညီညီလတ်၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ အကြောနှင့် ကြံ့ခိုင်မှုနည်းပြများအဖြစ် ဂျာမနီနိုင်ငံသား နည်းပြနှစ်ဦးတို့က လေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာ ယူ-၂၀ အသင်းသည် မတ် ၂၃ရက်မှစတင်ကာ ပဏာမလက်ရွေးစင်ကစားသမား ၂၄ ဦးဖြင့် ဥရောပနိုင်ငံများသို့ ခြေစမ်းခရီးထွက်ခွာခဲ့သည်။ အဆိုပါခရီးစဉ်တွင် ခြေစမ်းပွဲ ၁၂ ပွဲကစားခဲ့ရာ ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးနိမ့်ခဲ့သည်။ ပြည်တွင်း၌ခြေစမ်း ကစားခဲ့သည့်ပွဲသုံးပွဲစလုံးအနိုင်ရရှိခဲ့သည်။

မြန်မာ ယူ-၂၀ အသင်းသည် မြန်မာ့ဘောလုံးသမိုင်းတစ်လျှောက် ပထမဦးဆုံးအကြိမ်အဖြစ် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၀ အသင်းသည် အုပ်စု(က)တွင် အိမ်ရှင် နယူးဇီလန်၊ အမေရိကန်၊ ယူကရိန်းအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေခဲ့သည်။ မြန်မာ ယူ -၂၀ အသင်းသည် မေ ၃၀ရက်တွင် အမေရိကန်အသင်းနှင့် အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

# စင်ကာပူဆီးဂိမ်း ဘတ်စကက်ဘော ပြိုင်ပွဲတွင် မြန်မာအသင်း အိမ်ရှင်နှင့် တစ်အုပ်စုတည်းကျ

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဘတ်စကက်ဘောပြိုင်ပွဲများတွင် မြန်မာအသင်းသည် အိမ်ရှင်စင်ကာပူအသင်းနှင့်အတူ အုပ်စုတစ်ခုတည်းတွင် ကျရောက်နေကြောင်း သိရသည်။ ဘတ်စကက်ဘောပြိုင်ပွဲကို အိမ်ရှင်စင်ကာပူ၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်း၊ တီမောလက်စလေ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အုပ်စု(က)တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ တီမောလက်စလေအသင်းတို့ပါဝင်ပြီး အုပ်စု(ခ)တွင် အိမ်ရှင်စင်ကာပူ၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်အသင်းတို့ပါဝင်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ဘတ်စကက်ဘောအသင်းသည် စင်ကာပူနိုင်ငံတွင် ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် ၂၀၁၅ ခုနှစ်မတ်လမှစတင်ကာ ပြည်တွင်းနည်းပြများနှင့် လေ့ကျင့်လျက်ရှိပြီး အခြားအားကစားနည်းများကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့် ပူးတွဲလေ့ကျင့်ခြင်း၊ နိုင်ငံတကာပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းများပြုလုပ်ခြင်းမရှိခဲ့ပေ။

မြန်မာဘတ်စကက်ဘောအသင်းသည် မြန်မာနိုင်ငံတွင်ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် ခြောက်ပွဲကစားရာတွင် ခြောက်ပွဲစလုံး ရှုံးနိမ့်ခဲ့သဖြင့် နိုင်ငံအလိုက်အဆင့်ခုနစ်နေရာတွင်သာ ရပ်တည်နိုင်ခဲ့သည်။

## ပြုံးချမ်း ၂၀၁၈ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲအတွက် လင်ဆေးဗွန်ကို အားကစားသံတမန်အဖြစ် ခန့်အပ်

အမေရိကန်နှင်းလျှောစီးချန်ပီယံ လင်ဆေးဗွန်ကို ပြုံးချမ်းဆောင်းရာသီ အားကစားပြိုင်ပွဲအတွက် အမေရိကန်နိုင်ငံ၏ အားကစားသံတမန်အဖြစ် ခန့်အပ်လိုက်ကြောင်းဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ၉ရက်မှစတင်ကျင်းပမည့် ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲကို တောင်ကိုရီးယားနိုင်ငံ ပြုံးချမ်းမြို့တွင် ကျင်းပမည်ဖြစ်သည်။ လင်ဆေးဗွန်သည် တောင်ကိုရီးယားနိုင်ငံမှ အိုလံပစ်ရေခဲပြင်စကိတ်အလှစီးချန်ပီယံဟောင်း ကင်ယူနာနှင့် မေဂျာလိဂ်ဘေ့စ်ဘောပြိုင်ပွဲဝင် Texas Ranger အသင်းမှရှင်ဆိုချူးတို့နှင့်အတူ အားကစားသံတမန်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

လင်ဆေးဗွန်အနေဖြင့် ယခုကဲ့သို့ အားကစားသံတမန်အဖြစ် ခန့်အပ်ခံရခြင်းသည် ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲသမိုင်းတွင် နိုင်ငံခြားသားအားကစားသမားတစ်ဦးအား ပထမဦးဆုံးအကြိမ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၀ အရွယ်ရှိပြီဖြစ်သည့် လင်ဆေးဗွန်သည် ၂၀၁၄ ခုနှစ် ဆိုချီဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် ဒူးဒဏ်ရာရရှိနေမှုကြောင့် ပြိုင်ပွဲမဝင်ဖြစ်သည်မှလွဲ၍ ပြိုင်ပွဲအရပ်ရပ်တွင် ၆၇ ကြိမ် အနိုင်ရရှိခဲ့သည်။

လင်ဆေးဗွန်သည် ဗန်ကူးဗား အိုလံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုရရှိခဲ့ပြီး ကမ္ဘာ့ချန်ပီယံရှစ် ပြိုင်ပွဲများတွင် ရွှေတံဆိပ်နှစ်ခုရရှိခဲ့သူဖြစ်သည်။

## ကမ္ဘာ့တန်ဖိုးအကြီးဆုံး ကလပ်အသင်းအဖြစ် ရီးရဲလ်မက်ဒရစ်ရပ်တည်

ကမ္ဘာ့တန်ဖိုးအကြီးဆုံးနှင့် ဝင်ငွေအကောင်းဆုံး ကလပ်အသင်းများကို စီးပွားရေးမဂ္ဂဇင်းတစ်စောင်ဖြစ်သည့် Forbes မဂ္ဂဇင်းက ထုတ်ပြန်ကြေညာခဲ့ရာ လက်ရှိ ချန်ပီယံလိဂ်ချန်ပီယံ ရီးရဲလ်မက်ဒရစ်အသင်းက ပေါင် ၂ ဒသမ ၁၃ ဘီလီယံဖြင့် ထိပ်ဆုံးမှရပ်တည်နေကြောင်း သိရသည်။

ရီးရဲလ်အသင်းမှာ ယခုနှစ်တွင် ယခင်နှစ်ကထက် ၅ ရာခိုင်နှုန်းလျော့ကျကာ ပေါင် ၂ ဒသမ ၁၃ဘီလီယံသာရှိခဲ့သော်လည်း သုံးနှစ်ဆက်တိုက် ထိပ်ဆုံးနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

၎င်း၏ပြိုင်ဘက် ဘာစီလိုနာအသင်းမှာမူ ပေါင် ၂ ဒသမ ၀၇ ဘီလီယံဖြင့် ဒုတိယနေရာတွင် ရပ်တည်နေခဲ့ပြီး လူကြိုက်အများဆုံးအသင်းဖြစ်သည့် မန်ချက်စတာယူနိုက်တက်အသင်းက ပေါင် ၂ ဒသမ ၀၃ ဘီလီယံဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

အဆိုပါမဂ္ဂဇင်း၏ ကြေညာချက်တွင် ပါရှိသည့် အသင်းများအနက် ထိပ်ဆုံးအသင်း ၂၀ တွင် ပရီးမီးယားလိဂ်မှအသင်းပေါင်းရှစ်သင်း ပါဝင်ပြီး ငါးသင်းမှာ ထိပ်ဆုံးရှစ်သင်းစာရင်းတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် တစ်နှစ်လျှင် ပေါင် ၇၂ သန်းဖြင့် Adidas နှင့် ၁၀ နှစ်စပွန်ဆာစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းနှင့် ကွင်းဝင်ကြေးများ လျော့ကျသွားမှုမရှိခြင်းတို့ကြောင့် ထိပ်ဆုံးသုံးသင်းစာရင်းတွင် ဝင်နေခဲ့ခြင်းဖြစ်သည်။

# ရာမာဒန်ဥပုသ်လနှင့် တိုက်ဆိုင်နေသော်လည်း စက်တင်ဘာလအတွင်း မေဝဲသားနှင့်ထိုးသတ်ရန် အေမာခန်း စီစဉ်



ဗြိတိန်လက်ဝှေ့ကျော် အေမာခန်းသည် လာမည့် စက်တင်ဘာလအတွင်းတွင် မေဝဲသားနှင့် ထိုးသတ်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ စက်တင်ဘာလသည် မွတ်ဆလင်ဘာသာကို ကိုးကွယ်သည့် အေမာခန်းအတွက် ရာမာဒန်ဥပုသ်လဖြစ်သော်လည်း ထိုးသတ်မည်ဖြစ်ကြောင်း၊ အေမီယာခန်းအနေဖြင့် ယခင်က ရာမာဒန်ဥပုသ်လတွင်မည်သည့်စိန်ခေါ်ထိုးသတ်ပွဲကိုမှ ယှဉ်ပြိုင်ခြင်းမပြုခဲ့သည်မှာ ခုနစ်နှစ်မျှရှိပြီဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ်က ဘာဒစ်စ်ပရီစကော့ကို ရှုံးနိမ့်ခဲ့သည့်အချိန်မှစ၍ ရာမာဒန်ဥပုသ်လတွင် လက်ဝှေ့ထိုးသတ်ခြင်းမပြုခဲ့ကြောင်းဖြင့် ၎င်းက ပြောကြားခဲ့သည်။

မွတ်ဆလင်ဘာသာဝင်များ၏ ဥပုသ်လသည် ဇူလိုင်လလယ်မှ စတင်ကာ အောက်တိုဘာလအထိဖြစ်ရာ မွတ်ဆလင် ဘာသာဝင်တစ်ဦးအနေဖြင့် ထိုအချိန်တွင် လက်ဝှေ့ထိုးသတ်ရမည့်အရေးအတွက် စိုးရိမ်မကင်းဖြစ်မိကြောင်း ၎င်းက ပြောကြားခဲ့သည်။

သို့သော် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ပက်ကွီအိုကို အမှတ်ဖြင့် အနိုင်ယူခဲ့သည့် မေဝဲသားကို စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

“မေဝဲသားဟာ ပက်ကွီအိုကို အနိုင်ရခဲ့တယ်ဆိုပေမယ့် အငြင်းပွားဖွယ်ရာအချက်တွေနဲ့ အနိုင်ရခဲ့တာပါ။ တကယ်တော့သူဟာ တကယ့်ကို ရှုံးပွဲမရှိသေးတဲ့ လက်ဝှေ့သမားတစ်ယောက်လို့ ပြောရမှာပါ။ သူရဲ့ထိုးသတ်ဟန်တွေကို ကျွန်တော်ကောင်းကောင်းသိတယ်။ သူဟာ တကယ့်ကိုကျွမ်းကျင်တဲ့ လက်ဝှေ့သမားတစ်ယောက်ပါ”ဟု အေမာခန်းက ပြောကြားခဲ့သည်။

မေဝဲသား၏ ဖခင်ဖြစ်သူ မေဝဲသားစီနီယာက ၎င်းစိန်ခေါ်ပွဲတွင် မိမိအနိုင်ရမည်မှာ သေချာသဖြင့် လက်ခံသင့်သည်ဟု ပြောကြားခဲ့သည်။

စက်တင်ဘာလအတွင်း နောက်ဆုံးထိုးသတ်ပြီးပါက လက်ဝှေ့ကြိုးဝိုင်းအတွင်းမှ အနားယူတော့မည့် မေဝဲသားအား ၎င်း၏ဖခင်ဖြစ်သူက အေမာခန်းနှင့် ထိုးသတ်ပွဲကို လက်ခံရန်တိုက်တွန်းပြောကြားခဲ့သည်။ အေမာခန်းသည် လာမည့်မေ ၃၀ ရက်တွင် နယူးယောက်၌ ခရစ်အယ်လီဂရီနီနှင့် ထိုးသတ်ရန် စီစဉ်ထားသည်။ အေမာခန်းသည် မေဝဲသားနှင့် ပက်ကွီအိုတို့ ထိုးသတ်ရန်စိန်ခေါ်မှုမပြုမီကပင် မေဝဲသားအား စိန်ခေါ်ထိုးသတ်ခွင့်ရရန် တောင်းဆိုထားသူဖြစ်သည်။

# ၂၆ နှစ်ပြည့် မွေးနေ့လက်ဆောင်အဖြစ် ကာဒီးလက်စ် ချန်ပီယံဖလားကို မက်အီရွိုင်း ဆွတ်ခူးနိုင်ခဲ့



ကမ္ဘာ့အဆင့်တစ် ဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်းသည် WGC Cadillac ချန်ပီယံရှစ်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခြင်းဖြင့် ၂၆ နှစ် ပြည့်မွေးနေ့အကြိုလက်ဆောင်ရယူနိုင်ခဲ့သည်။

ဆန်ဖရန်စစ္စကို၌ကျင်းပသော ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲတွင် မက်အီရွိုင်းသည် အမေရိကန်မှ ဂယ်ရီဝုဒ်လန်းကို နှစ်ကျင်းသာကစားရန် ကျန်ရှိချိန်တွင် လေးမှတ်အသာဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

မေလ ၄ ရက်နေ့က အသက် ၂၆ နှစ်ပြည့်ခဲ့သည့် မက်အီရွိုင်းအတွက် ယခုအောင်မြင်မှုသည် အကောင်းဆုံးသော မွေးနေ့အကြိုလက်ဆောင်ဖြစ်ခဲ့သည်။

အဆိုပါပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်ယှဉ်ပြိုင်ခဲ့ချိန်တွင် မက်အီရွိုင်းသည် ကျင်းပိုလေးကျင်း ကစားခဲ့ရသည့်အတွက် မေဝဲသားနှင့် ပက်ကွီအိုတို့၏ လက်ဝှေ့ပွဲကို သွားရောက်ကြည့်ရှုနိုင်ခြင်းမရှိခဲ့ပေ။

ဆုကြေးစားဘဝသက်တမ်းတစ်လျှောက် ၁၆ခုမြောက် ဆုဖလားပိုင်ဆိုင်ခဲ့သော မက်အီရွိုင်းသည် WGC ပြိုင်ပွဲများတွင် ဒုတိယအကြိမ်ဗိုလ်စွဲခဲ့ခြင်းဖြစ်သော်လည်း Match Play စနစ်ဖြင့် ကျင်းပသည့်ပြိုင်ပွဲများတွင်မူ ပထမဆုံးချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။

# သုံးနှစ်အတွင်း ပထမဆုံးမြေစေးကွင်းဖလား ဖက်ဒဲရားရယူ ပြင်သစ်အိုးပင်းအတွက် ယုံကြည်မှု မြင့်တက်လာ




ဆွစ်ဇာလန်တင်းနစ်သမားရော်ဂျာဖက်ဒဲရားသည် ၂၀၁၂နောက်ပိုင်း သုံးနှစ်အတွင်း ပထမဆုံး မြေစေးကွင်းဖလားကို အစ္စတန်ဘူလ်အိုးပင်းပြိုင်ပွဲတွင် ရယူသွားနိုင်ခဲ့သည်။ ဖက်ဒဲရားသည် နောက်ဆုံးဗိုလ်လုပွဲတွင် ဥရုဂွေးတင်းနစ်သမား ပက်ဘလိုဂျူဗက်စ်ကို ၆-၃၊ ၇-၆(၁၃-၁၁)ဖြင့် အကြိတ်အနယ်ကစားပြီး အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ဂရင်းဆလင်းဖလား ၁၇လုံးပိုင်ရှင် ဖက်ဒဲရားအတွက် ၂၀၁၂ မက်ဒရစ်အိုးပင်းပြိုင်ပွဲတွင် ဗိုလ်စွဲပြီးနောက်ပိုင်း မြေစေးကွင်းပြိုင်ပွဲတစ်ပွဲ၌ ပထမဆုံး ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့အဆင့်-၂ စာရင်းဝင်နေသည့် ဖက်ဒဲရားဆွတ်ခူးခဲ့သော ဆုဖလားပေါင်း ၈၅ လုံးရှိပြီဖြစ်ကာ ယခုရာသီတွင်မူ ဘရစ္စဘိန်းနှင့် ဒူဘိုင်းပြိုင်ပွဲနောက်ပိုင်း တတိယမြောက်ချန်ပီယံ ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ မြေစေးကွင်းပြိုင်ပွဲများ၌ ကာလရှည်အောင်မြင်မှုများနှင့် ဝေးကွာခဲ့ရသည့် ရော်ဂျာဖက်ဒဲရားသည် ယခုပြိုင်ပွဲတွင် အနိုင်ရရှိခြင်းဖြင့် အဆုံးသတ်နိုင်ခဲ့သည်။ ထို့ကြောင့် ၎င်းအနေဖြင့် မက်ဒရစ်မာစတာပြိုင်ပွဲနှင့် ပြင်သစ်အိုးပင်းပြိုင်ပွဲမတိုင်မီ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုမြင့်တက်စေခဲ့ကြောင်းပြောကြားခဲ့သည်။

တစ်ချိန်တည်းကျင်းပသည့် အက်စ်တိုရီအိုးပင်းပြိုင်ပွဲတွင်မူ ပြင်သစ်တင်းနစ်ကစားသမား ရစ်ချက်ဂက်စကေးက ဩစတြေးလျတက်သစ်စ တင်းနစ်သမား နစ်ခ်ကိုင်ဂျီယာကော့စ်ကို ၆-၃၊ ၆-၂ ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ အဆိုပါဖလားသည် ဂက်စကေးအတွက် ၁၂လုံးမြောက်ဖလားဖြစ်ခဲ့ပြီး ၂၀၁၄ ဝင်ဘယ်ဒန်ဒုတိယအဆင့် ရှုံးကြေးကို ပြန်ဆပ်နိုင်ခဲ့ခြင်းဖြစ်သည်။

# Mining Investment Myanmar Summit 2015 ကျင်းပရန်အတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး




Mining Investment Myanmar Summit 2015 ကျင်းပရန် အတွက် နားလည်မှုစာချွန်လွှာလက် မှတ်ရေးထိုးပွဲကို မေလ ၇ရက်နေ့က ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ Mining Investment Myanmar Summit 2015 ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်တွင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များ အသင်းအနေဖြင့် နိုင်ငံတကာ အဆင့်သို့ သွားရောက်နိုင်ရေး၊ နိုင်ငံတကာမှ ရင်း နှီးမြှုပ်နှံသည့်လုပ်ငန်းရှင်များနှင့်ပူး ပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အရေး ရရှိလာရေး၊ မြန်မာ့သတ္တုလုပ်ငန်းအား စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်နှင့် နည်းပညာကို အခြေခံသည့် စီးပွားရေး လုပ်ငန်းတစ်ရပ်ဖြစ်သည့်အတွက် နိုင်ငံတကာနည်းပညာများရရှိစေရန်ရည် ရွယ်ချက်များဖြင့် Mining Investment Myanmar Summit 2015 ကို ကျင်းပရခြင်း ဖြစ်ကြောင်းသိရသည်။

အဆိုပါ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဦးက ယခုကဲ့သို့ မြန်မာနိုင်ငံသတ္တုကဏ္ဍတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် တရုတ်နိုင်ငံမှ Wispool Events ကုမ္ပဏီအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏အနာဂတ်သတ္တု အလားအလာများ ပိုမိုထွန်းကားလာရေးအတွက် ဝိုင်းဝန်း ကူညီကြစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လေးက မြန်မာနိုင်ငံသည် မြေပေါ်မြေအောက်သယံဇာတများ ပေါကြွယ်ဝသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ထို့ပြင် သဘာဝအရင်းအမြစ်များလည်း ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

"ဒီသတ္တုကဏ္ဍနဲ့ ပတ်သက်တဲ့ Summit ကို လွန်ခဲ့တဲ့နှစ်ပတ်လောက်ကတည်းက လုပ်မယ်လို့ ကြေညာခဲ့တာပါ။ အဲဒီလိုကြေညာလိုက်ကတည်းက ဒီ Summit ကို လာမယ်ဆိုပြီးအကြောင်းကြားတဲ့နိုင်ငံတော်တော်များများရှိလာပါတယ်။ သတ္တုကဏ္ဍနဲ့သက်ဆိုင်တဲ့ အဖွဲ့ပေါင်း ၂၀၀ နဲ့ ၃၀၀ ကြားမှာ လာရောက်ကြလိမ့်မယ်လို့ ထင်ပါတယ်။ ကနေဒါနှင့် ဩစတြေးလျနိုင်ငံတို့မှ သတ္တုလုပ်ငန်းရှင်များက လာရောက်ဆက်သွယ်လျက် ရှိပါတယ်"ဟု ၎င်း UMFCCI မှ အလုပ်အမှုဆောင်တစ်ဦးဖြစ်သူ ဦးအေးလွင်က ပြောကြားခဲ့သည်။

**မယ်သီတာ**

# စစ်ကိုင်းမြို့နယ်၊ ဒီပဲယင်းကွဲကျေးရွာထွက် စိန်တစ်လုံးသရက် မေလလယ်မှာ ပြည်ပဈေးကွက်ပို့မည်

စစ်ကိုင်းမြို့နယ်၊ ဒီပဲယင်းကွဲကျေးရွာဟာ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ပြည်ပပို့ကုန် သစ်သီးဝလံ အဓိက စိုက်ပျိုးထွက်ရှိရာဒေသတစ်ခုဖြစ်ပြီး၊ ယခုနှစ်အတွက် စိန်တစ်လုံး သရက်သီးကို ပြည်ပတင်ပို့ဖို့စီစဉ်နေပြီလို့ စစ်ကိုင်းတိုင်းဒေသကြီး သစ်သီးဝလံ၊ ပန်းမန်နဲ့ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌဖြစ်သူ သရက်ခြံပိုင်ရှင် ဒီပဲယင်းကွဲကျေးရွာသား ဦးကျော်မြင့်ကပြောပါတယ်။

ဒီပဲယင်းကွဲကျေးရွာမှာ ပြည်ပဈေးကွက်ဝင်သရက်မျိုးကောင်းများဖြစ်ကြတဲ့ စိန်တစ်လုံး၊ ရွှေဟင်္သာ၊ ရင်ကွဲသရက်စသည်တို့ကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးခဲ့ကြရာ ယခုအခါ ဧက ၂၀၀၀ နီးပါးရှိပြီလို့ဆိုပါတယ်။ ဒီပဲယင်းကွဲကျေးရွာရဲ့ တစ်နှစ်တာ သရက်သီးစိုက်ပျိုးထုတ်လုပ်မှုဟာ စိန်တစ်လုံးသရက်တန် ၄၀၀၀ ကျော်၊ ရင်ကွဲ သရက်တန် ၂၅၀၀ ကျော်၊ ရွှေဟင်္သာသရက်တန် ၃၀၀၀ ကျော်နဲ့ အခြားမျိုးကွဲသရက်တန် ၅၀၀ ကျော် စုစုပေါင်း တန် ၁၀၀၀၀ ကျော်ထွက်ရှိပြီး၊ အများစုက တရုတ်ပြည်အတွက် မူဆယ်ဈေးကွက်ကိုတင်ပို့ပြီး ပြည်တွင်းက သစ်သီးကုမ္ပဏီတို့နဲ့ ချိတ်ဆက်ကာ စင်္ကာပူ၊ မလေးရှားနိုင်ငံတို့ထိ တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။

ဒီပဲယင်းကွဲကျေးရွာမှာ သရက်စိုက်ပျိုးသူ တောင်သူ ၃၅၀ ခန့်ရှိပေမယ့် တိုင်းသစ်သီးဝလံအသင်းဝင် ၁၁၂ ဦးရှိကာ ကျေးရွာအတွင်း သရက်အစုအဖွဲ့ဖွဲ့စည်းပြီး၊ အစုအဖွဲ့ဝင်တွေအတွက် ပြည်တွင်း၊ ပြည်ပသစ်သီးဝလံ ကုမ္ပဏီများနဲ့ ချိတ်ဆက်ကာ ဈေးကွက်ခိုင်မာရေး ဆောင်ရွက်ပေးနိုင်ခဲ့တယ်လို့ အသင်းဥက္ကဋ္ဌကပြောပါတယ်။ ယခုနှစ်ထွက် စိန်တလုံးသရက်သီးများကို မြန်မာရွှေ 17. TIGER စတဲ့ ကုမ္ပဏီများနဲ့ ပြီးခဲ့တဲ့ ဧပြီလကထဲက ကြိုတင်စာချုပ်ချုပ်ဆိုရောင်းချခဲ့တယ်လို့သိရပါတယ်။

နားလည်မှုစာချွန်လွှာအရ ယခုနှစ်ရောင်းချရတဲ့ စိန်တစ်လုံး သရက် တစ်တန်ရဲ့ ပေါက်ဈေးနှုန်းများအဖြစ် သရက်သီးတစ်လုံး အလေးချိန်အလိုက် ၄၀၀ ဂရမ်အထက် ကျပ် ၁၃ သိန်း၊ ၃၅၀ ဂရမ်မှ ၄၀၀ ကြား ကျပ် ၁၁ သိန်း၊ ၃၀၀ ဂရမ်မှ ၃၅၀ ဂရမ်ကြား ကျပ် ၉ သိန်း၊ ၂၅၀ ဂရမ်မှ ၃၀၀ ဂရမ်ကြား ကျပ် ၇ သိန်းနဲ့ ၂၀၀ ဂရမ်မှ ၂၅၀ ဂရမ်ကြား ကျပ် ၆ သိန်း အသီးသီးရရှိကာ ယခင်နှစ်ကထက် တစ်တန်ကို ကျပ်တစ်သိန်းခန့် ပိုရတယ်လို့သိရပါတယ်။ စာချုပ်အရ ဒီပဲယင်းကွဲဒေသထွက် စိန်တစ်လုံး သရက်များကို မေလ (ဒုတိယပတ်)မှ စတင် တင်ပို့ရမှာဖြစ်ပြီး၊ ပစ္စည်းတင်ပြီးတစ်လအတွင်း ငွေချေမှာဖြစ်တယ်လို့ဆိုပါတယ်။

သရက်တောင်သူအများစုကတော့ ယခုနှစ်မှာ ရာသီဥတုကြောင့် သရက်သီးအထွက်လျော့မယ်လို့ ခန့်မှန်းလျက်ရှိသလို မျိုးကောင်း Export တန်းဝင် သရက်သီးများ ဈေးကောင်းရနိုင်ကြောင်းလည်း မျှော်လင့်လျက်ရှိရာ တောင်သူတွေအနေနဲ့ မိမိခြံရှိသရက်သီးများကို အရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုစုထုပ်ပိုးကာ ဈေးကွက်မှာ မျက်နှာပန်းလှအောင် ကြိုတင်ပြင်ဆင်ရန်လိုအပ်နေပြီဖြစ်ပါကြောင်း . . . ။

**ထွန်းလှိုင်-မုံရွာ**

# ထိုင်းပို့ကုန်များအတွက် ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အစီအစဉ်များပြုလုပ်

ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ချွတ်ချိုင်းဆရီကူလျာက ဧပြီလလယ်ပိုင်းမှာ သက်ဆိုင်ရာတာဝန်ရှိသူများအား ပြည်ပပို့ကုန်တိုးမြှင့်နိုင်မယ့် နည်းလမ်းများကို ရှာဖွေကြရန် တိုက်တွန်း ပြောကြားလိုက်ပါတယ်။ ယခုနှစ်မှာ ပို့ကုန်လုပ်ငန်းရှင်အတော်များများဟာ ပို့ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် စိတ်ဓာတ်ပျက်ပြားနေကြတာကို တွေ့ရှိရတဲ့ အတွက် စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ယခုကဲ့သို့ ပြောကြားလိုက်တာဖြစ်ပါတယ်။အနည်းဆုံးတစ်ရာခိုင်နှုန်းကျော်ခန့်တော့ ပိုမိုတင်ပို့နိုင်အောင် ဝိုင်းဝန်းထိန်းသိမ်း လုပ်ဆောင်ကြစေလိုကြောင်း ထပ်မံပြောကြားပါတယ်။

ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဟာ ထိုင်းစက်မှုလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများအသင်း ၊ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့နဲ့ စက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနဲ့ဧပြီလ ၂၁ ရက်နေ့က တွေ့ဆုံပြီး ပို့ကုန်ဆောင်ရွက်မှုဆိုင်ရာများကို ပြန်လည်သုံးသပ်ကြရန်နဲ့ ကုန်စည်တင်ပို့ရာမှာ ရင်ဆိုင်ရတဲ့အခက်အခဲများကို ဝိုင်းဝန်းဆွေးနွေးအဖြေရှာပြီးကျဆင်းနေသော ပို့ကုန်များအား တိုးမြှင့်တင်ပို့နိုင်ရေး နည်းလမ်းများကိုလည်း အဖြေရှာကြရန် တိုက်တွန်းပြောကြားခဲ့ပါတယ်။

ထိုင်းနိုင်ငံရဲ့ စက်မှုထုတ်ကုန်တင်ပို့မှုဟာ ၇၀ ရာခိုင်နှုန်းနဲ့ စိုက်ပျိုးရေးထွက်ကုန်နဲ့ထုတ်ကုန်တင်ပို့မှုဟာ ၃၀ ရာခိုင်နှုန်းရှိပြီး ယခုပို့ကုန်ကျဆင်းမှုကိုကြည့်လျှင် စက်မှုကုန်ထုတ်တင်ပို့မှုအပိုင်းက ကျဆင်းနေကြောင်း (ဥပမာအားဖြင့် မော်တော်ယာဉ်များနဲ့ကွန်ပျူတာသုံး Hard Disk Drives များ)၊ ထိုင်းစီးပွားရေးကျဆင်း နေတဲ့အတွက် သွင်းကုန်ပိုင်းမှာလည်း လျော့ကျလျက်ရှိနေကြောင်းဝန်ကြီးက ပြောကြားပါတယ်။လယ်ယာထုတ်ကုန် (Processed Agricultural Products) များတိုးမြှင့်ထုတ်လုပ်ပြီး ဈေးကွက်အတွင်း နေရာရရှိနိုင်ရေးကို အလေးထားဆွေးနွေးကြရန် တိုက်တွန်း ပြောကြားပါတယ်။

ဒါ့အပြင် နယ်စပ်ကုန်သွယ်ရေး တိုးမြှင့်ရန်နဲ့ အထူးစီးပွားရေးဇုန်များ ထူထောင်ရေးဖြစ်ပါတယ်။ထိုင်းနိုင်ငံဟာ မလေးရှား၊ မြန်မာ၊လာအို၊ကမ္ဘောဒီးယား စတဲ့နိုင်ငံများနဲ့ နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိနေပါတယ်။လွန်ခဲ့တဲ့ လေးနှစ်ခန့်ကစပြီး နယ်စပ်ကုန်သွယ်မှုကဏ္ဍမှာ မြင့်တက်လျက်ရှိနေပါတယ်။ နိုင်ငံခြားကုန်သွယ်မှုဌာနရဲ့ထုတ်ပြန်ချက်အရ အိမ်နီးချင်း လေးနိုင်ငံနဲ့ ကုန်သွယ်မှုပမာဏဟာ ယမန်နှစ် ၂၀၁၄-၂၀၁၅ က ဘတ် ၉၈၈ ဘီလီယံရှိပြီး ပို့ကုန်အနေနဲ့ ဘတ် ၅၉၀ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ကြောင်း ယမန်နှစ် ၂၀၁၃-၂၀၁၄ ကုန်သွယ်မှုထက် ၆ ရာခိုင်နှုန်းကျော်နဲ့ ပို့ကုန်ပိုင်းမှာ ၅ ရာခိုင်နှုန်းကျော် ပိုမိုခဲ့တယ်လို့သိရပါတယ်။

ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ပို့ကုန်တိုးမြှင့်ရေးစီမံကိန်းကတော့ ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ဘတ် ၁ ဒသမ ၅ ထရီလီယံထိ ရရှိနိုင်ရေးဆောင်ရွက်ရန် ဖြစ်ပါတယ်။

**CMK**

# Trade Facilitation & Trade Promotion

## မုံရွာမြို့နယ်ရှိ ကျေးလက်ဒေသများမှာ တစ်နိုင်တစ်ပိုင် ကညွတ်စိုက်သူများလာ

ဈေးကွက်ဝင် ကညွတ်စိုက်ပျိုးခြင်းကို သစ်သီးဝလံမျိုးစေ့ကုမ္ပဏီများနဲ့ ဌာနဆိုင်ရာ မီဒီယာများရဲ့ စွမ်းဆောင်ပေးမှုကြောင့် မုံရွာဒေသခံတောင်သူအချို့ လွန်ခဲ့တဲ့ သုံးနှစ်ခန့်က စတင်စမ်းသပ်စိုက်ပျိုးခဲ့ရာမှ စိုက်ပျိုးကုန်ကျစရိတ်နည်းနည်းနဲ့ ဝင်ငွေကောင်းမွန်စေတဲ့ ဟင်းသီးဟင်းရွက် အပင်မျိုးမှန်းသိလာခဲ့ပြီး၊ ယခုအခါ မုံရွာမြို့နယ်ရှိ ကျေးရွာအချို့မှာ ကညွတ်စိုက်ပျိုးမှု တိုးပွားလာလျက်ရှိတယ်လို့ သိရပါတယ်။

ဒေသခံတောင်သူတွေအနေနဲ့ ကညွတ်ကို စိုက်ပျိုးနိုင်စွမ်းရှိပေမယ့် ထွက်ရှိလာတဲ့ သီးနှံဈေးကွက် အနည်းငယ်ကျဉ်းမြောင်းခဲ့လို့ ယခင်က စိုက်ပျိုးရန် တွန့်ဆုတ်ခဲ့ရာက ယခုအခါ မုံရွာမြို့ပေါ်ရှိ ဈေးများ၊ စားသောက်ဆိုင်များအပြင် မန္တလေးဈေးကွက်ဝယ်လိုအားပါ သွက်လာတဲ့အတွက် အခုလို တိုးချဲ့စိုက်ပျိုးလာကြခြင်းဖြစ်တယ်လို့ ကညွတ်စိုက်ပျိုးသူ တောင်သူတစ်ဦးက ဆိုပါတယ်။

ကညွတ်မျိုးစေ့ကို ကျောက်ဆည် BMG ကုမ္ပဏီက ထုတ်လုပ်ရောင်းချပြီး ၁၀၀ ဂရမ်ပါ မျိုးစေ့တစ်ထုပ်ကို ကျပ် ၃၅၀၀၀ ကျပ်ပေးရပါတယ်။ မျိုးစေ့ ၂၀၀၀ ခန့်ပါပြီး အပင် ၁၇၀၀ မှ ၁၈၀၀ ကြား ရှင်သန်တဲ့အတွက် တစ်ဧကကို ၄ ထုပ်ခန့် စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ မုံရွာတောင်သူတွေအနေနဲ့ အများစုက တစ်နိုင်တစ်ပိုင်စမ်းသပ် စိုက်ပျိုးခြင်းသာရှိသေးပြီး၊ ညောင်ပင်၊ ဘူးတောင်းကန်၊ လယ်ဇင်၊ အောင်သာနဲ့ ထနောင်းတော(မြောက်)ရွာတွေမှာ တိုးချဲ့စိုက်ပျိုးလာတာ တွေ့ရပါတယ်။

ကညွတ်စိုက်ပျိုးခြင်းမှာ မျိုးစေ့တစ်ထုပ် ၁၀၀ ဂရမ်စာအတွက် မျိုးစေ့ဖိုး ၃၅၀၀၀ ကျပ်၊ မြေပြင်စရိတ် ၄၀၀၀၀ ကျပ်ခန့်သာ ကုန်ကျပြီး ၅ ရက်ခြား ရေသွင်းစရိတ်အနေနဲ့ တစ်ကြိမ်မှာ ၇၅၀၀ ကျပ်ခန့်သာရှိရာ၊ စတင်စိုက်ပျိုးချိန်မှ ခူးဆွတ်ချိန်ထိ ၄ လအတွက် ကုန်ကျစရိတ်ဟာ ၂၅၅၀၀၀ ကျပ်ခန့်သာရှိလို့ ရင်းနှီးစရိတ် နည်းပါးတာ တွေ့ရပါတယ်။ စတင်ခူးဆွတ်ချိန်မှာ အပင် ၁၈၀၀ မှ တစ်ရက်ပျမ်းမျှ ၄ ဒသမ ၅ ပိဿာခန့်ရရှိပြီး ဈေးကွက်ကို တင်ပို့တဲ့အခါ အရွယ်အစားအလိုက် အကြီး တစ်ပိဿာ ၃၅၀၀ ကျပ်၊ အလတ် တစ်ပိဿာ ၃၀၀၀ ကျပ်နဲ့ အသေး တစ်ပိဿာ ၂၀၀၀ ကျပ်ရတဲ့အတွက် ပျမ်းမျှ ၁၃၀၀၀ ကျပ်ခန့်ဝင်ငွေရရှိရာ ရက်ပေါင်း ၂၀ နဲ့ စိုက်ပျိုးစရိတ် အရင်းကျေပြီး နေ့စဉ် ပုံမှန်ဝင်ငွေရရှိနိုင်တဲ့ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုလို့ ကညွတ်တောင်သူတစ်ဦးက ဆိုပါတယ်။

ယာမြေဧက တစ်မတ်(သုည ဒသမ ၂၅ ဧက)နဲ့ နေ့စဉ်ဝင်ငွေရစေတဲ့အတွက် တစ်နိုင်တစ်ပိုင် ကညွတ်စိုက်ပျိုးခြင်းဖြင့် ကျေးလက်တောင်သူတွေရဲ့ လူမှုစီးပွားဘဝ မြင့်မားလာစေနိုင်သလို စိုက်ပျိုးရာမှာ ဓါတုဆေးဝါး ကူစရာမလိုဘဲ သြဂဲနစ်ကို အဓိကအသုံးပြုလို့ စားသုံးသူတွေအတွက် အန္တရာယ်ကင်းပြီး အာဟာရဖြစ်စေလို့ စိုက်သူရောင်းသူ စားသုံးသူ အားလုံးအကျိုးဖြစ်ထွန်းစေတဲ့ ကညွတ်စိုက်ပျိုးထုတ်လုပ်ခြင်းကို တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်စိုက်ပျိုးရေးဆီအထိ ဝိုင်းဝန်းမြှင့်တင်ပေးကြပါစို့----လို့။

**ထွန်းလှိုင်- မုံရွာ**

## ပုသိမ်မြို့တွင် အသေးစား၊ အလတ်စား SMEs လုပ်ငန်းများအတွက် Cluster Development Awareness ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ဧရာရွှေဝါခန်းမတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနဲ့ Cluster Development Awareness UNIDO က ပူးပေါင်း၍ တိုင်းအတွင်း အသေးစားနှင့်အလတ်စား SMEs စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဆွေးနွေးဟောပြောပွဲကို ဧပြီလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပပြု လုပ်ရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းရှင်များနဲ့ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါတယ်။

ဆွေးနွေးပွဲတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးလွင်က ဧရာဝတီတိုင်းဒေသကြီး၏ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်စေရန် အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့လိုအပ်ကြောင်း၊ SMEs လုပ်ငန်းရဲ့လုပ်ထုံးလုပ်နည်းများ၊ နည်းပညာနဲ့ငွေကြေးပံ့ပိုးပေးမှုများ စက်မှု လက်မှု လုပ်ငန်းများရဲ့ လိုအပ်ချက်နဲ့ UNIDO မှ ကူညီဆောင်ရွက်ပေးမဲ့ ကိစ္စရပ်များ ကို စီးပွားရေးလုပ်ငန်းရှင်များ အသေးစိတ် သိရှိရန်လိုအပ်တဲ့အတွက် ယခုလို ဆွေးနွေးပွဲပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားပါတယ်။

ဆက်လက်ပြီး UNIDO တာဝန်ရှိသူမှလည်း ကမ္ဘာပေါ်တွင် မိမိတို့အဖွဲ့အစည်းမှ ကူညီဆောင်ရွက်ပေးနေမှုများကို Projector ဖြင့် ရှင်းလင်းပြောကြားပြီး၊ မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်ပေးနေသော ပုဂံမှ ယွန်းထည်နဲ့ ရက်ကန်းအစုအဖွဲ့များအကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့် အားနည်းချက်၊ အားသာချက်များကို ပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီးတွင် SMEs လုပ်ငန်းနဲ့ ပတ်သက်ပြီး မိမိတို့အဖွဲ့အစည်းနဲ့ ပူးပေါင်းဆောင်ရွက်ရမယ့် ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းတွင် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကျင်းပ

ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှာ ဧပြီလ ၂၉ ရက်နေ့ ၁၃း၀၀ အချိန်တွင် ဧပြီလ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့တယ်လို့သိရပါတယ်။ အစည်းအဝေးမှာ စခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးဦးစီးတဲ့ OSS အဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကချင်ပြည်နယ် နယ်စပ်ကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ကန်ပိုက်တီးကုန်သွယ်ရေးကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများ၊ ကုန်သည်အသင်းဝင်များ တက်ရောက်ခဲ့ကြတယ်လို့သိရပါတယ်။ အစည်းအဝေးတွင် ကန်ပိုက်တီးကုန်သွယ်ရေးစခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားခဲ့ပါတယ်။ ကုန်သွယ်မှုကဏ္ဍနဲ့ ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုကဏ္ဍတွင် ပင်လယ်ရေကြောင်း ကုန်သွယ်မှုသာမက နယ်စပ်ကုန်သွယ်မှုပါ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကုန်သွယ်ဖြေလျှော့မှုများ၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ဆောင်ရွက်မှုများနဲ့ နယ်စပ်ဒေသများတွင် ကုန်သွယ်မှု လွယ်ကူစွာဆောင်ရွက်နိုင်ရေးအတွက် တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းမှတ်ပုံတင်ခွင့်ပြုပေးခြင်း၊ နယ်စပ်ကုန်သွယ်ရေး စခန်းအသစ်များ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်းများအပါအဝင် ကုန်သွယ်မှုတိုးတက်စေရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ၎င်းက ဆွေးနွေးပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ကန်ပိုက်တီးဒေသတွင်လည်း ယခုထက် ကုန်သွယ်မှု တိုးတက်လာစေရေးနဲ့ ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်ဖြင့် မြစ်ကြီးနားမြို့တွင် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှ စတင်ပြီး ကူးသန်းရောင်း ဝယ်ရေးစခန်းတစ်ခုဖွင့်လှစ်ပေးခဲ့ပြီး ယာဉ်၊ ယန္တရား၊ ဆိုင်ကယ်များအပါအဝင် Normal လိုင်စင်များအား လျင်မြန်စွာ ထုတ်ပေးဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လုပ်ငန်းရှင်များဘက်မှ တင်ပြသည့် အချက်အလက်များ ပြည့်စုံမှန်ကန်ပါက နေပြည်တော်သို့ ကြေးနန်းဖြင့် ယနေ့တင်လျှင် နောက်နေ့ EICC အစည်းအဝေးသို့ တင်ပြဆုံးဖြတ်ချက်ရယူပြီး ချက်ချင်းလိုင်စင် ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်မှ ယခုကဲ့သို့ ကုန်သွယ်မှု ဖြေလျှော့မှုနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့မြန်ဆန်အောင် ဆောင်ရွက်ပေးနေသည့်အတွက် ကန်ပိုက်တီး ကုန်သည်လုပ်ငန်းရှင်များအနေနဲ့ တရားဝင်လမ်းကြောင်းပေါ်မှ တရားမျှတသော ယှဉ်ပြိုင်မှုဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ ကုန်သွယ်မှုပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ကုန်သွယ်မှုလျှာထားချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ထပ်မံပြောကြားခဲ့တယ်လို့ သိရပါတယ်။

**ခင်မိုးသူ MIRT**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။<br>Fax:01-254023,<br>Ph:01-250270,254019<br>email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။<br>Fax : 053-28220,<br>Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။<br>Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။<br>Fax : 042-21811,<br>Ph: 042-24520,24522<br>email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။<br>Fax : 02-36340,<br>Ph: 02-36342,36339<br>email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။<br>Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။<br>Fax : 063-23199,<br>Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။<br>Fax:081-2121093,Ph:081-2121627<br>email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။<br>Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။<br>Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။<br>Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။<br>Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။<br>Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။<br>Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။<br>Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။<br>Fax : 071-23630,<br>Ph:071-23630,22924 |

Organizations News
Vol: 15, No.17 Monday May 11 2015

# အာရှဘဏ်လုပ်ငန်း ကျောင်းသစ်က အာဆီယံ ဘဏ်လုပ်ငန်းကျွမ်းကျင်သူတွေ မွေးထုတ်ပေးမည်

ကမ္ဘာ့အဆင့်မီ အာရှဘဏ်လုပ် ငန်းကျောင်းတစ်ကျောင်းကို ကွာလာလမ်ပူတွင် မကြာမီဖွင့်လှစ်တော့မှာဖြစ်ပြီး မလေးရှားနဲ့ အာဆီယံအတွက် ဘဏ်လုပ်ငန်းဆိုင်ရာသက်မွေးပညာရှင်တွေကို မွေးထုတ်ပေးမှာဖြစ်ကြောင်း Asia First သတင်းတွင် ဖော်ပြထားပါတယ်။

အနာဂတ်ကာလမှာ အာရှဒေသတွင်းရှိ ဘဏ်လုပ်ငန်းမှာ တာဝန်ယူဆောင်ရွက်ကြမယ့် အဆင့်မြင့်ဘဏ်လုပ်ငန်းရှင်တွေ မွေးထုတ်ဖို့ရည်မှန်းချက်ထားပြီး မလေးရှားနိုင်ငံမှာ ဘဏ်လုပ်ငန်းကျောင်းတစ်ကျောင်း တည်ထောင်သွားမှာဖြစ်ကြောင်း Asian Institute of Chartered Bankers (AICB) က ကြေညာခဲ့ပါတယ်။

ဘဏ်လုပ်ငန်းကျောင်းက မလေးရှားဗဟိုဘဏ် (Bank Negara Malaysia) အနီးမှာ တည်ဆောက်မှာဖြစ်ကြောင်း AICB ရဲ့ ဥက္ကဋ္ဌတန်ဆရီ အက်ဇမန်ဟာရှင်က ဘာနားမားသတင်းအေဂျင်စီကို ပြောပါတယ်။ ကျောင်းထူထောင်ရေးလုပ်ငန်းက ပဏာမအဆင့်မှာသာရှိပါသေးတယ်။ ဒါပေမယ့် AICB က အာဆီယံဘဏ်လုပ်ငန်းကျောင်းအတွက် အတွေ့အကြုံရှိတဲ့ ကျောင်းအုပ်တစ်ဦးကို ခန့်ထားပေးဖို့ သဘောတူထားကြောင်း အက်ဇမန်က ပြောပါတယ်။

ကမ္ဘာ့အဆင့်မီ အာဆီယံဘဏ်လုပ်ငန်းကျောင်းကို AICB သင်တန်းသားလေ့ကျင့်ရေးရန်ပုံငွေမှ ကျခံအသုံးပြုတည်ထောင်သွားမှာဖြစ်ပြီး အာဆီယံဒေသမှ ကျောင်းသားများနဲ့ မလေးရှားမှ ကျောင်းသားများကို လက်ခံသင်ကြားပေးသွားမှာ ဖြစ်ပါတယ်။

## ပွဲစည်းတည်ဆောက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ ထပ်မံပြုလုပ်ဖို့ အာဆီယံ+၃ ကတိပြု

ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတားအဆီးများကို ဖယ်ရှားဖို့နဲ့ မတည်ရင်းနှီးငွေအပြောက်အများ စီးထွက်မှုအန္တရာယ်ကို အကာအကွယ်ပေးရန်အတွက် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို တိုးမြှင့်ပြီး ကြိုးပမ်း ဆောင်ရွက်ကြဖို့လိုအပ်ကြောင်း အရှေ့တောင်အာရှနိုင်ငံများအသင်းနဲ့ အပေါင်းပါ ဂျပန်၊ တရုတ်နဲ့ တောင်ကိုရီးယားမှ ဘဏ္ဍာရေးဝန်ကြီးများက မေ ၄ ရက်က သဘောတူခဲ့ကြကြောင်း ကျိုတိုသတင်းမှာ ဖော်ပြပါတယ်။

မိမိတို့နိုင်ငံများရဲ့ စီးပွားရေးတွေက ယခင်နှစ်က တိုးတက်မှု အတော်အတန်ရရှိထားခဲ့တဲ့အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း အဇာဘိုင်ဂျန်မြို့တော် ဘာကူးမှာပြု လုပ်တဲ့ အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) နှစ်ပတ်လည်အစည်းအဝေးရဲ့ အလွတ်သဘောဆွေးနွေးပွဲမှာ ဘဏ္ဍာရေးဝန်ကြီးနဲ့ ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးတွေက ပြောကြားခဲ့ပါတယ်။

အစည်းအဝေးမှာ လိုအပ်တဲ့ဖွဲ့ စည်းတည်ဆောက်မှုဆိုင်ရာ ညှိနှိုင်းမှုတွေကို ဆောင်ရွက်ဖို့ ကတိကဝတ်များကိုအတည်ပြုခဲ့ပြီး ပြောင်းလဲနေတဲ့ ကမ္ဘာ့စီးပွားရေးပတ်ဝန်းကျင်မှာ ရေနံဈေးနှုန်း အဆမတန်ကျဆင်းမှုနဲ့ မတည်ရင်းနှီးငွေစီးထွက်မှုကြောင့် ဖြစ်လာနိုင်မယ့် အလားအလာတွေကို ဆွေးနွေးခဲ့ကြပါတယ်။

ကမ္ဘာ့ငွေဖြစ်လွယ်မှုအခြေအနေ မြင့်မားနေပြီး အစိုးရနဲ့ ပုဂ္ဂလိကကြွေးမြီ ထုပြောနေချိန်မှာ ဈေးကွက်မတည်ငြိမ်မှုနဲ့ မတည်ရင်းနှီးငွေစီးထွက်လို့ဖြစ်ပေါ်လာမယ့် ဈေးနှုန်းကျဆင်းမှုကို အထူးသတိထားဖို့လိုကြောင်း သဘောတူခဲ့ကြပါတယ်။ ဒီစွန့်စားမှုအန္တရာယ်တွေကို ဖြေရှင်း ဖို့အတွက် ဒေသတွင်းငွေကြေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပြင် မေခရိုအဆင့်အစီအမံတွေနဲ့ ငွေကြေးစီးဆင်းမှုစီမံခန့်ခွဲရေးအစီအမံတွေကို ဆောင်ရွက်ခြင်းဖြင့် မေခရိုစီးပွားရေး မူဝါဒများကို ချမှတ်သွားဖို့ ဘဏ္ဍာရေးခေါင်းဆောင်တွေကနှိုးဆော်ခဲ့ကြပါ တယ်။

မေ ၄ ရက်က ဂျပန်၊ တရုတ်နဲ့ တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးတွေက တွေ့ဆုံဆွေးနွေးပြီးဝယ်လိုအားတိုးမြှင့်ပေးနိုင်ဖို့အတွက် အချိန်ကိုက်ထိရောက်မှုရှိတဲ့ မေခရိုစီးပွားရေး မူဝါဒတွေကိုဆက်လက်အကောင်အထည်ဖော်သွားဖို့ သဘောတူခဲ့ကြပါတယ်။



## စားနပ်ရိက္ခာလုံခြုံမှု ရရှိရေးအတွက် အမြဲတမ်းဖြေရှင်းပေးရန် အိန္ဒိယကြိုးပမ်း

စားနပ်ရိက္ခာလုံခြုံရေးပြဿနာကို အမြဲတမ်းဖြေရှင်းရေးအတွက် အိန္ဒိယနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို) အဖွဲ့ဝင်နိုင်ငံတွေ နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အိန္ဒိယစီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီး နီမလာစီသာရာမန်ရဲ့ ပြောကြားချက်ကိုကိုးကားပြီးအိန္ဒိယ တူဒေးသတင်းမှာ ဖော်ပြပါတယ်။

"ကနဦးတုန်းက အိန္ဒိယရဲ့ရပ် တည်ချက်ကို နားလည်မှုလွဲမှားပြီး ဝေဖန်မှုတွေရှိခဲ့ပါတယ်။ ဒါပေမယ့် အိန္ဒိယနိုင်ငံက သူရဲ့ရပ်တည်ချက်ကို ခိုင်ခိုင် မာမာရပ်တည်ခဲ့ပါတယ်။ ပြီးတော့ ရှေ့ခရီးကိုဆက်နိုင်ဖို့အတွက် အိန္ဒိယ နိုင်ငံကတခြား WTO အဖွဲ့ဝင်နိုင်ငံ တွေနဲ့ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" လို့ သူမကပြောပါတယ်။

အိန္ဒိယနိုင်ငံနဲ့ဆွေးနွေးမှုတွေက လပေါင်းများစွာ လိပ်ခဲတည်းလည်းရှိနေခဲ့ရာမှ အမြဲတမ်းအဖြေ (Permanent Solution) တစ်ခုရတဲ့အထိ Peace Clause ကျင့်သုံးခွင့်ကို ဆက်လက်ထားရှိဖို့ WTO က အိန္ဒိယနိုင်ငံရဲ့ တောင်းဆိုချက်ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာမှာလိုက်လျောခဲ့ပါတယ်။ ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းသူတွေက WTO ရဲ့ လယ်ယာစိုက်ပျိုးရေး သဘောတူညီချက် ပုဒ်မ ၁၃ ကို Peace Clause လို့ ရည်ညွှန်းသုံးစွဲလေ့ရှိပါတယ်။

လယ်ယာစိုက်ပျိုးရေးသဘောတူညီချက်ဖြစ်တဲ့ ဒီပုဒ်မအရ ပြဋ္ဌာန်းချက်များကို အသုံးပြုခွင့်ရတဲ့နိုင်ငံက စားနပ်ရိက္ခာလုံခြုံရေးအတွက် ပြည်တွင်းထောက်ပံ့မှု အစီအမံတွေနဲ့ ပို့ကုန်ထောက်ပံ့ကြေးတွေကိုပေးခွင့်ရှိ ပါတယ်။ Peace Clause က ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာ သက်တမ်းကုန်ဆုံးခဲ့ပါတယ်။

ဆုံးဖြတ်ချက်ချမှတ်ရာမှာ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်တဲ့ ဒဗလျူတီအို အထွေထွေကောင်စီက လက်ခံထားပြီးဖြစ်တဲ့အတွက် စားနပ်ရိက္ခာလုံခြုံရေး အစီအစဉ်အရဆင်းရဲသားတွေကို ဖြန့်ဖြူးဖို့အတွက် သီးနှံတွေကို အိန္ဒိယအစိုးရက ဝယ်ယူစုဆောင်းခွင့်ရမှာဖြစ်ပြီး WTO က သတ်မှတ်ထားတဲ့ ထောက်ပံ့မှုပမာဏက ၁၀ ရာခိုင်နှုန်းကျော်လွန်တဲ့တိုင်အောင် အဖွဲ့ဝင်နိုင်ငံများရဲ့အရေးယူခံရခြင်းမှလည်း ကင်းလွတ်ခွင့်ရမှာဖြစ်ပါတယ်။

## ငွေကြေး ပေးချေမှုများကို AIIB ဘဏ်က အမေရိကန်ဒေါ်လာဖြင့် ပြုလုပ်မည်

တရုတ်နိုင်ငံရဲ့ ယွမ်ငွေကြေးကို အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖြစ် ဖော်ဆောင်ရန် တရုတ်အစိုးရက ခန့်မှန်းထားပေမယ့် တရုတ်နိုင်ငံဦးဆောင်တဲ့ အာရှအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ် (Infrastr-ucture Investment Bank-AIIB) မှာ ငွေပေးငွေယူလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ အမေရိကန်ဒေါ်လာနဲ့ ဆောင်ရွက်ဖို့ ရည်ရွယ်ထားကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြထားပါတယ်။

AIIB ဘဏ်ကို စတင်တည်ထောင်တဲ့နိုင်ငံတွေအဖြစ် နိုင်ငံပေါင်း ၅၇ နိုင်ငံပါဝင်ပြီး အဆိုပါဘဏ်ကို အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)နဲ့ ကမ္ဘာ့ဘဏ်တို့ကဲ့သို့ အမေရိကန်နဲ့ ဂျပန်နိုင်ငံတို့ ဦးဆောင်ဖွဲ့စည်းခဲ့တဲ့ ဘဏ်တွေကိုတန်ပြန်ထိန်းညှိဖို့ထူထောင်ထားတယ်လို့ တချို့က ရှုမြင်ထားပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ ဂျပန်နိုင်ငံတို့က AIIB မှာ မပါဝင်ပါဘူး။

AIIB အဖွဲ့ဝင်နိုင်ငံတွေက ငွေချေးဘဏ်အသစ်အတွက်မတည်ရင်းနှီးငွေဒေါ်လာဘီလီယံ ၁၀၀ ရင်းနှီးမြှုပ်နှံမယ်လို့ ဆိုပါတယ်။ ဒီပမာဏကမူလသတ်မှတ်ချက်ဖြစ်တဲ့ ဒေါ်လာဘီလီယံ ၅၀ ထက်ပိုမိုလာတာကိုတွေ့ရပါတယ်။

"ဘဏ်က ငွေပေးငွေယူ လုပ်ရာမှာ အသုံးပြုမယ့် ငွေကြေးအဖြစ် အမေရိကန်ဒေါ်လာကိုသုံးမယ် ဆိုတာကို ဘဏ်ရဲ့သဘောတူစာချုပ် (Bank Charter)မှာထည့်သွင်းဖို့တညီတညွတ်တည်းသဘောတူကြောင်း သက်ဆိုင်ရာ သတင်းရပ်ကွက်က ပြောပါတယ်။ AIIB မှာ ငွေကြေး ပေးချေတဲ့အခါ ဒေါ်လာကို အသုံးပြုတာကို တရုတ်နိုင်ငံက ဆန့်ကျင်ကန့်ကွက်မှု မရှိကြောင်းလည်း ပြောပါတယ်။

မေ ၂၀ ရက်မှ ၂၂ ရက်ထိ AIIB အဖွဲ့ဝင်နိုင်ငံတွေက စင်ကာပူနိုင်ငံမှာ အပြီးသတ်ပြင်ဆင်မှုအစည်းအဝေးကို ကျင်းပဖို့အဖွဲ့ဝင်နိုင်ငံတွေကစီစဉ်ထားပါတယ်။ အပြီးသတ်သဘောတူညီမှု မရသေးပေမယ့် ဘဏ်သစ်မှာ ထည့်ဝင်ကြမယ့် ရှယ်ယာဝေစု ရဲ့ ၇၅ ရာခိုင်နှုန်းကို ရုရှားအပါအဝင်အာရှနိုင်ငံတွေက ထည့်ဝင်ပြီး ကျန် ၂၅ ရာခိုင်နှုန်းကို အာရှမဟုတ်တဲ့ အဖွဲ့ဝင်နိုင်ငံတွေက ထည့်ဝင်မှာ ဖြစ်ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# စီးပွားရေးကဏ္ဍ ၁၂ ရပ်အတွက် ဈေးကွက်လုပ်ငန်း ရှာဖွေရေးစီမံကိန်းများကို ထိုင်းနိုင်ငံ အဆိုပြု

ယခုနှစ်အတွက် ချမှတ်ထားတဲ့ ပို့ကုန်ဖွံ့ဖြိုးရေးရည်မှန်းချက် ၁ ဒသမ ၂ ရာခိုင်နှုန်း ပြည့်မီရေးအတွက် စီးပွားရေးလုပ်ငန်းကဏ္ဍ ၁၂ ရပ်အတွက် ဦးစားပေး ဈေးကွက်ရှာဖွေရေးစီမံကိန်းကို အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနက ယခုရက်သတ္တပတ်မှာ အဆိုပြုထားကြောင်း နေးရှင်းသတင်း မှာဖော်ပြပါတယ်။

ပို့ကုန်လုပ်ငန်းရှင်များရဲ့ ပန်ကြားချက်အရ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီ ချတ်ချိုင်းဆရိကူ လျာရဲ့ အတည်ပြုချက်ရယူနိုင်ဖို့အတွက် အရေးပေါ် အစီအမံများကို ဌာနက အဆိုပြုတင်ပြသွားမှာဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် နွမ်တာဝန်ဆကွန်တာဂါက ပြောပါတယ်။

ပို့ကုန်ကဏ္ဍ ၁၂ ရပ်နဲ့ပတ်သက်ပြီး အကျေအလည်ဆွေးနွေးပြီးနောက် ထိုင်း စီးပွားရေးလုပ်ငန်းတွေ ပြည်ပဈေးကွက်ကို ထိထိရောက်ရောက် ထိုးဖောက်နိုင်ဖို့အတွက် စီးပွားလုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံဆွေးနွေးဖို့နဲ့ အဓိကမဟာဗျူဟာတွေ ချမှတ်နိုင်ဖို့အတွက် အစိုးရရဲ့အကူအညီလိုအပ်ကြောင်း ဝန်ကြီးဌာနက လေ့လာတွေ့ ရှိခဲ့ပါတယ်။

စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိကြီးများ သို့မဟုတ် ဝန်ကြီးကိုယ်တိုင်ဆောင်ရွက်ခဲ့တဲ့ ပြည်ပခရီးစဉ်များကြောင့် ကဏ္ဍအသီးသီးရှိ ပို့ကုန်လုပ်ငန်းရှင်များအတွက် သတ်မှတ်ထားတဲ့ ဈေးကွက်များရှိ အစိုးရအေးဂျင့်များနဲ့ အဓိကသွင်းကုန်လုပ်ငန်းများအား ထိုင်းပို့ကုန်လုပ်ငန်းရှင်တို့က တွေ့ဆုံခွင့်ရခဲ့ပါတယ်။ ဒါကြောင့် နောင်အနာဂတ်မှာ စာချုပ်တွေ ချုပ်ဆိုနိုင်တော့မှာဖြစ်ပါတယ်။

ယာဉ်နဲ့ စက်ကိရိယာအပိုပစ္စည်းများလုပ်ငန်း ကဏ္ဍအတွက် ဝန်ကြီးဌာနကလာမယ့်လမှာ လက်တင်အမေရိက ကိုသွားရောက်ဖို့ရှိပါတယ်။ အာဖရိကတိုက်ရှိနိုင်ငံတွေကို ဇူလိုင်နဲ့ ဩဂုတ်လ မှာသွားပါမယ်။ လက်ဝတ်ရတနာပို့ကုန်လုပ်ငန်းရှင်တွေအတွက် တရုတ်၊ တောင်ကိုရီးယား၊ ဥရောပ၊ ရုရှားနဲ့ အရှေ့အလယ်ပိုင်း ဒေသတွေကို ဦးစားပေးရွေးချယ်ထားပါတယ်။ မီးဖိုဆောင်ပစ္စည်းတွေကိုတော့ အာဆီယံ၊ အရှေ့ အလယ်ပိုင်းနဲ့ တောင်ကိုရီးယားတို့ကို အဓိကရည်မှန်းထားပါတယ်။

ဆောက်လုပ်ရေးအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းတွေက အိန္ဒိယကို ဦး တည်ထားပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အလှပြင်ပစ္စည်း တင်ပို့သူတွေက အာဆီယံနဲ့ အရှေ့ဥရောပကို ဦးတည်ချက်ထားပါတယ်။

## တောင်ကိုရီးယားနဲ့ ဗီယက်နမ်တို့ နှစ်နိုင်ငံအပြန်အလှန် FTA လက်မှတ်ရေးထိုးမည်

တောင်ကိုရီးယားနဲ့ ဗီယက်နမ်နိုင်ငံတို့က လွတ်လပ်စွာကုန်သွယ်မှု သဘောတူစာချုပ် (Free Trade Agreement-FTA) ကို မေ ၅ ရက် နေ့က လက်မှတ်ရေးထိုးကြပြီး စာချုပ်ထဲမှာပါတဲ့အချက်အလက်တွေကို ဒီနှစ်မကုန်ခင် အကောင်အထည်ဖော်ကြမှာ ဖြစ်ကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

တောင်ကိုရီးယား-ဗီယက်နမ် FTA သဘောတူစာချုပ်ကို ဟနွိုင်းမြို့မှာ ကျင်းပတဲ့ အခမ်းအနားမှာ နှစ်နိုင်ငံဝန်ကြီးတွေက တရားဝင်လက်မှတ်ရေးထိုးခဲ့ကြပြီးစာချုပ်ချုပ်ဆိုဖို့ စတင်ညှိနှိုင်းတဲ့ အချိန်နောက်ပိုင်း တစ်လခန့်အကြာမှာ ယခုလိုလက်မှတ်ရေးထိုးနိုင်ခဲ့တာဖြစ်ကြောင်း တောင်ကိုရီးယား ကုန်သွယ်ရေးစက်မှုနဲ့ စွမ်းအင်ဝန်ကြီးက ပြောပါတယ်။

"တောင်ကိုရီးယား-ဗီယက်နမ် FTA ကို စောစီးစွာအကောင်အထည်ဖော်နိုင်အောင် အတူတကွပူးတွဲဆောင်ရွက်ဖို့ နှစ်နိုင်ငံသဘောတူထားပါတယ်"ဟု သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ FTA ကို အကောင်အထည်မဖော်ခင်မှာ သက်ဆိုင်ရာနိုင်ငံတွေရဲ့ ဥပဒေပြုအဖွဲ့အစည်းတွေက အတည်ပြုပေးဖို့ လိုအပ်နေပါတယ်။

တောင်ကိုရီးယားနိုင်ငံက ဗီယက်နမ်အဖွဲ့ဝင်အဖြစ်ပါဝင်နေတဲ့ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)နဲ့ FTA သဘောတူညီချက်ကိုရရှိထားပြီးဖြစ်တဲ့အတွက် နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်မှုက တစတစကြီးထွားလျက်ရှိပါတယ်။ တောင်ကိုရီးယား-အာဆီယံ FTA က ၂၀၀၇ ခုနှစ် ဇွန်လကတည်းက စတင်အကောင်အထည်ဖော်ခဲ့တာဖြစ်ပါတယ်။ နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုကို ထပ်မံတိုးချဲ့လိုတဲ့အတွက် နှစ်နိုင်ငံအပြန်အလှန် FTA သဘောတူညီချက်ကို ရရှိစေဖို့အတွက် ကြိုးပမ်းမှုတွေကို နောက်တစ်နှစ်မှာ ဆောင်ရွက်ခဲ့ပါတယ်။



# နိုင်ငံခြား အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှုက အန္တရာယ်ကြီးမား

ကိုယ်နဲ့ ကျွမ်းဝင်ရင်းနှီးမှုမရှိတဲ့ နိုင်ငံခြားဈေးကွက်ထဲမှာ ရင်းနှီးမြှုပ်နှံမှုက အန္တရာယ်ကြီးမားပြီးကြုံတွေ့နိုင်တဲ့ အန္တရာယ်တွေထဲမှာ နိုင်ငံခြားဈေးကွက် အတက်အကျဖြစ်မှု၊ အိမ်ခြံမြေဈေး ကွက်အလားအလာ၊ အချုပ်အခြာအာဏာပိုင်ဆိုင်ရာစွန့်စားမှုများနဲ့ အတိုးနှုန်းစွန့်စားမှုစတဲ့ အန္တရာယ်တွေ ပါဝင်ကြောင်းမေ ၄ ရက်ကစင်ကာပူ စားသုံးသူအသင်းတစ်သင်းဖြစ်တဲ့ (Consumer Association of Singapore-CASE) ရဲ့ သတင်းထုတ်ပြန်ချက်ကို ကိုးကားပြီးစီအင်န်အေ သတင်းမှာ ဖော်ပြပါတယ်။

၂၀၁၃ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ် အတွင်းနိုင်ငံခြားအိမ်ခြံမြေလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး စားသုံးသူတွေရဲ့ တိုင်ကြားချက် ၁၃ ခုလက်ခံရရှိခဲ့ကြောင်း အသင်းက ပြောပါတယ်။ တိုင်ကြားချက်အများစုက နိုင်ငံခြား အိမ်ခြံမြေလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံထား ပြီးအကျိုးအမြတ်တွေ ပြန်လည်မရရှိတဲ့ ကိစ္စတွေဖြစ်ပါတယ်။ အများစုက ငှားရမ်းခ သို့မဟုတ် ရင်းနှီးငွေတိုးပွားမှု အများကြီးရမယ်ဆိုတဲ့ ကတိကဝတ်တွေရရှိတဲ့အတွက် နိုင်ငံခြားအိမ်ခြံမြေတွေကို ဝယ်ယူကြတာ ဖြစ်ပါတယ်။

ဒါပေမယ့် ဝယ်ယူထားရှိသူအများစုက သူတို့ရဲ့ရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးခံစားခွင့်တွေကို အချိန်မီမရရှိဘဲ တချို့ဆိုရင်အိမ်ခြံမြေကုမ္ပဏီနဲ့ အဆက်အသွယ်ပြတ်ပြီး စင်ကာပူဒေါ်လာတစ်သိန်းကျော်ဆုံးရှုံးမှုတွေရှိခဲ့ပါတယ်။ အာရှဒေသမှာ စင်ကာပူနိုင်ငံသားတွေက ပြည်ပအိမ်ခြံမြေ ဝယ်ယူမှုအမြင့်မားဆုံးဖြစ်ပြီး မကြာသေးမီနှစ်များအတွင်း အရေအတွက် ထူးထူးခြားခြားတိုးတက်လာကာ စင်ကာပူမှာ နိုင်ငံခြားအိမ်ခြံ မြေအတော်များများ ကြော်ငြာရောင်းချခဲ့တာကို တွေ့ရကြောင်း အသင်းကပြောပါတယ်။

တချို့နေရာတွေမှာ ဈေးနှုန်းတွေ တစ်ဟုန်ထိုး ကျဆင်းတဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေရဲ့ ငွေတွေအများကြီးဆုံး ရှုံးရတယ်လို့သိရပါတယ်။ အိမ်ခြံမြေ ဆောက်လုပ်ရေးလုပ်ငန်းတွေကလည်း ဒေဝါလီခံရပြီးလုပ်ငန်းတွေ ဆက်မလုပ်နိုင်လို့ ရင်းနှီးမြှုပ်နှံမှုအားလုံးဆုံးရှုံးရတာတွေ ရှိပါတယ်။

# အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းနှစ်ခုအတွက် ဖိလစ်ပိုင် တင်ဒါခေါ်ယူ

ဖိလစ်ပိုင်နိုင်ငံ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနဲ့ အဝေးပြေးလမ်းမများဝန်ကြီးဌာန (DPWH) က ပီဆို ဘီလီယံ ၁၈၀ အသုံးပြုဆောင်ရွက်မယ့် အစိုးရ-ပုဂ္ဂလိက ဖက်စပ်လုပ်ငန်း (Public Private Partnership-PPP) စီမံကိန်းနှစ်ခုအတွက် တင်ဒါများကို စတင်ခေါ်ယူလျက်ရှိကြောင်း ဖိလစ်ပိုင်သတင်းမှာ ဖော်ပြပါတယ်။

ပီဆို ၅၅ ဒသမ ၁၅ ဘီလီယံ အသုံးပြုမယ့် ကဗိုက်လာဂူနာအဝေးပြေးလမ်းစီမံကိန်း (Calax) နဲ့ ပီဆို ၁၂၃ ဘီလီယံအသုံးပြုဆောင်ရွယ်မယ့် လာဂူနာလိမ်းရှိုး အဝေးပြေးလမ်းမစီမံကိန်း (LLEDP) တွေနဲ့ပတ်သက်တဲ့ တင်ဒါနောက်ဆုံး တင်သွင်းရက်ကို မူလစီစဉ်ထားတဲ့အတိုင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း DPWH ဝန်ကြီးဌာန ဒုတိယဝန်ကြီး ရာဖဲလ်ယာကွတ်ကပြောပါ တယ်။

Calax အတွက် တင်ဒါနောက်ဆုံး တင်သွင်းရမယ့်ရက်ကို မေ ၁၉ ရက်ကို သတ်မှတ်ထားပြီး တင်ဒါရက်ကို ထပ်မံတိုးချဲ့ပေးမှာ မဟုတ်ပါဘူး။ နည်းပညာဆိုင်ရာ အဆိုပြုချက်တွေကို ဇွန် ၂ ရက်မှာဖွင့်လှစ်ပြီး ငွေကြေးဆိုင်ရာအဆိုပြုချက်တွေကို ဇွန် ၁၅ ရက်မှာ ဖွင့်လှစ်မှာဖြစ်ပါတယ်။ လေလံအောင်သူတွေကို ဇူလိုင် ၇ ရက်မှာ ကြေညာပေးမှာဖြစ်ပါတယ်။

LLEDP စီမံကိန်းမှာ ၄၇ ကီလိုမီတာရှိ ရေလွှမ်းမိုးမှုထိန်းချုပ်ရေး တာတမံတစ်ခုပါဝင်ပြီး အဲဒီတာတမံထိပ်မှာ Taguip ကနေစတင်မယ့် ခြောက်လမ်းသွား အဝေးပြေးလမ်းမကြီးတစ်ခုပါဝင်ပါတယ်။ ဒီစီမံကိန်းမှာ မြေဟက်တာ ၇၀၀ ကို ပြန်လည်ဖော်ထုတ်ရမယ့်လုပ်ငန်းတွေလည်း ပါဝင်ပါတယ်။

LLEDP PPP စီမံကိန်းမှာ ပူးပေါင်းဆောင်ရွက်ရေးကာလ ၃၇ နှစ်ရှိပြီး ဒီအထဲမှာတည်ဆောက်ရေးကာလ ၇ နှစ်လည်း ပါဝင်ပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေးသတင်းတိုများ

### ပေကျင်း

တရုတ်နိုင်ငံရဲ့ပို့ကုန်တန်ဖိုးက ဧပြီလမှာမမျှော်လင့်ဘဲ ၆ ဒသမ ၄ ရာခိုင်နှုန်းအထိ ကျဆင်းကာ အမေရိကန်ဒေါ်လာ ၁၇၆ ဒသမ ၃ ဘီလီယံ ထိရောက်ရှိကြောင်း မေ ၈ ရက်မှာ ထုတ်ပြန်တဲ့တရားဝင်ကိန်းဂဏန်းများအရ သိရပါတယ်။ ဒါကြောင့် ကမ္ဘာပေါ်မှာ ဒုတိယအကြီးမားဆုံးဖြစ်တဲ့ တရုတ်နိုင်ငံစီးပွားရေး အားနည်းလာတာကို တွေ့ရကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

### ဂျီနီဗာ

နှစ်နှစ်တစ်ကြိမ် ထုတ်ပြန်တဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်ရဲ့ ခရီးသွားလာရေးလုပ်ငန်း ယှဉ်ပြိုင်နိုင်မှုစွမ်းရည် အစီရင်ခံစာ (Travel and Tourism Competitiveness Report) မှာ နိုင်ငံနဲ့ ဒေသ ၁၄၁ ခုကို ဆန်းစစ်လေ့လာခဲ့ရာ ဂျပန်နိုင်ငံရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်က အမှတ်စဉ် ၉ နေရာမှာရှိကြောင်း အဆာဟိရှင်ဘွန်းသတင်းမှာ ဖော်ပြပါတယ်။

### စင်ကာပူ

စင်ကာပူရှိ အဖွဲ့အစည်းတွေ အထူးသဖြင့် အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်း(SME) တွေရဲ့ ပုဂ္ဂလိကကိန်းဂဏန်း အချက်အလက်တွေအတွက် ပိုမိုကောင်းမွန်တဲ့အကာအကွယ်တွေရဖို့ အကူအညီတွေရနိုင်ပြီဖြစ်ကြောင်း ကိုယ်ရေးဒေတာ အချက်အလက်ကာကွယ်ရေးကော်မရှင် (Personal Data Protection Commission-PDPC)ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရှင်တုံသတင်းမှာ ဖော်ပြပါတယ်။

### ဆိုးလ်

တရုတ်ပြည်မကြီးနဲ့ ဂျပန်ကဝယ်လိုအားမှန်မှန်မြင့်တက်လာတဲ့အတွက် ၂၀၁၄ခုနှစ်က တောင်ကိုရီးယားရဲ့ ဂျင်ဆင်းကိုပြည်ပတင်ပို့မှုက ၂ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်ဒေါ်လာသန်း ၁၆၀ အထိ ရရှိခဲ့ကြောင်း ကိုရီးယားအကောက်ခွန်ဌာန (Korea Customs Services) ရဲ့ ကိန်းဂဏန်းတွေကို ကိုးကားပြီးကိုရီးယား ဟာရယ်သတင်းမှာဖော်ပြပါတယ်။

**E.U**

## ဒစ်ဂျစ်တယ်ဈေးကွက်ပြုပြင် ပြောင်းလဲရေးအတွက် အီးယူက နည်းပညာကုမ္ပဏီကြီးများကို စုံစမ်းစစ်ဆေးမယ်

ဂူးဂဲလ်အမေဇုန်နဲ့ ဖေ့စ်ဘုတ် စတဲ့ နည်းပညာကုမ္ပဏီကြီးများရဲ့ဈေးကွက်စွမ်းအားအသုံးပြုပုံနဲ့ ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းလေ့လာမှုတွေ ပြုလုပ်သွားမှာဖြစ်ကြောင်းနဲ့ ဒီကုမ္ပဏီကြီးတွေကို ပိုမိုတင်းကျပ်စွာကြီးကြပ်ဖို့ သင့်မသင့်ကို စဉ်းစားသွားမှာဖြစ်ကြောင်း ဥရောပသမဂ္ဂ (အီးယူ) ရဲ့ မေ ၆ ရက်က ကြေညာချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

အီးယူကပြုလုပ်မယ့် စုံစမ်းစစ်ဆေးမှုက အမေရိကန်ပြည်ထောင်စုမှ ကုမ္ပဏီတွေဖြစ်ဖို့များပါတယ်။ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရတဲ့ အကြောင်းရင်းကတော့ ကုမ္ပဏီကြီးတွေကို ကြီးကြပ်ထိန်းသိမ်းရေးအတွက် ပြင်သစ်နဲ့ ဂျာမနီနိုင်ငံတို့ရဲ့တောင်းဆိုမှုအရ ဆောင်ရွက်ရတာဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးမယ့်အထဲမှာ အီးမေးလ်အပါအဝင် ကူးသန်းရောင်းဝယ်ရေး ဝက်ဘ်ဆိုက်တွေနဲ့ ဆိုရှယ်မီဒီယာကုမ္ပဏီတွေ ပါဝင်မှာဖြစ်ပါတယ်။

ယခုစုံစမ်းစစ်ဆေးတဲ့ပုံစံက လွန်ခဲ့တဲ့ငါးနှစ်က ဂူးဂဲလ်ကိုစုံစမ်းစစ်ဆေးခဲ့တဲ့ ပုံစံမျိုးဖြစ်တဲ့ လက်ဝါးကြီးအုပ်ဆန့်ကျင်ရေးအတွက် ဆောင်ရွက်တဲ့ (Antitrust Investigation) ပုံစံမျိုးမဟုတ်ပါဘူး။ ယခုတစ်ကြိမ်စစ်ဆေးမှာကတော့ အင်တာနက်ပလက်ဖောင်းတွေက ပွင့်လင်းမြင်သာမှု ရှိ-မရှိနဲ့ အင်တာနက် ပလက်ဖောင်းတွေမှာပါတဲ့ Search Result တွေကို ဖော်ပြတဲ့နည်းတွေကို စုံစမ်းစစ်ဆေးသွားမှာ ဖြစ်ပါတယ်။ သူတို့ပေးတဲ့ ဝန်ဆောင်မှုတွေက ပြိုင်ဘက်တွေကို ထိခိုက်မှုမရှိဘူးဆိုတာတွေကိုလည်း စုံစမ်းစစ်ဆေးသွားမှာဖြစ်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဥရောပလုပ်ငန်းတွေက အမေရိကန်စီးပွားရေးလုပ်ငန်းတွေကို ယှဉ်ပြိုင်နိုင်ရေးအတွက် အမေရိကန်နည်းပညာကုမ္ပဏီတွေကို ထိန်းချုပ်ပေးဖို့ ဥရောပဒေသမှာရှိတဲ့ နိုင်ငံရေးသမားတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေက နှိုးဆော်လျက်ရှိပါတယ်။ ဒါကြောင့်လည်း ကိုယ်ကျိုးစီးပွားကာကွယ်မှုတွေ ပြုလုပ်တယ်လို့ အမေရိကန်သမ္မတဘားရက်အိုးဘားမားက စွပ်စွဲခဲ့ပါတယ်။

**U.S.A**

## ရေနံရောင်းလိုအားပြန်လည် မြင့်တက်မှုကြောင့် အမေရိကန် ရေနံစိမ်းဈေးကျဆင်း

အမေရိကန်ပြည်ထောင်စု ရေနံလက်ကျန်အခြေအနေက တက်တစ်ချီ ကျတစ်လှည့်ဖြစ်နေတဲ့အတွက် ကုန်သည်တွေ အမျိုးမျိုးတွက်ဆနေရချိန်မှာ ကမ္ဘာ့ရေနံရောင်းလိုအားပြန်လည်မြင့်တက် လာတာကိုအကြောင်းပြုပြီး စိုးရိမ်မှုတွေ ရှိလာတဲ့အတွက် ရေနံစိမ်းဈေးက ၂၀၁၅ ခုနှစ်အတွင်း အမြင့်ဆုံးဈေးနှုန်းကိုရောက်လာပြီး နောက်တစ်နေ့ဖြစ်တဲ့ မေ ၈ ရက်မှာ ရေနံဈေးနှုန်းတွေ ကျဆင်းခဲ့တာ တွေ့ရကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြထားပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ အခြေခံစံထားဈေးနှုန်းဖြစ်တဲ့ အနောက်တက္ကဆက် ရေနံစိမ်းရဲ့ ဇွန်လအတွက် စာချုပ်ဈေးနှုန်းက နယူးယောက်ကူးသန်းရောင်းဝယ်ရေးဒိုင်မှာ ၁ ဒသမ ၉၉ ဒေါ်လာ ကျဆင်းပြီး တစ်စည်ကို ၈၅ ဒသမ ၉၄ ဒေါ်လာနှုန်း ရှိခဲ့ပါတယ်။ ဥရောပဈေးကွက် ရဲ့အခြေခံစံထားဈေးနှုန်းဖြစ်တဲ့ ဘရင့်မြောက်ပင်လယ်ရေနံစိမ်းရဲ့ဇွန်လအတွက် စာချုပ်ဈေးက ၂ ဒသမ ၂၃ ဒေါ်လာနှုန်း ကျဆင်းပြီး လန်ဒန်မှာ တစ်စည်ကို ၆၅ ဒသမ ၅၄ ဒေါ်လာနှုန်း ရှိနေပါတယ်။ လေးလအတွင်း အမေရိကန်ပြည်ထောင်စုရဲ့ ရေနံစိမ်းလက်ကျန်က ပထမဆုံးအကြိမ်အဖြစ် ကျဆင်းတာဖြစ်ကြောင်း အမေရိကန်စွမ်းအင်ဝန်ကြီးဌာနက ရုတ်တရက်ကြေညာပြီး နောက်ပိုင်းမေ ၆ ရက်မှာ WTI နဲ့ ဘရင့် ရေနံစိမ်းဈေးတွေက ယခုနှစ်အတွင်း အမြင့်ဆုံးအနေအထားကို ရောက်ရှိခဲ့ပါတယ်။

ရေနံစိမ်းလက်ကျန်တွေက ယခင်ရက်သတ္တပတ်မှာ ရေနံစည်ပေါင်း ၃ ဒသမ ၉ သန်းကျဆင်းခဲ့ပြီး ယခုရက်သတ္တပတ်အတွင်း စည်ပေါင်း ၄၈၇ ဒသမ ၀ သန်းရှိခဲ့ပါတယ်။ ဒါပေမယ့် ဒီပမာဏက ယခုနှစ်အတွင်းမှာ အမြင့်ဆုံးလက်ကျန်အဖြစ် တည်ရှိနေဆဲဖြစ်ပါတယ်။



**SOUTH EAST ASIA**

## ဗီယက်နမ်ဘဏ်များက ရေတိုချေးငွေများကို ပိုမိုအသုံးပြုလာ

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် မှအစပြုပြီး ဗီယက်နမ်ဗဟိုဘဏ် (State Bank of Viet Nam-SBV) က မတည်ရင်းနှီးငွေကိုနှစ်ဆတိုးမြှင့် ပေးခဲ့ပြီးနောက် ကာလလတ်နဲ့ ကာလရှည်ချေးငွေများကို ကူးသန်းရောင်းဝယ်ရေးဘဏ်များ ထုတ်ချေးရာမှာကာလတို ချေးယူငွေများကို ပိုမိုအသုံးပြုလာကြောင်း VNS သတင်းမှာ ဖော်ပြထားပါတယ်။

အစိုးရကထုတ်ပြန်ထားတဲ့ အမိန့်စာအရချေးငွေလုပ်ငန်းဆောင်ရွက်နေ တဲ့အဖွဲ့အစည်းများနဲ့ နိုင်ငံခြားဘဏ်များရဲ့ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာမှာကန့်သတ်ချက်များနဲ့ လုံခြုံရေးအတွက် ထားရှိရမယ့်အချိုးကို သတ်မှတ်ပေးထားပါတယ်။ ထို့အတူ ကာလလတ်နဲ့ ကာလရှည်ချေးငွေတွေအတွက် အသုံးပြုတဲ့ ရေတိုမတည်ငွေ အသုံးပြုမှုနှုန်းကို ၃၀ ရာခိုင်နှုန်းကနေ ၆၀ ရာခိုင်နှုန်းတိုးမြှင့်ခွင့်ပြုထားပါ တယ်။

အစိုးရကအမိန့်ကို စတင်အကောင်အထည်ဖော်ပြီးနောက်ပိုင်း ကူးသန်းရောင်းဝယ်ရေးဘဏ်တွေမှာ ကာလလတ်နဲ့ ကာလရှည်ချေးငွေတွေအတွက်အသုံးပြုတဲ့ကာလရှည်မတည် ရင်းနှီးငွေတွေရဲ့ တိုးတက်မှုနှုန်းက တစ်ဟုန်ထိုးမြင့်တက်လာခဲ့ပါတယ်။ ဒီတိုးတက်မှုနှုန်းက ၂၀ ရာခိုင်နှုန်းက ၂၄ ရာခိုင်နှုန်းအကြားကာလရှည်ကြာစွာရှိနေခဲ့ရာမှ ၂၀၁၅ ခုနှစ်ဖေဖော်ဝါ ရီ ၂၈ ရက်မှာ ၂၉ ဒသမ ၆၆ ရာခိုင်နှုန်းအထိ စံချိန်တင်မြင့်တက်ခဲ့ပါတယ်။

ဒီလိုပြောင်းလဲမှုကြောင့် ကာလလတ်နဲ့ ကာလရှည်ချေးငွေတွေရရှိနိုင်တဲ့ အခြေအနေတွေ ပိုမိုတိုးတက်ကောင်းမွန်လာပြီးချေးငွေဖွံ့ဖြိုးတိုးတက်မှုနှုန်းကိုလည်း မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေး၊ နည်းပညာ တိုးတက်ကောင်းမွန်ရေး၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)နဲ့ ပစိဖိတ်ဖြတ်ပူးပေါင်းဆောင်ရွက်ရေး (TPP) သဘောတူစာချုပ်တွေအရ ဆောင်ရွက်မယ့် နှစ်ဖက်အပြန်အလှန်၊ ဘက်စုံအပြန်အလှန်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတို့အတွက် ပြင်ဆင်ရေးလုပ်ငန်းများကိုဆောင်ရွက်ရန် ယခုနှစ်အတွင်း စီးပွားရေးလုပ်ငန်းတွေက ကာလလတ်နဲ့ ကာလရှည်ချေးငွေတွေ လိုအပ်လျက်ရှိပါတယ်။

**SOUTH ASIA**

## အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များက ဝန်ကြီးချုပ်ထံမှ အကူအညီများတောင်းခံ

အဓိကကျတဲ့ ဈေးကွက်တွေမှာ စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးကျဆင်းတဲ့အတွက် အထိနာလျက်ရှိတဲ့ အိန္ဒိယပို့ကုန်လုပ်ငန်းရှင်တွေက ခက်ခဲရှုပ်ထွေးတဲ့ ကမ္ဘာ့စီးပွားရေးအခြေအနေမှာ ရပ်တည်နိုင်အောင် ရည်ရွယ်ချမှတ်ခဲ့တဲ့ နိုင်ငံခြားကုန်သွယ်မှုမူဝါဒသစ် (New Foreign Trade Policy -FTP) က ရရှိလာမယ့် အကျိုးခံစားခွင့်တွေကို အစိုးရက ပြန်လည်သုံးသပ်ပေးဖို့ မေ ၇ ရက်က အစိုးရကို တိုက်တွန်းခဲ့ပါတယ်။

အိန္ဒိယမှကုန်ပစ္စည်းတင်ပို့မှု အစီအစဉ် (Merchandise Exports From India Scheme-MEIs) နဲ့ အိန္ဒိယမှ ဝန်ဆောင်မှုတင်ပို့မှုအစီအစဉ်တွေ (Service Exports form India Scheme-SEIS) အရနှုန်းထားတွေ လျှော့ချပေးတာတွေကြောင့် ပို့ကုန်လုပ်ငန်းရှင်တွေ ဆိုးဆိုးဝါးဝါး ထိခိုက်ခဲ့ကြောင်း အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များဖက်ဒရေးရှင်း (FIEO) ဥက္ကဋ္ဌ အက်စ်စီရာဟန်က ပြောပါတယ်။

ပေးထားတဲ့ အကျိုးခံစားမှု ရာခိုင်နှုန်းကို တိုးပေးသင့်ကြောင်းနဲ့ မဖြစ်နိုင်ဘူးဆိုပါက စောစောပိုင်းကပေးထားသောအဆင့်ကို အနည်းဆုံးအဖြစ်ထားပြီး ပေးသင့်ကြောင်း သူကပြောပါတယ်။

“ပို့ကုန်ကဏ္ဍအတွက်ပေးထားသော အခွင့်အရေးများ (Incentives) မှာ စုစုပေါင်းပို့ကုန်ရဲ့ တစ်ရာခိုင်နှုန်းသာရှိတဲ့အတွက်ပမာဏအားဖြင့် နည်းလွန်းပါတယ်။ ခြွင်းချက်အဖြစ်ရှိနေတဲ့ တချို့နယ်ပယ်များမှအပ ကမ္ဘာ့စီးပွားရေးအခြေအနေက ဆိုးဝါးနေတဲ့အတွက် ပို့ကုန်ဖွံ့ဖြိုးဖို့ချမှတ်ထားတဲ့ နိုင်ငံခြားကုန်သွယ်ရေးမူဝါဒမှ ကြေညာထားတဲ့ အကျိုးခံစားခွင့်တွေကိုပြန်လည် လေ့လာသုံးသပ်သင့်ကြောင်း FIEO က သဘောပေါက် နားလည်ထားပါတယ်”လို့ သူကပြောပါတယ်။

၂၀၁၄-၁၅ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယရဲ့ ပြည်ပတင်ပို့မှုက ၁ ဒသမ ၂၃ ရာခိုင်နှုန်း ကျဆင်းပြီးဒေါ်လာ ၃၁၀ ဒသမ ၅၃ ဘီလီယံထိရှိခဲ့ပါတယ်။ ဈေးကွက်အခြေအနေ အခက်အခဲတွေကြောင့် ၂၀၁၅-၁၆ ခုနှစ်မှာ ဒေါ်လာဘီလီယံ ၃၀၀ ရဖို့တောင် ခဲယဉ်းမယ်လို့ FIEO က ဧပြီလအတွင်းက ခန့်မှန်းထားပါတယ်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

မေ ၈ ရက်မှာ ထွန်းသစ်စအာရှ ငွေကြေးအများစု တန်ဖိုးတွေမြင့်တက်ခိုင်မာလာတာကို တွေ့ရပါတယ်။ တရုတ်နိုင်ငံကထုတ်ပြန်တဲ့ ကုန်သွယ်မှု အချက်အလက်တွေက စိတ်ပျက်စရာကောင်းနေတဲ့အတွက် တရုတ်အစိုးရက စီးပွားရေးလှုံ့ဆော်တွန်းအားပေး အစီအစဉ်တွေထပ်မံ လုပ်လိမ့်မယ်လို့ ရင်းနှီးမြှုပ်နှံသူတွေက ယုံကြည်ထားကြတဲ့အတွက် ယခုလိုမြင့်တက်လာရတာဖြစ်ပါတယ်။ ဒါပေမယ့် အမေရိကန်အလုပ်အကိုင် အချက်အလက်နဲ့ ပတ်သက်တဲ့ကိန်းဂဏန်းတွေ မထုတ်ပြန်မီမှာ သတိထားပြီး လှုပ်ရှားနေကြသူတွေရှိနေတဲ့အတွက် ဒေသတွင်း ငွေကြေးတွေရဲ့ အခြေအနေကို ရက်သတ္တပတ်အလိုက် နှိုင်းယှဉ်ကြည့်ရင် အကျဘက်ကို ဦးတည်လာတာကို တွေ့ရပါတယ်။

ဧပြီလမှာ တရုတ်နိုင်ငံပို့ကုန်တွေ ရုတ်တရက်ကျဆင်းပြီးသွင်းကုန်ကလည်း မူလခန့်မှန်းထားတဲ့အောက်ကို ကျခဲ့တဲ့အတွက် အာရှငွေကြေးတွေက ပြန်လည်ကျဆင်းလာတာကိုတွေ့ရပါတယ်။ ကုန်သွယ်မှု ကျဆင်းနေတဲ့ အစီရင်ခံစာကြောင့် စီးပွားရေးနှေးကွေးကျဆင်းမှုပိုမိုမလာအောင် တရုတ်အစိုးရ စီးပွားရေးလှုံ့ဆော်အားပေးမှုတွေ ပိုလုပ်မယ်လို့ ခန့်မှန်း ကြပါတယ်။

**တရုတ်ယွမ်**

တရုတ်နိုင်ငံခြားငွေ ရောင်းဝယ်ရေးဌာနမှာ မေ ၈ ရက်က ဗဟိုဘဏ်ရဲ့ ဖလှယ်နှုန်းက သုည ဒသမ ၃၄ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာ ၆ ဒသမ ၁၁၄၇ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ တရုတ်ငွေကြေး လက်ငင်းဈေးကွက်မှာတော့ အရောင်းအဝယ်ပြုလုပ်တဲ့ နေရာမှာ လက်ငင်းဈေးကွက်ရဲ့ ဖလှယ်နှုန်းကို ဗဟိုဘဏ် သတ်မှတ်ချက် အတက်သို့မဟုတ် အကျ ၂ ရာခိုင်နှုန်း လဲလှယ်ခွင့်ပြုထားတယ်။

**အိန္ဒိယရူပီး**

သွင်းကုန် လုပ်ငန်းရှင်တွေနဲ့ ဘဏ်တွေက အမေရိကန်ငွေကြေးကို အရောင်းများလာတဲ့အတွက် မေလ ၈ ရက်မနက်ပိုင်းဈေးကွက်မှာ အမေရိကန်ဒေါ်လာနဲ့ဖလှယ်တဲ့အခါ ရူပီးတန်ဖိုးက သုည ဒသမ ၁၅ ရူပီးနှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆၄ ဒသမ ၀၄ ရူပီးနှုန်းရှိခဲ့ပါတယ်။ ထို့ပြင် ပြည်တွင်းအီကွိတီရှယ်ယာဈေးကွက်အဖွင့်မှာ ရှယ်ယာဈေးတွေ ပြန်လည်ဦးမော့လာတာကလည်း ရူပီးတန်ဖိုး မြင့်တက်မှုကို အထောက်အကူဖြစ်စေခဲ့ကြောင်း ငွေကြေးဝယ် ရောင်းသမားတွေက ပြောပါတယ်။

ဒါပေမယ့် တခြားငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ ဒေါ်လာတန်ဖိုးမြင့်တက်မှုကလည်း ရူပီးတန်ဖိုး မြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။

**ဂျပန်ယန်း**

တိုကျိုဈေးကွက်မှာ အမေရိကန်ဒေါ်လာရဲ့ တန်ဖိုးကမေ ၈ ရက်နေ့ စောစောပိုင်းက တစ်ဒေါ်လာကို ၁၁၉ ဒသမ ၅ ယန်းအထက်မှာ ရှိနေခဲ့ပါတယ်။ ဒီနှုန်းက မေ ၇ ရက်နေ့က နယူးယောက်ဈေးကွက်မှာ ရှိခဲ့တဲ့ဈေးအတိုင်း အပြောင်းအလဲ မရှိဖြစ်နေပါတယ်။

ဒေါ်လာ/ယန်း ဖလှယ်နှုန်းက မေ ၇ ရက်နေ့ ညနေ ၅ နာရီက နယူးယောက်မှာတစ်ဒေါ်လာကို ၁၁၉ ဒသမ ၇၀ ယန်းနဲ့ တိုကျိုမှာတစ်ဒေါ် လာကို ၁၁၉ ဒသမ ၃၈ ယန်းနှုန်းရှိခဲ့ ရာမှမေလ ၈ ရက်မနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၁၁၉ ဒသမ ၇၂ ယန်းနှုန်း ရှိခဲ့ပါတယ်။ ယူရိုငွေကြေးတန်ဖိုးက နယူးယောက်မှာ တစ်ယူရိုကို ၁၃၄ ဒသမ ၈၂ ယန်း၊ ၁ ဒသမ ၁၂၆၁ ဒေါ်လာနဲ့ တိုကျိုမှာ ၁၃၅ ဒသမ ၆၉ ယန်းနဲ့ ၁ ဒသမ ၁၃၆၆ ဒေါ်လာနှုန်းရှိခဲ့ရာမှ မေ ၈ ရက်က တိုကျိုမှာ ၁၃၄ ဒသမ ၆၂ ယန်းနဲ့ ၁ ဒသမ ၁၂၄၅ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ဘွန်းစာချုပ်များကို ပြန်လည်ရောင်းချမှု များပြားလာပြီးနောက်ပိုင်း အာရှဈေးကွက်မှာ မလေးရှားဘွန်းစာချုပ်တွေရဲ့တန်ဖိုး တည်ငြိမ်စပြုလာပါတယ်။ မလေးရှားရင်းဂစ်တန်ဖိုးက မေ ၈ ရက်မှာ သုည ဒသမ ၀၃ ရာခိုင်နှုန်းကျဆင်းပြီးတစ်ဒေါ်လာကို ၃ ဒသမ ၅၉၃၅ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

တောင်ကိုရီးယားရှိ ပင်လယ်ရပ်ခြားရန်ပုံငွေအဖွဲ့တွေက ဝမ်ငွေကြေးကို ပြန်လည်ရောင်းထုတ်လာခြင်းနဲ့ ငွေကြေးဖလှယ်ရာမှာ အထူးသဖြင့် ယန်းငွေကြေးနဲ့ ဖလှယ်ရာမှာ ဝမ်ငွေကြေးတန်ဖိုးမြင့်တက်လာရင် အစိုးရက ဝင်ရောက် စွက်ဖက်ရလိမ့်မယ်လို့ ဘဏ္ဍာရေးဝန်ကြီး ချိုင်ကျွမ်းဝှန်က မေလ ၇ ရက် ပြောကြားခြင်းတို့ကြောင့် တောင်ကိုရီးယားဝမ်တန်ဖိုးက ၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တစ်ဒေါ်လာကို ၁၀၈၈ ဒသမ ၁၀ ဝမ်နှုန်းကို ရောက်ရှိခဲ့ပါတယ်။

**ထိုင်းဘတ်**

ဘတ်ငွေတန်ဖိုး ကျဆင်းတာက စီးပွားရေးနာလန်ထူမှုကို အထောက်အကူပေးနိုင်တဲ့အတွက် သဘောကျကြောင်း ထိုင်းဗဟိုဘဏ်ဥက္ကဋ္ဌ ပရာဆန်ထရိုင်ရက်ပိုရာကူးက မေ ၇ ရက်က ပြောပါတယ်။ တခြားအာရှငွေကြေးတွေနဲ့ ထိုင်းဘတ်ငွေ တန်ဖိုးကလည်း ယခု ရက်သတ္တပတ်အတွင်း တန်ဖိုးကျဆင်းခဲ့ပါတယ်။ ရက်သတ္တပတ်အတွင်း ဘတ်ငွေတန်ဖိုး ကျဆင်းမှုက ၁ ဒသမ ၇ ရာခိုင်နှုန်းရှိပြီးမေ ၈ ရက်ကတစ်ဒေါ်လာကို ၃၃ ဒသမ ၅၆ ဘတ်နှုန်းရှိခဲ့ပါတယ်။

ဘဏ်တင်-စစည်းတင်ပြသည်

## စီးပွားရေး နှေးကွေးကျဆင်းမှုကြောင့် အင်ဒိုနီးရှားဘဏ်ကြီးများကို ထိခိုက်

အင်ဒိုနီးရှားနိုင်ငံရဲ့ စီးပွားရေးနှေးကွေးကျဆင်းမှုက ဘဏ်များရဲ့ ချေးငွေလုပ်ငန်းဖွံ့ဖြိုးမှုသာမက အမြတ်အစွန်းကိုပါ ထိခိုက်မှုဖြစ်စေခဲ့တဲ့အတွက် နိုင်ငံရဲ့ စီးပွားရေးနှေးကွေး ကျဆင်းမှုဒဏ်ကို အင်ဒိုနီးရှားရှိ အဓိကဘဏ်ကြီးများ စတင်ခံစားနေရပြီဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။ ဘဏ်ကြီးများရဲ့ နောက်ဆုံးထုတ်ပြန်တဲ့အစီရင်ခံစာများ အရ ဇန်နဝါရီမှ မတ်လအထိကာလအတွင်း ဘဏ်ချေးငွေထုတ်ပေးရာမှ နှေးကွေးကျဆင်းခြင်း၊ အသားတင် အမြတ်အစွန်းကျဆင်းခြင်းနဲ့ အကျိုးအမြတ်ရရှိမှုကျဆင်းခြင်း စတဲ့ပြဿနာတွေနဲ့ ဘဏ်အများစုရင်ဆိုင်နေရတာကို တွေ့ရပါတယ်။

ပျမ်းမျှကြည့်ပါက ငွေထုတ်ချေးတဲ့ဘဏ်တွေရဲ့ အကြွေးလက်ကျန်မြင့် တက်မှုနှုန်းက ခုဂဏန်းလောက်သာရှိပါတယ်။ ယခင်နှစ်ကဆိုရင် ကြွေးကျန်အခြေအနေမြင့်တက်မှုကအနည်းဆုံး ၁၀ ရာခိုင်နှုန်းအထိ ရှိခဲ့ပါတယ်။ ယခုနှစ် ပထမသုံးလမှာ ချေးငွေရယူလိုတဲ့ ပမာဏကကျဆင်းခဲ့ကြောင်း Bank Central Asia (BCA) ရဲ့ ဥက္ကဋ္ဌ ဂျာဟျာဆက်တီယတ်မာဂျာက ပြောပါတယ်။

အဖွဲ့လိုက်အနေအထားနဲ့ကြည့်မယ်ဆိုရင် BCA ရဲ့ကြွေးလက်ကျန်ကို နှစ်အလိုက်နှိုင်းယှဉ်ရင် ပထမသုံးလပတ်မှာ ၅ ဒသမ ၈ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် အလားတူကာလ ၁၉ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့တာကို တွေ့ရပါတယ်။

တခြားငွေချေးဘဏ်တွေကြည့် ရင် Bank Rakyat Indonesia (BRI) နဲ့ Bank Negara Indonesia (BNI) တို့မှာ ရလဒ်တူထွက်ပေါ် ခဲ့တာတွေ့ရပြီး BRI က နှစ်အလိုက် တိုးတက်နှုန်း ၉ ဒသမ ၄ ရာခိုင်နှုန်းနဲ့ စံချိန်တင်ထားပြီး BNI က ၉ ဒသမ ၁ ရာခိုင်နှုန်း ရှိတာကိုတွေ့ရပါတယ်။ ရှေ့တစ်နှစ်က အခြေအနေကိုကြည့်ရင် ဘဏ်နှစ်ခုစလုံးရဲ့ကြွေးလက်ကျန်တိုးတက်မှုက ၁၉ ရာခိုင်နှုန်းရှိခဲ့ပါတယ်။

## အတိုးနှုန်းမြှင့်တင်ရန် အမေရိကန်ဗဟိုဘဏ်က ၂၀၁၆ ခုနှစ် နှစ်ဦးပိုင်းထိစောင့်မည်



အမေရိကန်ပြည်ထောင်စု စီးပွားရေးမှာ ငွေကြေးဖောင်းပွမှုနှုန်း အဆမတန်နိမ့်ကျပြီး အလုပ်လက်မဲ့နှုန်းက ပုံမှန်ထက်မြင့်မားနေဆဲဖြစ်တဲ့အတွက် အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က ကာလတိုအတိုးနှုန်းများ တိုးမြှင့်မယ့်ကိစ္စကို လာမယ့်နှစ်ဦးပိုင်းအထိ စောင့်ဆိုင်းထားဦးမှာဖြစ်ကြောင်း မေ ၄ ရက်က အမေရိကန်ဗဟိုဘဏ် မူဝါဒရေးဆွဲသူတစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

"တကယ်တော့ လောလောဆယ် ကျွန်တော်တို့မှာ လုံလောက်တဲ့မူဝါဒတွေ ချမှတ်မထားရသေးပါဘူး"လို့ ချီကာဂိုဗဟိုဘဏ်ဥက္ကဋ္ဌချားလ်စ်အီဗန်က တောင်ပိုင်းအင်ဒီယားနားကုန်ချောထုတ်လုပ်ရေးမြို့တော်မှာ ပရိသတ်တွေကို ပြောပါတယ်။ အလုပ်အကိုင်တွေ ဖန်တီးမှု လျော့ကျနေတာက ယာယီသာဖြစ်ကြောင်းနဲ့ အလုပ်လက်မဲ့နှုန်း ၅ ဒသမ ၅ ရာခိုင်နှုန်းဆိုတာက မူလရည်မှန်းထားတာနဲ့စာရင် များနေပါသေးကြောင်း ဗဟိုဘဏ်ရဲ့မူဝါဒချမှတ်ရေးအဖွဲ့မှာ သူက ပြောပါတယ်။

သူ့အမြင်အရအဓိကအကျဆုံးက ငွေကြေးဖောင်းပွမှုနှုန်းက အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ၂ ရာခိုင်နှုန်းအောက်ကျဆင်းနေပြီး ဒီနှုန်းက ၂၀၁၈ ခုနှစ်အထိ ဆက်လက်တည်ရှိနေပြီး နောက်မှသာ ရည်မှန်းချက်ကို ပြန်ရောက်လာလိမ့်မယ်လို့ အီဗန်က ပြောပါတယ်။

"လာမယ့်နှစ် နှစ်ဦးပိုင်းအထိအတိုး နှုန်းကိုတိုးမြှင့်ပေးဖို့မသင့်သေးဘူးလို့ ကျွန်တော်ထင်ပါတယ်"ဟု ကိုလံဘတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဘုတ် အဖွဲ့သို့ပေးပို့သော မှတ်ချက်မှာ သူကဖော်ပြထားပါတယ်။

အီဗန်ဟာ အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယယ်လင်နဲ့အတူ အယူအဆပျော့ပျောင်းတဲ့ မူဝါဒရေးဆွဲသူများတွင် ပါဝင်သူတစ်ဦးဖြစ်ပြီး ၂၀၀၆ ခုနှစ်ကစပြီး အမေရိကန်အတိုးနှုန်းများ ဆုံးဖြတ်ရေးလုပ်ငန်းစဉ်ကို ကြီးကြပ်ဆောင်ရွက်ခဲ့သူဖြစ်ပါတယ်။ ယယ်လင်အပါအဝင် ဗဟိုဘဏ်တာဝန်ရှိသူအများစုက စီးပွားရေးအခြေအနေ တွေအရလာမယ့်နှစ်မှာ အတိုးနှုန်းတွေ တိုးမြှင့်ပေးရမယ့် အခြေအနေမျိုးကို ရောက်ရှိလိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။

# Wolverine III ဇာတ်လမ်းတွဲသည် ၎င်း၏နောက်ဆုံးဇာတ်လမ်းတွဲပါလို့ ပြောလိုက်တဲ့ ဟုချ်ဂျက်မန်း



Wolverine ဇာတ်လမ်းတွဲတွေ ကို ဆက်တိုက်ရိုက်ကူးလာခဲ့တဲ့ အက်ရှင်မင်းသား ဟုချ်ဂျက်မန်းဟာအဲဒီ Wolverine ဇာတ်လမ်းတွဲရိုက်ကူးမှုကနေ နုတ်ထွက်လိုက်ကြောင်း မေ ၈ရက်က ထုတ်ဖော်ကြေညာလိုက်ပါတယ်။ Wolverine ဇာတ်လမ်းတွဲ အမှတ်(၁)နဲ့(၂) ထွက်ရှိပြီးချိန်မှာ ကမ္ဘာတစ်လွှားက ပရိသတ်တွေရဲ့အားပေးမှုကို ခံခဲ့ရတဲ့ ဟုချ်ဂျက်မန်းဟာ Wolverine 3 ဇာတ်လမ်းကိုရိုက်ကူးခဲ့ပါတယ်။ အဲဒီအမှတ်(၃)ကို ရိုက်ကူးနေဆဲအချိန်မှာပဲ ဒီဇာတ်လမ်းတွဲကနေ နုတ်ထွက်လိုက်ပြီလို့ ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ အသက် ၄၆နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဟုချ်ဂျက်မန်းက "ကျွန်တော် အခုလို အနားယူတော့မယ်လို့ ကြေညာလိုက်တာဟာ ကျွန်တော့်အတွက် အချိန်ကောင်းပါပဲ။ ကျွန်တော် သရုပ်ဆောင်လုပ်ခဲ့တာဟာ ၁၇နှစ်ရှိခဲ့ပါပြီ။ ကျွန်တော့်ရဲ့ဇာတ်လမ်းတွေကို ကြိုက်နှစ်သက်ခဲ့ကြတဲ့ ပရိသတ်တွေကိုလည်း ကျွန်တော်အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို သရုပ်ဆောင်ခွင့်ပေးခဲ့တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"လို့ အမေရိကန်ရုပ်သံရဲ့ဆွေးနွေးခန်းတစ်ခုဖြစ်တဲ့ The Dr Oz Show မှာ ပြောကြားခဲ့ပါတယ်။

"ဒီ Wolverine III ဇာတ်လမ်းဟာ ကျွန်တော်ပါဝင်သရုပ်ဆောင်ခဲ့တဲ့ သံမဏိလူသားတစ်ယောက်ရဲ့ နောက်ဆုံးဇာတ်လမ်းတစ်ခုဖြစ်ပါတယ်။ ကင်ဆာဆိုတဲ့ စကားလုံးတစ်လုံးဟာ ကျွန်တော့်အတွက်တော့ တကယ့်ကို ခါးသီး တဲ့စကားလုံးတစ်လုံးပါ"လို့ သူက ထပ်မံပြောကြားခဲ့ပါတယ်။ ဂျက်မန်းဟာ အရေပြားကင်ဆာရောဂါဝေဒနာကို ခံစားနေရတာဖြစ်ပါတယ်။ ဂျက်မန်းဟာ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်က နှာခေါင်းအတွင်း Basal cell carcinoma ရောဂါကြောင့်ခွဲစိတ်ကုသမှုသုံးကြိမ် ပြုလုပ်ခဲ့ရသူတစ်ဦးဖြစ်ပါတယ်။

# အသံအိုးအတွင်း ပိုးဝင်သည့်ရောဂါကြောင့် ဩစီဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့ရတဲ့ ကယ်လီကလာ့ဆန်



အမေရိကန် အဆိုတော် ကယ်လီကလာ့ဆန်ဟာ အသံအိုးအတွင်း ပိုးဝင်တဲ့ရောဂါကြောင့် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှာ ကျင်းပမယ့် သူ့ရဲ့ တစ်ကိုယ်တော် ဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့ရတယ်လို့ ဆိုပါတယ်။

The Since U Been Gone အဆိုတော် ကယ်လီကလာ့ဆန်ဟာ ဩစတြေးလျနိုင်ငံကိုသွားဖို့ ပြင်ဆင်နေတုန်း ရုတ်တရက် ဖျားနာခဲ့တဲ့အတွက် မိသားစုဆရာဝန်နဲ့ ပြသခဲ့တာဖြစ်ပါတယ်။

ဆရာဝန်က အသံအိုးအတွင်း ပိုးဝင်တာကြောင့် ကိုယ်ပူရှိန်တက်ပြီး အဖျားဝင်ခဲ့တာဖြစ်တယ်လို့ မှတ်ချက်ချခဲ့ပါတယ်။ အနားယူဖို့လိုအပ်တာကြောင့်လည်း ခုလိုဖျော်ဖြေပွဲကို ဖျက်သိမ်းလိုက်ရတာဖြစ်တယ်လို့ ကယ်လီရဲ့ အေးဂျင့်ဖြစ်သူက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ကယ်လီကလာ့ဆန်ဟာ မေလ ၈ ရက်နေ့က သူ့ရဲ့ဖျော်ဖြေပွဲကို ဆစ်ဒနီမြို့မှာကျင်းပဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။ ကယ်လီ မလာရောက်နိုင်တဲ့အကြောင်း ကို ဩစီရုပ်သံလိုင်းမှ တစ်ဆင့် ကယ်လီကိုယ်တိုင် ပြောကြားခဲ့တာဖြစ်ပါတယ်။

ကယ်လီက "ကျွန်မရဲ့ ဖျော်ဖြေပွဲကို လာရောက်ကြည့်ရှုအားပေးဖို့ လက်မှတ်တွေ ဝယ်ထားတဲ့ ကျွန်မရဲ့ပရိသတ်တွေအတွက် ကျွန်မ တကယ်ကို စိတ်မကောင်းဖြစ်မိပါတယ်။ ကျွန်မ သီချင်းမဆိုနိုင်တော့ပါဘူး။ ဆရာဝန်ရဲ့ အကြံပေးချက်အရ ကျွန်မ အနားယူဖို့လိုအပ်နေပါပြီ။ ကျွန်မ ရက်တော်တော်ကြာကြာ အနားယူရဦးမှာပါ။ ကျွန်မ အနားယူပြီးရင်တော့ ဒီဩစီကို ကျွန်မ ပြန်လာခဲ့မှာပါ။ အဲဒီအခါကျရင်တော့ ကျွန်မကို သီချင်းတွေ အများကြီးဆိုခွင့်ပြုပါ"လို့ ဩစီရုပ်သံလိုင်းမှတစ်ဆင့် ပြောကြားခဲ့ပါတယ်။

# By The Sea ဇာတ်ကားကို နိုဝင်ဘာလမှာ ဖြန့်ချိမယ့် ဘရက်ပစ်နဲ့ အိန်ဂျလီနာဂျိုလီ

ဘရက်ပစ်နဲ့ အိန်ဂျလီနာဂျိုလီတို့နှစ်ဦး ပါဝင်သရုပ်ဆောင်ခဲ့တဲ့ By The Sea ဇာတ်ကားကို လာမယ့်နိုဝင်ဘာလမှာ စတင်ဖြန့်ချိမယ်လို့ ကြေညာလိုက်ပါတယ်။ သူတို့နှစ်ဦးဟာ ၂၀၀၅ ခုနှစ်မှာရိုက်ကူးခဲ့တဲ့ Mr. & Mrs. ဇာတ်ကားရိုက်ကူး ပြသပြီးကတည်းက နှစ်ဦးတွဲပြီး ဇာတ်ကားရိုက်ကူးခဲ့ခြင်း မရှိခဲ့ပါဘူး။ ဂျိုလီဟာ ပြီးခဲ့တဲ့လအတွင်းက Unbroken ဇာတ်ကားကို ရိုက်ကူးပြသခဲ့ပေမယ့် ထင်သလောက် ဖြစ်မလာခဲ့တဲ့အတွက် စိတ်အားငယ်နေချိန်မှာ သူတို့နှစ်ဦးရဲ့ ဒုတိယမြောက်ဇာတ်ကား ထွက်ပေါ်လာတာဖြစ်ပါတယ်။



သူတို့နှစ်ဦးဟာ Mr. & Mrs ဇာတ်ကားရိုက်ကူးအပြီးမှာ ချစ်သူတွေဖြစ်ခဲ့ကြတာကြောင့် အခုထွက်ရှိလာမယ့် By The Sea ဇာတ်ကားမှာလည်း သူတို့နှစ်ယောက်ရဲ့ ပတ်သက်မှုကို စောင့်ကြည့်ကြဖို့ ဂျိုလီက ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် အဲဒီဇာတ်ကားမှာတော့ ဘရက်ပစ်နဲ့ဂျိုလီဟာ လက်ထပ်ပြီးတဲ့ ဇနီးမောင်နှံအဖြစ် ပါဝင်သရုပ်ဆောင်ကြမှာဖြစ်ပြီး ပြင်သစ်နိုင်ငံတစ်လွှား ခရီးသွားလာတဲ့အကြောင်းကို ရိုက်ကူးထားတာဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီဇာတ်ကားဟာ ၁၉၇၀ ပြည့်နှစ်က ဖြစ်ပျက်ခဲ့တဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ခုကို ယူပြီး ရိုက်ကူးထားတာဖြစ်ပါတယ်။ အမေရိကန်စာရေးဆရာ ရိုလန်နဲ့ ပြင်သစ်အကမယ်ဟောင်း ဗာနက်ဆာတို့ရဲ့ စွဲမက်ဖွယ်ကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ရိုက်ကူးထားတာဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီဇာတ်ကားကိုလည်း ဂျိုလီကိုယ်တိုင် ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ ဂျိုလီဟာ A Place in Time၊ In The Land of Blood and Honey နဲ့ Unbroken ဇာတ်ကားတို့ကိုလည်း သူကိုယ်တိုင် ရိုက်ကူးခဲ့တာဖြစ်ပါတယ်။



# တိုက်ဂါးဝုဒ်နဲ့လမ်းခွဲလိုက်တဲ့ လင်ဆေးဗွန်

ကမ္ဘာ့ဂေါက်သီးချန်ပီယံဟောင်း တိုက်ဂါးဝုဒ်နဲ့ အမေရိကန် နှင်းလျှောစီးချန်ပီယံ လင်ဆေးဗွန်တို့ နှစ်ဦးဟာ တစ်ဦးနဲ့တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့တဲ့အတွက် လမ်းခွဲလိုက်ကြပြီဖြစ်ပါတယ်။

သုံးနှစ်ကြာလက်တွဲခဲ့ကြပြီး တစ်အိုးတစ်အိမ် ထူထောင်ဖို့ စဉ်းစားနေတဲ့အခိုက်မှာ ခုလိုလမ်းခွဲလိုက်တယ်လို့ လင်ဆေးဗွန်က ကြေညာလိုက်တဲ့အတွက် အရမ်းကို စိတ်မကောင်းဖြစ်ရတယ်လို့ တိုက်ဂါးဝုဒ်က ပြောကြားခဲ့ပါတယ်။

"ကျွန်မတို့ သုံးနှစ်လောက်တွဲခဲ့ကြတယ်။ ခုချိန်မှာတော့ ကျွန်မနဲ့ တိုက်ဂါးဝုဒ်တို့ လမ်းခွဲဖို့ ဆုံးဖြတ်လိုက်ကြပါပြီ။ ကျွန်မတို့နှစ်ယောက်အတူတကွ ဖန်တီးခဲ့ကြတဲ့အမှတ်တရတွေကို အမြဲတမ်းအမှတ်ရနေမှာပါ"လို့ လင်ဆေးဗွန်က ပြောကြားခဲ့ပါတယ်။

နှင်းလျှောစီးပွဲ တစ်ပွဲမှာ လင်ဆေးဗွန်ဟာ ချော်လဲပြီး အရှုံးနဲ့ရင်ဆိုင်ရစဉ် တိုက်ဂါးဝုဒ်ရဲ့ နှစ်သိမ့်ပေးခဲ့တဲ့ စကားတွေ အပြုအမူတွေကြောင့် ကျေနပ်ခဲ့ရတာတွေ၊ တိုက်ဂါးဝုဒ်ကိုယ်တိုင်လည်း ဂေါက်သီးပွဲတိုင်းမှာ အနိုင်ရရှိခဲ့တာဟာ လင်ဆေးဗွန်ရဲ့ အားပေးမှုတွေကြောင့်လို့ ပြောခဲ့တဲ့ စကားတွေ၊ အပြုအမူတွေကို လင်ဆေးဗွန်က ဆိုလိုတာဖြစ်ပါတယ်။ လင်ဆေးဗွန်ရဲ့ ထုတ်ဖော်ပြောကြားချက်ကို တိုက်ဂါးဝုဒ်ကလည်း သဘောတူညီကြောင်း ပြောကြားခဲ့ပါတယ်။

"သူ(လင်ဆေးဗွန်)နဲ့ကျွန်တော် လမ်းခွဲဖို့ ဆုံးဖြတ်လိုက်ကြပါပြီ။ သူဟာ ကျွန်တော် ကြည်ညိုလေးစားရတဲ့ ပုဂ္ဂိုလ်တစ်ဦးပါ။ ကျွန်တော်တို့ ချစ်ခဲ့ကြတဲ့ အချိန်တိုင်းကို ကျွန်တော် သတိရနေမှာပါ"လို့ တိုက်ဂါးဝုဒ်က သူ့ရဲ့ကိုယ်ပိုင်ဝက်ဘ်ဆိုက်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

တိုက်ဂါးဝုဒ်ဟာ ၂၀၁၀ခုနှစ်က ဇနီးဖြစ်သူ နိုဒီဂျီယံနဲ့ လမ်းခွဲခဲ့ပြီးနောက်မှာ လင်ဆေးဗွန်နဲ့ သုံးနှစ်ကြာတွဲခဲ့ပြီးမှ လမ်းခွဲခဲ့တာဖြစ်ပါတယ်။

MARIGOLD®
# DAWN®
EVAPORATED CREAMER

MARIGOLD™ MARIGOLD™ PREMIUM

SWEETENED BEVERAGE CREAMER

QUALITY PRODUCT FROM SINGAPORE




ဗီတာမင်အပြည့်ပါဝင်သော နိုင်ငံတကာအဆင့်မြင့် အကောင်းဆုံး နို့စိမ်း နို့ဆီ

# COMMERCE INTERNATIONAL

## တရုတ်စီးပွားရေးတိုးတက်မှု နှေးကွေးကျဆင်းပေမယ့် ၂၀၁၅ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုကို အာရှက ဦးဆောင်

တရုတ်နိုင်ငံရဲ့ စီးပွားရေးနှေးကွေးကျဆင်းမှုကို အိန္ဒိယနဲ့ ဂျပန်နိုင်ငံတို့ရဲ့ စီးပွားရေးနာလန်ထူမှုက ထေမိတဲ့အတွက် ၂၀၁၅ ခုနှစ်ကမ္ဘာ့စီးပွားရေးတိုးတက်မှုကိုအာရှဒေသကဦးဆောင်သွားမှာဖြစ်ကြောင်းနဲ့ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကလည်း ယခင်ကရရှိခဲ့တဲ့အတိုင်း ၅ ဒသမ ၆ ရာခိုင်နှုန်းအတိုင်းရှိမှာဖြစ်ကြောင်းမေ ၇ ရက်ကထုတ်ပြန်တဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ရဲ့အစီရင်ခံစာကို ကိုးကားပြီး အေပီသတင်းမှာ ဖော်ပြပါတယ်။ ဒါပေမယ့် ဒေသတွင်းရှိ မူဝါဒရေးဆွဲသူတွေက လိုအပ်တဲ့ပြုပြင်ပြောင်းလဲမှုတွေကို မဆောင်ရွက်ရင် ဖွံ့ဖြိုးမှုကျဆင်းမှာကို စိုးရိမ်ရကြောင်း စီးပွားရေးပညာရှင်တွေက ပြောပါတယ်။

အာရှပစိဖိတ်ဒေသရဲ့ စီးပွားရေးဖွံ့ဖြိုးမှုက ၂၀၁၆ ခုနှစ်မှာ ၅ ဒသမ ၅ ရာခိုင်နှုန်းရှိမှာဖြစ်ကြောင်း IMF ရဲ့ ဒေသဆိုင်ရာ စီးပွားရေးခန့်မှန်းချက်မှာ ဖော်ပြထားပါတယ်။

အာရှဒေသရဲ့ဖွံ့ဖြိုးမှုက ၂၀၁၃ ခုနှစ်မှာ ၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်မှာ ၅ ဒသမ ၅ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ စီးပွားရေးအရ ဒုတိယနေရာကို



ရောက်ရှိနေတဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးက ဆယ်ဂဏန်းနဲ့ မြင့်တက်နေရာမှ သာမန်တိုးတက်နှုန်းကိုသာ ရောက်ရှိနေတဲ့အတွက် အာရှဒေသတိုးတက်မှုနှုန်းကလည်း ကျဆင်းမယ့်ဘက်ကို ဦးတည်နေပါတယ်။ ယခုနှစ် ပထမသုံးလပတ်မှာ တရုတ်နိုင်ငံရဲ့အစီရင်ခံစာအရတိုးတက်မှုနှုန်း ၇ ရာခိုင်နှုန်းရှိမယ်လို့ခန့်မှန်းထားရာ ဒီအလားအလာအတိုင်းဆက်လက်ဖြစ်ပေါ်မယ်လို့ ခန့်မှန်းရပါတယ်။

ကြွေးမြီနဲ့ ဘဏ္ဍာရေးဈေးကွက်မှာဖြစ်ပွားနေတဲ့ အဟန့်အတားတွေကြောင့် ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေနိုင်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုမှာ IMF ရဲ့ အာရှပစိဖိတ်ဌာနညွှန်ကြားရေးမှူး ချန်ဟောင်ဟီက ပြောပါတယ်။

ရေနံဈေးနှုန်း ကျဆင်းမှုကြောင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၂၀၁၅ ခုနှစ်မှာ သုည ဒသမ ၃ ရာခိုင်နှုန်းကနေ သုည ဒသမ ၇ ရာခိုင်နှုန်းအကြား ထပ်မံ တိုးတက်လာစေနိုင်ပါတယ်။ ရေနံနဲ့ တခြားကုန်စည်ထုတ်လုပ်တဲ့နိုင်ငံကြီးတွေမှာ ပို့ကုန်ကျဆင်းမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါပေမယ့် တရုတ်၊ ဂျပန်နဲ့ ထိုင်းနိုင်ငံတို့လိုနိုင်ငံတွေအတွက် စီးပွားရေးလုပ်ငန်းတွေအတွက်ရော စားသုံးသူတွေအတွက်ပါ အကျိုးရှိနိုင်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ဧပြီလတွင် ကမ္ဘာ့အစားအစာဈေးနှုန်းများ ငါးနှစ်အတွင်း အနိမ့်ဆုံးဈေးသို့ ကျဆင်း

နို့ထွက်ပစ္စည်းတွေကဦးဆောင်ပြီး ကမ္ဘာ့ကုန်စည်အများစုရဲ့ ဈေးနှုန်းတွေကျဆင်းတဲ့အတွက် ကမ္ဘာ့အစားအစာဈေးနှုန်းတွေက ၂၀၁၀ ပြည့်နှစ် ဇူလိုင်နောက်ပိုင်း အနိမ့်ဆုံးသို့ကျဆင်းခဲ့ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာဆိုင်ရာ အေဂျင်စီက မေ ၇ ရက်မှာထုတ်ပြန်ခဲ့တာကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။ နံ့စားသီးနှံ၊ ဆီထွက် သီးနှံ၊ နို့ထွက်ပစ္စည်း၊ အသားနဲ့ သကြား စတဲ့ ကုန်စည်တွေရဲ့လစဉ်ပြောင်းလဲမှုကို တိုင်းတာဖော်ပြပေးနေတဲ့ ကုလသမဂ္ဂစားနပ်ရိက္ခာနဲ့ လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO) ဈေးနှုန်းညွှန်းကိန်းအရ မေလမှာပျမ်းမျှညွှန်းကိန်း အမှတ် ၁၇၁ မှတ်ရှိခဲ့ရာ မတ်လက ရောက်ရှိခဲ့တဲ့ ညွှန်းကိန်းအောက် ၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

ကမ္ဘာ့အစားအစာထုတ်လုပ်မှု မြင့်မားခြင်း၊ ဒေါ်လာတန်ဖိုး မြင့်တက်ခြင်းနဲ့ ရေနံစိမ်းဈေးနှုန်းမြင့်မားမှုတို့ကြောင့် ယခင်နှစ်ကအစားအစာဈေးနှုန်းမြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။ အစားအစာဈေးနှုန်းညွှန်းကိန်းများကလည်း ၂၀၁၄ ခုနှစ်နောက် ပိုင်းကစပြီး ကျဆင်းလာခဲ့ကြောင်း သိရပါတယ်။

ရောင်းလိုအားနဲ့ပတ်သက်ပြီး စိုးရိမ်စရာအခြေအနေ မရှိကြောင်း၊ ဒါကြောင့် ပြည်ပမှာဖြစ်ပေါ်နေတဲ့ အကြောင်းတရားတွေက လာမယ့်အနာဂတ်ကာလမှာ ဈေးနှုန်းအတက်အကျအပေါ် မှာ ဩဇာသက်ရောက်မှုရှိမှာဖြစ်ကြောင်း FAO မှ အဆင့်မြင့်စီးပွားရေးပညာရှင် အဗ္ဗဒိုရက်ဇာအက်ဘာရှန်က ပြောပါတယ်။ အသားဈေးနှုန်းတွေကတော့ ပြောင်းပြန်ဖြစ်ပြီး ၂၀၁၄ ခုနှစ်ဩဂုတ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဧပြီလမှာ မြင့်တက်ခဲ့ပါတယ်။

၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ကမ္ဘာ့နံ့စားသီးနှံထုတ်လုပ်မှုကို တန် ၂ ဒသမ ၅၀၉ ဘီလီယံရှိမယ်လို့ FAO က လျှော့ချခန့်မှန်းခဲ့ရာ မတ်လအတွင်းကခန့်မှန်းခဲ့တဲ့တန် ၂ ဒသမ ၅၄၈ ဘီလီယံ အောက်ကျဆင်းခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၅-၁၆ ခုနှစ် ရာသီအကုန်မှာ နံ့စားသီးနှံသိုလှောင်မှုက တန် ၆၂၆ ဒသမ ၆ သန်းရှိမယ်လို့ ခန့်မှန်းခဲ့ရာ ယခင်နှစ်ရဲ့ ခန့်မှန်းချက်ဖြစ်တဲ့ တန် ၆၄၅ ဒသမ ၆ သန်းအောက်ကို ကျဆင်းခဲ့ပါတယ်။


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES

**RO/RO Service for Myanmar**

DATE : 11th May 2015

<< May And June Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | AKAI SENBOK | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.12 | 1.55 | 1.90 | 2.20 | 3.50 | | | | | 22.4.2015 | 24.4.2015 | 21.4.2015 | | | 6.5.2015 | |
| | S/O CUT | | | | | | | | 18.4.2015 | 20.4.2015 | 17.4.2015 | | | | |
| MV.CITY OF MUMBAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | 8.5.2015 | 11.5.2015 | 10.5.2015 | 9.5.2015 | | | 19.5.2015 | 22.5.2015 | 30.5.2015 |
| | S/O CUT | | | | | | 4.5.2015 | 7.5.2015 | 6.5.2015 | 7.5.2015 | | | | | |
| MV.HOEGH CHENNAI V.13 | 1.55 | 1.90 | 2.20 | 3.50 | | | | | 22.5.2015 | 25.5.2015 | 21.5.2015 | | 3.6.2015 | 7.6.2015 | |
| | S/O CUT | | | | | | | | 18.5.2015 | 24.5.2015 | 17.5.2015 | | | | |
| MV.CITY OF MUMBAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.6.2015 | 9.6.2015 | 10.6.2015 | | | | 21.6.2015 | 29.6.2015 |
| | S/O CUT | | | | | | | 4.6.2015 | 5.6.2015 | 6.6.2015 | | | | | |
| MV.HOEGH CHENNAI V.14 | 1.55 | 1.90 | 2.20 | 3.50 | | | | | 23.6.2015 | 25.6.2015 | 22.6.2015 | | | 8.7.2015 | |
| | S/O CUT | | | | | | | | 19.6.2015 | 21.6.2015 | 18.6.2015 | | | | |
| MV.CITY OF MUMBAI V.21 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.7.2015 | 9.7.2015 | 10.7.2015 | | | 18.7.2015 | 22.7.2015 | 30.7.2015 |
| | S/O CUT | | | | | | | 4.7.2015 | 5.7.2015 | 6.7.2015 | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.
Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441

Email : gleltd.office@gmail.com ( Management )
gleltd.mktg@gmail.com ( Operation )
docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing )
goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama

Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C

Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။